ရန်ကုန်မြို့၊
ကြည့်မြင်တိုင်-သာဓုကျောင်းတိုက်၊
သာသနာပြု ဓမ္မကထိက
ဓမ္မဒီပ-ဦးညောယျ
ဟောကြားတော်မူသော

# သဓေါယ-ပညာသိ

## ဝိပဿနာကျမ်း

●

(အသျှင်-ဥက္ကံသ ရေးသား ပြုစုသည်။)

●

"မှုပိုင်-ထုတ်ဝေသူ"
ကြည့်မြင်တိုင်၊ အမှတ်(၁) သစ်စက်ဝင်းအတွင်း
မောင်မောင်ရွှေ-မညိမ်းရင်။

★

ကြည့်မြင်တိုင်၊ ကွမ်းခြံတန်း၊ အမှတ်-၉၀၊
ခေတ်-စာပုံနှိပ်လုပ်ငန်း၊
တွင် ရိုက်နှိပ်သည်။

ကြည့်မြင်တိုင်-သာရကျောင်းတိုက်၊
တိုက်အုပ်ကျောင်း၌ သီတင်းသုံးတော်မူသော
သာသနာပြု-ဓမ္မကထိက
ဓမ္မဒီပ-ဦးညေယျ
ကိုယ်တော်ဘိုင် ၁၀-ရက်တိတိ ဟောကြားသော
တရားများကို အကြိမ်ကြိမ် နာယူပြီး
အတိုဆုံးနည်းဖြင့် ရေးသားသော

# သင်္ခေပ-ပညာသိ
# ဝိပဿနာကျမ်း

●

အသျှင်-ဥဂ္ဂံသ ရေးသား ပြုစုသည်။

●

" မှုပိုင် "
မောင်မောင်ရွှေ-မညိမ်းရင်။

★

ခေတ်-စာပုံနှိပ်လုပ်ငန်း

အမှတ်-၉၀၊ ကွမ်းခြံတန်း၊ ကြည့်မြင်တိုင်၊

၁၃၂၁-ခု၊ နယုန်လ ၁၉၅၉-ခု၊


သာသနာပြု-ဓမ္မကထိက
ဝေဠုဒီပ-ဦးသေယျ

# မာတိကာ

●


| ဦးစေရ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျမ်းပြုသူ ပုဂ္ဂိုလ်အမှာ .... | ၁ |
| ၂။ | နိဒါန်း .... .... .... | ၅ |
| ၃။ | သင်္ခေပ-ပဉ္ဉာသိဝိပဿနာကျမ်း .... | ၁၁ |
| ၄။ | ပုဂ္ဂိုလ် ၄-မျိုး .... .... .... | ၁၃ |
| ၅။ | အဘိဓမ္မာနှင့် ဝိပဿနာ ဘယ်လိုထူးသလဲ .... .... .... | ၁၅ |
| ၆။ | သက္ကာယပေါ် ပေါက်လာရပုံ .... | ၁၉ |
| ၇။ | ဝိပဿနာဆိုတာ ဉာဏ်အလုပ် .... | ၂၂ |
| ၈။ | အကြောင်းနှင့် အကျိုးပါဝင်နေပုံ .... | ၂၄ |
| ၉။ | ပဉ္ဉာသိဝိပဿနာရှုပုံ .... | ၇၂ |
| ၁၀။ | ဝယ-ကိုဝေဘန်ခဏ်း .... | ၁၀၃ |
| ၁၁။ | ဝိရာဂဓာတ် ပေါ်ပြခဏ်း .... | ၁၀၇ |
| ၁၂။ | နိရောဓ ဝေဘန်ခဏ်း .... | ၁၀၉ |
| ၁၃။ | နိဗ္ဗာန်ပေါ်ပြခဏ်း .... .... | ၁၃၆ |
| ၁၄။ | ပစ္စယပရိဂ္ဂဟဉာဏ် .... .... | ၁၅၀ |
| ၁၅။ | သမ္မသနဉာဏ် .... | ၁၅၆ |
| ၁၆။ | ဥဒယဗ္ဗယဉာဏ် .... | ၁၆၂ |
| ၁၇။ | ဘင်္ဂဉာဏ် .... | ၁၇၁ |
| ၁၈။ | အာဒီနဝဉာဏ် .... | ၁၈၀ |
| ၁၉။ | နိဗ္ဗိန္ဒဉာဏ် .... | ၁၈၁ |
| ၂၀။ | မုဉ္စိတုကမျတာဉာဏ် .... | ၁၈၃ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၁။ | ပဋိသင်္ခါညာဏ် | .... | ၁၈၅ |
| ၂၂။ | သင်္ခါရုပေက္ခာညာဏ် | .... | ၁၈၇ |
| ၂၃။ | သစ္စာလေးပါးကို ဝေဘန်ခြင်း | .... | ၁၉၂ |
| ၂၄ | သမုဒယသစ္စာအတု-အစစ် ဝေဘန်ခြင်း | .... | ၂၀၁ |
| ၂၅။ | နိရောဓသစ္စာအတု-အစစ် ဝေဘန်ခြင်း | .... | ၂၀၂ |
| ၆၂။ | မဂ္ဂသစ္စာအတု-အစစ် ဝေဘန်ခြင်း | .... | ၂၀၃ |
| ၂၇။ | သာသနာသုံးရပ် ဖေါ်ပြခြင်း | .... | ၂၁၅ |
| ၂၈။ | နိဂုံး | .... | ၂၁၇ |

# ကျမ်းပြုသူပုဂ္ဂိုလ်၏အမှာ

●

၎င်းကျမ်းကို မဖတ်မီ အောက်ပါ လက်ဆောင် စကားကို သိရှိပြီးမှသာ ဤကျမ်းကိုဖတ်ရန် မေတ္တာ ရပ်ခံပါသည်။

ဝိပဿနာ တရားမြတ်ကို လိုက်စားနေကြကုန်သော ဝေနေယျာအပေါင်းတို့အား မှာကြားသိစေလိုသည်မှာ၊ တရားစစ် တရားမှန်ကို ရှာကြံသော ပုဂ္ဂိုလ်များအတွက်သာ အောက်ပါစကားရပ်ကို ရည်ရွယ်ပါသည်။ တရားမှန်ကို ရှာကြံရာဝယ် ဂုဏ်ပါဝါကြီး၍ နာမည်ကျော် ကြားသော ပုဂ္ဂိုလ်များအပေါ်မှာသာ ထင်နေတတ်၍ သူများပြောတိုင်း ယုံလွယ်ကာ ကိုယ်ပိုင်ဉာဏ်ကို အသုံး မပြုပါဘဲ ခိုင်းတိုင်း လုပ်တတ်သော သူများအတွက် သတိတရား ရှေ့မှာထားပြီး ယုံသင့်မှ ယုံမယ်ဆိုတဲ့အထိ၊ စိတ်ဓာတ် ရင့်ကျက် စေမှုအပြင် မိမိဝါဒနှင့် မတူကာမျှ ဖြင့် ဤသဘောတရားသည် မဟုတ်တန်ရာလို့ ဆုံးဖြတ် လွယ်သော ပုဂ္ဂိုလ်များနှင့်လဲ သက်ဆိုင်၊ အခြားသော အကြောင်း အမျိုးမျိုးတို့ဖြင့်လဲ ယိမ်းယိုင် လွယ်သော ပုဂ္ဂိုလ်များအတွက်လဲဘဲ အကွက်ကျသပါ၍၊ ပြုပြင်သင့်ခါ ပြုပြင်ရန်အတွက် လက်နက်ကောင်း တခုကဲ့သို့ အသုံး ပြုရန်နှင့် တရားရှာကြံသော ပုဂ္ဂိုလ်တိုင်းအတွက် ပေတံ သဘွယ် တိုင်းတာရန် ဘုရားကိုယ်တော်တိုင် ကာလာမ မင်းမျိုးအား တရားရှာမှုနှင့် ပတ်သက်သော ဒေသနာ

တော်ကို မြန်မာပြန်ဆိုခါ မွေလက်ဆောင်အဖြစ် ထည့်သွင်းခါ ပေါ် ပြလိုက်ပေသတည်း။

## ကာလမမင်းမျိုးကိုဟောပုံ

၁။ တဆင့်စကား ပြောကြားသည်ကို ယုံကြည်လက်ခံခြင်း မပြုပါနှင့်။

၂။ မိဘ-ဘိုးဘွား အစဉ်အဆက် နှစ်သက်ကြသည်ဟု ယုံကြည်လက်ခံခြင်း မပြုပါနှင့်။

၃။ ဤသို့ဟုတ်တန်ရာ၏ဟု လျင်မြန်စွာ ဆုံးဖြတ်ခြင်း မပြုပါနှင့်။

၄။ စာအုပ်မှာ ပါသည်ဟု အကြောင်း ပြကာမျှဖြင့် ယုံကြည်လက်ခံခြင်း မပြုပါနှင့်။

၅။ အကြောင်းယုတ္တိ ပြကာမျှဖြင့် ယုံကြည်လက်ခံခြင်း မပြုပါနှင့်။

၆။ အကျိုးညီညွတ်ခါမျှဖြင့် ယုံကြည် လက်ခံခြင်း မပြုပါနှင့်။

၇။ ယုံကြည် လက်ခံထိုက်၏ဟု အဆိုသွင်းခါမျှဖြင့် ယုံကြည်လက်ခံခြင်း မပြုပါနှင့်။

၈။ ငါ့အယူနှင့် ထပ်တူထပ်မျှ ကျလေပြီဘကားဟု ယုံကြည်လက်ခံခြင်း မပြုပါနှင့်။

၉။ မှန်သည်ဟု ထင်ခါမျှဖြင့် ယုံကြည်လက်ခံခြင်း မပြုပါနှင့်။

၁၀။ ပြောဟောလာသောသူသည့် ယုံကြည်အားကိုး ထိုက်သောသူဟု ထင်ခါမျှဖြင့် ယုံကြည်လက်ခံခြင်း မပြုပါနှင့်။

၁၁။ ငါ၏ ဆရာစကားပေတည်းဟု ယုံကြည်လက်ခံမှု မပြုပါနှင့်။

၁၂။ ထိုမှတပါး အခြားသော နည်းအမျိုးမျိုး ဖြင့်ခါမျှဖြင့် လက်ခံယုံကြည်ခြင်း မပြုပါလင့်....။

အို....ကာလမ၊ သင့်ကိုယ်တိုင် ဝိဘဇ္ဇဝါဒအတိုင်း တောနံခါ အစိစ္ဆေယျ ရှင်တော်မြတ် ဘုရားကြီးဘို၏ တည်စံရာ အဝတ္ထုဘု ရန်မျိုးတွေကုန်သည့် နိဗ္ဗာနခတ် အံ့မခန်းကြီးကို အစိဋ္ဌာ မျက်စိချပ်ပြီး ဝိဋ္ဌာမျက်စိနှင့် မျက်နှာချင်းဆိုင် တွေ့မြင်သောအခါမှသာလျှင် ဉာဏ်ဖြင့် တခေါက် ရောက်ရမှသာလျှင် ယုံကြည် စိတ်ချခါ၊ ဝင်းဝါဒနှင့် လုပ်နည်းကို လက်ခံပါတော့ဟု ရှင်တော် ဘုရားသည် တရားရှာမှုနှင့် ပတ်သက်၍ ပြတ်ပြတ်သား သား မိန့်ခဲ့ပေသည်။

သို့ပါ၍ ဤကျမ်းငယ်သည် အထက်ပါ ဘုရား၏ ရဲရဲတောက်ဒေသနာဖြင့် အတိုက်ခံနိုင်ကြောင်းကို ဂတိ ပြုပါသည်။

ဤစာအုပ်ငယ်ကို ဘတ်ဆဲဖြစ်သော အရှင်၊ အသင် ထိုစာအုပ်ငယ်က ယောဂီဘို၏ အသိဉာဏ်ကို ကြီးထွား ရင့်သန်စေ၍ စေကန်အမှန်ရှိ နိဗ္ဗာနခံတ်ကို လက်ခံ တောနိုင်သော ဉာဏ်ပါရမီသာရှိပါက ထိုနိဗ္ဗာန်ကို

လက်ညှိုးညွှန်ခါ ပြသ၍ အရောက် ဆောင်ကြဉ်း ပါလိမ့်မည်။

ဆိုသည့်အတိုင်းသာ မဟုတ်ပါလျှင် ဤကျမ်းငယ်ကို စာဖတ်သူ အရှင်, ဥသင် သဘောကျသလိုသာ စီရင်ကာ ဆုံးဖြတ်ပါတော့ဟု ကြည်လင်သော စိတ်ထားဖြင့် ရဲဝံ့စွာ ဂတိပေးစကား ရေးသားလိုက်ပေသတည်း။

အရှင်-ဥက္ကံသ။

# နိဒါန်း

## ၁

ဒိဋ္ဌိဗန္ဓနဗန္ဓာတော၊ တဏှာသောတေန ဝုယှရေ။
တဏှာသောတေန ဝုယှန္တာ၊ နတေ ဒုက္ခာ ပမုစ္စရေ။
(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ယော၊ ကျေညာ့တန်ခိုး ဝေဖြာတိုးလျှော် တေဇာ
ထန်ပြင်း နတ်ခပင်းနှင့် ဗြဟ္မာမကြွင်း အကြွင်ပုထုဇ္ဇန်
ပုဂ္ဂိုလ်ဘာ သင်းတို့သည်။ ဒိဋ္ဌိဗန္ဓနဗန္ဓာ၊ ရုပ်၊ နာမ်ဟု
အသမုတ်ခံရသော ပညတ် ရုပ် နာမ် ပရမတ် ရုပ်၊ နာမ်
နှစ်တန်ခမ္မသဘာဝယ၌ ပညာမကူ အမှားယူရိုး ငြိမ့်ဘည်း
ဟူသော နှောင်ကြိုးဖြင့် ဆင်ပြောင်ကို ထုံးခတ်သကဲ့သို့
ပူးကပ်စွာ တုတ်နှောင်၍ ထားကြလေကုန်၏။ တော၊ ထို
အသမုတ်ခံ ရုပ်၊ နာမ်ဘို့ကို တခုတည်းဖြင့် ဖြစ်နိုင်၊ ရှိနိုင်၊
ဖြစ်စေနိုင်သည်ဟု ထင်မှတ်ဖွဲ့ယူ။ အတ္တအတ္တနိယ ယူ၊ အယူ
ဖြင့် ဖွဲ့ချည်တုတ်ထား မိကြကုန်သော ပုထုဇ္ဇန် ပုဂ္ဂိုလ်
တို့သည်။ တဏှာသောတေန၊ ထိုထို အာရုံ ကာမဂုဏ်၌
ခုံတမင်မင် ခင်တမြားမြား ရေယဉ်နှင့်တူလှသော တဏှာ
တရားဖြင့်။ ဝုယှရေ၊ သံသရာဝဋ်တွင်းမှ လွတ်ကင်းခွင့်
မရကြဘဲ ဖွတ်အတင်းမျောပါး နစ်မွန်းကြရလေကုန်၏။
တဏှာသောတေန၊ ထိုထိုအာရုံ ကာမဂုဏ်၌ ခုံတမင်မင်
ခင်တမြားမြား ရေယဉ်နှင့်တူလှသော တဏှာတရားဖြင့်။
ဝုယှန္တာ၊ သံသရာဝဋ်တွင်းမှ လွတ်ကင်းခွင့် မရကြဘဲ
ဖွတ်အတင်းမျောပါးနစ်မွန်းကြရကုန်သော။ တေ၊ ပြဟ္မာ

နတ်၊ လူ မည်သူမဆို၊ ပရမတ်ဆရာ၊ ဓာတ်ဆရာ၊ ပုထုဇ္ဇန် ပုဂ္ဂိုလ် တို့ထိုက်ကြသည်။ ဒုက္ခ၊ ဇာတိ ဇရာ-ဗျာဓိ-မရဏ များ၏ သောင်းသောင်း ဘေးဒုက္ခအပေါင်းမှ၊ နေပမှုရေး၊ ပုထုဇ္ဇန် ဓာတ်မသိမ်းသမျှတွင်ဖြင့် လွတ်ငြိမ်းခွင့် မရနိုင် ကြလေကုန်သတည်း။

ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကျမ်းဆွစာမိန့်ချက်အရ၊ ဒိဋ္ဌိသံယောဇဉ်ကြိုးဖြင့် ဖွဲ့ချည် တုတ်ထားခြင်းကို ခံယူရသော သတ္တဝါ အပေါင်းတို့သည်၊ တဏှာတည်းဟူသော ကြိုးဖြင့်လဲ တုတ်ထားခြင်းကို ခံယူရပြီး ဖြစ်နေပါတော့သည်။ တဏှာတည်းဟူသောကြိုးဖြင့် ဆင်ပြောင်ကြီးကို ထူးခတ်သည့်အလား ပူးကပ်စွာ တုတ်နှောင်၍ ထားပလားဆိုမူဖြင့်၊ ထိုတဏှာကြိုး အတုတ်ခံရသူတိုင်းဟာ " ဇာတိပိဒုက္ခာ-ဇရာပိဒုက္ခာ " အစရှိသော ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်တော့ပြီဟု ဆိုလိုပါသည်။

အဲဒီတော့ အထက်ပါ စကားရပ်ကို သေချာစွာ လေ့လာကြည့်ပါက ဆင်းရဲဒုက္ခအပေါင်းမှလွတ်မြောက် ချင်ရင် ဒိဋ္ဌိကြိုးကို ဖြေကြရပေမည်။ ထိုကြိုးပြတ်သည် နှင့် တပြိုင်နက် တဏှာတည်းဟူသောကြိုးဟာ အလိုလို ပြေပြီး ဖြစ်လိမ့်မည်။

ထိုကြိုး ၂-ချောင်း ချည်နှောင်မှုမှ လွတ်မြောက် တော်မူကြကုန်သော ရဟန်းပုဂ္ဂိုလ် လူထိုထိုနှင့် ဗြဟ္မာ မကြွင်း နတ်ဘသင်းတို့သည်၊ သေးဖွဲ့သော ဒုက္ခမှစ၍ ကြီးမားသောဒုက္ခအထိ၊ မည်သည့်ဒုက္ခဘေးနှင့်မျှ မတွေ့

ရတော့ဘဲ ဆင်းရဲမျိုးစုံမှ လွတ်မြောက်ရမှာဟာ မြေကြီး လက်ခတ်မလွဲ ကျိန်းသေလွတ်ရမှာ ဧကန်ပါဘဲ။

သို့ပါ၍ ဆင်းရဲမျိုးစုံမှ လွတ်မြောက်လိုသော အရိယာအလောင်း ဝေနေယျအပေါင်းတို့သည်၊ အရေးကြီးဆုံးကိစ္စတရပ် လုပ်ငန်းတခုအနေနှင့် ဒိဋ္ဌိတည်းဟူသော ကြိုးကို အပိုင်းပိုင်းအတစ်တစ် ဖြတ်တောက်၍ ပြေကြရမည်။

## ဘယ်လိုလုပ် ပြေမှာလဲ

အယူဖြောင့်မှန်အောင် ယူနိုင်တာဟာ ပြေသောနည်းဖြစ်ပါသည်။ အဘယ်သဘောတရားပေါ်မှာ ဖြောင့်မှန်ရမှာလဲဆိုတော့၊ ရုပ်,နာမ်လို့ အသမုတ်ခံရသော သဘောတရားပေါ်မှာ အယူ ဖြောင့်မှန်စွာ ယူရပါမည်။ အဲဒီအသမုတ်ခံ ရုပ်,နာမ်တို့အပေါ်မှာ ဖြောင့်မှန်စွာသိတာ ယူနိုင်တာကိုပင် ယထာဘူတ ဉာဏ်လို့ခေါ်ပါတယ်။ ဤကဲ့သို့ ယထာဘူတ ဉာဏ်ကို ပိုင်နိုင်စွာ ရနိုင်ပါက အနုဗောဓဉာဏ်ဖြစ်ရလေတော့မည်။ ထိုယထာဘူတ အနုဗောဓဉာဏ် နှစ်အားကိုယူပြီး ပဋိဝေဓဉာဏ်ဆိုက်အောင် အားထုတ်ရပါသည်၊ ထိုပဋိဝေဓဉာဏ်ကိုပင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်လို့ခေါ်တာဘဲ။

သို့ပါ၍ ဘုရားရှင် ကိုယ်တော်မြတ်က၊ ဘာ့ကြောင့် သံသရာလည်ပြီးနေရပါသလဲဆိုတဲ့အဖြေကို အောက်ပါ သစ္စသံယုတ် ပါဠိတော်ကို ကိုးကားပြီးသိကြရပေမည်။

## သံသရာ၌ ကျင်လည်ရခြင်း

စတုန္နံ့ ဘိက္ခဝေ အရိယာသစ္စာနံ၊ ယထာဘူတာ အဒဿနာ ဒန္ဓမဒ္ဓာ အပဗ္ဗဝေဒါ ဇဝမိဒံ ဒီဃမဒ္ဓါနံ၊ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

### ဆိုလိုရင်းမှာ

ချစ်းသားတို့၊ လေးပါးကုန်သော အရိယာသစ္စာတို့ကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်နားမလည်ခြင်း မှန်းဆ၍ မသိကြခြင်းကြောင့်၊ ကိုယ်တွေ့ လက်တွေ့ မသိကြခြင်းကြောင့်၊ ဤမျှလောက် ရှည်ဝေးသောကာလပတ်လုံး ငါဘုရားသည်၎င်း၊ သင်ချစ်သား ချစ်သမီးတို့သည်၎င်း၊ သံသရာ၌ ပြေးသွားခဲ့ကြရကုန်ပြီ၊ကျင်လည်ခဲ့ကြရကုန်ပြီ ဟု မိန့်တော်မူ၏။

ထို့ကြောင့် ယထာဘူတ မဟုတ်ပါက ဘယ်လိုပင် ဝိပဿနာတရား အားထုတ်သော်လဲ ဆင်းရဲသော ဝဋ်တွင်းမှ လွတ်ကင်းနိုင်ကြမည်မဟုတ်၊ မလွတ်ကင်းနိုင်ရုံမျှမက "ပေါ့ချင်လို့ ကြောင်ရပ်ထိုး - ဆေးအတွက်လေး" ဆိုတာလို၊ ရပ်ပြစ် ၅စ် ပါးတွင် ပါဝင်သည့် အရပ်ဒေသသို့ပင် ရောက်သွားတတ်ပါသည်၊

သို့ပါ၍ စဉ်းစားနိုင်းချိန်- သုခမိန်ဆိုသည့် အတိုင်း စဉ်းစားနှိုင်းချိန်၍ ဤဝိပဿနာတရားတော်များကို လိုက်စားကြပါရန် သတိပေးစကား ရေးသား လိုက်ရပေသတည်း။

အသင်ယောဂီ၊ အရှင်ယောဂီတို့အား နှိုင်းချိန်ဆိုသည့် စကားနှင့်ပတ်သက်၍ အကျဉ်းချုပ် ဝေဘန်လိုသည်မှာ၊ အရာဝတ္ထုတခုသည် အလေးချိန်မည်မျှရှိသည်ကို သင်တို့မှာ ချိန်ခွင်မရှိဘဲ တိတိကျကျ သိကြရပေမည်မဟုတ်၊ ချိန်ခွင်မရှိဘဲ သိသောသူသည် တိကျသော အဖြေမဖြစ်နိုင်၊ သို့ပါ၍ အမှန်အတိုင်း ချိန်နိုင်ကြရန် ကိုယ်ပိုင်ဉာဏ်ချိန်ခွင်ရှိမှသာလျှင် တိကျစွာအဖြေပေးနိုင်လိမ့်မည်၊

ယခုကဲ့သို့ ဝိမုတ္တိယုဂခေတ်နှင့် ကြုံကြိုက်ခိုက် အရိယာအလောင်းနှင့် ဝေနေယျအပေါင်းတို့သည်၊ ဤကျမ်းကိုသာ ကိုယ်ပိုင် ဉာဏ်ပါရမီနှင့် ဝေဘန်သုံးသပ်နိုင်၍ သဘောပေါက်အောင် ဘတ်ရှု လေ့လာပါလျှင်၊ အခြား ဝိပဿနာဆိုင်ရာ စာအုပ်များကို ဘတ်ရှုပါက အသင်ယောဂီ-အရှင်ယောဂီတို့ထံမှာ ဉာဏ်ချိန်ခွင်ရှိပြီး ရပြီးဖြစ်၍ တိကျစွာ အတိမ်အနက်ကို ကိုယ်ပိုင်ဆုံးဖြတ်နိုင်ကြလိမ့်မည်ဟူသော မြော်လင့်ချက်ဖြင့် ဤစာအုပ်ကို ထုတ်ဝေရပါသတည်း၊

အကယ်၍ မိမိတို့ဉာဏ်အားသေး၍ သဘောမပေါက်ခြင်းနှင့် အကျယ်ဆိုလို နာလိုသော ယောဂီတို့သည်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ သာရကျောင်းတိုက် တိုက်အုပ်ကျောင်း၌ သီတင်းသုံးတော်မူသော ပဋိပတ္တိ သာသနာပြု ဓမ္မကထိက ဓမ္မဒီပ ဦးညေယျ ထံတွင် နာကြားခါ မှတ်သားနိုင်ပါသည်၊

## ဤကျမ်းပေါ်ထွက်လာရခြင်း

ဓမ္မဓော် အသျှင်ဥက္ကံသသည်၊ ပဋိပတ္တိသာသနာပြု ဓမ္မကထိက ဓမ္မဒီပ ဦးညေယျကိုယ်တော်တိုင် (၁၀) ရက်တိတိ အကျယ်ဟောကြားသော တရားပွဲများကို အကြိမ်ကြိမ်နာကြားပြီး၊ ဓမ္မသဘော ပေါက်ရောက်သလောက်ကို အကျဉ်းအားဖြင့် ပြဆိုရာဖြစ်သောကြောင့်၊ **သမ္မာပညာသိ ဝိပဿနာကျမ်း** ဟု အမည်တပ်ရ လေသတည်း။

## ပန်ကြားချက်

ပဋိပတ္တိ သာသနာ ပြုတော်မူကြ ကုန်သော အရှင်-အသင်တို့အား ပန်ကြားလိုသည်မှာ၊ ဦးဥက္ကံသ အရှင်သည် မှားလျှင်ပြင် မှန်လျှင်လိုက်နာ ပိုလျှင်နှုတ် လိုလျှင်ဖြည့်ဆိုဘဲ့၊ ၎င်းလျှင် ၄-ချက်သော စိတ်ထားဖြင့် ဤကျမ်းကိုရေးသားခါ ထုတ်ဝေလိုက်ပေသတည်း။

ပဋ္ဌရက် အပတ် ဝန္ဒာမိ



# သင်္ခေပ ပညာသိ ဝိပဿနာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

●

ဝိညာဉ်တလုံး၌ အထပ်ပေါင်းဘယ်မျှရအောင် ဘယ်လိုဘယ်နည်း ခွဲဖတ်ပြီး သွားကြမှာလဲ။

အနတ္တအစစ် အနိစ္စအစစ် ဒုက္ခအစစ်ကို ဘယ်အထပ် ရောက်မှ ယောဂီ၏ဉာဏ်ဝမှာ ထင်မှာလဲ။

ဝိညာဉ်၏ သိပုံနှင့် ပညာ၏သိပုံကို ခြားနားအောင် ဘယ်လိုလက်တွေ့ စမ်းသပ်မှာလဲ။

လူ နတ်,ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ တော,တောင်,ရေ, မြေ မဟုတ် ကိုယ်မဟုတ် မိမိမဟုတ် အသက်မဟုတ် လိပ်ပြာမဟုတ်ဟု ယူဆသိရုံနှင့် သက္ကာယဒိဋ္ဌိခေါ် အစွဲ ဘေးရန်မှ လွတ်မြောက်သူဟု ခေါ်နိုင်ပါပြီလား။

မမြဲမှု ဆင်းရဲမှု အစိုးမရမှုနှင့်သာ ပြည့်စုံသော တရားဟူ၍၎င်း၊ရုပ်,နာမ်လို့ အသမုတ် အခေါ်ခံရသော သဘော တရား ဓာတ်သတ္တိမြွမြွကလေးသာရှိသည်ဟု ယူဆ တတ် တွေးခေါ်တတ် သိတတ်ရုံ နားလည်ရုံနှင့် ဝိညာဉ်

အသိမှ လွန်မြောက်၍၊ (ဝါ) ဝိညာဉ်သိစင်၍ ပညာမြင် ပညာသိဆိုက်ရောက် ဘယ်လို ယူဆနိုင်ပါသလား။

မြတ်စွာဘုရားသည် သာသနာတော် မြတ်ကြီးအား အနှစ် (၅၀၀၀) ထားခဲ့ရာတွင်၊ ခေတ် ငါးခေတ်နှင့် ပိုင်း ခြား၍ ထားတော်မူခဲ့သည်။

၁။ ဝိမုတ္တိယုဂခေတ် .... ၁,၀၀၀
၂။ သမာဓိယုဂခေတ် .... ၁,၀၀၀
၃။ သီလယုဂခေတ် .... ၁,၀၀၀
၄။ သုတယုဂခေတ် .... ၁,၀၀၀
၅။ ဒါနယုဂခေတ် .... ၁,၀၀၀

ဤကဲ့သို့ ပိုင်းခြား၍ ထားတော်မူခဲ့ကြောင်းကို ဖုသာ ထေရ သဝဏ္ဏနာ ကျမ်းကြီး များတွင် ထင်ရှား တွေ့ သိရပေ၏။

ထိုခေတ်ကြီးများသည်၊ တခေတ်သောကာလ အပိုင်း အခြားမှာ အနှစ် ၁၀၀၀-ကြာညောင်းရပေမည်။

အဲဒီလို အထက်ပါအတိုင်း လာခဲ့ရာ၊ ၁၃၁၈-ခု နှစ်မှ စ၍ တဖန် ဝိမုတ္တိခေတ်သို့ ပြန်ရောက်ရပေပြီ။

ထို့ကြောင့်၊ ယခုအခါသည် ဘုရားတဖန် ပြန်၍ပွင့် သည့်အလား ဒိဋ္ဌိရထောင်အရိယာများ ပေါ်များကြ ပေတော့မည်။

သို့ပါသော်လဲ ရွှေသက်ထက်တော် အခါက ဝိမုတ္တိ ယုဂခေတ်မျိုးကဲ့သို့၊ ဥဃဋိတညူပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်များ ပေါ်များတော့မည်မဟုတ်၊ ထိုကဲ့သို့ ထက်

ဖြစ်သော ပုဂ္ဂိုလ်မျိုးမရှိပါဘဲနှင့် ဘယ်လိုအိမ်ရာထောင် အရိယာများပေါ်သည့်အခြေအထိ သာသနာ တိုးတက်ရမည် ဆိုဒါကတော့။ ဒီလိုပါ....

နေယျပုဂ္ဂိုလ်များနှင့် ပဒပရမ ပုဂ္ဂိုလ်များ၏ ကိုယ်ပိုင် ဉာဏ်နှင့် ဆင်ခြင်ဝေဘန် နိုင်လောက်သော အရိယာ လုပ်ထုံး နည်းမှန်လမ်းမှန် ပေါ်ပေါက်ရပေမည်။သို့ပါ၍ သာသနာတော်ကြီးသည် တဖန်ပြန်၍ အိမ်ရာထောင် အရိယာများ ထွန်းကားသည့်အထိ တိုးတက်ရမည်ဟု ဆိုလိုပါသည်။

အလျှင်းသင့်၍ ပုဂ္ဂိုလ်လေးမျိုးတို့၏ သဘောသဘာ ဝကို ထုတ်ဘော်လိုက်ရပေအုံး။

## ပုဂ္ဂိုလ် ၄-မျိုး

ဥဃ္ဃာဋိတညူပုဂ္ဂိုလ် ဆိုတာ သခ်ေပ နည်း အားဖြင့် တဂါထာကို နာကြားရကာမျှဖြင့် အကျယ်ကို ထိုးထွင်း သိ၍ မဂ်, ဖိုလ်သို့ဆိုက်၏။ ရှင်သာရိပုတ္တရာ ရှင်မဟာ မောဂ္ဂလာန်တို့ကဲ့သို့ဖြစ်သည်။

ဝိပဥ္စိတညူပုဂ္ဂိုလ်ဆိုတာကတော့၊ နာတိဝိတ္ထာရ နာ တိသင်္ခေပအားဖြင့် တရားတော်ကို မကျဉ်းမကျယ် နာ ကြားရုံမျှနှင့် မဂ်ဖိုလ်သို့ ဆိုက်ရောက်သောပုဂ္ဂိုလ် ပဥ္စ ဝဂ္ဂီ ဗာဟိယ ဒါရုစီရိယ ဥပါသိကာမနှင့် ရှင်အနာထပိဏ်တို့ကဲ့ သို့တည်း။

နေယျပုဂ္ဂိုလ်သည် ဝိတ္ထာရအားဖြင့် ဝေဘန်၍ အနု သာသနီနည်းဖြင့် အကြိမ်ကြိမ် အပြန်ပြန်အလှန်လှန် နာ

ကြားမှ ဆင်ခြင်မှု အားထုတ်မှုတို့ကိုပြုလုပ်မှ မဂ်ဖိုလ်နှင့် တည်သည်။

ပဒပရမ ပုဂ္ဂိုလ်သည် ဘယ်လိုပင် အကျယ်အားဖြင့် တရားတော်ကို နာကြားဘောနိုပါသော်လဲ မဂ်, ဖိုလ် သို့ ဤဘဝဖြင့်မရ၊ ပါရမီသာလျှင်ဖြစ်၍ နောင်ဘဝတွင် မဂ်, ဖိုလ်သို့ရဘို့ရန် လွယ်ကူပေတော့၏။

ပဒပရမပုဂ္ဂိုလ်၊ ယခုဘဝတွင် မဂ်, ဖိုလ် မရနိုင်ပုံကို နေတ္တိ ကျမ်း၌ ပဒပရမ ပုဂ္ဂိုလ်ကို အာဒိနဝ ဒေသနာ စသည်တို့နှင့် ဘောနိ၍မယူပုံတို့ကို တွေ့ရှိရ၏။

အထက်ပါ သာသနာတော်ကြီး၏ ဥပဒေသအတိုင်း ယခုတဖန် ပြန်လည် ရောက်ရှိ လာသော ဝိရုဒ္ဓိခေတ် အတွင်းနှင့် ကြိုကြိုက်လျက်ရှိကြသောကြောင့်၊သာသနာ တော်ကြီး တရင်လုံးသည်၊ ဒါန-သီလ-သမထ တရား များဖြင့် တင်းတိမ်မနေကြဘောဘဲ၊ ဝိပဿနာဆိုတဲ့ အ ဆင့်အတန်းအထိ တက်လှမ်း၍ ဟောပြောဆွေးနွေးနေ ကြလေပြီ၊ သို့ရာတွင် အပြောသာဖြစ်၍ လက်တွေ့ကြုံ ဘော့ တကယ်မထိမသိ၍ ဖြစ်နေကြမည်ကို သတိရကြ စေလိုပါသောကြောင့်၊ သင်္ခေပ ပညာသိ ဝိပဿနာရှု စဉ်ကိုသင်္ခေပအားဖြင့် ရေးသားပေါ်ပြရပေသတည်း။

## အဘိဓမ္မာနှင့်ဝိပဿနာ မည်ကဲ့သို့ ထူးခြားပါသလဲ

ဝိညာဉ်တလုံး၌ ဖုံးထားသောအရာများကို ခွဲစိတ်၍ မပြသေးမှီ၊ မူလဘူတဖြစ်သော ဖုံးအုပ် ထားသော သဘောတရားတို့ကိုတတ်သိလိမ္မာရန် အဓိကအချက်ဖြစ်

ပေသည်။ ကြိုတင်၍သိသင့်သိထိုက်သော သဘောတရားတို့ကိုလည်း ဦးစွာပဌမသိထားရမည်ဖြစ်၍၊ အဘိဓမ္မာ ဒေသနာနှင့် ဝိပဿနာတရားတို့၏ ထူးခြားပုံကို ကြိုတင်၍ ရှင်းလင်းပြပေအံ့။

အဘိဓမ္မာလောကဆိုသည်မှာ၊ ရှင်တော် ထွန်းထားမြတ်ဘုရားသည် နာမ်၏သောကခေါ် စိတ်၊ စေတသိက်နှင့် ရုပ်တရားဘို့ကို သဘာဝချင်းညီမျှသည်ကို စုပေါင်းယှဉ်တွဲ၍ ဖြစ်ပုံ၊ ရှိပုံတို့ပါမကျန် ထုတ်ဖော်လျက် အမည်နာမအဖုံဖုံ ခေါ်ဝေါ်သတ်မှတ်၍ ဖွင့်လှစ်ခါ ပြသ၍ထားသော လောကကို "အဘိဓမ္မာလောက" ဟု ခေါ်ပါသည်။

ထိုအဘိဓမ္မာ ဒေသနာ၌ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါး၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါစသည် အဖုံဖုံ နည်းမျိုးစုံဖြင့် အမည်နာမ ခေါ်ဝေါ်ပြ၍ တန်ဆာဆင်ခါသမုတ်ထားပါသော်လည်း အဓိကကျသော သဘောအရ ရှာဖွေသော် နာမ်၊ ရုပ် ၂-ပါးသည်သာလျှင် ဖြစ်၏။

ဓမ္မသင်္ဂဏီ - ဝိဘင်း - ဓာတုကထာစသော ၇-ကျမ်းသော အဘိဓမ္မာသည် နာမ်၊ ရုပ် ၂-ပါးကိုပင် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ၊ ခန္ဓာအာယတန၊ ပဋ္ဌာန်းစသော အခေါ်အဝေါ် အမျိုးမျိုးတို့ကို အဆန်းတကြယ်ထုံးသပ်၍ ဖွင့်ပြခြင်းပင်ဖြစ်သည်။

ဆိုလိုရင်းသဘောမှာ၊ အဘိဓမ္မာနည်းသည် ကြောင်းကျိုး ၂-ပါးတို့သည် ပူးတွဲခါ တူမျှင်ဖြစ်နေကြသည်။

သင်္ခါရလောကကြီးကိုသာ ဘယ်ပုံ ဘယ်နည်း ဖြစ်ပေါ်သည့်ဟု ဝေဘန်ခါ မိန့်တော် မူထားသော ကြောင့်၊ အဘိဓမ္မာသည် ရှင်တော်ဘုရားတို့၏ ဉာဏ်ကျက်စားရာ ဒေသ ဖြစ်ပေသည်။ မဂ်, ဖိုလ်ရရန်အတွက် အချက်ကျပြုလုပ်ရန်ကား အဘိဓမ္မာနည်းနှင့် လုံးဝသက်ဆိုင်သည်ဟု မဆိုထိုက်ပါ။

ရှင်တော်ဘုရားသည် အဘိဓမ္မာဒေသနာ၌ ရုပ်လောကကို ဝေဘန်ဟောတော်မူသောအခါ၊ အဝိနိဗ္ဘောဂရုပ်ရှစ်ခုကိုပင် ခွဲခြား၍ မရစကောင်းဟု တရားဦးကြောင်းချ၍ နယ်ချန့်ကာ သင်္ခါရလောကကြီးကို အမျိုးမျိုး အဖုံဖုံ နယ်စုံတို့ဖြင့် စပ်ဟပ်ခါပြရလေသည်။

ဓါတ်တပါးတပါး၏ သဘာဝလက္ခဏာကို ပေါ်ပြရာတွင်၊ ပူ, အေး ဟူသော သဘာဝ လက္ခဏာလောက်ကိုသာ အနုစိတ်၍သာ ပရိယတ္တိနယ်၌ ဝေဘန်ပြခဲ့လေသည်။

ထိုကဲ့သို့ အဘိဓမ္မာနည်းဖြင့် ဝေဘန်ပုံမျိုးသည် ပရမတ်လောကကြီး ထင်ရှားရှိသည်ကိုမှ မသိနားမလည်သောသူတို့၏အတွက်မှာ၊ အလွန်ကြမ်းတမ်း ရုန့်ရင်းသော ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အသက်, ဒိဒ်ပြာ, ရှိသည်ဟု ထင်မှတ်စွဲယူ၍ အလွန်များယွင်းစွာဖေါက်ပြန်နေသောမိစ္ဆာသညာကိုပယ်နုတ်ရုံဖြို့သောကြောင့်ဖြစ်၏။ ဝိပဿနာဉာဏ်စဉ်တွင် သွင်း၍ ဝေဘန်လျှင် စက္ခုဝိညာဉ် တခုတည်းဖြင့် မြင်နိုင်သည့် ပုံ ပုံပုံ ထားသော အသိမျိုးသည် ဝိညာဉ်သိ ဖြစ်၏။

ထိုအသိမျိုးကို မည်သည့်ဝိပဿနာဉာဏ်စဉ်မှ မဝင်နိုင်ဟုမှတ်။ သို့ရာတွင် နာမရူပ ပရိစ္ဆေဒ ဉာဏ် အခြေခံလောက်သာ သွင်းနိုင်လေသည်။

ရုပ်လောကကို ဝေဘန်သောအခါမှာ၊ မာမှု-ပြော့မှု ဆိုသော သဘာဝမှာသာလျှင် ဆုံးနေ၏။ ဤ၌ အဘိဓမ္မာ ဒေသနာတော်ကို ဝိညာဉ်သိလောကဟု ဆို လိုရင်း မဟုတ်ပေ။

အနုပုဂ္ဂိုလ်တို့၏အနေနှင့် ဝေဘန်ခြင်းကိုသာ ဝိညာဉ် သိလောကဟု ဆိုလို၏။

ရှင်ကောဘ်ဘုရားနှင့် ရဟန္တာ, မဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ် တို့၏အတွင်းဝေဘန်လျှင် အဘိဓမ္မာလောကသည် ပညာ အပိုင်ရပြီးသော ပုဂ္ဂိုလ်ကြီးတို့၏ ဉာဏ်ကျက်စားရာ အစစ်အမှန်ဖြစ်သောကြောင့်၊ သမ္မောအဋ္ဌကထာ ကျမ်းကြီးများတွင် ဘုရားရှင်တို့၏ အရာဟူ၍ ဖွင့်ဆိုပြထားခဲ့ပေသည်။

ဝိပဿနာ ပညာ ဆိုတာ မြတ်စွာဘုရားသည် ရုပ် တလုံး တလုံးကိုရင်း၊နာမ်တလုံးတလုံးကိုရင်း၊ဝိပဿနာ ဉာဏ် ၉-ပါးနှင့် ခွဲခြမ်း စိတ်ဖြာ၍ အနိစ္စ အစစ်,ဒုက္ခ အစစ်, အနတ္တအစစ်တို့ကို တွေ့သည်အထိ ရှာဖွေသော နည်းဖြစ်သည်။ ဤနေရာ၌ အနည်းငယ်ပမာဆိုပါမူ စက္ခု ဝိညာဉ်ခေါ် နာမ်ကလေးတခုကိုပင် (၉) ထပ်ရအောင် လှပ်၍ပြခဲ့ခြင်းသည် ဝိပဿနာ၏ အလုပ်နယ်ပယ်ဖြစ်၏။

အဘိဓမ္မာနည်းဖြင့် အထပ်ထပ်အလွှာလွှာရအောင် လှပ်၍မဝေဘန်နိုင်ပေ။ ယနေ့ကျွန်ုပ်တို့ကြာ သိနေရသည့်

ဝိပဿနာဟု များသောအားဖြင့် ပြောဟောယူဆနေကြ ရာတွင်၊ ရုပ်ဘက်၌ ပူမှု အေးမှု, မာမှု, ပြော့မှု,ဟူသော လက္ခဏာနှင့် နာမ်ဘက်တွင် တခုတည်းသော စက္ခု ဝိညာဉ်က မြင်မှုဖြစ်နိုင်သရောင် ယူဆနေကြခြင်းသည် အဘိဓမ္မာ တရားကိုသာ လေ့လာနေသည်ဟု ဆိုနိုင် ပေသည်။

မြတ်စွာဘုရားသည် အလွန်တရာမှ နက်နဲခက်ခဲလှစွာ သော ပဋ္ဌာန်းကျမ်းတော်ကြီးကို အမျိုးမျိုးသော အယူ အဆတို့နှင့် တန်ဆာဆင်ယင်၍ ခွဲခြမ်းစိတ်ဖြာခါ ဟော တော်မူပါသော်လဲ၊ အဘိဓမ္မာနည်း အဘိဓမ္မာလောက ဟူ၍သာ ခေါ်ဆိုနိုင်လေသည်။

သို့ပါ၍၊ ယခုအခါ ဝိပဿနာတရားတော်အပေါ်၌ သက်ဝင်ယုံကြည်၍ လိုက်စားခါနေကြသော ဝေနေယျ အပေါင်းတို့သည်၊ အဘိဓမ္မာနည်းနှင့် အဘိဓမ္မာလော ကကို ဝိပဿနာမြတ် ထင်မှတ်စွဲယူ၍ စိတ်, စေတသိက် တို့၏ ယှဉ်ပုံ-မယှဉ်ပုံ အဖုံဖုံတို့နှင့် အဘိဓမ္မာ ၇-ကျမ်း ကိုသာ လေ့လာ အားထုတ်နေပါလျှင်၊ ပရိယတ်ဆိုဘဲ စာပေ သင်ကြားမှုနှင့် လမ်းဆုံး၍ ပဋိပတ်ဆိုဘဲ အလုပ် မှန်, လမ်းမှန်, စခန်းမှန်သို့ မရောက်ဘဲ ဖြစ်နေကြမည်ကို သတိပြုသင့်ပေသည်။

# သင်္ကြာယ ပေါ်ပေါက်လာရပုံ

အစွဲသမားကြီးအမောင်သင်္ကြာယသည်၊ သက်သက်မဲ့ လောကဓာတ်ကြီးမှာ ပေါ်ထွက်လာသည်မဟုတ် မိုးယ်း ကျရွှေ့ကိုယ်မဟုတ်၊ ပညာဘ်ရှိ၍သာ ဖြစ်ပေါ်နေသော တရားဖြစ်တယ်။ ပညတ်ဆိုဘာဟာသဲ ဓာတ် ၁၈ ပါး၊ အာယတန ၁၂-ပါး၊ နာမ်, ရုပ် ၂-ပါး ရှိလို့သာလျှင် ပေါ်ပေါက် လာရခြင်းဖြစ်ဘယ်။ အဲဒီလို ပညာဘ်ရှိ က အစွဲသမားကြီး အမောင်သင်္ကြာယသည် စွဲ့ခတော့၍ဟာ သေချာပေါက်ထက် မှန်ပြန်ပါဘယ်။ မင်းမစွဲနှင့် သင်မစွဲ နှင့်ဟု အဘယ်နတ်,ဗြဟ္မာ ဂါထာမန္တာရား ဗေဒင်ယတြာ တို့ပင် ပြုဘော်သဲ ရတော့မည်မဟုတ်၊ တားခြင်း၌ါ မစွမ်းဆောင်နိုင်။

သို့ပါ၍ ခန္ဓာ ၅-ပါး၊ နာမ်, ရုပ် ၂-ပါးသင်ရှား ရှိနေသောကြောင့် သင်္ကြာယခေါ် မောင်စွဲကြီးဟာလဲ လယ်ပြင်မှာ ဆင်သွားသလို ယခုပင် အထင်းသားချည်း တွေ့ခနေရသည်ဟု မှတ်ပါ။

ထိုကြောင့် ခန္ဓာ ၅-ပါး၊ ရုပ်,နာမ် ၂-ပါးတို့ကာ အကြောင်း၊ ရွှေ,ငွေ,သနှာ,ပုလဲ, ကျောက်ပြား၊ ယောကျ်ား, မိန်းမ သို့ သချာ်ခေါ်ပေါ် ပညာ်ခြင်းက အကျိ။

အကြောင်းတချး နှင့် အကျိုးတရား ထိုတရား ၂-ပါး ထင်ရှားရှိပါက သင်္ကြာယခေါ် မောင်စွဲကြီးလဲ ထင်ရှား ရှိရမည်ဟုမှတ်။

ဤနေရာ၌ ရုပ်နှင့်နာမ်ဆိုသည်မှာ၊ ပရမတ်တရားများ ဖြစ်ကြသည် မဟုတ်ပါလော။ ပရမတ် ဆိုသည်မှာလဲ ဓာတ်ပင်မဟုတ်ပါလော။ ဓာတ်ကိုသိလျှင် စွဲစရာ သက္ကာယ မရှိတော့ပြီဟု ယူဆတတ်ပါသည်။

ဤလို ယူဆခြင်းသည် မှားပါသည်၊ ဘာ့ကြောင့် မှားပါသလဲဆိုတော့၊ ဓာတ်ဆိုတာ နာမ်,ရုပ် ၂-ပါးပင် မဟုတ်လော၊ နာမ်ရုပ် ၂-ပါးကို အမှီပြု၍ ပညတ်ပေါ် ထွက်လာရ၏။ ပညတ်ရှိက စွဲစရာသက္ကာယရှိနေရလို့ မှားပါသည်၊ ပရမတ်ကို တုန္တ ဖြစ်အောင်, သညာတဖြစ်အောင်, အကြောင်းပြတ်၍ အကျိုးရပ်အောင်, သန္တတိ ပြတ်အောင် ဝေဘန်နိုင်မှ သက္ကာယခေါ် မောင်စွဲသည့် စွဲစရာမရှိမှ မစွဲဘဲနေရပါသည်၊ သို့ပါ၍ စွဲစရာ မရှိတဲ့ အခြေအထိ သိအောင်ဝေဘန်ကြည့်ရှုရပါမည်၊

သို့ပါသော်လဲ ရှင်တော်ဘုရားသည် မဟာဂရုဏာ ဖြင့် အလွန်မှားယွင်း၍ စွဲလမ်းနေသော အယူကို တထပ် ပယ်လှပ်ရန် အတွက်သာ ဓာတ်ကို ရှင်တော်ဘုရား ဟောခဲ့လေသည်။ ဓာတ်ကို ဓာတ်အတိုင်း သိခါမျှဖြင့် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်သည့်အထိတော့ မဖြစ် နိုင်ပါ၊

အဘယ်ကြောင့်မူ ၎င်းဓာတ်သည် ပညတ်တရား တို့၏ ရေသောက်မြစ် ဖြစ်နေသောကြောင့်တည်း၊

တနည်းဆိုပါမူ ပညတ်တို့၏ အကြောင်းဖြစ်သော ကြောင့် အကြောင်းမငြိမ်းက အခွဲပြယ်လိမ့်မည်မဟုတ်၊

ဂေတ်ကို ထင်ရှားရှိကြောင်း ကိုယ်တော်မြတ် ပေါ်ထွက်ခဲ့ရပုံ အကြောင်းမှာ....။

ဝိဇ္ဇာနန သဘာဝေ၊ ဝိညာဏောဒိဝသညီနံ။
သညာသမှုဟာ နဋ္ဌမ္ဘိ၊ အဓိဗ္ဗ ရသေဝရုဏ္ဏာ။
(ဝိဘင်းအဋ္ဌကထာ)

အထက်ပါ အဋ္ဌကထာ၏ ဆိုလိုရင်းမှာ၊ အာရုံကို သိတတ်သော စိတ်,ဝိညာဉ်ဘူကို အသက်ဘဲ,လိပ်ပြာဘဲ၊ နာမ်သည်ကား မသေမဆုံး တဘာဝမှ တဘာဝသို့ ကူးပြောင်းသည်၊ လောက်လမ်းသဘွယ် ဝိညာဉ်တွယ်သည်၊ နေခင်ဘဝကို အမြဲရပြီးမှ ရင်း ဝိညာဉ်သည်သာ ကူးပြောင်းရန် ယခုဘဝကို လက်လွှတ်သည်၊ လိပ်ပြာလှသည် အစရှိသော မှားယွင်းစွာ ဖေါက်ပြန်သော မိစ္ဆာသညာတထင်ကို လှပ်လိုသည့်အတွက် ခေတ် ၁၀-ပါး ရှိကြောင်းကို ရှင်တော်ဘုရားသည် မိန့်တော်မူခဲ့ပေ၏။

ဤနေရာ၌ အမိကထား၍ သိစေလိုသည်မှာ၊သင်္ကြာယ ခေါ် မောင်စွဲ၏ ညွှန်းပန်းမှုကို မလိုလား၍ မစွဲချင်တော့လျှင် အစွဲ၏ဘေးရန်မှ လွတ်လိုပါက အကြောင်းတရား ဖြစ်သော နာမ်,ရုပ် ၂-ပါးကိုငြိမ်းအေးအောင် သိမ်းကြံရပေမည်၊ အကြောင်းတရားသာလျှင် ကောန် ငြိမ်းအေးပါက အဘယ်မှာ အကျိုးဖြစ်သော ပညတ်သည် ပေါ်ထွက် နိုင်ပါတော့မည်နည်း။

ထိုပညတ်သည် အဘယ်သဘောတရားကို ခြေကုပ်ယူ၍ ရပ်တည်ခါ နေနိုင်တော့ပါအံ့နည်း။

သို့ပါ၍ အကြောင်းဖြစ်သည့် ရုပ်,နာမ်နှင့် အကျိုးဖြစ်သော ပဋိစ္စသမုပ္ပါဒ်တွင်မှုကို ပညတ်မရှိပါက သင်္ခါရဝိ ဂ္ဂဟဟူသောဥ္စာသီဂ္ဂဟ ဖြစ်သော ပညတ်မရှိပါက သင်္ကာသယ ဒိဋ္ဌိ ခေါ် မောင်စွဲသည့် စွဲမရော မရှိပါတော့သဖြင့် အဘယ်မှာလျှင် စွဲ၍ ဖြင်နိုင်တော့အံ့နည်း။

ဆင်ခြင်ဟန်တို့ကို လက်တွေ့နည်းနှင့် ဝေဘန်ခဲ့သော်၊ ဒုစ္စွဲကို အတင်းအဓမ္မဖြုတ်၍ ရမည်မဟုတ်ပါ၊ ထိုအစွဲပေါ် ထွက်လာရခြင်းရဲ့ အခြေခံ အကြောင်းပြ ဖြစ်သော အကြောင်းရင်းကိုသာ ပယ်နှုတ်ပါလျှင် အစွဲလဲဘဲ ပြုတ်နိုင်သည်ဟု မှတ်စေလိုသည်။

---

# ဝိပဿနာဆိုတာ ဉာဏ်အလုပ်

ဝိပဿနာတရားဆိုသည်မှာ၊ ဉာဏ်ကို အလွန်အသုံးပြုရသော အလုပ်, ဉာဏ်ကို စေခိုင်းရသော အလုပ်ဖြစ်လေသည်။ တရသော သဘောတရားကို တွေ့ရှိပါက ဆုံ ခမ်းသို့တိုင်အောင် ဝေဘန်နိုင်ကြရပေမည်။ ပိုင်းခြားနိုင်ကြရပေမည်။ ဤကဲ့သို့ အဆုံးသတ်အထိ ဝေဘန်နိုင်တာကိုပင် တိဟိတ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပါသည်။

ဉာဏ်ပေါ် မှာသာ မူတည်၍ ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်ရယ်လို့ ကွဲပြားခြားနားနေပါသည်။

ပုဂ္ဂိုလ်တို့၏ အချော,အလှ,အပြော,ဆဟော,အစားသူ့တော်ကောင်းအဝတ်,သူတော်ကောင်းအနေ,သူတော်ကောင်းအကျင့်, သူတော်ကောင်းတို့ပေါ် မှာ မူတည်၍

ခေါ်သည့်မဟုတ်ပါ၊ အသိဉာဏ်ပေါ်မှာသာလျှင် အနယ်ထိုင်ပါသည်။

ထိုကဲ့သို့ ဉာဏ်၏အလုပ်ဖြစ်သည့်အတိုင်း အဆုံးသို့ ပေါက်ရောက်အောင် ဝေဘန်နိုင်သော ပုဂ္ဂိုလ်တို့ကိုသာ ပါရမီရှိသည်ဟု ဆိုနိုင်လေသည်။ ထိုပါရမီသည်ကား၊ ဘဝအဆက်ဆက်မှ ဉာဏ်ကို မွေးမြူလာခြင်းတို့ကြောင့် ဖြစ်ပေ၏။

ဝိပဿနာတရားနှင့် မွေးမြူမှသာလျှင် ပါရမီ အစစ်အမှန်ကို ရရှိတော်မူကြသောကြောင့်သာ ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါက တထိုင်တည်း နှလုံးသွင်းခါမျှဖြင့် မဂ်,ဖိုလ်သို့ ရောက်ကြသော ပုဂ္ဂိုလ်တို့ကား ရှေးရှေးသောဘုရားရှင်၏သာသနာတော်တွင် ဝိပဿနာ တရားတော်တို့ကို အားထုတ် နာကြားဘူးသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် ဝိပဿနာတရားကို လိုလားကြကုန်သော ဝေနေယျ အပေါင်းနှင့် အရိယာ လောင်းတို့သည်၊ လက်တွေ့လုပ်ငန်းစဉ်အရ အားထုတ်လိုပါလျှင်၊ အရင်းမှသည့် အဖျားသို့တိုင်အောင် မိမိတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဘန်နိုင်ရန် အစွမ်းကုန် အကြိမ်ကြိမ်အဖန်ဖန် ပိုင်းခြားခါ ကြိုးစားမှသာလျှင် တရသော ဝဋ္ဋ၏ အဆုံးဖြစ်သော မဂ်,ဖိုလ်ကို တွေ့ကြရမည် မဟုတ်ပါလော။

ဤမျှလောက်သော စကားအစဉ်ဖြင့် အမှန်ရှိ တရားဖြစ်သော ပရမတ်သည်၊ ပညတ်တို့၏ ရေသောက်မြစ် ဖြစ်ကြောင်းကို သိနိုင်လောက်ပေပြီ။

# အကြောင်းနှင့်အကျိုး ပါဝင်နေပုံ

ထိုအမှန်ရှိ ပရမတ်ကို ဝရဇိန်မိုးကြိုးစက်ကဲ့သို့ ဗုး ရှ ထက်မြက်သော ဉာဏ်အဟုန်ဖြင့် ပရမတ်တို့ကို ပရမတ်အတိုင်းမထားတော့ဘဲ ဝက်ဝက်ကွဲအောင် ဖြိုခွင်းကြရပေတော့မည်၊ သုညတဖြစ်အောင် တုန္တအခြေသို့ ရောက်အောင် ဝေဘန်ရပေတော့မည်၊ ကြိုးစား၍သာ ရှေ့ကိုဆက်ပြီး လေ့လာကြရန် တိုက်တွန်းပါသည်၊ သို့မှသာလျှင် ဝိမုတ္တိရသာလူးကို ကြေနရကြပေမည်၊

ဤနေရာ၌ ဥပမာတခုဆောင်၍ အကြောင်းတရားကို ပြုလုပ်ဟန်နှင့် အကျိုးတရားကို ဆောင်ရွက်ဟန် တို့ကို ပုံဆိုသော်၊ ထမင်းချက်ပြုတ်သူတယောက်သည် ထမင်းချက်စဉ် ထိုအိုးသည် ငွေ၍ကျ၏၊ ထိုအခါ ချက်ပြုတ်သောသူသည် ဝေတက်လာသော အမြှုပ်တွေကို ခတ်၍ ပစ်၏၊ ခတ်၍ မဆုံးနိုင်လောက်အောင် ဖြစ်နေပါသည်၊ ဤကဲ့သို့ မဆုံးဘဲဖြစ်နေခြင်းသည် အကျိုးကို သတ်နေသော လုပ်ငန်းဖြစ်ပေ၏၊ (ထိုနေရာ၌ အကြောင်းနှင့် အကျိုးတို့ ပေါ်ထွက်၍ သိတ္တလိုပါသည်၊)

မီးများနေခြင်းသည် အကြောင်း၊ ဝေ၍ ကျနေခြင်းသည် အကျိုးတရားဖြစ်ပါသည်၊ အကြောင်းဖြစ်သော မီးကို လျှော့မှသာလျှင် ထိုဝေသောသဘောရပ်ပေမည်၊

ယခုသော် ပက်၍ပစ်နေ၏၊ အကျိုးကို သတ်နေ၏၊ အဘယ်မှာလျှင် ပြီးနိုင်ပါတော့ မည်နည်း၊ စဉ်းစား၍

သာသတိထားပါ၊ အကြောင်းတရား ထင်ရှား ရှိပါက အကျိုးဆိုသော ထိုသဘောသည် ပေါ်ထွက်ရမြဲဓမ္မတာ ပင်မဟုတ်လော။

သဏ္ဌာယခေါ် မောင်စွဲသည် ပညတ်ကိုသာလျှင် အခြေခံ၍ စွဲနေသည်ဆိုဘာ ဟုတ်ပါ၏။ သို့သော် စဉ်းစားစေလိုသည်မှာ ပညတ်သည် အဘယ်ကြောင့်ပေါ်ထွက်နေရသနည်းဆိုတဲ့ ပညတ်၏ အခြေခံ အကြောင်းပြုကို သိတို့လိုပါသည်။

ဤနေရာ၌ တိုတို ဘျဉ်းကျဉ်းနှင့် လိုရင်းကို ရှာသော် ပရမတ်တရား၊ (ဝါ) အမှန်ရှိဘရားခေါ် ထိုပရမတ်သာလျှင် ကောန်ဖြစ်ပေလိမ့်မည်၊ ပညတ်တို့၏ ရေသောက်မြစ်၊ (ဝါ) ပညတ်တရားတို့၏ တည်ရာသည်က်ား ပရမတ်၊ တရားဆိုလျှင် ကောန်မလွဲအောင် မှန်ပေတော့မည်။

## ဆိုလိုရင်းမှာ

(က) ပရမတ်သည် အကြောင်း၊
(ခ) ပညတ်သည် အကျိုး၊

အကြောင်းနှင့်အကျိုးရှိလေသမျှ စွဲစရာ သဏ္ဌာယက လဲ စွဲနေပေအုံးမည်၊ နှိုင်းချိန်ကာစဉ်းစားတော်မူကြရန် ရိုးသားသော စေတနာဖြင့် ရေးသားခါ သတိပေးအပ်ပေသတည်း။

ငါ့,သူတပါး, မိန်းမ, ယောကျ်ားမဟုတ်၊ ဓာတ်သာ ဟုတ်၏ ဟု ဓာတ်ကို လက္ခံထားသော၊ (ဝါ) ဓာတ်ကို ဓာတ်အတိုင်းထား၍ သိကာမျှဖြင့် အစွဲဥပါဒါန် ဖြုတ်

မပြုတ် သတိပြုဘို့အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ခါတ်ဆိုသော ပရမတ်သည်၊ ပညတ်တရားတို့၏ အကြောင်းပင်မဟုတ်ပါလော့။

ထိုဓါတ်ကို တုန္တနှင့် ရိတ္တ, သုညတဖြစ်တဲ့အခြေအထိ မဝေဘန်နိုင်လျှင် အကြောင်းတရားသည် ငြိမ်း-မငြိမ်း အကြောင်းသည်းဆိတ်-မသည်းဆိတ် လေးလေး နက်နက် စဉ်းစားရန် အထူးအရေးကြီးပေလိမ့်မည်။

ပညတ် တကယ်မရှိ၊ ဓါတ် သာရှိ၏ဟု ပညတ်ကို အတင်းအဓမ္မခွါ၍ ဓါတ်ပေါ်မှာမေးတင်ခါ၊(၀ါ)ဓါတ်၌သာ ဉာဏ်အဆုံးထား၍ ဝေဘန်ရှုကြည့် နေခြင်းသည်၊ အကြောင်းကိုလက်ခံ၍ အကျိုးကိုခွါသတ်နေပါက အရာရောက်-မရောက်၊သဘာဝ ကျ-မကျ ဂရုပြုကြရန် ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဘန်ရန် အလွန်ရှင်းသေသသဘောတရားများသာဖြစ်၏။

အမှန်ရှိတရားသည်သာလျှင်၊ (ဝါ) ပရမတ်တရားကိုသာလျှင် ဝေဘန်ရန်ဖြစ်သဖြင့်၊ ထိုတရားကိုသာလျှင် မှတ်၍ ဝေဘန်ကြရပေမည်။

ထိုပရမတ် များကိုသာ သင်္ချာသင်္ကေတနှင့် ထုတ်ဆောင်ပါမူ၊—

အဘိဓမ္မာအလိုအားဖြင့်—

ရုပ် .... .... ၂၈၊

နာမ် .... .... ၅၃ - စုစုပေါင်း - ၈၁ လုံးသော သဘောသာ ရှိ၏။ ထို ၈၁ - လုံးကို တဖန် အကျဉ်း ချုံးပါမူ၊ ဝိပဿနာ အရာ၌ ၃၀ - သော

သဘောကိုသာ အမြင်မှန်ရအောင် ဝေဘန်ကြရပေမည်။ ၃၀-သော သဘောကိုသာ အမြင်မှန်ရပါက ဂ၁-လုံးသော သဘောတို့သည်၊ "ကျွံကူး-ရေပါ" ဖြစ်ရပေတော့သည်၊ အနေ္တာဂရဖြစ်ပြီး နေလေတော့သည်။ သို့ပါ၍ ၃၀-သောသဘောတို့ကို အောက်၌သရုပ်သကောင်နှင့်တကွ ထုတ်ပြပါမည်။ ထို ၃၀ - သော သဘောကို အတ္တာဒိဋ္ဌိ ၃၀-ဟူ၍ မှတ်ယူခဲ့စေလိုပါသည်။ ထို ၃၀-သော အတ္တာတို့အပေါ်၌ အကြင်ကြိမ်ကြိုးစား၍ ဝေဘန်ရပါမည်။

အတ္တာဒိဋ္ဌိ ၃၀-အရေအတွက်မှာ အောက်ပါအတိုင်း ယူဆပါသည်။

## အတ္တာဒိဋ္ဌိ ၃၀-၏ သရုပ်

(၁) မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်၊ ဤ ၆-ပါးသည် ဒွါရ ၆-ပါးဖြစ်၍၊ (ၡင်းကို အခံဓာတ်လို့လဲခေါ်နိုင်သည်။)

(၂) အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘောတရား၊ ဤ ၆-ပါးသည် အာရုံ ၆-ပါးဖြစ်၍။ (ၡင်းကိုအတိုက်ဓာတ်လို့ခေါ်နိုင်သည်။)

(၃) မြင်မှု,ကြားမှု,နံမှု,စားမှု,ထိမှု,သိမှု၊ ဤ ၆-ပါးသည် ဝိညာဉ် ၆-ပါး ဖြစ်၍။ (ၡင်းကို အပေါ်ဓာတ်ဟုခေါ်နိုင်သည်။)

အထက်တွင် ပြဆိုခဲ့သည့် အတိုင်း အခံဓာတ် - ၆၊ အတိုက်ဓာတ်-၆၊ အပေါ်ဓာတ်-၆၊ ထို သုံးခု ပေါင်း

သော် ၁၈-ပါးရ၏၊ ထို ၁၈-ပါးကို ဓာတ် ၁၈-ပါးဟု ခေါ်ဝေါ်၏။

(၄) မြင်တွေ့,ကြားတွေ့,နံတွေ့, စားတွေ့,ထိတွေ့, သိတွေ့၊ ဤ ၆-ပါးသည် ဖဿ ၆-ပါးဖြစ်၏။

(၅) မြင်တွေ့ခံစား, ကြားတွေ့ခံစား, နံတွေ့ခံစား, စားတွေ့ခံစား, ထိတွေ့ခံစား, သိတွေ့ခံစား၊ ဤ ၆-ပါး သည် ဝေဒနာ ၆-ပါ ဖြစ်၏။

ဓာတ် ၁၈-ပါးထဲ၌ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး တို့ကိုပါသည့်၍ပေါင်းသော် ၃၀-သော သဘောတရား ရ၏။(၎င်းကို အဘိဓမ္မာ ၃၀-၏ သရုပ်ဟူ၍မှတ်ပါ။)

ထို ၃၀-သောသဘောတို့ကို အမည်နှင့် အခေါ် အ ဝေါ်များကို သိရှိပြီးနောက်၊ အတ္တဆိုသော စကားနှင့် အနတ္တဆိုသောစကားကို တိတိကျကျ သိထားရန်လိုပေ အံ့းမည်။

## သို့ပါ၍ အတ္တနှင့် အနတ္တကို ရှင်းအံ့

(၁) အတ္တအဓိပ္ပါယ်သည် အဘယ်နည်း။

(၂) အနတ္တ၏ အဓိပ္ပါယ်သည်ကား အဘယ်နည်း။

(၃) အတ္တ၏ သဘောဝ၌ ပါဝင်သော အချက်နှင့် အနတ္တ၏သဘော၌ပါဝင်သည့် အချက်တို့သည် အဘယ် တို့ပါနည်း။

အထက်ပါ မေးခွန်းသုံးခုကို အောက်တွင် တချက်စီ ရှင်းပါအံ့။

(၁) အတ္တ၏ အဓိပ္ပါယ်သည် "အတ္တာတိ ထာဂမတာ" ဟုလာရှိပါသည်။ အတ္တာတိ၊အတ္တဟူသည်ကား။ ထာဂမတာ၊ အား အစွမ်းမည်၏။ အတ္တ ဟူသည်ကား အားအစွမ်းရှိသည်ဟုအဓိပ္ပါယ်ရပါသည်။ဘယ်လိုအား အစွမ်းရှိသနည်းဟူမူ၊အဘိဓမ္မာအလိုအရဖြေဆိုရပါမူ၊ ရုပ်-၂၈၊ နာမ်-၅၃ ဟု အသမုတ်ခံရသော ရုပ်,နာမ် တို့ သည် သဘောတရားကလေးတခုသည် (ဝါ) ရုပ်တလုံး တလုံး နာမ် တလုံး တလုံးတို့သည် သူ့ဟာနှင့်သူ တခု တည်းနှင့် ဖြစ်နိုင်, ရှိနိုင်, တည်နိုင်,ပြုလုပ်နိုင်,ခံစားနိုင် ခြင်းကို အတ္တဟုခေါ်၏။ ရုပ်တလုံး နာမ်တလုံး တို့သည် သူ့အလိုသူတခုတည်း သူ့ကိုယ်ပိုင် အားအစွမ်းသတ္တိဖြင့် ဖြစ်ပေါ်တည်ရှိနေနိုင်မှုကို အတ္တဟုခေါ်၏။ လိုရင်းကို ဆိုပါမူ၊ တခုသောသဘောတရားသည် ကိုယ်ပိုင် အား အစွမ်းသတ္တိရှိ၏ဟု ယူဆထင်မှတ်ခြင်းကို အတ္တဒိဋ္ဌိဟု ခေါ်၏။

(၂) အနတ္တ၏ သဘောကို ရှင်းပါမူ အနတ္တသည် သမာသ်ပုဒ်ဖြစ်၏။

အတ္တံ၊အားအစွမ်းသည်၊ နတ္ထိ၊မရှိ၊ အနတ္တံ၊အားမရှိ၊ အနတ္တသည်အားမရှိဟုအဓိပ္ပါယ်ရပါသည်။ အဘယ်ကဲ့သို့ အားမရှိပါသနည်းဟူမူ၊ ရုပ်,နာမ်လို့ အသမုတ် အခေါ်ဝေါ်ခံရသောသဘောတရားကလေးတခုသည် တခု တည်းဖြင့် ဖြစ်နိုင်သောအားမရှိဟုအဓိပ္ပါယ်ရပါသည်။ တခုတည်းဖြင့် ဖြစ်နိုင်သော သဘော အင်အား သတ္တိမှ

အမြဲတမ်း ကုန်ခမ်း သုဥ်းဆိတ်နေ၍ဟု အဓိပ္ပါယ်ရှိလေသည်။

သို့ပါ၍ အနတ္တ၏အဓိပ္ပါယ်ကို ပေါ်လွင် ထင်ရှားစေရန် ဝိသုဒ္ဓိမဂ်, ဒိဋ္ဌိဝိသုဒ္ဓိအဖွင့်၌ အောက်ပါပါဠိအတိုင်း ပြဆိုပေ၏။

နသကေန ဗလေန ဇာယရေ၊

နာပိ သကေန ဗလေန တိဋ္ဌရေ။

ပရဓမ္မ ဝသာနုဝတ္တိနော၊

ဇာယရေ သင်္ခတ အတ္တဒုဗ္ဗလာ။

ဟုလာရှိပါသည်။

အဓိပ္ပါယ်မှာ၊ တခုသောသဘောတရားခေါ် ပရမတ်ကလေးသည် သူ၏ ကိုယ်ပိုင်အားဖြင့် မဖြစ်ပေါ် နိုင်ချေ။ သူ၏ပကတိအစွမ်းအားဖြင့် ရပ်တည်ခြင်းငှါ မစွမ်းနိုင်၊ ပတ်ဝန်းကျင်သဘောတရားတို့၏အလိုသို့သာ လိုက်ပါ၍နေရရှာ၏။ သဘောတရားကလေး တခုသည် တခုတည်းသောသူ၏ အားအစွမ်းအားဖြင့် မဖြစ်နိုင်, မရှိနိုင်ဟူလို၏ ဤကဲ့သို့ အထက်ပါ ကျမ်းအတိုင်း အနတ္တ၏သဘောသွားကို ခြားနားစွာသိရှိရပေ၏။

(၃) အတ္တသဘော၌ ပါဝင်သည့်အချက်နှင့် အနတ္တ၏သဘော၌ ပါဝင်သော သဘောတို့ကို တခုစီ မြန်မာစကားသွားဖြင့် သိရပေအံ့။

(၁) အတ္တ၏သဘောပါဝင်သောအချက်—

(က) သဘောတရားတခုသည်၊ တခုထည်းထည်း ရပ်တည်နေနိုင်ခြင်း။

(ခ) သဘောတရား တခုသည်၊ တခု တည်း ဖြင့် ဆောင်ရွက်နိုင်သောအားရှိခြင်း။

(ဂ) သဘောတရားတခုသည်၊ တခုတည်းဖြင့် ခံစားနိုင်သော ကိုယ်ပိုင်သဘောရှိခြင်း။

(ဃ) သဘောတရားတခုသည်၊ တခုတည်းဖြင့် ပေါ်ပြုနိုင်သော အားဗလရှိခြင်း။

(င) သဘောတရားတခုသည်၊ တခု တည်း ဖြင့် ထည်းထည်းဝံ့ဝံ့နေနိုင်ခြင်း။

(စ) သဘောတရားတခုသည်၊ သူ့၏သဘောကို သူပိုင်ဆိုင်ခြင်း။

ဤကဲ့သို့အတ္တဟူသောသဘော၌ အချက်အလက်များ ပါဝင်လျက်ရှိပေသည်။

တဖန် အောက်၌ အနတ္တထဲတွင် ပါဝင် နေသည့် သဘောသွားများကို ဆက်လက်ခါသိကြရပေအံ့။

(၂) အနတ္တထဲတွင်ပါဝင်သောအချက်များ—

(က) တခုသောသဘောတရားမှာ အနှစ်အသား မရှိခြင်း။

(ခ) တခုသော သဘောတရားမှာ၊ သူ့၏အလိုကို သူလိုက်နိုင်သော အင်အား မရှိခြင်း။

(ဂ) သဘောတရားတခုမှာ၊ သူ့ဟာသူ ပိုင်ဆိုင်နိုင်သော စွမ်းပကား မရှိခြင်း၊

(ဃ) သဘော တရား တခုမှာ၊ မူလကိုက အင်အား တိုသည့် ဆိတ်သုဥ်းကာ ကွယ်ပျောက်နေခြင်း၊

(င) သဘောတရားတခုမှာ၊ သူ့ဟာသူပင်အလဟဿ ဖြစ်နေခြင်း၊

(စ) သဘော တရားတခုမှာ၊ အဓိပ် နိမိတ် အကောင် အထောင် ကင်းမဲ့၍ အနည်းအပါးမျှ မရှိခြင်း။

ဤကဲ့သို့ အနတ္တ၏ထိမှာ ပါဝင်သော အချက်ကို သိကြရပေမည်။

အထက်ပါအတိုင်း ဝိပဿနာအရာတွင် အရေးပါလှသော အတ္တ - အနတ္တ ထို နှစ်ဝါဒကို ရှင်းလင်းကာ ပြသခဲ့ပါသဖြင့် ကျေနပ်မှု ရောက်လာသည်အထိ ဆိုက်သင့်ပေပြီ၊ သို့ပါ၍ ထိုနှစ်ဝါဒကဲ့သို့ အခြားသိဘွယ်ရာ အခေါ်အဝေါ် နှစ်ခုကို အောက်တွင် ရေးသားမှု ပြရပေဦးမည်၊

## အခေါ်အဝေါ် နှစ်ခုဟူသည်ကား

(က) သင်္ခတ........တရား။

(ခ) အသင်္ခတ ....တရား။

(၁) သင်္ခတ တရား-ဟူသော ပါဠိကို မြန်မာပြန်ဆိုက ဖြစ်လျက်ရှိ ရပါသည်။

(၂) အသေချာ-ဟူသော ပါဠိကို မြန်မာ ပြန်ဆိုက မဖြစ်မပျက် ဖြစ်နိုင်, ပျက်နိုင်သည့် သဘောမှ ပျက်ဟု မြန်မာပြန်ဆိုရာ၏။

ဝိပဿနာတရားကို လိုက်စားကြကုန်သော အသျှင် ယောဂီ, အသင်ယောဂီတို့သည်၊ အထက်ပါ ပါဠိနှင့် မြန်မာပြန်တို့ကို သဘောသွားမိအောင် အားထုတ်ကြရ ပေမည်။ သို့မှသာလျှင် ရှေ့ကို ဆက်လက်ခါ သဘော သွားပါပါဖြင့် ပျော်ရွှင်စွာ မပျင်းရိဘဲ ကြိုးစား အား ထုတ်နိုင်ကြပေလိမ့်မည်။

ဤနေရာ၌ ပမာပုံဆောင်သော် အခွဲအစိတ်ကို ကုသ တတ်သော (ဆေးပညာရေးရှင်း) လက်မှတ်ရ ဆရာဝန် တယောက်သည် မည်မျှလောက်ပင် ကျွမ်းကျင်ပါမူ ခွဲစိတ်ကုသရမည်။လူနာတယောက်နှင့်ပက်ပင်း၌တွေ့ကြုံ ပါမူ ခွဲစိတ်ရမည်။ ကိရိယာ တန်ဆာပလာ မရှိက ဘယ် ကဲ့သို့မှ မတတ်နိုင်သလို၊(ဝါ)မကုသနိုင်သလို၊ အထက် တွင် ဖော်ပြခဲ့သော အနတ္တနှင့် အတ္တ သေချာနှင့် အသေ ချာ သဘောများကို မမိ၍ နားမလည်ခဲ့ပါက ရှေ့တွင် ဆက်လက်၍ ဝေဘန်မည့် သဘောသွားများကို စိတ် မဝင်စားနိုင်ဘဲ ပျင်းရိကာ အထက်ပါ ဆရာဝန် ကဲ့သို့ လက်လျှော့လိုက်ရသည့် အဖြစ်မျိုး ကဲ့သို့ ဖြစ်မည်ကို သတိပြုရပေမည်။

အထက်တွင် ပါဝင်သော ၃၀-သော အတ္တဒိဋ္ဌိ တို့၏ အဝင်အပါ ဆယ်ရှစ်ပါးသော ဝါဒတရားတို့၏

ဖြစ်ရှိကာလာရပုံကို ယထာဘူတ သရုပ်သကောင်တို့ကို ထုတ်ဆောင်ကာ အောက်တွင် ဖေါ်ပြပေအံ့။

## ဓာတ် ၁၈-ပါးဖြစ်ပေါ်ပုံ ပါဠိပုံစံဖြင့် ဝိညာဉ် ၆-လုံးကို ဖေါ်ပြချက်း

အာလောက

(၁) စက္ခုပသာဒ (စက္ခုဝိညာဉ်) ရူပါရုံ

မနသိကာရ

အာကာသ(ဝိဝရ)

(၂) သောတပသာဒ (သောတဝိညာဉ်) သဒ္ဒါရုံ

မနသိကာရ

ဝါတ(ဝါယော)

(၃) ဃာနပသာဒ (ဃာနဝိညာဉ်) ဂန္ဓာရုံ

မနသိကာရ

အာပ(အာပေါ)

(၄) ဇိဝှါပသာဒ(ဇိဝှါဝိညာဉ်) ဖေါဋ္ဌဗ္ဗာရုံ

မနသိကာရ

သဒ္ဓ(ပထဝီ)

(၅) ကာယပသာဒ(ကာယဝိညာဉ်) ဖေါဋ္ဌဗ္ဗာရုံ

မနသိကာရ

မနောဒွါရ

(၆) ဟဒယဝတ္ထု(မနောဝိညာဉ်)ဓမ္မာရုံ

မနသိကာရ

## ဓာတ် ၁၈-ပါး မြန်မာဘာသာပြန်

အလင်း

(၁) မျက်စိအကြည်(မြင်မှု)အဆင်း

နှလုံးသွင်း

ဟင်းလင်း

(၂) နားအကြည်(ကြားမှု)အသံ

နှလုံးသွင်း

လေ

(၃) နှာခေါင်းအကြည်(နံမှု) အနံ့

နှလုံးသွင်း

စွတ်စိုခြင်း

(၄) လျှာအကြည်(စားမှု)အရသာ

နှလုံးသွင်း

မာကြမ်းမှု

(၅) ကိုယ်အကြည်(ထိမှု)တွေ့စရာ

နှလုံးသွင်း

## ဘဝင်စိတ်

(၆) နှလုံးသွေး (သိမှု) သဘောတရား
မနော အကြည် နှလုံးသွင်း

### ရူပါရုံ ယထာဘူတ ပုံစံ

| | | |
|---|---|---|
| ပထဝီ-အာပေါ | အဆင်းခေါ် | မျက်စိ-အလင်း |
| တေဇော ဝါယော | ——— | မြင်စိတ်-နှလုံးသွင်း |
| မှုလတရားလေးပါး | ရူပါရုံ | ယာယီတရား လေးပါး |

### သဒ္ဒါရုံ ယထာဘူတ ပုံစံ

| | | |
|---|---|---|
| | | (အာကာသ)ဝိဝရဟင်းလင်း |
| ပထဝီ-အာပေါ | အသံခေါ် | သောတပသာဒ-နားအကြည် |
| တေဇော-ဝါယော | ——— | သောတဝိညာဉ်-ကြားစိတ် |
| မှုလတရားလေးပါး | သဒ္ဒါရုံ | မနသိကာရ နှလုံးသွင်း |
| | | ယာယီတရားလေးပါး |

### ဂန္ဓာရုံ ယထာဘူတ ပုံစံ

| | | |
|---|---|---|
| | | (ဝါယော)ဝါတ-လေ |
| ပထဝီ-အာပေါ | အနံ့ခေါ် | ဃာန ပသာဒ နှာခေါင်း |
| တေဇော-ဝါယော | ——— | အကြည် ဃာနဝိညာဉ် - နံစိတ် |
| မှုလတရားလေးပါး | ဂန္ဓာရုံ | မနသိကာရ နှလုံးသွင်း |

### ရသာရုံ ယထာဘူတပုံစံ

| | | |
|---|---|---|
| | | (အာပေါ)အာပ စွတ်စိုမှု |
| ပထဝီ-အာပေါ | အရသာခေါ် | ဇိဝှါပသာဒလျှာအကြည် |
| တေဇော-ဝါယော | ——— | ဇိဝှါဝိညာဉ်-စားစိတ် |
| မှုလတရားလေးပါး | ရသာရုံ | မနသိကာရ-နှလုံးသွင်း |
| | | ယာယီတရားလေးပါး |

## ဖေါဋ္ဌဗ္ဗာရုံ ယထာဘူတပုံစံ

| | | |
|---|---|---|
| ပထဝီ-အာပေါ<br>တေဇော-ဝါယော<br>မူလတရား လေးပါး | အတွေ့ခေါ်<br>ဖေါဋ္ဌဗ္ဗာရုံ | (ပထဝီ)ထဒ္ဓ-မာကြမ်းမှု<br>ကာယပသာဒ-ကိုယ်အကြည်<br>ကာယဝိညာဉ်-တွေ့စိတ်<br>မနသိကာရ-နှလုံးသွင်း<br>ယာယီတရားလေးပါး |

## ဓမ္မာရုံ ယထာဘူတပုံစံ

| | | |
|---|---|---|
| ပထဝီ-အာပေါ<br>တေဇော-ဝါယော<br>မူလတရားလေးပါး | သဘောတရားခေါ်<br>ဓမ္မာရုံ | မနောဒွါရ၊ ဘဝင်တံခါး၊ ဟဒယဝတ္ထု၊ နှလုံးသွေး၊ မနောဝိညာဉ်၊ သိမှု၊ မနသိကာရ၊ နှလုံးသွင်း ယာယီတရား လေးပါး |

## စက္ခုပသာဒ ယထာဘူတပုံစံ

ပထဝီ-အာပေါ-တေဇော- ဝါယော
စိတ်- ဥတု- အာဟာရ-ဇီဝိတ
ဝဏ္ဏ- ဂန္ဓ- ရသ- ဩဇာ
(စက္ခုပသာဒခေါ်-ကမ္မဇအရှိန်)

အထက်တွင် ပြဆိုခဲ့ပြီးသည့် အတိုင်း၊ ကမ္မဇအရှိန်ခေါ်-ကမ္မဇရုပ်ဘို့သည် စက္ခုပသာဒ တခုကဲ့သို့ တူညီသောသရုပ်ဖြစ်၍ ကမ္မဇရုပ်တို့၏ အရေ အတွက်ကိုသာ ပြလိုက်ပေသည်။

စက္ခုပသာဒ
သောတပသာဒ
ဃာနပသာဒ
ဇိဝှါပသာဒ
ကာယပသာဒ
ဟဒယ ဝတ္ထု

စက္ခုပသာဒကိုသာမှီ၍ သိကြပါလေ။

ထိုကဲ့သို့ ပုံစံများတွင် ပါဝင်သည့်အနက် စက္ခုဝိညာဉ်ခေါ် မြင်စိတ်လို့ အခေါ်ဝေါ်ခံရသည့် နာမ်ပရမတ်သဘော ကလေးကို အမှန် လက္ခဏာ ခေါ် သဘာဝလက္ခဏာ မပေါ်လွင်အောင် ဖုံးအုပ်ထားသော အဝိဇ္ဇာအလွှာများကို တသပ်စီ ခွာ၍ဝေဘန်ကာ ရှင်းလင်းပေအံ့။

ထိုအထပ်များကို မလှုပ်မှီ အောက်ပါ ပါဠိ၏ လာရှိသည့်သဘောသွားကို အနည်းငယ်ရေးသားပေဦးအံ့။

အနတ္တလက္ခဏော ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌော နာမ။

မြန်မာပြန်မှာ၊ အနတ္တလက္ခဏာကို မြင်သည်ရှိသော် နိဗ္ဗာန်ကို မြင်သည် မည်သတဲ့။ ဝိပဿနာလမ်းဆုံးသည် နိဗ္ဗာန်ပင်မဟုတ်ပါလော့။ ''ဝိပဿနာ ပရိယောသာနေ မဂ္ဂဉာဏံ နာမ'' တဲ့။ တိုတို ရှည်းရှည်း နှင့် လိုရင်းကို ဆိုပါမူ အနတ္တ လက္ခဏာစစ်ကိုသာ တွေ့သည် အထိ၊ (ဝါ) မတွေ့မခြင်း ပြုလုပ် အား ထုတ်ကြရ ပေမည်။ အနတ္တအစစ်ကို မတွေ့နိုင်အောင် ဖုံးကွယ်ထားသော အရာများကို ဖယ်ရှား နိုင်မှ ( ဝါ ) ထွင်း ဖေါက် နိုင်

မှ လက္ခဏာအစစ်ကို တွေ့ကြရပေမည်။ သို့ပါ၍ အနတ္တ အစစ်ကို အဘယ်သဘောတရား ဖုံးအုပ်ပါသနည်းဟူမူ၊ ဝိသုဒ္ဓိမဂ်ကျမ်းအရ ထုတ်ပြပါက၊....

"အနတ္တံ အပ္ပသင်္ဂြော ဃန ပဋိစ္ဆန္နတာ" အနတ္တ လက္ခဏာအစစ်ကို ဖုံးကွယ်ထားသော အရာများသည်၊ ဃန ဟူသောသဘောတည်းဟု အဓိပ္ပါယ် ရပါသည်၊ သို့ပါ၍ ဃန၏ သရုပ်သကောင်တို့ကို ထုတ်ဆောင်ကာ အောက်တွင်ရေးသားပေအံ့။

## ဃန၏ အရေအတွက်မှာ

(၁) သန္တတိဃန (၃) ကိစ္စဃန

(၂) သမူဟဃန (၄) အာရမ္မဏ ဃန

ဤကဲ့သို့ ဃန၏ အရေ အတွက်သည် လေးမျိုးရှိ၏၊ ထိုလေးမျိုးတို့ကို တခုစီ ထုတ်နုတ်၍ ရှင်းလင်း ပေဦးအံ့။

(က) သန္တတိဃနဟူသည်ကား၊ ဒွါရ ၆-ပါးတည်း၊ ထို ၆-ပါးတို့တွင် တခုသော ဃန၏ သဘောကိုသိရှိပါက ကျန် ၅-ပါးကား နားလည်ပြီးဖြစ်၏။ ဥပမာ အနေဖြင့် စက္ခုပသာဒခေါ် မျက်စိအကြည် ကမ္မဇရုပ်တခုတွင် ပါဝင်သည့်သရုပ်ကို ဖေါ်ထုတ်ခါ ရေးပြပေအံ့။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဇီဝိတတည်း။

(ခ) သမူဟ ဃန ဟူသည်ကား အဋ္ဌကလာပ်ရုပ်ရှစ်ခု၊ သမ္ဘာရသာခါရဏ စေတသိက်ခုနစ်ခု၊ စိတ် တစ်

ရယ်လို့ အထက်ပါ အတိုင်း ရုပ်အပေါင်း နာမ်အပေါင်း တို့ကို သမူဟဃနဟုခေါ်သည်။

အဋ္ဌကလာပ် ရုပ်ရှစ်ပါးဟူသည်ကား - ပထဝီ, အာပေါ်, တေဇော, ဝါယော၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ-ဟူသည် တည်း။

သဗ္ဗစိတ္တသာဓာရဏ ခုနစ်ခုဟူမူကား....ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ၊ စိတ်တစ်၊ ထိုရှစ်ပါးတို့ကို နာမ် အဝိနိဗ္ဘောဂ ဟူ၍ပင် ခေါ်သင့်ပါသည်။ ဤမျှသော အရေ အတွက်သည် သမူဟဃန၏ အရေအတွက်တည်း။

(ဂ) ကိစ္စဃနတွင်ပါဝင်သော သဘောတရားများ ကား ဝိညာဉ် ၆-ပါးတည်း။

ဝိညာဉ် ၆-ပါး၏သရုပ်ကား၊ မြင်, ကြား, နံ, စား, ထိ, သိတို့နှင့်ဆိုင်ရာ ပတ်ဝန်းကျင် သဘောတရား များနှင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံကိုပါထည့်သွင်း၍ ယူရ ပေမည်။

(ဃ) အာရမ္မဏ ဃန တွင်ပါဝင်သော သဘော တရားများကား အာရုံ ၆-ပါးတည်း။

## အာရုံ ၆-ပါး၏ သရုပ်ကား

အဆင်း, အသံ, အနံ့, အရသာ, အတွေ့, ဓမ္မသဘော တရားတို့နှင့် ဆိုင်ရာပတ်ဝန်းကျင်သဘောတရားများနှင့် အဋ္ဌကလာပ်ရုပ် ၈-ခုကိုပါ ထည့်သွင်း၍ ယူရပေမည်။

ဃာနဟူသော ပါဠိစကားကို ဆိုလိုရင်း အနေဖြင့် သဘာဝအနက် ပြန်ဆိုပါမူ အစိုင်အခဲကိုခေါ်၏။ အစိုင်အခဲဆိုတာ သိမ်းပိုက် ယူငင် တွယ်တာ စွဲလမ်း ပုန်းအောင်းခြင်း၌ါထိုက်တဲ့သဘောကို ဃာနဟုခေါ်၏။

ထိုဃာနဟူသောစကားရပ်၌ သရုပ်အားဖြင့် ၄-ပါး ပါဝင်နေပုံကို အထက်တွင်ပြဆိုခဲ့ပြီးဖြစ်၏။

ထိုပြပြီးခဲ့သော ဃာနသရုပ်တို့ကို တခုစီထုတ်ဆောင်၍ မြန်မာဘာသာဖြင့် သဘာဝအနက်ကို ပြန်ဆိုပါမူ၊—

(၁) အာရမ္မဏဃာန ဟူသည်ကား.... အာရုံကို အစိုင်အခဲ,အတုံးအတစ်သဘွယ် သိမ်းပိုက်သို့ရလိမ့်မည် ဟု ထင်မှတ်မှု။

(၂) ကိစ္စဃာနသည်ကား....အမူအရာတခုခုတို့သည် ဆုံးခန်းသို့ ရောက်တိုင်း-ရောက်တိုင်း သိမ်းပိုက်လို့ ရစကောင်းသည်ဟု အသင်ကြောင်မှု။

(၃) သမူဟဃာန ဟူသည် ကား.... သေး ဖွဲ သော သဘောကလေးများ(ဝါ)အနုစိတ် သဘောကလေးများ ပေါင်းစည်း တွေ့ဆုံဆဲ အခိုက်အခါ၌၊ တွယ်တာ သိမ်းပိုက် နှစ်ခြိုက်မှုကို လက်ခံနိုင်သောသဘောဟုလွဲမှားမှု။

(၄) သန္တတိဃာန ဟူသည်ကား........ နိယာမတရားတို့သည်၊ ဓမ္မတာသဘောတရားအတိုင်း စိတ္တနိယာမနှင့် ဓမ္မနိယာမတို့ သဲတ ထုံးတမ်း အစဉ်အလာ အတိုင်း ဆရှေ့မှသည်အနောက်သို့စဉ်လျက်သာသွား၍နေရာဝယ်၊ ရှေ့သဘောအပေါ်၌ မသိမလိမ္မာခြင်းကြောင့်သိမ်းပိုက်

တွယ်တာလို့ ရနိုင်မှုဟု ထောက်ထားကာ၊ မှောက်မှားခြင်းကိုဆိုပါသည်။

ဤမျှလောက်သောစကားအစီအစဉ်ဖြင့် အနတ္တအစစ်ကိုဖုံးကွယ်ကာ ခတုံးသတွယ် ဖြစ်ရှိကာနေတဲ့ ဃနများ၏ သဘောသွားမှာ၊ မူလနှင့်ယာယီရယ်လို့ နှစ်မျိုးရှိ၏။ သို့ပါသော်လဲထိုမူလ ၄-ပါးကိုသာလျှင်ဖေါက်ခွဲနိုင်ရန် အရေးပါလှပေ၏။ အခိုက်အတန့်ကလေးလောက် ဆက်ဆံရန် ဖြစ်ပေါ်လာတဲ့ ယာယီ ဃနများကိုမူ သိဘွယ်ရန်မှာ၊ တယ်ပြီးခဲယဉ်းတော့မည် မဟုတ်ပါ။ အကျယ် နာကြားမှုနှင့် ဝေဘန်မှုတို့ကို ပြုလျှင် လုံလောက်ပြီဟု ဆိုသင့်၏။ ထိုမူလဃနကြီး ၄-မျိုးကိုသာဝေဘန်နိုင်ရန်အခြေခံ အကြောင်းပြုဖြစ်ပါသည်။

အထက်တွင် ပြဆိုခဲ့သည့် ဃနတို့ကသာလျှင် လက္ခဏာစစ်ကို မမြင်နိုင်အောင်ဖုံးကွယ်ထားသည်ဟုဆိုရာ၊ ထိုအရာများဖုံးလျှင်ထိုအရာကိုသိမှု(ဝါ)ဖုံးသောပစ္စည်းကိုသိမှု ဖယ်ရှားတတ်ပေမည်။ သို့ပါ၍ဖုံးအုပ်ခါထားတဲ့ ဃနဆိုတဲ့ သဘောတို့ကို အကျဉ်းအားဖြင့် ထုတ်ဆိုခဲ့ရပေ၏။

ထိုဃန ဆိုတဲ့ အစိုင်အခဲ ရောင်ကို ခွဲချေကာ ကြေအောင်မပြုနိုင်ကြသဖြင့် အသမုတ်ခံထိုရုပ်နာမ်တို့အပေါ်၌၊ အမှန်အတိုင်း ဖြစ်ရှိကာနေသည့်ကိုသိတတ်သော ယထာဘူတဉာဏ်အမှန်ကိုမရဘဲ အဝိဇ္ဇာဝဲထဲ၌ တဝဲလည်လည်နစ်ခါနေ၍ ဥပါဒါန်တို့၏ဘေးရန်ကို မတွန်းလှန်နိုင်ဘဲ ပုထုဇ္ဇန်ဘဝနှင့်သာ ဒုက္ခအပေါင်းတို့ကိုမိတ်ဆွေဖွဲ့၍

ပြင်းထန်စွာ ခံနေရပါသတဲ့။ ဤကဲ့သို့ ခံစားနေရခြင်းသည် ဃနဆိုတဲ့လူရုပ်ကို ကွယ်ချုပ်အောင် မပြုလုပ်နိုင်သည့် အတွက် ဖြစ်သည် လို့ ဟောပြသော သုတ်ကို အောက်ပါအတိုင်းတွေ့ရှိရ၏။

ဝေဒနာသုဝိနိဗ္ဘောဂဿ ဒုက္ကရတ္တာဝေဒနာနံ ဝေဒ
မတ္တာယ ဒုပ္ပဋိဝိဇ္ဈတ္တာစ သမ္မောဟော ဟောတိ
တိ အဝိဇ္ဇာဝသာသမ္မောဝတ္တ၊

(သုတ်မဟာဝါဋီကာသတိပဋ္ဌာနသုတ်)

အထက်ပါသုတ်ကို လိုရင်းထုတ်၍ စကားစဉ်အားဖြင့်ရေးပါမူ။သဘောတရားတို့၌ ဃန ၄-မျိုးပါဝင်နေမှုကိုခွဲခြမ်းစိတ်ဖြာခြင်းငှါ ခက်ခဲနက်နဲ၍ ထိုးထွင်းကာသိနိုင်ရန် မလွယ်ပါသဖြင့်၊ ယထာဘူတဉာဏ်ကို မရရှိဘဲ အဝိဇ္ဇာဝဲထဲ၌ နစ်ရသည့် သဘော အကြောင်းရင်း ပေတည်း။

## ဃန ဖေါက်ခွဲပုံ

ဤသဘောသွား အလုံးစုံတို့ ဖုံးကွယ်ပုံ ဘယ်လိုဖြစ်သည်ဟု တထစ်ရှင်းမှ အပြစ်ကင်းတဲ့နိဗ္ဗာန်သို့ စိတ်ကြိုက်သည့်အတိုင်း ချနာမရှိမဆိုင်းဘဲရောက်ကြပေမည်။

ဃနဆိုတဲ့သဘောများကို မသိနားမလည်ရှိုးမှန်ပါက လောကီချာန်ဘန်ခိုးတွေ ဘယ်လောက်ပင်ကြီးကြီး ထိုထိုအာရုံကို မျှိုဟပ်မိသဖြင့်၊ မနောခါတ်မှာ အတောမသတ် ဗလောင်ဆူပြီး အရှက်ကွဲခါ အကျိုးနည်းခဲ့ရပုံကို

သုတ္တန်ဒေသနာတော်မှာ ဓာတ်တော်ပေါင်း များစွာ တွေ့ရှိရပေ၏။

ဟာရိဇေရသေ့နှင့် မုဒုလက္ခဏာမိဖုယားဘို့၏ဖြစ်ရပ်ကို ကြည့်လျှင် သိနိုင်သောဟ်ပေပြီ။ ယာနဆိုတဲ့သဘောခတ်တို့၏နေပုံကို ဉာဏ်မင့်မိသဖြင့် မျိုးဟာင်မိချာ၊ (ပို့ငစင်) ခေါ် အဆုံပ်တင်းလင်းကြီးပါဝင်လျှက်ရှိနေသဖြင့်၊ ကျပ်တည်းစွာပိုလွန်၍ လောကဓာတ်ဝန်ကိုခံရပါသေး၏။ သို့ပါ၍ ဤမှုအခရေးပါလှသော ယာနတို့၏ရုပ်,နာမ် ၂-ပါးတို့ကို ဖုံးအုပ်ခါနေပုံနှင့် မူလထားဝချ ပင်ကိုယ်အားဖြင့်ရှိနေတဲ့ သဘာဝလက္ခဏာဇာထိမိအောင်ကြံဆောင်ခါ စဉ်းစား၍ သဘောသွားမိအောင် ယာနသဘောမှ ခယ ဆိုတဲ့ အခြေအထိ သိရှိရန်ထပ်မံခါဝေဘန်ပေဦးအံ့။

ဥပမာအနေဖြင့် ပြဆိုမည့်စက္ခုဝိဉာဉ်ခေါ် မြင်စိတ်လို အခေါ်အဝေါ်ခံရသည့်နာမ်ပရမတ်ကလေးကို တထပ်စီ ဖုံးအုပ်ဟန်ကို ထွင်းဖေါက်ခါလှန်လှော၍ ပြန်ပြောရန်ရှိသည့်အတိုင်း၊ ချနာရိမဆိုင်းဘဲ သူရှိသည့်အတိုင်းသိရန် အလုပ်အားထုတ်ဘို့ တာဝန်ကျေပြွန်ရန်အတွက် ရှေ့သို့ ဆက်လက်၍ဘာတ်ရှုပါယောဂီ။

**မြင်စိတ်ခေါ်စက္ခုဝိညာဉ်တလုံးကို အမှန်မသိအောင် ဖုံးအုပ်ထားသည့် ယထာဘူတပုံစံ**

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|
| အဝိဇ္ဇာမာန ပညတ် | ဝိဇ္ဇာမာန ပညတ် | ပရမတ် | ဝိပဿနာ |
| ငါ | မြင် | သဘော | ပတ်ဝန်းကျင် |

အထက်ပါပုံစံအတိုင်း ဖုံးအုပ်လျက်ရှိသည်ကို တွေ့ရှိရပေ၏။ ဖုံးအုပ်ဟန်မှာ၊ ဝိဇ္ဇာဉာဏ် မရကြသေးသော ပုဂ္ဂိုလ်တို့သည် ငါမြင်သည်ဟုအထင်လွဲ၏။

မြင်စိတ်လို့ အခေါ်အဝေါ်ခံရသော ပရမတ်ထဲ၌ ငါဆိုသောပညတ်နှင့် မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်,သတ္တဝါလူ,နတ်,ဗြဟ္မာတို့ကိုမတွေ့မရှိရပါ။သို့ပါ၍ မြင်သဘောအပေါ်၌ ငါ,ပါနေခြင်းသည် မှား၏။ မှားသောကြောင့် ငါဟုယူဆထားသောအလွှာတလွှာကို ဖယ်ရှားလိုက်ပါ။ ဤကဲ့သို့ ဖယ်ရှားလိုက်ပါက မြင်မှုဆိုတဲ့ အခေါ်အဝေါ်ကလေးကျန်၍နေပြန်ပါသည်။ ထိုအခါ ဒုတိယအတန်းအစားကမြင်မှုကလေးကမြင်သည်ဟု ယူဆပြန်ပါသည်။ မြင်မှုဟု အခေါ် အဝေါ် ခံရသော နာမ် ပရမတ် ကလေးကတခြား၊ အခေါ်အဝေါ်က တခြား၊ ထိုနှစ်မျိုးနှစ်စားကို ဉာဏ်ငုံကာ ကျပ်ပြည့်သည့် သူတို့ က မြင်မှုဟု ဆို ထိုက် သော အခေါ် အဝေါ် က မမြင်၊ မြင် သဘော တရား က လေး ကသာ မြင် သည် ကို သိ ရှိ ရ၍ မြင်မှုက မြင်သည်ဟု ယူဆသော ဒုတိယ အတန်းအစားလဲဘဲ မှားပြန်ပါသည်။ သို့ပါ၍ ဒုတိယတလွှာကို လှပ်ပြန်ပါက မြင်မှုဟု အခေါ်အဝေါ် ခံရသော သဘောတရားကလေးသာ ကျန်ရှိနေ၏။ မြင်မှုက မြင်သည်ဟု ယူဆသောပုဂ္ဂိုလ်တို့အတွက် ပမာပုံဆောင်မှု ခြေရင်း၌ဘည်ရှိသော အိမ်မှ သူတယောက်က ခေါင်းရင်းကအိမ်က စကားများလိုက်တာဟု ဆိုသောပုံကဲ့သို့ တူနေပေ၏။ဤပုံ၌ ကောက်ချက်ချသော် အိမ်က စကားများသလော၊

အိမ်တွင်းရှိလူပုဂ္ဂိုလ်များက စကားများ သလောဆိုတဲ့၊ လော-နှစ်ခုကို အမြင်မှန်ရရန် သုံးဖြစ်သကဲ့သို့တည်း။

လိုရင်းကို ဆိုပါမူ၊ အိမ်က စကားမပြောနိုင်၊ အိမ်တွင်းရှိ သူများကသာ စကားဆိုနိုင်၏၊ ထိုနည်းအတိုင်း အခေါ်အဝေါ်က မမြင်နိုင်၊ သဘောတရားကသာလျှင် မြင်နိုင်ရန် ဖြစ်နိုင်သေး၏။ ထိုမှတတန် တတိယ အတန်းအစားရှိသူက သဘောတရား ကလေးကသာ မြင်၏ဟု သဘောတရား ကလေးကို ဦးဆိုက်၍ယူဆကာ ဆင်ခြင်ပြန်ပါသည်။

ဆင်ခြင်ဟန်မှာ၊ ထို သဘော တရား ကလေးသည် မျက်စိတမှိတ် လျှပ်တပြက် အတွင်း၌ ကုဋေတသိန်းခန့် ဖြစ်ပြီးပျက်နေသဖြင့်၊ အနိစ္စအစရှိသဖြင့် လက္ခဏာတင်၍ ရှုပြန်ပါသည်။

ထိုမှတဖန် စတုတ္ထ အတန်းအစားရှိသော ပုဂ္ဂိုလ်တို့က သဘောကလေးသည် လျှပ်တပြက် အတွင်း၌ ကုဋေတသိန်းဖြစ်ပြီးလျှင် ပျက်နေသဖြင့်၊ အနိစ္စ-ဒုက္ခ-အနတ္တ စသည့် ဆင်ခြင်ဟန်ကို ထပ်မံ၍ ဝေဘန်ပြန်သည်မှာ၊....

## သဘောကလေးကို ဝေဘန်ပုံ

ထိုသဘောတရားကလေးဟာ အဟုတ်ဘဲ ဖြစ်နိုင်ပါ သလားလို့ ဆန်းစစ် ကြည့်ပြန်ရာ၊ ထို သဘောတရား ကလေးသည် တခုတည်းမဖြစ်နိုင်-မပျက်နိုင်ဘဲ ဖြစ်နိုင်-ပျက်နိုင်တဲ့သဘောမှနဂိုရှိမူလကိုက ပျက်နေပုံကို တွေ့ရ

ဖြန့်ပါထယ်။ တခုတည်း မဖြစ်နိုင်-မပျက်နိုင် ဆိုသည့် မှာ၊ မြင်စိတ်ဘဲ, စက္ခု ဝိညာဉ်ဘဲလို့ အခေါ် ခံ ရတဲ့ **သဘောကလေးသည်၊**

(က) မျက်စိအကြည်ကလဲ ကြည် လင်စွာရှိပါဦးမှ။
(ခ) အလင်းရောင်ကလဲ ရှိပါမှ။
(ဂ) နှလုံးကလဲ သွင်းပါမှ။
(ဃ) မြင်စရာ အဆင်းကလဲ ရှိနေပါအုံးမှ။

ထိုကဲ့သို့ အကြောင်းလို့ ခေါ်ထိုက်သည့်။ သဘောတရား လေးခုက ရှိမှသာလျှင် ဖြစ်တယ် ပျက်တယ်ဆိုတဲ့ သဘာဝနှင့် ညီညွတ်ဟန်ကို တွေ့ရတော့၊ တခုဘည်း မဖြစ်နိုင်-မပျက်နိုင်, ဖြစ်နိုင်-ပျက်နိုင်တဲ့သဘောမှ နဂိုရှိ မူလကိုက ပျက်နေတဲ့ မူလပျက်, ပကတိပျက်, ထာဝရ ပျက်ဆိုတဲ့ အပျက်မှန်သို့ ဆိုက်ရောက် သွားပါတယ်။ စက္ခုဝိညာဉ်ဘဲ - မြင်စိတ်ဘဲလို့ ခေါ်ဝွဲခံရတဲ့ သဘော တရားကလေးသည်၊ တခုထည်းထည်းဖြင့် မဖြစ်နိုင်ဘဲ ဖြစ်နိုင်တဲ့အားမှ မူလက ပျက်ပုံကို ဉာဏ်နှင့်ငုံခါ သိရှိရ ပါသောကြောင့်၊ဖြစ်သဘောကိုယ်တိုင် ဖြစ်နိုင်လို့ဖြစ်ပြီး၊ ပျက်တယ်လို့ စွဲယူမှု အလွှာ တလွှာကို လှပ်ဖြန့်ပါတယ်။ ၌ အလွှာကို လှပ်မှသာလျှင် သဘော တရား ကလေး ကိုယ်တိုင် မဖြစ်နိုင်ဘဲ ဖြစ်နိုင်တဲ့အားမှ ပျက်နေတဲ့ မူလ ပျက်ကို လက္ခဏာတင်၍ ဆင်ခြင်ပါသည်။

လက္ခဏာဆိုသောစကားရပ်ကိုဖလျှင်းသင့်ပါသဖြင့် အနည်းငယ် ရှင်းဦးအံ့။

ကျမ်းဦးအစ၌ ဝိညာဉ်တလုံးကို ဘယ်အလွှာရောက်မှ လက္ခဏာအစစ်ကို တွေ့မှာလဲဆိုတဲ့ မေးခွန်းကလေး ကို စာဘတ်နေသူ မေ့မိတ်ဆွေသည် ယခု မေ့ဦးလိမ့် မည်ဟု မထင်မိပါ။ သူ၏အခက်းသည် ယခု ရောက်နေ ၍ ယခု ရှင်းတမ်းထုတ်ကြပါစို့။

လက္ခဏာစစ်ကို သုတေသန လုပ်ရာ၌ (၀ါ) ဝေ ဘန်ရာ၌၊—

(၁) ပညတ်နယ်မှ ၂-လွှာ။

(၂) ပရမတ်နယ်က ၂-လွှာ။

ဤကဲ့သို့ လေးလွှာဖုံးအုပ်ခါ ဝိတ်ကွယ်ထားသည်ကို တွေ့ရှိရပေ၏။ ဤနေရာ၌ ကျဉ်းကျဉ်းနှင့် လိုရင်းကို ဆို ပါမူ၊—

ငါကိုဖြုတ်ပါက မြင်ကျန်နေ၏၊ မြင်တလွှာကို ဖြုတ် ပါက မြင်တယ်လို့ အသမုတ်ခံရတဲ့ သဘော တရား ကလေးကျန်နေ၏၊ သဘောတရားကို ဖယ်ပြန်ပါက ပတ် ဝန်းကျင်လို့ ခေါ်ထိုက်သည့်အကြောင်း ကျန်နေပြန်၏။ ပတ်ဝန်းကျင် တလွှာကို ဖယ်ပစ်ပါမူ ဆိမ်းမိုက်ယှဉ် တွယ်တာသို့မရတဲ့ အနတ္တသာသျှင် ကျန်ရစ်ပေတော့၏။ တခုထည်းထည်း ဖြစ်နိုင်တဲ့သဘောမှ ဆိတ်တဲ့အတွက် အထက်ပါအတိုင်း လှပ်ခါကြည့်တတ်သော ဉာဏ်ရှိမှ သာသျှင် အနတ္တအစစ်ကို တွေ့ရှိနိုင်ပေသည်။

ပညတ်နယ်က ၂-လွှာ ဆိုသည်မှာ၊ ပညတ်သည် အကျဉ်းအားဖြင့်....

(က) အဝိဇ္ဇာဝမာန ပညတ်။
(ခ) ဝိဇ္ဇာဝမာနပညတ် ဟူ၍နှစ်မျိုးရှိ၏။

အဝိဇ္ဇာဝမာန ပညတ်ဆိုသည်မှာ၊ လုံးလောက်သော အထောက်အထားမပြနိုင်ပါဘဲ၊ လူသား အပေါင်းတို့သည် မိမိတို့ဘာသာအလျောက် ခေါ်ဝေါ်ထားသည်ကို ခေါ်ပါသည်။

ဝိဇ္ဇာဝမာနပညတ်ဆိုသည်မှာ၊ ရှင်တော်မြတ်ဘုရားတို့သည် တရားဟောပြောရန်အတွက် အခြေခံအကြောင်းပြ လုံလောက်စွာပြ၍ သုံးစွဲခေါ်ဝေါ်မှုပင်တည်း။

အထက်ပါ ပညတ် ၂-လွှာတို့သည် အမှန်လက္ခဏာကို (ဝါ) အနတ္တအစစ်ကို ဖုံးသောအရာများပေတည်း။

တဖန် ပရမတ်နယ်မှ ၂-လွှာဆိုသည်မှာ၊ သဘောတရားနှင့် ပတ်ဝန်းကျင်သည့်ပရမတ်နယ်မှ မှန်ကန်သော လက္ခဏာကို ဖုံးကွယ်သော အရာများတို့ပေတည်း။

အထက်တွင် ပြဆို ခဲ့သည့်အတိုင်း ဖုံးကွယ်ထားသော သဘာဝများကို လှပ်တတ်မှသာလျှင် ဖြစ်သဘော ကလေးကိုယ်တိုင် မဖြစ်နိုင်ဘဲ ဖြစ်နိုင်တဲ့အားမှ သဥ္စဆိတ်နေသည်ကို ဉာဏ်ဖြင့်ထင်စွာ တွေ့ရှိရပေမည်၊ကြိုးစားကြပါကုန်။

"ယံကိဉ္စိ သမုဒယ ဓမ္မံ"ဆိုတဲ့ခမ္မစကြာမှ လာသည့်အတိုင်း။

ယံကိဉ္စိ၊ အလုံးစုံ သဘောတရားဟူသမျှသည်၊ သမုဒယဓမ္မံ၊ ပတ်ဝန်းကျင်အကြောင်း သမုဒယနှင့် ဖြစ်ကြောင်းဟု အဓိပ္ပါယ်ရပါသည်။ အကြောင်းတရားနှင့် ဖြစ်ရသော

ဆိုကတည်းက မြင်စိတ်လို့ အသမုတ်ခံရတဲ့ သဘော တရားကလေးသည် တခုတည်း ဖြစ်နိုင် - ပျက်နိုင်သည့် အားမှ ပျက်နေသည်ကို ထင်ရှားပါသည်။

အကြောင်းနှင့်ကင်း၍ မဖြစ်နိုင်ပုံကို ဝိသုဒ္ဓိမဂ်, ဒိဋ္ဌိ ဝိသုဒ္ဓိအဖွင့်၌-

ပရ ပစ္စယတောစ ဇာယရေ၊

ပရအာရမ္မဏတော သမုဋ္ဌိတာ။

ဟူ၍လာရှိပေသေး၏။

ယခု ဝေဘန်ခဲ့သည့်အတိုင်း မြင်စိတ်လို့ အခေါ်ခံရ သော နာမ်ပရမတ်ကလေး တခုသည် အကြောင်းနှင့် ကင်း၍ တခုချင်း မဖြစ်နိုင်ဆိုတာ - စာဘတ်သူ ဓမ္မ မိတ်ဆွေသိလောက်ပေပြီ။

## အကြောင်းကို ဝေဘန်ပုံ

တခုတည်းသော သဘောတရားသည် အကြောင်း နှင့် ကင်း၍မဖြစ်ဆိုတော့၊ အကြောင်းသည် အကျိုးကို ဖြစ်အောင်(ဝါ)၍ယခုဝေဘန်နေတဲ့မြင်စိတ်ကလေးကို ထိုနေရာ၌ အကြောင်းနေရာတွင် ပါဝင်သည့် အဆင်း, အလင်း,နှလုံးသွင်း,မျက်စိဆိုသော သဘောတရားလေး ပါးအကြောင်းများက မြင်စိတ်ကိုဖြစ်အောင် လုပ်ထား သရောင် ဧထင်ကြောင်စရာ ဖြစ်နေပါတယ်။ သို့ပါ၍ ထိုလေးခုတို့အား တခုစီထား၍စစ်ကြည့်ပါမူ၊ မည်သည့် သဘောတရားတခုကမှ တချင်းအလိုအရ မြင်စိတ်ကို ဖြစ်အောင် ဆောင်ရွက်နိုင်တဲ့ အင်အားသတ္တိ မရှိကြ

ကြောင်းကို ဝန်ခံကြပြန်ပါတယ်။ အတ္တနိယျသတ္တိမရှိ ဟူလို။ အထက်ပါအတိုင်း တချင်းအလိုအရ၊ မြင်စိတ်ဘဲ စက္ခုဝိညာဉ်ဘဲ အခေါ်ခွဲခံရတဲ့ သဘောကလေးကို ပတ်ဝန်းကျင်ခေါ် အကြောင်းခေါ်ထိုက်သည့် သဘောတရားများက တချင်းအလိုအရ၊ မည်သူကမှ မြင်စိတ်လို့ ခေါ်ရတဲ့ သဘောကလေးဖြစ်အောင် မဆောင်ရွက်နိုင် ဆောင်ရွက်နိုင်တဲ့ အတ္တနိယျ သတ္တိမရှိလို့ အစစ်ခံကြတော့။ တဖန်တဆင့်တက်ပြီး ထိုလေးပါးသော အကြောင်းတို့သည်ပင် တချင်းအလိုအရ၊ ဖြစ်နိုင်သို့ ဖြစ်နေကြပါသလားဟု စစ်မေးပြန်ရာ၊ အားလုံး တချင်း အစစ်ခံကြသည်မှာ၊ မြင်စိတ် ဆိုတဲ့ သဘောတရားကလေးအတိုင်း သူတို့တတွေလဲဘဲ တချင်းဖြစ်နိုင်တဲ့အားမှ မှုလကိုက ပျက်နေကြတဲ့ အပျက်တွေပါဘဲဟု ဝန်ခံကြပြန်ပါသည်။ အတ္တသတ္တိမရှိဟူလို။

သို့ပါ၍ "သဗ္ဗေဓမ္မာ အနတ္တာ" ဆိုဘဲ့ပုဒ်အရ၊ အကြောင်းတရားလို့ ခေါ်ထိုက်သည့် မြင်စိတ်နှင့် တကွ ပတ်ဝန်းကျင်အကြောင်းလို့ခေါ်ထိုက်သည့်သဘောတွေပါ မှုလကိုကပျက်နေကြတဲ့ အပျက်တွေပါဘဲဟု ဝန်ခံကြပြန်ပါသည်။ အတ္တသတ္တိမရှိဟူလို။

သို့ပါ၍ "သဗ္ဗေဓမ္မာအနတ္တာ" ဆိုဘဲ့ ပုဒ်အရ၊ အကြောင်းတရားလို့ ခေါ်ထိုက်သည့် မြင်စိတ်နှင့်တကွ ပတ်ဝန်းကျင်အကြောင်းလို့ခေါ်ထိုက်သောသဘောတွေပါ မှုလကိုက တချင်းအလိုအရ၊ ဖြစ်နိုင်တဲ့သဘော၊ ပျက်နိုင်တဲ့သဘောမရှိ၊ အခြား သဘောတရားတို့ကိုလဲ

ဘဲ ဖြစ်အောင်-ပျက်အောင် ဆောင်ရွက်နိုင်, ပြုလုပ်နိုင် တဲ့ သဘောမှ ပျက်နေကြတဲ့ မူလပျက်-ပကတိပျက်တွေ ဖြစ်ကြောင်းကို သိရှိရပေ၏။ အတွ, အတွနိသျှသတ္တိမှ သုဉ်းဆိတ်သည်ဟူလို၊

ထိုကြောင့်-

ပညာသိနယ်မှ ပုဂ္ဂိုလ်တို့သည် ရုပ်နာမ်လို့ အသမုတ် ခံရသော သဘောတရားတို့သည် ဘာ့ကြောင်-ဖြစ်ပြီး ပျက်နေပါသလဲဟု စေဘန်ရာ၊ တခုချင်းအလိုအရ၊ ဖြစ် နိုင် - ပျက်နိုင်တဲ့သဘောမှ မူလကိုက ပျက်နေကြတဲ့ တရားများဖြစ်သဖြင့် ဖြစ်ပြီး-ပျက်တယ်ဆိုတဲ့ ဖြစ်-ပျက် ကို အသိဉာဏ်ကျော်လွှား၍ မူလ ပျက်ဆိုတဲ့ ပကတိ ပျက်ကိုကျော်ပြည့် သိရှိရပေ၏။ ဤကဲ့သို့သိသော အပျက် သည် ပညာသိနယ်မှ အပျက်ဖြစ်၏။

စာကတ်သူ ခင်မွှမိတ်ဆွေ ရှေ့ကိုဆက်ဘတ်၊ အသင့် အား အရှင့်အား တဖြေးဖြေး ပညာသိနယ်သို့ ရောက် အောင် ဤကျမ်းငယ်က ဆောင်ရွက်ပါလိမ့်မည်။

## ဖြစ်ပျက်ကို အသိဉာဏ်ဖြင့် ကျော်လွှားပုံ

စာကတ်သူ အသင်-အရှင် မေးခွန်းတခု မွေ့ဒ်ပ-က လျှောက်ပါလေ၏။

မြင်စိတ်လို့ အခေါ်အဝေါ်အသမုတ်ခံရတဲ့ သဘော တရားသည် သဉ်တခေါ် ဖြစ်-ပျက်နယ်ထဲ၌ မျက်စိ တမှိတ် ယှပ်တပြက်အတွင်း ဘာ့ကြောင့် ကုဋေ့ဘယ်သိန်း ခန့် ဖြစ်ပြီး-ပျက်နေရပါသလဲ။ အဘိဓမ္မာအလို တနည်း

ဆိုမှု၊ ခါတ် တဆယ့်ရှစ်ပါးတို့သည် ဘာဖြစ်လို့ ဖြစ်ပြီး ပျက်နေရပါသလဲ-ဆိုတဲ့ မေးခွန်းကို ဉာဏ်စမ်းကလေး ဖြေကြည့်စမ်းပါ။

စာရှုသူခမ္ဘမိတ်ဆွေ သင့်ဘက်ကနေပြီး ယခု ဓမ္မဒီပ ဦးညွှယျက ဖြေပြတော့မယ်။

အဖြေ – စက္ခုဝိညာဉ် ခေါ် မြင်စိတ်ကလေးသည် တခုချင်းအလိုနှင့် ဖြစ်နိုင်-ပျက်နိုင်တဲ့အား မှ မူလကိုက သူလဲပျက်တယ် သူ့အကြောင်း ခေါ်ထိုက်တဲ့ သဲတနယ် မှာ ကျွန်ုပ်ဖြစ်ခိုက် သူ၏ အနီးမှာ ခဲ့ညားလျက် ရှိကြတဲ့ မျက်စိအဆင်း၊ အလင်း၊ နှလုံးသွင်းတို့ဟာလဲဘဲ တခုချင်း အလိုအခု၊ မြင်စိတ်ကို ဖြစ်အောင် ပျက်အောင် ကြံ ဆောင်နိုင်တဲ့ အထွက်ပါယူသတ္တိနှင့် သူတို့ကိုယ်တိုင် တခု ချင်းဖြစ်သဘော ပျက်သဘောမှ မြင်စိတ်ရဲ့နည်းတူ၊ ပျက် နေကြတဲ့ မူလပျက်တွေဖြစ်လို့ ဖြစ်ပြီးပျက်နေရပါတယ် ဟု ဖြေဆိုလိုက်၏။

မြင်စိတ်တခုကို နားလည်ရုံဖြင့် ခါတ် ၁၈-ပါး၏ သဘောကိုလဲ ဤအတိုင်းသာဟု သိလောက်ပေပြီ။

ဤကဲ့သို့ တခုထည်းထည်း မဖြစ်နိုင်၊ဖြစ်နိုင်တဲ့အားမှ ပျက်နေတဲ့ အပျက်သည်၊ အကြောင်း ကင်းမဲ့နေတဲ့ အ ပျက်ဖြစ်တယ်။ ဖြစ်ပြီး-ပျက်ထာကတော့ အကြောင်း တရားနှင့်တကွ အကျိုးတရားတို့ ရှိနေသဖြင့် အစွဲဥပါ ဒါန်မပြုတ်နိုင်ပါ။

(က) ဖြစ်ထာသည် အကြောင်း၊

(ခ) ပျက်ထာသည် အကျိုး၊

ကြောင်း-ကျိုးရှိနေသမျှ သတ္တဝါယာခေါ် မောင်စွဲကြီး လဲ ဘယ်တော့မှ ပြတ်လိမ့်မည်မဟုတ်ပါ။

စာရှုသူယောဂီ ခေတ္တခဏ စာအုပ်ကိုပိတ်၍ စဉ်းစား လိုက်စမ်းပါ။ ကျမ်းဦးအစလောက်မှာ သင့်ကိုယ်တိုင် ဘတ်ခဲ့ရတဲ့ သဘော ကလေးမှာ အောက်ပါအတိုင်း မဟုတ်ပါလော့။

(က) ပရမတ်သည် အကြောင်း။

(ခ) ပညတ်သည် အကျိုး။

ထိုကြောင်းကျိုးရှိလျှင် သတ္တဝါယာခေါ် မောင်စွဲသည် ရှိရမည်ဟာ ဓမ္မတာပင် မဟုတ်ပါလော။

ယခုလဲဘဲ ဖြစ်သည် အကြောင်း-ပျက်သည် အကျိုး အကြောင်းနှင့်အကျိုးရှိနေသမျှ အစွဲသတ္တဝါယာ ဖြစ်ရပေ အံ့မည်။

## သံသရာဆိုတာ ဘာလဲ

သံသရာဆိုသည်မှာ၊ ကြောင်း-ကျိုးစပ်လျက် ခန္ဓာ-အာယတန-ဓာတ်ဆယ့်ရှစ်ပါး ဓာတ်တရားတို့ မပြတ်ဖြစ် နေတာဟာ သံသရာမဟုတ်ပါလော့။ ထိုကြောင်း-ကျိုး တို့ မပြတ်ဖြစ်ရာကို သံသရာဟု ဖော်ပြလိုပါသဖြင့်၊ ဓမ္မ သင်္ဂဏီအဋ္ဌကထာ၌ အောက်ပါအတိုင်းလာရှိပေ၏။

> ခန္ဓာနဉ္စ ပဋိပါဋိ ဓာတု အာယတနာနဉ္စ
> အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ သံသာရောတိ ပဝုစ္စတိ
> ဟူလို၊

ယောဂီ-သံသရာဆိုတာ ကြောင်း-ကျိုးတို့ မပြတ်ဖြစ်ထာ သံသရာဟု လိုရင်းကို မှတ်ခဲ့ပေတော့၊ သို့ပါ၍ကြောင်း-ကျိုးပြတ်မှ သံသရာဟာ ရပ်ရပေတော့မည်ယောဂီ၊

ယခုတဖန် အရေးပါသော ကြောင်း-ကျိုးတို့ကိုပါထည့်ပြီး ဝေဘန်နေတဲ့ ပညာသိကို ဆက်ခါဝေဘန်ကြဦးအံ့၊

ပညာသိနယ်မှ ဝေဘန်ကြည့်ရာ အကြောင်းနှင့် အကျိုး တို့သည် တခုချင်း အလို အရ၊ ဖြစ်နိုင် ပျက်နိုင်သည့်သဘောမှ ပျက်နေသည် မဟုတ်ပါလော့၊၍အပျက်သည် အကြောင်း - အကျိုးရှိပါသေးသလော့၊ သတိယှဉ်လျှင် ဂုဏ်မြင်ပါလိမ့်မည်၊

သို့ပါ၍၊ ရှင်တော်ဘုရားက မဟာပရိနိဗ္ဗာန်စံခါနီး၌နောက်ဆုံးစကား မှာတော်မူခဲ့ရာဝယ်၊

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ အပ္ပမာဒေါ အမတံပဒံ ပမာဒေါ မစ္စုနောပဒံ၊

( မဟာပရိနိဗ္ဗာနသုတ်မှ လာသည် )

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့၊ ဒါနိ ဣဒါနိ၊ ယခုအခါ၌။ ဝေါ၊ သင်ချစ်သား ရဟန်းတို့ကို။ အဟံ၊ ငါဘုရားသည်။ အာမန္တယာမိ၊ နောက်ဆုံးခေါ်တော်မူ၏၊ သင်္ခါရာ၊ ဘဝင်မှာ ကျကျ-မကျကျ ထင်လာသမျှသင်္ခါရတို့သည်၊ ဝယဓမ္မာ၊ နဂိုရ်မူလ သူ့သဘာဝ ပက

တျပအားဖြင့် ပျောက်ပျက်ခြင်း သဘောရှိကုန်၏၊ တေသဝ်ါရေ၊ ထိုဖြစ်ပေါ်လာကြသည့် သင်္ခါရ တရားတို့ကို၊ တုမှေ၊ သင်ချစ်သား ချစ်သမီး တို့သည်။ အပ္ပမာဒေန၊ မပေါ့မဆသောအားဖြင့်၊သမ္ပာဒေထ၊သတိကိုသာ ထားရစ်ကြပေတော့။ အပ္ပမာဒေါ၊ အပျက်ကို မမေ့သောသူသည်၊ အမတံ၊ သေခြင်းကင်းသော နိဗ္ဗာန်သို့ရောက်ခြင်း၏၊ ပဒံ၊ အကြောင်းတည်း။ ပမာဒေါ၊ အပျက်ကို မေ့သောသူသည်၊ မစ္စုနော၊ သေခြင်း၏၊ ပဒံ၊ အကြောင်းတည်း။

ဤသို့ ပါဠိကို သေအချာ လေ့လာကြည့်ပါက၊ ရှင်တော်ဘုရားသည် အန္တိမနောက်ဆုံးစကား၌ အဖြစ်ဆိုသော စကားကိုလွှတ်၍ အပျက်ကိုသာ လျှင်မိန့်ပုံကို ဉာဏ်ဖြင့်သိကြပါတော့၊ ဖြစ်ပြီးမှ ပျက်ရတဲ့ အကြောင်းနှင့် အကျိုး‌တို့လျက်ရှိသော စကားကို ဟောကြားတော်မမူဘဲ၊ အပျက်တလုံးကိုသာလျှင် မိန့်တော်မူခြင်းသည် မူလပျက်ကို ပေါ်ပြသည်မဟုတ်ပါလော။

တခုချင်းအလိုအရ ဖြစ်လဲမဖြစ်နိုင် ပျက်လဲမပျက်နိုင် ဖြစ်နိုင် - ပျက်နိုင်တဲ့အားမှ ပျက်နေသည့် မူလပျက်ကို လက္ခဏာတင်ပြီး ဆင်ခြင်ပုံကို ဉာဏ်နှင့်ဖုံနိုင်ရန် ကြိုးစားပြီး ရှေ့ကိုတိုးဘတ်ပါ။

## လက္ခဏာ ရှင်းတမ်း

(၁) လက္ခဏာဆိုတာ ဘာလဲ။

(၂) လက္ခဏာသည် ဘယ်နှစ်မျိုးလဲ။

ဆိုတဲ့ အထက်ပါ မေးခွန်းနှစ်ခုကို ရှင်းလင်းဘို့လို ပေသေး၏။

လက္ခဏာဆိုတာ ''လက္ခိတဗ္ဗံ အနေနာတိလက္ခဏာ'' လို့ ဆိုပါတယ်။

အနေနာ၊ဒီလိုအနေမျိုးကဲ့သို့ဖြစ်ခါနေရင်၊လက္ခိတဗ္ဗံ၊ ဒီအနေအတိုင်း ချနာရှိမဆိုင်းတဲ့ ချချက်ခြင်း လတ်တ လော တထိပ်တည်း သဘောကျအောင် မှတ်သားအပ် ၏၊ ဋတိတသ္မာ၊ ဤကဲ့သို့ သူနေပုံအတိုင်း အမှန်တရား မချန်ထားဘဲ မှတ်သားထိုက်သောကြောင့်၊ လက္ခဏာ၊ လက္ခဏာလို့ ခေါ် ၏။

အဓိပ္ပါယ်မှာ၊ သဘောတရား ကလေး တခုသည် နဂိုရ်မူလ သူ့သဘာဝအားဖြင့် ဘယ် အနေမှာရပ်တည် ခါ ဘယ်အနေမျိုးနှင့် နေရပါသလဲ။ ထိုသဘောတရား ကလေးတခုရဲ့ သဘာဝအတိုင်း ဖြစ်နေပုံကို ပျက်နေ သည့်အတိုင်း မှတ်သားတာဟာ လက္ခဏာလို့ ခေါ်ပါ တယ်တဲ့။

ထိုကဲ့သို့ မှတ်သားခြင်းဆိုတဲ့ လက္ခဏာသည်၊ သာ မညာဝါ - သဘာဝေါဝါ လက္ခဏာ ဆိုသည့်အတိုင်း နှစ်မျိုးရှိ၏။

(၁) သာမညလက္ခဏာ၊

(၂) သဘာဝလက္ခဏာ-ရယ်လို့ နှစ်မျိုးရှိ၏။

သာမညလက္ခဏာ ဆိုသည်မှာ၊ သဘာဝက ဖေါ်ပြ သည့်အတိုင်း စုပေါင်း၍မှတ်သားလိုက်ထာကို သာမည လက္ခဏာ ခေါ်ပါသည်။

သဘာဝလက္ခဏာ ဆိုသည်မှာ၊ သဘောတရားတခု၏ ဖြစ်ရှိခါ နေရသည့်အတိုင်း သေသေချာချာသိ၍ အပို အလို မရှိဘဲ သဘောတရားတခု၏ မူလ နေပုံအတိုင်း ခွဲခွဲခြားခြား မှတ်သားတာကို သဘာဝ လက္ခဏာဟု ခေါ်ပါသည်။ တနည်း - သူ့ ကိုယ်တိုင်က ဝန်ခံသည့် အလား ဖြစ်ရှိခါ နေရသည်ကို သဘာဝ သက္ခဏာဟု ခေါ်သည်။

အထက်ပါအတိုင်း လက္ခဏာတို့ကို ခွဲခြမ်းခါသိရှိပြီး ဖြစ်ပါသဖြင့်၊မြင်စိတ်လို့ အခေါ်ခံရသော သဘောတရား ကလေးနှင့် ထိုသဘောနှင့် သက်ဆိုင်သည့် အကြောင်း တရားတို့ပါ တခုစီ မဖြစ်နိုင်-မပျက်နိုင်၊ ဖြစ်နိုင်-ပျက်နိုင် တဲ့သဘောမှ မူလကိုက ပျက်နေသော တရားများဆိုတာ သိကြရပေပြီ။ သို့ပါ၍ ထိုအသမုတ်ခံ မြင်စိတ်ဆိုတဲ့ နာမ်ကလေး တခုတည်း ဖြစ်နိုင်-ပျက်နိုင်တဲ့ သဘောမှ ပျက်နေတဲ့ မူလပျက်ကို ယခု လက္ခဏာတပ်ပါမူ၊ ထို မြင်စိတ်လို့ အခေါ်ခံရသော ပရမတ် ကလေးသည် သူ့ဟာသူ မြင်မှုဖြစ်နိုင်သော အနှစ်အသား မရှိသော ကြောင့် အသာရက အနတ္တဖြစ်၏။

သူ့ အလိုအတိုင်း မဖြစ် ပေါ်နိုင် ဘဲ သူ များ အလို ကြောင့်သာ ဖြစ်ပေါ် လာရသောကြောင့် အဝသဝတ္တန အနတ္တ။

သူ့ဟာသူဖြစ်ပေါ်နိုင်မှုကိုသူ့ကိုယ်တိုင်မပိုင် ပတ်ဝန်း ကျင်နှင့်သာ ဆိုင်သောကြောင့်သာ အသာမိက အနတ္တ။

ထိုသဘောတရားကလေး တခု ထည်းထည်းဖြင့် ဖြစ်ပေါ်မှုနှင့်မြင်မှု သုဉ်းဆိတ်နေသောကြောင့် သုညဘ အနတ္တ။

မျက်စိ အဆင်း, အလင်း, နှလုံးသွင်းတို့၊ ထိုသဘာဝ လေးလုံးစိညီမှ (ဝါ) နိုးကပ်သ၍ ကျေးဇူး ပြုကြပါမှ မြင်စိတ်ဆိုတဲ့ ထိုသဘောတရားကလေးသည် ဝေဘန်စရာ ဖြစ်လောက်သည့် အခြေ ထိ ထင်ရှားစွာ ရှိလာရပါသဖြင့်၊ အကြောင်းလေးပါး မစုံညီ ပြည့်စုံ မလုံလောက်ပါက အလကားအလဟဿ အချည်းနှီးကဲ့သို့ ဖြစ်နေသောကြောင့် တုစ္ဆ,ရိတ္တ,အနတ္တကဲ့သို့ ဖြစ်နေ၏။

ဤကဲ့သို့ မြင်စိတ်လို့ အခေါ်ခံရတဲ့ သဘောတရားကလေးတခုကို ဝိဘဇ္ဇဝါဒအတိုင်း ခွဲခြမ်းစိတ်ဖြာခါ ဝေဘန်နိုင်တာကိုပညာသိနယ်က အနတ္တလို့ဆိုပါတယ်။

## အနိစ္စလက္ခဏာ တပ်ပုံ

မြင်စိတ်လို့ အသမုတ် ခံရတဲ့ သဘောတရားခေါ် ပရမတ်ကလေးသည် ပတ်ဝန်းကျင် အကြောင်းလေးပါးစုံညီမှ ဖြစ်ရပါတယ်ဆိုတော့၊ တခုထည်းထည်း ဖြစ်နိုင်တဲ့အင်အားသတ္တိကုန်ခန်းနေသဖြင့် "ခယဋ္ဌေန အနိစ္စ" လို့ အနိစ္စ လက္ခဏာ တပ် လိုက် ပြန် တယ်။ တဖန် အကြောင်းလေးပါးစုံညီလို့ဖြစ်ရပါတယ်ဆိုသဖြင့်၊ လေးပါးသောအကြောင်းတို့ကို တခုစီဝေဘန်ပြန်ရာ၊ မြင်စိတ်ကို ဖြစ်အောင်လုပ်နိုင်တဲ့ အတ္တနိယသတ္တိမရှိ ကုန်ခန်းနေသောကြောင့် အနိစ္စလက္ခဏာတပ်ခါ ဆင်ခြင်ရာ၏။

## ဒုက္ခလက္ခဏာတစ်ပုံ

မြင်စိတ်ဆိုတဲ့ သဘောတရားကလေးသည် ပတ်ဝန်းကျင် အကြောင်းတရားတို့၏ အနှိပ်အစက်ကို ဒလစပ် ပမာခံနေရသောကြောင့် ဒုက္ခ၊ ကိုယ်ပိုင် အင်အားတို့ရဲ့ ကုန်ဆုံးခြင်း သဘောတို့ မလာပ်သာအောင် ထပ်ခါထပ်ခါ ခံနေရရှာသဖြင့် တည်ရာ-မှီရာ မရသောကြောင့် ဒုက္ခ။

ထိုသဘော တရားကလေးသည် ဖြစ်ချင်လှပါဘိဟု တောင့်တပါသော်မရ၊ မဖြစ်ချင်ဟုကန့်ကွက်ပါသော်လဲ မလိုက်နာ၊ ဘယ်မှာလျှင် သက်သာရာရပမလဲ။ ထိုကဲ့သို့ သက်သာရာ မရတဲ့ သဘာဝသည် ဘေးဘယနှင့်တူမျှလှပါသောကြောင့် 'ဘယတ္ထေန ဒုက္ခ'' ဟု ဆိုသည့်အတိုင်း ဒုက္ခသဘောသာလျှင် ဖြစ်၏။

အထက်ပါ အတိုင်း ဒုက္ခ လက္ခဏာ ပါဝင်ပုံကို ဉာဏ်ဖြင့်ရှုကာ ကျပ်ပြည့်သိ၍ ကိုယ်ကလုပ်ထားမဟုတ်၊ သူ့ဖြစ်ရှိနေသည့်အတိုင်းသာ ဒုက္ခလက္ခဏာကို ဆင်ခြင်ရာ၏။

ယခုဖော်ပြသော လက္ခဏာသည် သူကိုယ်တိုင် ဝန်ခံသကဲ့သို့ ဉာဏ်ဖြင့်သာတွေ့ရှိရသော သဘာဝ လက္ခဏာများဖြစ်သည်။

ပညာသိနယ်မှ အနတ္တ ယူဆပုံကို အောက်တွင် လေ့လာပါဦး။

"သဗ္ဗေဓမ္မာ အနတ္တာ" လို့ ဟောခဲ့ပေသည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ရုပ်, နာမ်လို့ အသမုတ်ခံရတဲ့သဘောတရားဟူသမျှတို့သည်၊အနတ္တာ၊ တခုသော သဘောတရားသည် အခြားသော သဘောတရားကို အမှီသဟဲမပြုရဘဲနှင့် တသီးပုဂ္ဂလခေါ် အတ္တအနေဖြင့် ဖြစ်ပေါ်နိုင်မှုမှ ကင်းဆိတ်ကြကုန်၏။

သဘောတရား အသီးသီးတို့သည် ၎င်းတို့ကိုယ်တိုင်ဖြစ်ရှိပေါ်စွမ်းနိုင်မှု အင်အားသတ္တိ မြူဘစေ့မျှ ရှာမရသည်ကို အတ္တသုညတလို့ခေါ်၏။ထိုနောက်တဖန် ရှေ့သို့ဆက်လက်၍ ဝေဘန်သည့်အတွက် တဖန် သိရှိရပြန်သေးသည်မှာ၊ တခုသောသဘောတရားသည် တခြားသော သဘောတရားတခုကို ဖြစ်ပေါ်တည်ရှိအောင်ပြုလုပ်စေခိုင်းနိုင်သည့် တန်ခိုးပါဝါ အာဏာ မရှိခြင်းကြောင့် အတ္တနိယျအဖြစ်မှ ကင်းဆိတ်နေ၏။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း လက္ခဏာသုံးပါးပညာသိနယ်တွင် ပါဝင်နေဟန်ကို တော်ပြပြီး၍ ယခုတဖန် မြင်စိတ်လို့ အခေါ်ခံရတဲ့ ထိုသဘောကလေးတခုသည် တခုတည်း မဖြစ်-မပျက်နိုင်၊ ဖြစ်နိုင်-ပျက်နိုင်ဘဲအားမှ ပျက်နေပုံကို ပညာသိနယ် ပုံရိပ်ပြန့်ရန်သဘောကြီးလေးချက်ခေါ် ဌာနလေးပါးဖြင့်၊ ထိုဂရမတ်စာနကလေးကို ဖေါက်ခွဲပြပါမည်။ သို့မှသာလျှင် ပုံရိပ်၍ ရှင်းကြပေလိမ့်မည်၊ မူလက တခုတည်း မဖြစ် သဘော မှ ဖြစ်ပြီးပျက်နေ သကို-ဟု နိယာမ ဖြစ်ပျက်ကို ဘာ့

ကြောင့် ဖြစ်ပြီး-ပျက်တယ်၊ ဒါကြောင့် ဖြစ်ပြီး ပျက်ပါ သလားဟု၊ ဒါကြောင့်ဘဲ ဆိုတဲ့ သဘော သွားကို လက်တွေ့-မျက်တွေ့-မနေ့ဘတွေ့ဖြစ်ရန် ပရမတ်ခဲခေါ် ခါတ်သဘော ကလေးကို လက်တလောသိရန် သဘော ကြီး လေးချက်ဖြင့် ဖေါက်ခွဲပုံကို ညာဏ်နှင့်ငုံပါဦး ဓမ္မ မိတ်ဆွေ။

## ရုပ်ခေါ်တဲ့ သဘောကလေး သုညဖြစ်ပုံ

မြေစိတ်တလုံး၏ ယထာဘူတ ပုံစံ

အဆင်း

နှံ့ပုံသွင်း $\frac{\text{စက္ကူဝိညာဉ်}}{\text{ပြင်ဇတ်}}$ အလင်း

မျက်စိ

သဘောကြီး ၄-ချက်ခေါ်

ဌာန်းပေါ်ပါ ဖေဘာန်ပုံ

ပဋ္ဌိ ............မြဲနေမာ။

လက္ခဏာ........သဘောသဘော။

ရသ ........ ....အမှုအရာကိစ္စ။

ပစ္စုပဋ္ဌာန် . ....အကျိုး။

ပဒဋ္ဌာန် .... ....အကြောင်း။

ဤကဲ့သို့ သဘောကြီး လေးချက်တို့တွင် ပါဝင်သည့် လက္ခဏာခေါ်တဲ့ သူ့သဘောကို ပေါ်လွင်ရန် ဝေဘန် ဖေါက်ခွဲပုံ။

မြင်စိတ်ဆိုတဲ့ နာမ်ကလေးသည် မျက်စိအကြည်နှင့် ပေါင်း၍ အရောင်အလင်းများကို သိတဲ့လက္ခဏာဆိုတာ တွေ့ရပြန်ပါတယ်၊ သို့ပါ၍ လက္ခဏာဆိုတဲ့ သူ့သဘော မှာ မျက်စိအကြည်နှင့် ပေါင်းသင်း ရပါတယ်ဆိုတော့၊ တခုချင်း မြင်နိုင်တဲ့သဘောမရှိသည်ကို ဝန်ခံသိသကဲ့သို့ ဖြစ်နေပေ၏။ မျက်စိနှင့်ပေါင်း၍ မြင်မှု ဖြစ်ရပြန်တော့ အမြင်ခံရတဲ့အဆင်း မနသိကာရဆိုတဲ့ နှလုံးသွင်းတို့လဲ ပါနေပုံကို လက်တွေ့ဖြစ်ပြန်ပါ၏။

## ဤကဲ့သို့

(၁) မျက်စိကိုမှီခြင်း။

(၂) မြင်စရာအဆင်းရှိခြင်း။

(၃) နှလုံးသွင်းမှုပါဝင်ရခြင်း။

(၄) အလင်းရောင်နှင့်လည်း မကင်းနိုင်ခြင်း။

ထိုလေးဦးပါတီ စည်းဝေးညီမှသာ မျက်စိအကြည် ကိုမှီ၍ အဆင်းကိုသိခြင်းသဘော ရှိနိုင်-ဖြစ်နိုင်-ပျက်နိုင် ပါတယ်ဆိုတော့၊ လက္ခဏာဆိုတဲ့သူ့သဘောဟာ တခု ချင်းဖြစ်နိုင်တဲ့သဘောမရှိ၊ တခုချင်း ဖြစ်နိုင်တဲ့ သဘော မှ သုဉ်းဆိတ်တဲ့အတ္တသာလျှင် ဥက်ဝမှာတွေ့ရပေ၏။

(ဤကား လက္ခဏာအနတ္တဖြစ်ပုံတည်း။)

"ကိစ္စသမ္ပတ္တိဝါ ရသော နာမ" ဆိုတော့ကိစ္စ၏ပြီး ပြည့်စုံခြင်းသည် ရသတဲ့-ဟုလာရှိရာ-

## ရသကိုဝေဘန်ခြင်း

ရသဆိုတဲ့အမှုအရာခေါ် ကဗျာသည် အဆင်းကို အာရုံပြုရတဲ့ကဗျာ အမှုအရာ သာလျှင်ရှိ၏။ ဒိအပြင်မရှိ ဤ သဘောသွားနေဟန်ကို အတိအကျ ဝေဘန်သော် အာရုံပြုရတဲ့ကဗျာ ရှိဘယ်ဆိုတော့ အာရုံအပြုခံရတဲ့ သဘာဝရှိရပေမည့်၊ သို့မှသာလျှင်အာရုံပြုတဲ့ကဗျာဆိုတာဖြစ်ချိန့်မည်။ သို့ပါ၍ အာရုံပြုခံရတဲ့ သဘာဝ (ဝါ) အာရုံ ပြုစရာ အဆင်းနှင့် ကင်း၍ တခုချင်း အာရုံပြုခြင်းမဖြစ်နိုင် ဖြစ်နိုင်သည့်အားမှ ပျက်၏-ဆိတ်သုဉ်း၏။ သို့ပါ၍ ရသခေါ် ကဗျာမှာလဲ....

(၁) မျက်စိအကြည်ကိုမှီ။

(၂) အာရုံပြုစရာအဆင်း။

(၃) အာရုံပြုစရာကိုဘော်ပြနေရသည့်အလင်း။

(၄) ပြန့်လွင့်ခါ စိတ်တခြားသို့မသွားရအောင် အဆင်းနှင့် မြင်စိတ်ကို ပူးတွဲထားတတ်တဲ့ မနသိကာရခေါ် နှလုံးသွင်း။

ဤလေးပါးသော အကြောင်းရင်းတို့ မပေါင်းသင်းခောက်ဆံဘဲ ကဗျာဆိုတဲ့အမှုအရာ သူတို့လေးဦးမပါလျှင် ခမှုမဖြစ် သည့်စနစ်ကြောင့် တခုထည်းထည်း ကဗျာရှိနိုင်ဖြစ်နိုင်သည့်သဘောမှ ပျက်ပြန်ပါတယ်၊ သုဉ်းဆိတ်ပြန်ပါတယ်။ သို့ပါ၍ ရသသည်ဘဲ အနတ္တဟုမှတ်ပါ။

## ပစ္စုပ္ပန်ရှင်းခက်း

ၚင်းအပြင် ပစ္စုပ္ပန်ဆိုတဲ့ အကျိုးမှာလဲဘဲ "ဥပ ဋ္ဌာန ကာရောဝါ ဖလံဝါ"ဟု လာရှိပါသည်။ မြင်စိတ် ဘဲလို့ အပည်မှည့် ခံရသော သဘော တရား ကလေး ရဲ့ ကိုယ်ပိုင် ခံစားခွင့်အကျိုးသည့် အဘယ်ကဲ့သို့နည်း ဟု သုတေသနပြုလုပ်ရာ....

အဆင်းသို့ ရှေ့ရှုငဲ့ကွက်နေရတဲ့ အကျိုးသာ ဖြစ်ရှိ ၏။ အဆင်းသို့ ရှေ့ရှု ငဲ့ကွက် ပါတယ်လို့ တွေ့ရတော့၊ ငဲ့ကွက်စရာအဆင်းနှင့် ကင်း၍ အဘယ်မှာလျှင် ငဲ့ကွက် ခြင်းဆိုတဲ့အကျိုးဖြစ်ဖွယ်ရာမရှိ။သို့ပါ၍ ရှေ့ရှုခြင်းခံရတဲ့ အဆင်းမပါဘဲ(ဝါ)မရှိဘဲ တခုတည်းသော သဘာဝ ဖြင့် မြင်စိတ်ကလေးသည် ရှေ့ရှုတဲ့အကျိုးမဖြစ်၊ သို့ပါ၍ တခုတည်းသောသဘောဖြင့် ရှေ့ရှုရသောအကျိုးမှပျက် ပြန်ပါတယ်၊ သုဉ်းဆိတ်ပြန်ပါတယ်။သို့ပါ၍.......

(၁) ရှေ့ရှုစရာအဆင်းပါဝင်ခြင်း။
(၂) မျက်စိအကြည်ကောင်းခြင်း။
(၃) နေရောင်,မီးရောင်,လရောင်ဆိုတဲ့အရောင် တို့ကလဲ ပါဝင်လျက်ရှိရခြင်း။
(၄) မနသိကာရဆိုတဲ့ နှလုံးသွင်းကလဲ ပါဝင် စွက်ဘက်ခါပါဝင်နေရခြင်း။

၎အထက်ပါ ခြင်း,လေးခြင်းတို့ ပေါင်း သင်းခါ အကြောင်းဆုံ၍ ဝိုင်းအုံခါညီညွတ်ပါမှ အဆင်းသို့ရှေ့ရှု ရတဲ့ အကျိုးရယ်လို့ မြင်စိတ်ခေါ် ထိုသဘော ကလေး

သည့် ဖြစ်နိုင်-ပျက်နိုင်၏လို့ တွေ့သိရသောကြောင့်။ သို့
ပါ၍ အပေါ်မပေါ်အကြောင်းကင်းမဲ့တဲ့ သဘောရင်းတခု
ထည်းထည့်း ရှေ့ရှုနိုင်တို့ အကျိုးတရားကို စမ်းသပ်ခါ
ရှာဖွေလို့ မရပါ၍၊ တခုထည်းထည့်း ရှေ့ရှု နိုင်သော
သဘောမှပျက်၏၊ သုဉ်းဆိတ်၏။ သို့ပါ၍ အကျိုးခေါ်
ပစ္စုပ္ပန်လဲ အနတ္တမှုပါဘဲ။

## ပဒ္ဓါန်ရှင်းခက်း

အကြောင်းခေါ် ပဒ္ဓါန်မှာတော့ "အာသန္န ကရဏ
ပဒ္ဓါနံ နာမ" ဆိုသည့် အတိုင်း အကျိုးရယ်လို့ ထင်
ရှားစွာ ဝေဘန်စရာအစစ်ပေါ် ထွက်ခါမလာမဖြစ်ရသေး
မီ အနည်းဆုံးသောသဘောသဘာဝကို အကြောင်းလို့
ခေါ် ပါတယ်။ စက္ကုဝိညာဉ်ဘဲလို့ အမည် မှည့်ခဲ့ရတဲ့
သဘောတရားကလေးရဲ့ အနည်းဆုံးသော အကြောင်း
မှာ၊ မနောခါတ်မှ ဖယ်ခွါခြင်း အကြောင်းရှိ၏။ ရုပ်,
နာမ်တို့၏အလို၊ ဖြင်စိတ်ဘဲလို့ အဆိုခံရတဲ့ သဘော
တရားကလေးရဲ့ အနည်းဆုံးအကြောင်းကို ထပ်လောင်း
ကာရှူးစမ်းတော့ ပြောမှတ်စရာမနောဓာတ်သာ အနည်း
ဆုံး အကြောင်းဆိုတော့။ တခုထည်းထည့်း ဖြစ်နိုင်-
ရှိနိုင်တဲ့ အကြောင်းမှ ပျက်ပြန်ပါတယ် - သုဉ်းဆိတ်
ပါတယ်။ သို့ပါ၍ အကြောင်းတရားလဲ အနတ္တမှုပါဘဲ။
(ဤကား-အကြောင်းအနတ္တဒွန်စပ်ပုံတည်း)

ဤဘဲ့သို့ မသိမနေ အရှိမွေလိုက်တော့ သိစေတာက
တော့ သဘာဝလက္ခဏာဆိုတဲ့ မှုလပျက်၊ ဘယ်လိုပင်

တွက်တွက် ကွက်လတ်မကျန် ရှုဒေါင့် အတန်တန်နှင့် အဖန်ဖန်ကြိုးစား ပေါ်လာသော တရားတို့ အတွက်ကတော့ ပကတိ ပျက်ပါဘဲ။

သုသဘောဆိုတဲ့ လက္ခဏာမှာလဲ တခုတည်း မဖြစ်နိုင်၊ ဖြစ်နိုင်သည့်သဘောမှ အပျက်။

သုကိစ္စ-သုအမှုအရာလို့ခေါ်ရတဲ့ရသအဘို့မှာမူ၊ တခုတည်းတည်းဖြစ်နိုင်သည့် အမှုအရာ ကိစ္စမှ ပျက်၏။

ပစ္စုပဋ္ဌာန်ခေါ် ကိုယ်ပိုင် ခံစားခွင့် အကျိုးဟာလဲ သဘောတခု အနေဖြင့် ခံစားနိုင်တဲ့ သဘောတရား အနည်းအပါးမှာ ရှာမရတဲ့ အပျက်ပါဘဲ။

အနီးဆုံး သဘာဝ အကြောင်းလို့ ဆိုရတဲ့ ပဒဋ္ဌာန်မှာမူ၊ အကူအညီနှင့်ကင်း၍ တခုတည်းသောအကြောင်းသဘောကို လှန်လှောခါ ကြည့်သော်လည်း ရှိသည်ကို မတွေ့ရ။ သို့ပါ၍ သဘောတခုဖြင့် ရှိနိုင်-ဖြစ်နိုင်သော သဘောမှ ပျက်၏။

စာဘာတ်သူ အသျှင်-အသင် ပညာသိနယ်မှ သဘာဝ အတိုင်း မြင်စိတ်လို့အသမှတ်ခံရတဲ့ နာမ်တရားကလေးဟာ ဋ္ဌာန်လေးပါးခေါ် သဘောကြီး လေးချက်ဖြင့် ဖေါက်ထွင်းကြည့်ရာ၊ နဂိုရ်မူလ ပကတူပအားဖြင့် တခုတည်း မဖြစ်နိုင် - ဖြစ်နိုင်သည့်အားမှ ပျက်နေသည်ကို ထင်ရှားလေပြီ။ သို့ပါသော် စက္ခုဝိညာဉ်ခေါ် နာမ်ပရမတ်တခု၌ အသိလေးမျိုးဖြင့် ဆင်ခြင်ဟန်ကို တွင်းပြင်မကျန် အမှန်တရားဟု အငြင်းမပွါးမှားမဘက် အလကားသက်သက်ဟု မဆိုသာ သူနေရာနှင့် သူ့အသိ ယခု

အမှန်ပြောရလျှင် ကျန်သဘောဝိညာဉ်နှင့် သညာတွင် နှစ်ခု ပညာပါ ပေါင်းရလျှင် လေးခုရှိကြောင်း အသိ ဘာရောများကို သိထားရန် ရေးသားပေဦးအံ့။

## မြင်စိတ်တခုကို ဝိပဿနာရှုရာဝယ်

သညာသိ ဝိပဿနာ။

ဝိညာဉ်သိ ဝိပဿနာ။

ပညာသိ ဝိပဿနာ။-ဟူ၍ သုံးမျိုးသုံးစား ရှိကြောင်း မှတ်ခဲ့ပါ ယောဂီ။

ဝိပဿနာဆိုတဲ့ စကားရပ်ကို ရှင်းပါမူ၊........

"ဝိဝိဓာဝါ ပဿတီတိ ဝိပဿနာ" ဟုဆိုပါသည်။

ဝိဝိဓာဝါ၊ အထူးထူးအပြားပြားအားဖြင့်။ပဿတိ၊ ရှုကြည့်တတ်၍။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိပဿနာ၊ ဝိပဿနာတဲ့။ အထူးထူးအပြားပြား ဘာကိုရှုပါသနည်း ဟူမူ၊....

ပညတ္တိမဲ့ ဝိနာထပေတွာ ပဿတီတိ ဝိပဿနာ။

အဓိပ္ပါယ်မှာ၊ ပညာနှင့် ပရမတ်ဆိုတဲ့ သဘောကို ခွါလှပ်၍ သဘောကလေးပင် မရှိတော့တဲ့ သညာတ စသား လက္ခဏာသုံးပါးကို ဆင်ခြင်ဒါဟာ ဝိပဿနာ လို့ ဆိုပြန်ပါသည်။ သို့ပါ၍ ဒါကတော့ ပညတ်နှင့် ပရ မတ်ဆိုတဲ့ သဘောကို ဃနပါမကျန်အောင် ဖေါက်ခွဲ၍

သဘောမှဆိတ်ရတဲ့ သညာတ - အနတ္တ - အနိစ္စ စသော လက္ခဏာတို့ဖြင့် ဉာဏ်စဉ်အားလျော်စွာ ဆင်ခြင်ဒါကို ဝိပဿနာလို့ မှတ်ခဲ့ပါတော့ ယောဂီ။

ဤမှုလောက်သော စကား အစဉ်ဖြင့် ဝိပဿနာ ဆိုသော စကားရပ်ကို ဝေဘန်ပြီးနောက်၊ သညာသိ ဝိပဿနာရှုပုံကို ဝေဘန်ကြဦးစို့။သညာဆိုသော စကား သွားကို ပြောကြားပါမှု၊ သညာဆိုသည့်ကား၊ မှတ်သိ တတ်သော သဘောဆိုသည်။

''သဉ္ဇာနာတိတိ သညာ''လို့ ဆို၏။

သဉ္ဇာနာတိ၊ အာရုံကို မှတ်သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။သညာ၊သညာမည်၏။

လက္ခဏာအားဖြင့်မူ၊—

သဉ္ဇာနန လက္ခဏာ သညာ။

သညာ၊ သညာသည်၊ သဉ္ဇာနနလက္ခဏာ၊ အာရုံကို မှတ်သိခြင်းလျှင် လက္ခဏာရှိ၏။ အာရုံကိုမှတ်ပြီးသိသော အသိသည် သညာသိ။သို့ပါ၍ မြင်စိတ်တခုလုံးကို သညာ သိ နယ်မှနေပြီး ဝိပဿနာ ရှုဟန်ကား....။

## သညာသိ ဝိပဿနာ

ငါမြင်သည် မျက်စိကမြင်သည် တော,တောင်,ရေ, မြေတို့ကိုမြင်သည်၊ ကောင်းတာကိုမြင်သည်၊ မကောင်း တာကို မြင်သည် အစရှိသောအားဖြင့် မြင်မှု,မြင်စိတ်

ကလေးသည် မမြဲသောကြောင့်အနိစ္စ။ မမြဲသဖြင့် ဆင်းရဲသောကြောင့်ဒုက္ခ။ ဤကဲ့သို့ ကောင်းတာတွေ-မကောင်းတွေကိုမြင်ပြီး ပျက်နေသောသဘောကို မပျက်အောင်-မြဲအောင် တားမြစ်ရန် မတတ်နိုင်သောကြောင့် အနတ္တ-ဟု ဆင်ခြင်စဉ်းစား နှလုံးသွင်း၏။ ထိုကဲ့သို့ ရှုကြည့်ဟန်သည် ''သညာသိ ဝိပဿနာ''ဖြစ်၏။

အာယတနကြောင့်မှုကား၊ အတ္တ တရားတွေ လက်ခံထား၍ ငါဟုမြင်သည် ထိုမြင်သော တရားတွေထဲမှာ ကောင်းတာတွေ-မကောင်းတာတွေ ခွဲခါ သိမ်းကျုံးပြီး ဆင်ခြင်နေသော သဘောမျှသာ ဖြစ်၏။ ထို့ပါ၍ ဤဆင်ခြင်ပုံမျိုးသည် ''သညာသိ ဝိပဿနာ''မည်၏။

## မြင်စိတ်တခုကို ဝိညာဉ်သိဖြင့်ရှုကြည့်ပုံ

ဝိညာဉ်ဆိုသော စကားသွားကို စဉ်းစားပါမူ၊ ကျမ်းဂန်များအရ။

ဝိဇာနာတီတိ ဝိညာဏံ။

ဝိဇာနာတိ၊ အာရုံကို သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ အာရုံကို သိတတ်သော သဘောကို ဝိညာဉ်ဟု ဆိုလိုသည်။(ဤယူဆချက်သည် ရှင်းတည်း။) ရချုပ်အားဖြင့် ဆိုပါမူ၊ အာရုံကို သိသောအခါ အသိမှုကိုပင် ဝိညာဉ်ဟူ၍ မှတ်ရသည်။

ဝိဇာနနလက္ခဏံ ဝိညာဏံ-ဟူသည့်တည်း။

(သမ္မောဝိနောဒနီ အဋ္ဌကထာ)

ဝိညာဏံ၊ ဝိညာဉ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကို သိသောအခါ အသိမျှလျှင် မှတ်စရာရှိ၏။

မာယူပမဥ္စ ဝိညာဏံ။

(အဘိဓမ္မာဝိဘင်း ပါဠိတော်)

ဝိညာဏံ၊ စိတ်အသိဝိညာဉ်သည်။ မာယူပမဥ္စ၊ မျက်လှည့်သမားတို့ ပြုအပ်သော ဝတ္ထုနှင့် အလားတူ၏။

မျက်လှည့်သမားတို့ ပြုလုပ်သော ဝတ္ထုသည်၊ မဟုတ်ဘဲနှင့် အဟုတ်ထင်ရသကဲ့သို့။ ထို့အတူ စိတ်ဝိညာဉ်ဟာလဲဘဲ တခုတည်း တရှိတည်းကဲ့သို့ ထင်ရ၏။ ရုပ်တလုံးတလုံး နာမ်တလုံးတလုံးတို့သည် အစတုံးနေတဲ့ အခြေအထိ မသိဘဲ ဖြစ်နိုင်ပျက်နိုင်တယ် ထင်မှတ်နေတာဟာ ဝိညာဉ်သိဘဲ၊ ဝိညာဉ်သိဟာ ထင်တဲ့အတိုင်း မမှန်ဖြစ်တတ်ပါသည်။ တနည်း - ပညာသိနယ်မှနေပြီး ပညာ မှန်ပြောင်းကြီးနှင့် ကြည့်ပါမူ၊ ဝိညာဉ်ရဲ့ အယူအဆဟာ ရယ်ဘွယ်ရာကောင်းသည့် အခြေအထိ ကွာခြားနေသည်ကို တွေ့ရ၏။

အထက်တွင် ပြဆိုခဲ့တဲ့ အသိသဘောမှ မကျော်လွှားနိုင်တော့ဘဲ ဝိညာဉ်သိမှာရပ်ပြီး၊ ရူပံက ဒိလိုပါ-ငါမြင်သည် သူကမြင်သည်၊ မျက်စိကမြင်တယ်သို့ သညာနယ်မှ အယူအဆသည်မဟုတ်၊ စက္ခုဝိညာဉ်ခေါ် မြင်စိတ်ကလဲ မြင်သည်မဟုတ်၊ မြင်စိတ်လို့အခေါ်အဝေါ်အမည်မှည့်ခံနေရတဲ့ သဘောတရား ကလေးခေါ် ပရမတ်ကလေးမြင်သည်ဟု သဘောတရားကလေးအပေါ်မှာ မေးတင်ခါ ဆင်ခြင်ပြန်ပါသည်။

ထိုမြင်စိတ်လို့ အခေါ်ခံရတဲ့ သဘောတရားကလေးသည် မျက်စိတမှိတ် လျှပ်တပြက်အတွင်း ကုဋေတသိန်းကျော်ဖြစ်ပြီး ပျက်နေသောကြောင့်၊ အနိစ္စဖြစ်သဘော ပျက်သဘောတို့ဖြင့် ပိုင်းပိုင်းလည်အောင် အနှိပ်စက်ခံနေရသောကြောင့် ဒုက္ခဖြစ်သဘောကိုလဲ မဖြစ်ပါနဲ့လို့ တားမရ၊ ပျက်သဘောကိုလဲ မပျက်ပါနဲ့လို့ တားမရ၍ ကဲ့သို့တား၍မရသောကြောင့်၊အနတ္တဟုနိယာမအတိုင်း ဖြစ်ပြီးပျက်နေသော သဘောတရားအပေါ်၌ သိမှု မနေသော ဝိညာဉ်ဖြင့် မှန်းဆ၍ ဆင်ခြင်ခြင်းမျိုးသည် ဝိညာဉ်သိ ဝိပဿနာဖြစ်၏။

---

# ပညာသိ ဝိပဿနာရှုပုံ

ပညာသိ ဝိပဿနာကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကိုဆိုပါမူ၊ ပညာ၏ သဘာဝက ဒီလိုပါ....

ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အာဝဇ္ဇ
တီတိ ပညာ၊ ဓမ္မပဋိဝေဓ လက္ခဏာ ပညာဓမ္မာနံ
သဘာဝ ပဋိစ္ဆာဒက မောဟန္ဓကာရဝိဒ္ဓံသ နရ
သာ အသမ္မောဟ ပစ္စုပဋ္ဌာနာ သမာဓိပဒဋ္ဌာနာ။

( အဋ္ဌသာလိနီ )

ယာဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ပကာရေန၊ အပြားအားဖြင့် (၀၁) ခွဲခြမ်း စိတ် ဖြာ သော သဘောမျိုးဖြင့်။အနိစ္စာဒိဝသေန၊ အနိစ္စစသည်တို့၏ အ

စွမ်းအားဖြင့်၊ ဇာနာတိ အဝဗုဇ္ဈတိ၊ မှတ်၍ သိသော သညာသိနှင့် မှန်းဆ၍သိတတ်သော ဝိညာဉ်သိတို့ကို လွန်မြောက်၍ ထိုးထွင်း၍ ရုပ်တလုံး နာမ်တလုံးတို့ ဆိုတဲ့ သဘောတရားကလေးတို့ကိုယ်တိုင် ဝန်ခံသည့် အလား ထိုးထွင်း၍ သိတတ်၏။ဇာနာတိ၊ ထိုကဲ့သို့ မှန်းရမ်း၍မဟုတ် ထိုးထွင်း၍ သိတတ်သောကြောင့်၊ သာဓမ္မဇာတိ၊ ထိုတရားသဘောသည်၊ ပညာ၊ ပညာမည်၏။

ပညာ၊ ပညာသည်၊ ဓမ္မပဝိစယလက္ခဏာ၊ သဘာဝဓမ္မကို မဖောက်မပြန် အမှန်သိခြင်းလက္ခဏာရှိ၏။ဓမ္မာနံ၊ ပရမတ္ထတရားတို့၏၊ သဘာဝပဋိစ္ဆာဒက မောဟန္ဓကာရဝိဒ္ဓံသနရသာ၊ ဟုတ်မှန်သော သဘောကို ဖုံးလွှမ်းတတ်သော ပညတ်နယ်,ပရမတ်နယ်မှ အလွှာအထပ်များကို ဖျက်ဆီးခြင်းကိစ္စရှိ၏၊ အသမ္မောဟ ပစ္စုပဋ္ဌာနာ အာရုံ၌ မတွေဝေသောအားဖြင့် ထင်သောအခြင်းအရာရှိ၏၊ သမာဓိပဒဋ္ဌာနာ၊ သမာဓိလျှင် နီးစွာသော အကြောင်းရှိ၏၊

ဤကဲ့သို့ အဋ္ဌသာလိနီကျမ်း၌ ပညာ၏ သဘောကြီးလေးချက်ကို ထုတ်ပြရာ၊ မှန်းဆ မှတ်သားပြီး သိတတ်တဲ့ အသိမျိုးမဟုတ်၊ ခါတ်စာနများကို ဖေါက်ခွဲ၍ ထိုးထွင်းပြီးသိသော အသိသည် ပညာသိလို့ ဆိုပါသည်၊ သို့ပါ၍ မြင်စိတ်ကလေးတခုကို ပညာသိနယ်မှ ဆင်ခြင်ကြတာကတော့၊ ဝိညာဉ်သိနယ်မှ ဆင်ခြင်တဲ့ စက္ခုဝိညာဉ်အမည်တွင်တဲ့သဘောတရားကလေးဟာ မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာ ကုဋေတသိန်းကျော်ဖြစ်

ပြီး ပျက်သောကြောင့် အနိစ္စ-ဒုက္ခ-အနတ္တဆိုတဲ့ သဘော အပေါ်မှာထင်ပြီး ထိုးထွင်းတာဟာ ပညာဘဲ။ အဘယ် ကြောင့် ရုပ်, နာမ်လို့ အသမုတ်ခံရတဲ့ သဘောတရား ဟူသမျှတို့သည် ဖြစ်ပြီးပါက ပျက်နေရပါသလဲလို့ ထိုး ထွင်းပြီး ဝေဘန်တယ်။

ဤလို ပညာသိနယ်မှနေပြီး ဝေဘန်တော့၊ ရုပ်, နာမ် လို့ အသမုတ်ခံရတဲ့ သဘောတရားတို့သည်၊တခုထည်း ထည်းဖြစ်နိုင်တဲ့သဘော၌ ပျက်နေတဲ့သဘောတွေဟု သိ ရပါသည်။ အဲဒီလို ဖြစ်သဘောကိုယ်တိုင် မဖြစ်နိုင်ဘဲ ဖြစ်နိုင်တဲ့ သဘောမှ ပျက်နေတာကို ၊သိရပါသဖြင့်၊ ဝိညာဉ်သိနယ်မှ ဖြစ်ပြီးပျက်တယ်ဆိုတဲ့ အယူ အဆမှ ကျော်လွှားပြီး။အဘယ့်ကြောင့် ဝိညာဉ်ဆိုတဲ့နယ်မှာဖြစ် ပြီး ပျက်နေရပါသလဲဆိုတဲ့အဖြေကို ပညာသိနယ်မှာ သိ ရတာကတော့။

## ဖြစ်တယ်ဆိုတာ အကျိုး

တခုတည်းမဖြစ် အကြောင်းရှိမှဖြစ်သည်။ ဤကဲ့သို့ ပညာသိနယ်မှ အကြောင်း-အကျိုးစုံညီမှ ဖြစ်တယ်ဆို တာ ဖြစ်သဘောအပေါ်၌ ထိုးထွင်း၏။ဤကဲ့သို့ ထိုးထွင်း ၍သိရတော့။ ဝိညာဉ်သိနယ်မှသိရတဲ့ ဖြစ်ပျက်အပေါ်မှာ အဘယ်ကြောင့်ဖြစ်ပြီး ပျက်ရပါသလဲဆိုတဲ့ အဖြေကို သိရ၍။ဒါကြောင့် ဖြစ်ပြီး ပျက်နေတဲ့ တရားဘဲလို့ ပညာ သိမှ အတိအကျ ထိုးထွင်း၍ သိရပေ၏။ ဒါကြောင့်ဆို တဲ့ သဘောသွားကို ဝေဘန်ပါမူ။—

ဒါကြောင့်ဆိုသည့်ကား....ဖြစ်သဘောသည်အကျိုး အကြောင်းစုံညီမှ ဖြစ်သဘောဖြစ်ရ၏။

ထိုအကြောင်း အကျိုးတွင် ပါဝင်သော သဘောတရားတို့သည် တချင်း အလိုအားဖြင့် သဘောနှစ်မျိုးတို့သည် အကြောင်းအကျိုးကိုဖြစ်အောင် မဆောင်ရွက်နိုင် ဆောင်ရွက်နိုင်သောအားမှုပျက်၏။

အကျိုးတရားကလဲ အကြောင်းတရားနှင့် ကင်းဖြစ်တယ်လို့ဆိုတဲ့သဘောမှ ပျက်၏။ အကြောင်းတရားတို့သည် အကျိုးဖြစ်စေအောင် တချင်းအလိုအရ၊ ဖြစ်အောင် ဆောင်ရွက်မပြုလုပ်နိုင်ရုံမျှမက ထိုအကြောင်းရဲ့ကိုယ်တိုင်သည့်ပင်လျှင် တချင်း ဖြစ်နိုင်-ပျက်နိုင်တဲ့ သဘောမှ ပျက်နေကြတဲ့ အပျက် တရားတို့သည်သာ ဖြစ်၏။သို့ပါ၍ ဤကဲ့သို့ ပဉ္စသိနယ်မှာ သိရှိရပါသဖြင့်၊ ဘာ့ကြောင့် ဝိညာဉ်နယ်မှာ ဖြစ်ပြီးပျက်နေရပါလဲဆိုတာကို ယခုဝေဘန်ခဲ့သည့်အတိုင်း အကြောင်းနှင့်အကျိုးတို့သည် တချင်း ဖြစ်နိုင် ပျက်နိုင်တဲ့သဘောမှ ပျက်နေတဲ့ အပျက်တွေ ရပေါင်းတာကိုပင် ဖြစ်တယ်-လို့ ဝိညာဉ်သိနယ်မှ ယူဆသည့် သဘောသွား ပြောကြားလောက်တဲ့ အခြေအထိ ဉာဏ်နှင့် သိရတော့မှ၊ ဒါကြောင့်ဘဲဆိုတဲ့ အဖြေကို ပိုင်နိုင်စွာ သိရ-တွေ့ရပေတော့၏၊

အထက်ပါ ဝေဘန်မှုအတိုင်း ထိုးထွင်း၍ သိရတဲ့ ပဉ္စသိနယ်မှ မြင်စိတ်လို့ အခေါ်ခံရတဲ့ သဘောတရားကလေးကို ပဉ္စသိဝိပဿနာရှုပုံ ဖြစ်တယ်ဆိုတဲ့ မြင်စိတ်တလုံးဖြစ်ပုံ။

## ယထာဘူတပုံစံ

(သန်တနယ်)

အဆင်း

မျက်စိ — စက္ခုဝိညာဉ် / ဖြင်စိတ် — အလင်း

နှလုံးသွင်း

အထက်ပါ ပုံစံအတိုင်း အကြောင်းလေးပါး စုံညီမှ ဝိညာဉ်သိနယ်မှ ယူဆတဲ့ ဖြစ်သဘောသည် ဖြစ်နိုင်၏။

## ပညာသိနယ်မှ အသိ

အကြောင်း လေးပါးစုံမှ ဖြစ်၏။ တခုထည်းထည်း မဖြစ် ဖြစ်နိုင်တဲ့ သဘောမှပျက်၏။ အကြောင်းလေးပါး တို့သည်လဲဘဲ အကျိုးကိုမဖြစ်စေ၊ သူတို့ကိုယ်တိုင် မြင် စိတ်ရဲ့နည်းတူ တခုထည်းထည်း ဖြစ်နိုင်တဲ့ သဘောမှ ပျက်၏။ ဤလို မူလက တခုထည်း ဖြစ်နိုင်တဲ့ သဘောမှ ပျက်နေတဲ့မူလပျက်ကိုသာချင် ပညာသိနယ်မှဆင်ခြင်၏။

## ဆင်ခြင်ပုံမှာ

ဖြစ်ပြီး ပျက်လို့ အနိစ္စမဟုတ်၊

တဆင့်တက်ပြီး ဝေဘန်တော့ ဖြစ်တယ်ဆိုတဲ့ ဖြစ် သဘောကိုယ်တိုင် မဖြစ်နိုင်-ဖြစ်နိုင်တဲ့ သဘောမှ ပျက်ရ ပါတယ်ဆိုတော့၊ သဘောတရားတခု၌ မဖြစ်နိုင်ချင် မဖြစ်နိုင်တဲ့ သဘောကိုသာ သိရပေ၏။ (ဝါ) ဖြစ်နိုင်တဲ့

သဘောမှ ပျက်နေသည့်ကိုသာ လက်တွေ့ - မျက်တွေ့- သဘောတွေ-မနေ့တွေ့ဆိုတာလို့ အထက်ပါ စက်ဝိုင်း ပုံစံအတိုင်း တခုတည်း မဖြစ်နိုင်ပုံကို တွေ့ရ၏။ သို့ပါ၍ စက္ခုဝိညာဉ်လို့ အသမုတ်ခံရတဲ့ နာမ်ကလေးသည်၊ ထို သဘောကလေး ကိုယ်တိုင်မဖြစ်နိုင်၊အကြောင်းတို့ကလဲ တခုချင်းဖြစ်အောင် ကျေးဇူးမပြုနိုင်၊ ထို အကြောင်းတို့ ကိုယ်တိုင်လဲ တခုသောသဘောမှ တခုတည်း မဖြစ်နိုင်၊ ဖြစ်နိုင်တဲ့ အားမှ ပျက်နေသဖြင့်၊ (ဝါ) ဖြစ်သဘော ကလေးကိုယ်တိုင် တခုထည်းထည်းဖြစ်နိုင်တဲ့သဘောမှ သုဉ်းဆိတ်နေသဖြင့် သုညတအနတ္တမျှပါဘဲ။ အကြောင်း တွေစုံညီမှ ဖြစ်ရပါတယ်ဆိုတော့၊ သူ့သဘောအတိုင်း သူမဖြစ်နိုင်ဘဲ သူများအလို၊ (ဝါ) အကြောင်းစုံညီမှ ဖြစ်ရပါသဖြင့် အဝသဝတ္တန အနတ္တ။

အကြောင်းတွေ အားကိုး နေရပါသဖြင့် သူ၏ စွမ်း ပကား အနှစ်အသား မရှိသောကြောင့် အသာရက အနတ္တ။

မြင်စိတ်ဆိုတဲ့ ထိုသဘောကလေးသည် အကြောင်း ကြောင့်ဖြစ်တယ်ဆိုပေမဲ့ အကြောင်းတွေထဲမှာ ရှာပါ သော်လဲမတွေ့ ကိုယ်တိုင် ဖြစ်နိုင်တဲ့သဘော ကုန်ခန်း နေသဖြင့် ခယဋ္ဌေန အနိစ္စ။

မြင်စိတ်ဆိုတဲ့ ထိုသဘောကလေးသည် ဖြစ်လိုသည် ဟု တမ်းတ ပါသော်လည်းမရ၊ မ ဖြစ် လို ဘူး လို့ လဲ ကန့်ကွက်မရ၊ တားဆီးပါသော်လည်း မနေရ၊ သို့ပါ၍ သက်သာရာမရပါ။ တနည်း - ထောက်တည်ရာ ရနိုင်

သောအား မရှိပါသဖြင့်၊ "ဘာယ ဋ္ဌေန ဒုက္ခ" ဟု အသင်တနယ်မှနေပြီး ဆင်ခြင်ဒါသည့် ပညာသိ ဝိပဿနာလို့ မှတ်ခဲ့ယောဂီ။

အထက်တွင် ဝေဘန် ခဲ့သည့်အတိုင်း သညာသိ-ဝိညာဉ်သိ-ပညာသိဟူ၍ အသိသုံးမျိုး ကွဲပြားခြားနားလျက်ရှိ၏။ ထိုအသိ သုံးမျိုးကို လောက ဥပမာအားဖြင့် ပုံဆောင်ပါမူ၊ သူငယ်တို့၏ ရွှေကိုသိသောသိပုံမျိုးသည် သညာသိနှင့်တူ၏။ ရွာသူကြီးတို့ ရွှေကို သိပုံမျိုးသည် ဝိညာဉ်သိနှင့်တူ၏။ ရွှေပန်းတိမ်သည်တို့ ရွှေကို သိပုံမျိုးသည် ပညာသိနှင့်တူ၏။

(၁) သညာသိကား-မှတ်သိ အမည်ကိုသိခြင်း။
(၂) ဝိညာဉ်ကား - ဦးတိုက်သိ အမည်ကို မသိဘဲ သိခြင်း။
(၃) ပညာသိကား - အချက်ကျ ထိုး တွင်း ၍ သဘာဝနှင့် တကွ အမှန်ကျကို သိသော အသိ။

ဤကဲ့သို့ အသိသုံးမျိုးတို့သည် သိဟန်ခြင်းမှာ မတူတမူ ကွဲပြားကာ ခြားနားလျက် ရှိကြောင်းကို တိတိကျကျ သိရှိရပေ၏။ စက္ခုဝိညာဉ်ခေါ် မြင်စိတ်ကလေး တလုံးကို အသိသုံးမျိုးနှင့်ဝေဘန်ပြီးနောက်၊ ထိုအထဲတွင် ပါဝင်နေသည့် သဘောသွားတို့ကို တိတိကျဉ်းကျဉ်းနှင့် လိုရင်းကို ဆိုပါမူ၊ အောက်ပါ အချက် နှစ်ချက်ကို တွေ့ရ၏။

(၁) သင်္ခတနယ် ဖြစ်,ပျက်သဘော။

(၂) အသင်္ခတနယ် မဖြစ်,မပျက်သဘော။ (ဝါ) ဖြစ်နိုင်-ပျက်နိုင်သည့်သဘောမှ ပျက်နေသော သဘောရယ်လို့ နှစ်မျိုးပါဝင်လျက် ရှိသည်ကို တွေ့ရ၏။

မြင်စိတ်ခေါ် သဘောတရား ကလေးတခုကို ဝေဘန်ကြည့်ရာ၊ မျက်စိတမှိတ် လျှပ်တပြက်ခန့် ကာလအတွင်း၌ ကုဋေတသိန်းကျော် ဖြစ်ပြီး ပျက်နေသည့် သင်္ခတသဘောကို တွေ့ရ၏။ ထိုနောက်တဖန် ဖြစ်သဘော-ပျက်သဘောကို ဖေါက်ခွဲကြည့်ပြန်ရာ၊ အကျိုး တရားခေါ် မြင်စိတ်ကလေးနှင့် ပတ်ဝန်းကျင် အကြောင်း တရားလေးပါးတို့သည်၊ တခုတခု အလိုအရ ဖြစ်နိုင်-ပျက်နိုင်သည့်သဘောမှ၊ (ဝါ) မဖြစ်မပျက်သည့်သဘောမှ ပျက်နေသည့် အသင်္ခတ သဘောကိုသာ တွေ့ရပေ၏။

အသင်္ခတနယ်၌တွေ့ရှိရသော မူလပျက်-ပကတိပျက်၊ ထိုအပျက်၏ သဘာဝဖြစ်ရှိခါ နေပုံလက္ခဏာသည်သာလျှင် ပညာသိနယ်မှ အစွဲဥပါဒါန် ပြုတ်လောက်သည့် အသိဟူ၍ သတိပြုပါ။ တဖြေးဖြေး စာဘက်သူ အသျှင်-အသင်တို့၏ ဉာဏ်ဝ၌ ပေါ်ပေါက်၍ လာရပေလိမ့်မည်။

## စာဘက်သူ ဓမ္မမိတ်ဆွေ

ကျမ်းဦးအစလောက်တွင် ကြိုတင်၍ ဆိုခဲ့သော ဃန ဟူသော စကားလုံး ကလေးကို မေ့သေးမည် မဟုတ်ဟု ထင်မြင်ယူဆ၍။ အဘယ်ကြောင့်ဆိုသော် အနတ္တလက္ခဏာအစစ်ကို မမြင်နိုင်အောင် ဖုံးကွယ်ထားသော

အရောကား ဃာန ပေတည်းဟု "အနတ္တံ အပ္ပသန္တော ဃာနပဋိ န္တေနတ္တာ" ဆိုတဲ့ ပါဠိကိုပြ၍ ဃာန၏သင်္ချေယျကို ပြခဲ့သည်မဟုတ်ပါလော။

ပြဆိုခဲ့သည့်အတိုင်း စက္ခုဝိညာဉ်ဘဲ-မြင်စိတ်ဘဲလို့ ခေါ်စွဲခံရသည့်သဘောတရားကလေးအား ဃာနကဖုံးအုပ်ထားပုံကို အနည်းငယ် ရှင်းလင်းပေဦးအံ့။ ဃာနကို ခွဲချေနိုင်မှသာလျှင် အနတ္တ အစစ်ကို တွေ့ရှိ ရပေလိမ့်မည်။ စက္ခုဝိညာဉ်ဟု အခေါ် ရသည့် မြင်စိတ်ပရမတ်သဘောကလေးသည် ကိစ္စ ဃာန ဖြစ်၍၊ အကြောင်း နှင့် တကွ အကျိုးပါ ပူးတွဲ၍ ဝိညာဉ်သိနယ်၌ တစပ်တည်းပမာ တခုတည်းအလိုနှင့် ဖြစ်နိုင်လျှဖြစ်သည်ဟု ထင်မှတ်နေရခြင်းသည် ဃာန၏ ဖုံးအုပ်ပုံတည်း။

ထို ဃာနကို ပညာသိနယ်မှ ဆင်ခြင်ပုံ အတိုင်း အကြောင်းနှင့်အကျိုးတို့သည် တခုတည်းဖြင့် ဖြစ်နိုင်-ပျက်နိုင်သောသဘောမှ ပျက်နေသည့်မူလပျက်ကို တွေ့ရှိရခြင်းသည်၊ တခုတည်းပမာ အထင်မိုစရာ ဖြစ်နေသည့် ဃာနခဲမှ ကြေကွဲ၍ တွေ့ရသော အသိမျှသာဖြစ်၏။ (ဝါ) ဃာနကွဲ၍ ပညာသိနယ်မှ အသိဖြစ်၏။

ဤကွဲ့သို့ ပညာသိနယ်ထဲမှ အကြောင်းနှင့်အကျိုးတို့သည် တခုထည်းထည်း ဖြစ်နိုင်-ပျက်နိုင်သည့် သဘောမှ ပျက်နေတယ်လို့ဆိုတော့၊ မြင်စိတ်လို့ အမည်မှည့်ခံရတဲ့ ထိုသဘောကလေးသည် ဖြစ်သလော-မဖြစ်သလော လို့ ဖြစ်,မဖြစ်ဆိုတဲ့ ထိုစံနစ်ကို ဒိဋ္ဌိတို့၏ ဘေးရန်မှ လွတ်ရန် ယူဆတတ်ဘို့ တာဝန်ရှိသေး၏။

ဤနေရာ၌ ဒိဋ္ဌိဆိုသည်ကား....။

သဿတဒိဋ္ဌိ။
ဥစ္ဆေဒဒိဋ္ဌိ။

ဆိုတဲ့၊ အထက်ပါ ဒိဋ္ဌိနှစ်ခုမှလွတ်အောင် ယူဆတတ်ပါက ဒိဋ္ဌိတို့၏ ဘေးရန်မှဝေးလံတဲ့ နိဗ္ဗာန်ဆိုတဲ့ အေးသဘောသို့ ဆုမတောင်းဘဲ ရောက်ကြ ပေလိမ့်မည်။ သို့ပါ၍ ထိုဒိဋ္ဌိနှစ်မျိုးတို့၏သဘောကို ဤဝိပဿနာ အရာ၌ လျော်ကန်သလို အကျဉ်းအားဖြင့် ဆိုပါမူ၊....

သဘောတရား တခုသည် ဖြစ်သည်ဟု ယူဆလျှင် သဿတဒိဋ္ဌိ။

သဘောတရားတခုသည် မဖြစ်ဟု ယူဆလျှင် ဥစ္ဆေဒ ဒိဋ္ဌိ။

ထိုဖြစ်,မဖြစ်ဆိုတဲ့ ဒိဋ္ဌိနှစ်မျိုးတို့၏ ငြိနေပုံနှင့် လွတ်အောင် ယူဆပုံတို့ကို ပုံစံဇယားကလေးချ၍ ယူဆကာ ပြပေအံ့။

| | | | |
|---|---|---|---|
| ရှိ-မှား | ဖြစ်-မှား | မရှိ-မှား | မဖြစ်-မှား |
| ရှိ-မှန် | ဖြစ်-မှန် | မရှိ-မှန် | မဖြစ်-မှန် |

အထက်ပါ အယူအဆအတိုင်း မြင်စိတ်လို့ အခေါ်ဝေါ်ခံရသည့် သဘောတရားကလေး တခုအား နမူနာ ထားကာ ယူဆ၍ ပြပေအံ့။

(က) ရှိမှား-ဖြစ်မှား ဟူသည်ကား....မြင်စိတ်လို့ အခေါ်ဝေါ် ခံရသည့် သဘောတရားကလေး အပေါ်၌ ရှိတယ် ဖြစ်တယ်လို့ ယူဆလျှင်မှား၏။

အဘယ်လို ယူဆသဖြင့် မှားပါသနည်းဟူမူ၊ မြင်စိတ် ဆိုတဲ့ ထိုသဘောသည် အသက်ရှိ၍ မျက်လုံးကောင်း သော သူတို့၏သန္တာန်၌ တကြိမ်မက များပြားလှစွာဖြစ် ခါ ရှိခါ ပျက်နေပါသောကြောင့် ရှိသည် ဖြစ်သည်ဟု ဤကဲ့သို့ယူဆလျှင်မှား၏။ အဘယ့်ကြောင့်ဆိုသော် စာ ဘတ်သူ ဓမ္မမိတ်ဆွေ သိခဲ့သည့်အတိုင်း မြင်စိတ်ဆိုတဲ့ သဘောကလေးသည် မျက်စိ၊ အဆင်း၊ အလင်း၊ နှလုံး သွင်းဆိုတဲ့ အကြောင်းလေးပါးစုံညီမှ ဖြစ်တယ်ဆိုတဲ့ မြင်စိတ်ကလေးသည် တခုချင်း ဖြစ်နိုင်သောသဘော-ရှိ နိုင်သော သဘောမှ သုဥ်းဆိတ်နေသည့် အနတ္တ-အနိစ္စ- ဒုက္ခအနေဖြင့် ဖြစ်ရှိခါနေရသည်ကိုမသိပါသဖြင့်၊ (ဝါ) အကြောင်း စုံညီအောင် မယူဆနိုင်သောကြောင့် အသက်နှင့် မျက်စိရှိသောသူတို့၏ သန္တာန်၌ ရှိသည်ဖြစ် သည်ဟု အကြောင်းနှစ်ခုကိုစွဲ၍ယူသဖြင့် မှားပါသည်။

(ခ) မရှိမှား - မဖြစ်မှားဟူသည်ကား....မြင်စိတ် လို့ အခေါ်ဝေါ်ခံရသည့် ထိုသဘောကလေးသည်၊ အ ကြောင်းလေးပါးစုံညီပါက ဖြစ်တယ်လို့ သိရပါသဖြင့်၊ ထိုအကြောင်းလေးပါးတို့အထဲ၌ ထိုမြင်စိတ်သဘောကို တခုစီပူးစမ်းခါရှာဖွေရာ မတွေ့-မရှိရသဖြင့် မရှိဘူးဟု ယူဆပြန်ပါသည်။ ဤလို မရှိ-မဖြစ်လို့ယူဆသော အယူ ဝါဒသည်မှား၏။ အဘယ်ကြောင့် မှားသနည်းဟူမူ၊ မြင်

စိတ်ဆိုတဲ့ သဘောကလေးသည် အကြောင်းလေးပါး စုံညီပါက တခုဘည်းဖြစ်နိုင် - ပျက်နိုင်တဲ့ သဘောမှ သည်းဆိတ်နေတဲ့ အနတ္တ-အနိစ္စ-ဒုက္ခအနေဖြင့်ရှိပါလျက် မရှိ-မဖြစ်ဟု ယူဆပါသဖြင့် မှားပါသည်။

(က) ရှိမှန်-ဖြစ်မှန် ဟူသည်ကား....မြင်စိတ်ဆိုတဲ့ ထိုသဘောကလေးသည် ဖြစ်နိုင်-ရှိနိုင်တဲ့ အတ္တအနေဖြင့် မရှိ၊ အကြောင်းလေးပါး စုံညီပါက တခုထည်းထည်း ဖြစ်နိုင် - ရှိနိုင်တဲ့သဘောမှ ပျက်နေတဲ့ (ဝါ) အနတ္တ-အနိစ္စ-ဒုက္ခအနေနှင့်ရှိဘယ်သို့ ယူဆဘတ်လျှင် မှန်၏၊

(ခ) မရှိမှန်-မဖြစ်မှန်ဟူသည်ကား....မြင်စိတ်လို့ အသမုတ်ခံရတဲ့ နာမ်ပရမတ်ကလေးအပေါ် မရှိဘူး-မဖြစ်ဘူးလို့ ယူဆလျှင်လဲမှန်ပါသည်။ ယူဆဟန်မှာ၊မြင်စိတ်လို့ အခေါ်ခံရတဲ့ ထိုသဘောကလေးသည် အသျှင်-အသင်တို့ သိပြီးဖြစ်သည့်အတိုင်း သဘောတရားကလေး တခုထည်းထည်းဖြင့် ဖြစ်နိုင်-ပျက်နိုင်တဲ့သဘောမှ သုဉ်း ဆိတ်နေတဲ့ မူလပျက် အနတ္တ - အနိစ္စ-ဒုက္ခမျှသာဆိုဒါ သိခဲ့ရပေပြီ။ သို့ပါ၍ တခုသည်းထည်း ဖြစ်နိုင် - ရှိနိုင်တဲ့ သဘော (ဝါ) တခုဘည်းပျက်နိုင်တဲ့ အတ္တ သဘော အနေဖြင့် မရှိ-မဖြစ်ဟု ဤလိုယူဆတက်ပြန်ပါက မရှိသို့ ဆိုတဲ့ အယူအဆနှင့် မဖြစ်လို့ဆိုတဲ့ အယူအဆသည် မှန် သော အယူဖြစ်ပြန်၏။

အထက်ပါ သဘောသွားအတိုင်းတို့ကို ကျဉ်း၍ လို ရင်းဆိုပါမူ၊ သဘောတရားကလေး တခုသည် တခု တည်း ဖြစ်နိုင်-ပျက်နိုင် ရှိနိုင်တဲ့သဘောမှ ပျက်နေတဲ့

ဆိတ်နေတဲ့ အနတ္တ-အနိစ္စ-ဒုက္ခအနေဖြင့်ရှိ၏။ သဘော တရားကလေးသည် တခုတည်းဖြင့် ဖြစ်နိုင်-ရှိနိုင်-ပျက် နိုင်တဲ့ အတ္တ-နိစ္စ-သုခအနေဖြင့်မရှိပါ။သို့ပါ၍ ထို ရှိ-ဖြစ် နှစ်မျိုး၊ မရှိ-မဖြစ် နှစ်မျိုးတို့ကို လုံလွအားထုတ်၍ ကျွမ်း ကျင်နားလည်အောင် လုပ်ကြရပေမည်။ သို့မှသာ ဖြစ် တယ်-မဖြစ်ဘူး (၀ါ) ဖြစ်, ပျက်ဆိုတဲ့ သဘောအပေါ် ၌ မှန်ကန်အောင် ထင်မြင်ယူဆနိုင်ပေလိမ့်မည်။ မှန်မှ သာလျှင် ထိုဒိဋ္ဌိကြီးနှစ်မျိုးမှ လွတ်မြောက်အောင် ကြံ ဆောင်နိုင်ပေလိမ့်မည်။ သို့ပါသောကြောင့် ဝိပဿနာ ပညာကို လိုက်စားလေ့လာ အထုံဝါသနာပါသော သူတို့ သည် မသိခြင်းဆိုတဲ့ အဝိဇ္ဇာကို ဖေါက်ခွဲသိအောင်(၀ါ) ဝိဇ္ဇာဉာဏ်ရအောင် ဆရာကောင်းထံ နည်းနာ ခံပြီးမှ အားထုတ်ရန် ရှင်တော်ဘုရားသည် သတိ ပေးခဲ့ပေ သည်။

အမှန်အကန် မယူဆတတ်ပါက မိစ္ဆာဆိုတဲ့ အလွဲ အမှား အယူများထဲမှာ နစ်မွန်း၍ နေတတ်ပုံအကြောင်း ကို အောက်ပါ ပါဠိ လာရှိသည့်အတိုင်းသိရ၏။

မှာကြားချက်။ ဤအခဏ်းတွင် ဓမ္မဒီပ-ဦးညေယျ ကိုယ်တော် တိုင် ဟောသောအခါ များပြားလှစွာသော ပြောလုံး ဟောကွက်များ ပြည့်နှက်နေသည်ကို တွေ့ရှိကြားနာရပေ၏။ မိမိတို့ကိုယ်တိုင် တရားနာ နိုင်ရန် ကြိုးစားကြပါကုန်။

အဝိဇ္ဇာဂတသာ ဘိက္ခဝေ အဝိဒသုနော
မိစ္ဆာဒိဋ္ဌိ ပဟောတိ။

ဘိက္ခဝေ၊ မဂ်ဖိုလ်လိုဘိ အိုဘာပည့်တို့၊ အဝိဇ္ဇာဂတာ သာ၊ မသိခြင်းဆိုတဲ့ အဝိဇ္ဇာတင်းလင်းဖြင့်ဖြစ်၍ ရှိ၍ မသိမှုဖြင့်(ဝါ)ပြည့်ရုံညီညွတ်သော၊ အဝိဒ္ဒသယှနော၊ မသိ ခြင်းကို နှိမ်နင်း၍ သိအောင်မပြုလုပ်ဘဲ ဝိပဿနာဘာရား အားထုတ်သောပုဂ္ဂိုလ်အား၊ မိစ္ဆာဒိဋ္ဌိ၊ ဘုရား၏ အယူ ဝါဒဖြင့် ဆန့်ကျင်လွဲမှားသော မိစ္ဆာတို့၏ အယူကို ပွား သည်မည်၍-ဆိုတဲ့....။

အထက်ပါ ဒေသနာအတိုင်း ဝိပဿနာ အားထုတ် နေပါတယ်ဆိုတဲ့ ယောဂီတွေ ဒိဋ္ဌိဝါဒ ကြီးပွားအောင် တိုးပွားအောင် ဆောင်ရွက် အားထုတ်သလို ဖြစ်နေ တတ်ပါသတဲ့၊ သို့ပါ၍ သိအောင် ပြုလုပ်ပြီး၊ တရားအား ထုတ်သင့်ပါသည်။ ချုပ်ပျက်တာကို ချမ်းပျက်နေ၍ တော် တော့ခြည်မထင်ပါ၊ ဆင်ခြင်ခါ တိုင်းထွာဝေဘန်သင့် သောအချိန်သို့ ယနေ့ရောက်ပြီဟု ယူဆပါသဖြင့် သတိ ပေးစကား ရေးသားရပေသတည်း။

ဤကဲ့သို့ စကျုပိညာဥ်ခေါ် မြင်စိတ်ဘလုံး၏ ဖြစ်ပုံ-မဖြစ်ပုံ ယူဆဟန် သဘောသွား ပြောကြားပြီးနောက်၊ အတိတ်-အနာဂတ်-ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးအတွင်း၌ ထိုသဘောကလေး ဖြစ်ရှိခါနေရပုံကို ဘုရားလောင်ငုံကာ ကျပ်ပြည့်သိ၍ ကာလသုံးပါးစလုံး အပေါ်၌ စိတ်နှင့် အာရုံတို့ မတွေ့ဆုံဘဲ ငြိမ်းချမ်းစွာနေနိုင်သည့် ကာလ ဝိမုတ်ဆိုတဲ့ သဘောသွားကို ပြောကြား နိုင်လောက် သည့် အခြေအထိ မိရန် သိရန် ဝေဘန်ကြဦးစို့။

## ကာလဝိမုတ် ဝေဘန်ချက်း

| ပါဠိ | မြန်မာ |
|---|---|
| ဧတိတ် | အခုရင် |
| ပစ္စုပ္ပန် | ယခု |
| အနာဂတ် | နောင် |

သဘောအလို ပြန်ဆိုပါမူ၊

အခုရင်....မထင်ရှားသောကာလ။

ယခု ....ထင်ရှားသောကာလ။

နောင်....ထင်ရှားသောဘဝမှ မထင်ရှားသောဘဝ

ကဲ့သို့ပြန်နစ်ထား၊ စက္ခုဝိညာဉ်ခေါ် မြင်စိတ်ကလေးသည် ပစ္စုပ္ပန်ကာလခေါ် ယခုကာလ၌ ဘယ်အနေဖြင့်ဖြစ်ရှိကာ နေရပါသနည်းလို့ ဝေဘန်ရာ၊ ဖြစ်ပျက်နေသည့် သင်္ခတသဘောနှင့် မဖြစ်နိုင် - မပျက်နိုင် သည့် အသင်္ခတ သဘောတို့ကိုသာ တွေ့ရှိရပေ၏။

ဖြစ်ပျက်နေသော သင်္ခတရဲ့ သဘောသွားကို ပြောကြားရပါမူ၊—

အဆင်း

မျက်စိ $\frac{\text{စက္ခုဝိညာဉ်}}{\text{မြင်စေဟ}}$ အလင်း

နှလုံးသွင်း

အထက်ပါအတိုင်း လေးပါးသော သဘောတို့ ရုံညီခိုက်မှာ ဖြစ်ရပုံနှင့် တခုယုတ်လျှင် ပျက်ရပုံ၊ ထိုဖြစ်,ပျက်ဆိုတဲ့ ၂-ခုသာလျှင်တွေ့ရပေ၏။ ဤကဲ့သို့ ဖြစ်,ပျက်နေပုံသဘောများကို ပြောကြားပါမူ၊ သင်္ခတသဘောရယ်လို့ခေါ်ရပြန်တယ်။ ထိုနောက်တဖန် တဆင့်တက်၍ ဖြစ်,ပျက်ထဲ ဖေါက်ခွဲ၍ ဝေဘန်ပါမူ၊ ဖြစ်သဘောကိုယ်တိုင်မဖြစ်နိုင်-မပျက်နိုင်ရုံမျှမက ဖြစ်ခိုက်မှာပင်လျှင် ပတ်ဝန်းကျင်လို့ ခေါ် ထိုက်သည့် လေးပါးသော သဘောတရားတို့သည်၊ တခုတခုအလိုအရ၊ ဖြစ်သဘောခေါ် မြင်စိတ်ရဲ့နည်းတူ မဖြစ်နိုင်-မပျက်နိုင်တဲ့ အသင်္ခတသဘော(ဝါ)တခုယည်းသည်း ဖြစ်နိုင်-ပျက်နိုင်တဲ့သဘောမှ ပျက်နေတဲ့ မူလပျက်ကိုသာလျှင် တွေ့ရပေ၏။

အထက်ပါ သဘောစုကို အတိုကျဉ်း၍ လိုရင်းကိုဆိုပါမူ၊ မြင်စိတ်ခေါ် စက္ခုဝိညာဉ်ကလေးသည်၊ ယခုလို့ဆိုတဲ့ ထင်ရှားသော ပစ္စုပ္ပန်ကာလ၌ ဖြစ်,ပျက်နေသော အနိစ္စ-ဒုက္ခ-အနတ္တဆိုတဲ့ သင်္ခတနယ်၌ ရပ်တည်၍တချင်းအလိုအရ၊ မဖြစ်နိုင်-မပျက်နိုင်တဲ့ အသင်္ခတနယ်(ဝါ) ဖြစ်နိုင်-ပျက်နိုင်သော သဘောမှ သုဉ်းဆိတ်တဲ့အနတ္တ-အနိစ္စ-ဒုက္ခဆိုတဲ့ သဘာဝလက္ခဏာ သုံးချက်နှင့်ညီညွတ်စွာ အနယ်ထိုင်ကာ ရှေ့သို့ မဆက်နိုင်ဘဲ မူလပျက်ဝုင် ဘိစရာဆုံးနေသည်ကို တွေ့ရပေ၏။ အထက်တွင် လက်တွေ့-မျက်တွေ့ ဖြစ်သည့်အတိုင်း ထင်ရှားသော ပစ္စုပ္ပန်ကာလ၌ပင် ဖြစ်,ပျက်နေသည့်သဘောနှင့်ဖြစ်သဘောကိုယ်တိုင် မဖြစ်နိုင်ဘဲ ဖြစ်နိုင်တဲ့သဘောမှ

ပျက်နေသော အပျက်၌သာလျှင် ဆုံးခန်း ဝင်သည့်ကိုသာ မငြင်းနိုင်လောက်အောင် ထင်ရှားပါသဖြင့်၊ အတိတ်ကာလခေါ်မထင်ရှားသောကာလနှင့် နောင်ခေါ် အနာဂတ် ကာလတို့၌ အဘယ်မှာလျှင် မပျက်သည့် တရား ရှိပါတော့အံ့နည်း။

သို့ပါ၍ မှတ်ချက် ချရမှာကတော့၊ ယခု ပင် လျှင် အနိစ္စ-ဒုက္ခ-အနတ္တနှင့် အနတ္တ-အနိစ္စ-ဒုက္ခ၊ ထိုတရား နှစ်ပါးသာ ထင်ရှားရှိပါတယ်ဆိုတော့ အရင်နှင့်နောင် တို့သည်လဲဘဲ ယခုရဲ့နည်းတူ ထူးတော့မည် မဟုတ်၊ လိုရင်းကို ထုတ်ပါမူ၊ အပျက်သာလျှင် အမှန်ဖြစ်၏၊ (ဝါ)တခုချင်း မဖြစ်နိုင်သော သဘောသာလျှင်ဖြစ်၏။

## ကာလဝိမုတ် ယူဆပုံ

ကာလဝိမုတ် ဆိုသည့်ကား....ကာလသုံးပါးစလုံး၌ လွတ်သည့်သဘောကိုဆိုသည်။

လွတ်ဟန်ကား.... အရင်-ယခု-နောင်ဆိုတဲ့ ကာလ သုံးပါးစလုံးထဲ၌ ဖြစ်,ပျက်နေသည့် သင်္ခတသဘောနှင့် မဖြစ် မပျက်သည့် အသင်္ခတသဘော၊ (ဝါ) အနတ္တ-အနိစ္စ-ဒုက္ခ အနေနှင့် ဖြစ်ကာနေရသည့်ကို ဉာဏ်ဖြင့်ငုံမိ ကျပ်ပြည့်သိ၍ ကာလသုံးပါးစလုံးအပေါ်၌ အတ္တ-နိစ္စ-သုခဟူ၍ ဘာဘာညာညာ မလုပ်တော့ဘဲ၊ ပေါ် ပေါက်လာသော အာရုံတိုင်း၌ ပေါ်သည့်အတိုင်းပင် ဒုက္ခ မြင်၍ သုခသင်မှတ် ပြုလုပ်တတ်တဲ့ စိတ်ရိုင်း စိတ်ရိုက် ခေါ်ဆိုထိုက်သည့် စိတ်ရိုက်နှင့် အာရုံ မတွေ့ဆုံဘဲ

ကာလသုံးပါးစလုံး အပေါ်၌ လွှတ်နေ၍ ငြိမ်းအေးစွာ နေနိုင်သည့်သဘောကို ကာလဝိမုတ်တဲ့ ကာလမှလွတ်တဲ့ စိတ်တဲ့လို့ ခေါ်နိုင်၏။ တနည်း-ပေါ်သည့်အခါရုံ တိုင်း၌ နဂ္ဂဆိုတာ သေချာဓိဓိ မခွဲသိ၍ သုခလို့ပင် ထင်မှတ်တတ်သည့် အထင်ရှိသောစိတ်ဖြင့် ဘယ်နံ့ရော အခါမှ မတွေ့ဆုံဘဲ လွတ်နေသည့်သဘောကို စေတော ဝိမုတ်လို့ ခေါ်သေး၏။

ဤကဲ့သို့ ဖြင်စိတ်ကလေးတလုံး အပေါ်၌ ကာလ သုံးပါးလွတ်ပုံနှင့် စေတောဝိမုတ် ဖြစ်ပုံသဘောသွား ကို ပြောကြားပြီးနောက် ''ပဉ္စကောဒို နပညာယတိ'' လို့ ပါဠိလာရှိသည့်အတိုင်း ဖြင်စိတ်ကလေးတလုံး၏ အစ ဖြစ်ပေါ်ပုံကို ဝေဘန်ကာ ကြည့်ပါမှ အောက်ပါ သဘောနှစ်ချက်ကို တွေ့ရ၏။

(က) သင်္ခတသဘော ဖြစ်,ပျက်၊

(ခ) အသင်္ခတသဘော မဖြစ်-မပျက်၊

ဤနှစ်ချက်ဖြင့်သာ ဝေဘန်စရာကို တွေ့ရပါပေ၏။

## သံသရာ အစ ရှိ, မရှိ ဘောင်ပြချက်း

စဥ္စုဝိညာဉ်လို့ အခေါ်အစွဲ ခံရသည့် သဘော ကလေးသည် မည်သည့်အခါကစ၍ မည်သည့်အခါမှာ ဆုံးပါသနည်းဆိုတဲ့ မေးခွန်းကိုထုတ်၍ ဝေဘန်ပါမှ—

ဖြစ်, ပျက်နေသည့် သင်္ခတနယ်မှနေ၍ ဝေဘန်လျှင် အကြောင်းနှင့်တကွ အကျိုးတရားတို့သည် ရုံညီကာ

ပူးပေါင်း၍ ပြိုင်သည့်အချိန်၌ စ,ကာဖြစ်၍ တခုယုတ်သည့် အခါ၌ ဆုံးသွားသည်ကိုသာ တွေ့ရပေ၏။

အထက်ပါ မေးခွန်းအတိုင်း တချုင်း အလိုဒေရ၊ မဖြစ်နိုင် - မပျက်နိုင်တဲ့ အသိတနယ်ကနေပြီး ဘောန်ပါမူ၊—

မြင်စိတ်လို့ အသမုတ်ခံရတဲ့ နာမ်,ပရမတ်ကလေးသည်၊ ပတ်ဝန်းကျင်ခေါ် အကြောင်းတရားတို့ရဲ့ ကူညီထောက်ပံ့မှုကို မရရှိက တခုတည်းတည်းအလိုအားဖြင့် မဖြစ်နိုင်သည့် အခြေမှစ၍ တခုတည်းတည်း ဖြစ်နိုင်မှုကို ပေါ် မပြုနိုင်တဲ့ သဘာဝနယ်၌သာ သုညတအနေဖြင့်သာ ဆိုးနေရရှာသည်ကိုသိရပေ၏။ စက္ခုပသာဒ၌ခေါ် မြင်စိတ်တခုကို ဟိုလို-သည်လိုဆိုတဲ့ ဆိုစရာအခြေအထိ နောက်ထပ်မရှိအောင် ထပ်ပြီးသိစရာကတော့ လျစ်လျူရှုတဲ့ ဥပေက္ခာဆိုတဲ့ သဘောဖြစ်၏။

## မြင်စိတ်ကလေး သဘာဝဥပေက္ခာဖြစ်ပုံ

မြင်စိတ်ခေါ်တဲ့ ထိုသဘောကလေးသည် ဘာ, ညာဘဲလို့ ဂရုစိုက်စရာ မရှိတဲ့ ဥပေက္ခာ၌ဆုံးခမ်းဝင်ရပုံမှာ၊ ထိုသဘောကလေး ဖြစ်လာခြင်းရဲ့ အကြောင်း သမုဒယဘို့ဟာ ပေါင်းရကာ ဝိစစ်ပါက အဆင်း, အလင်း, နှလုံးသွင်း, မျက်စိအကြည် ဤလေးလီရယ်လို့ တွေ့ရှိရပေ၏။ ဤလေးလီသည် မြင်စိတ်ဆို ထိုသဘောကလေးဘို ဂရုမစိုက်တတ်ပါ။ မြင်စိတ်ဆို ထိုသဘောကလေးက အကြောင်းလေးပါးကိုလဲဘဲ ဂရုမစိုက်အပ်ပါ။ ဤလေလီ

နှင့် ထိုမြင်စိတ်ကလေးတို့သည် တဦးသော သဘောက တဦးသောသဘောကို ဂရုစိုက်နိုင်တဲ့သဘော အနည်း အပါးမှ မရှိကြဘဲ လျစ်လျူ ရှုသည့်လို့ ခေါ်ကြတဲ့ ဥပေက္ခာဆိုတဲ့ အခြေအနေမှာ သိုစရာ မရှိလောက် အောင် ဆုံးနေရပေ၏။

ဆုံးနေရပုံကို ရုပ်လုံးဖော်ပါမူ၊ မြင်စိတ်ဖြစ်ရခြင်းရဲ့ အကြောင်းရင်းတွင် ပါဝင်သည့် အဆင်းကို မြင်စိတ်က ကျွန်ုပ်ဖြစ်ခိုက်မှ ခေတ္တခဏ သင်လဲဘဲဖြစ်ပါဦးဟု မဆို နိုင်သည့်အလားကဲ့သို့ ဖြစ်ရှိကာနေရ၏။ဖြစ်ရှိခါ နေရပုံ မှာ၊ အကြောင်းလေးပါးတွင် ပါဝင်သည့် အလင်းဆို သည့် ထိုသဘော ချုပ်ပျောက်သည်နှင့် တပြိုင် နက် အဆင်းနှင့် မြင်စိတ်တို့သည် မဆက်ဆံနိုင်တော့ဘဲ ကွဲ ကြရပြန်၏။

အကြောင်းက အကျိုးကို ဂရုမစိုက်တတ်ပုံမှာ၊.... အလင်းချုပ်ကာမျှနှင့် အဆင်းနှင့်မြင်စိတ်တို့ ကင်းပြတ် ရပုံကို ထောက်လျှင်၊ အကြောင်းဟု ဆိုထိုက်သည့် အဆင်းက အကျိုးခေါ် မြင်စိတ်ကို ဂရုမစိုက်တတ်ပါ။ ဤသဘော တရားအတိုင်း ဖြစ်ကာနေရခြင်းရဲ့ အ ကြောင်းရင်းမှာ၊ တခုချင်းအလိုအရ ဖြစ်နိုင်-ပျက်နိုင် တဲ့သဘောမှ ကြောင်း,ကျိုးနှစ်ရပ်တို့သည် ပျက်နေ၍ မှုလပျက်ကြောင့်ဆိုတာမမေ့ပါနှင့်။ ဤကဲ့သို့ ဂရုစိုက်စ ရာမရှိတဲ့ ဥပေက္ခာဆိုတာသိရတော့ သဘာဝခေါ် မြင် စိတ်က ဂရုစိုက်စရာမရှိသည့်အတိုင်း အကျွန်ုပ်ခေါ် ဝိဝိ ကလည်း သဘာဝအတိုင်း နေလိုက်ပါက ကိုယ်စိတ်နှစ်

ပါး ငြိမ်းအေးချမ်းသာ၍ သင်္ခါရုပေက္ခာ ဉာဏ်ကြီးအထိ ရပြီး ရောက်ပြီးဖြစ်နေပါတော့၏။ ရုပ်,နာမ်နယ်က သင်္ခါရုပေက္ခာဟု မှတ်ပါ။

## ဃနသဘော၌ သိဘွယ်

အထက်တွင်ဝေဘန်ခဲ့သည့်အတိုင်း မြင်စိတ်ခေါ်နာမ် ပရမတ်ကလေးနှင့် အဆင်းစသော သဘောလေးမျိုးတို့သည် တခုသောသဘာဝ၏ အလိုအားဖြင့်၊ တခုသော သဘာဝ၏အလိုသို့ငဲ့ကွက်လိုက်ပါနိုင်မှုကင်းမဲ့တဲ့ ဥပေက္ခာ ဓမ္မသဘာဝတို့ဖြစ်ကြပါလျက်နှင့် ကိစ္စဃနခေါ် ကြောင်း ကျိုးနှစ်ရပ် ပေါင်းစပ်နေမှု ငါးခုအစုတို့သည်၊ သဏ္ဌာဝါတို့၏ သဏ္ဌာန်၌ (ဝါ) အနုတ္တစစ်-အနိဗ္ဗစစ်-ဒုက္ခစစ်တို့ကို ဉာဏ်ဖြင့်အုပ်မိ၊ တကယ်မသိသမျှ တသားတည်းပမာ တခုတည်းဟု အထင်ပိုစချ မြင်တာပါဟု ထင်နေရသည်ကား အဘယ်ကြောင့်ပါနည်းဟု အမှား မဘက် ပညာသက်သက်ဖြင့် အစိုင်အခဲ ရောင် ရောင် အထင်ကြောင်းရတဲ့ မြင်သည့်သဘာဝ ဓါတ်ဃနကို ဖေါက်ခွဲ သမှုဉာဏ်ဖြင့်ပြု၍ ကြည့်ရှုပါမူ၊ အောက်ပါသိမှု အဖြေရကို ကေန်မလွဲ ဒါပါဘဲဟု မလှဲပုံသေ ဆိုထိုက်ချေ၏။ အဖြေမှာကား၊ သင်္ခတနှင့် အသင်္ခတ ထိုနှစ်ဝတို့ လိုရင်းကိုစစ် အဖြေဖြစ်၏။

(က) သင်္ခတသဘော အဖြေပြောမှု၊ ကျိုး,ကြောင်း နှစ်ရပ် ပူးတွဲစပ်လျက် တပြိုင်တည်းပျက်၊ တပြိုင်တည်း ဖြစ်သည့်စနစ်ကြောင့် တခုတည်းသာ ထင်ကြရာ၏။

လွန်စွာနဲ့နက် အသိခက်သည့် အသင်္ခတ သဘော ပြန်ပြောပါမူ၊ ကျိုး, ကြောင်း နှစ်ရပ် ဖြစ်ပျက် ခိုက်မှာ ဖြစ်သဘောကိုယ်တိုင် ဖြစ်နိုင်မှုမရှိ ပျက်နေဘိ ကြောင့်။ ထိုသည့်အလား အကြောင်းများက အကျိုးရဲ့ နည်းတူ၊ တခုတည်းသာ မဖြစ်ရာဘဲ အပျက်သာလျှင် ဧကန်အဖြစ် သည့်စနစ်ကြောင့် အပျက်ချင်းသာတူရပါ သဖြင့်၊ အပျက်တရားစုပေါင်းထားမှု သဘောစုကို မသိ ကြပြား ရှင်,လူများတို့ မှားကြပုံအမှု တခုဧကန်ရှိဘာ မှန်ဟု အမှန်ရချယူသကြ၏၊ ဤလိုအပျက်တူညီချက်ကို သိရန်အလုပ် အားထုတ်ပြုပြား ဗိုလ်လူများက အမှား မပို သိတိုင်းဆို၍ အပျက်ကိုသာ ပေါ်ပြရာ၏။ မှတ်ရာ တနည်း ဧကန်တည်း။

အထက်တွင် ဝေဘန်ခဲ့သည့်အတိုင်း ဥပေက္ခာ သဘာဝ သင်္ခတ-အသင်္ခတတို့ရဲ့ သဘောသွား နေဟန်ကို သေချာစွာ သိရသောကြောင့် "စတုသစ္စာ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ"လို့ လာရှိသည့်အတိုင်း အနက်ပြန်ဆို ပါမူ၊ သစ္စာလေးပါးမှ လွတ်သော တရားမည်သည်မရှိ ဟု ဆိုထားပါသဖြင့်၊ စက္ခုဝိညာဉ် မြင်စိတ် ကလေး သည် သဘာဝသစ္စာလေးပါး ပါဝင်နေပုံ၊ (၀၁) ဆိုက် နေပုံဘို့ကို မကျဉ်း မကျယ်လွန်းသော "နာတိဝိတ္ထာရ နာတိသင်္ခေပ နယ"အားဖြင့် ဝေဘန်ချန် သဘောအစုကို ဟောမှုဖြင့် တန်ဆာဆင်၍ ဉာဏ်အမြင်အသိ ပေါက်စေ ဘို့ အတိအရောက် ဧကန်မမှားဘဲ အနေ...နှင့် သဘော

မဟုတ် အပြောအလုပ်နှစ်ခုပါသည့် စတုသစ္စာသဘော သွားကို ပြောကြားရပါမူ အောက်ပါအတိုင်းဖြစ်၏။

## မြင်စိတ်ကလေးတလုံးကို သဘာဝ သစ္စာသို့ ဆိုက်အောင်ဝေဘန်ခန်း

မြင်စိတ်ဘဲလို့ ခေါ်ဝေါ်ခံရတဲ့ သဘောတရားကလေး၏ သဘာဝဒုက္ခ သစ္စာဖြစ်ရပုံမှာ၊ တခုထည်းထည်းဖြစ်နိုင်-ပျက်နိုင်သည့်သဘောမှ သုဉ်းဆိတ်နေပါသဖြင့်၊ ဘည်ရာ မှီရာ-တွယ်တာစရာရှာမရတဲ့သဘာဝကဲ့သို့ဖြစ်နေပေ၏။ ဤအတိုင်းသာ ဖြစ်ရှိကာနေရဘာ အမှန် ဖြစ်သော ကြောင့် ဒုက္ခ သစ္စာဟု ဆိုသိုက်၏။ တနည်း-ဒုက္ခသစ္စာ ဖြစ်ရပုံမှာ၊ တခုဘည်းနှင့် ဖြစ်နိုင်-ပျက်နိုင်သော စွမ်း ပကားအင်အားတို့သည် အနည်းအပါးမျှ မရှိရှာသော ကြောင့် မြင်စိတ်ခေါ် ထိုသဘောကလေး၏ သဘာဝ ဖြစ်နေရပုံမှာ၊ ဖြစ်လိုသပါဘိဟု တစာစာ ကြွေးကြော် ပါသော်လည်းမဖြစ်ရ။ အဆင်းစသော အကြောင်းလေး ပါးစုစည်းခိုက်မှာ မဖြစ်ချင်ပါဘူးဟု ဟန့်ထားကာ ကန့် ကွက်နိုင်သည့် အားသတ္တိမရှိ။ သို့အတွက်ကြောင့် သူ့ အလိုဟူကာ မြူမျှမရှိ။ ပတ်ဝန်းကျင်အလို အတိသာ ဖြစ် ကာ နေရပါသောကြောင့် အလိုမရှိအပ်တဲ့ သဘော၊ သက်သာရာ မရတဲ့ သဘောနှင့်သာ တူမျှနေသော ကြောင့် ဒုက္ခဟု ဆိုထိုက်၏။ ဤကဲ့သို့ အမှန်အတိုင်းသာ လယ်ပြင်တွင်-ဆင်သွားသကဲ့သို့ ထင်ရှားစွာ ဖြစ်နေရ ပါသောကြောင့် သစ္စာလို့ ဆို၏။ ဒုက္ခနှင့်သစ္စာ. နှစ်ခု

ပေါင်းကို တခုကောင်းပြုက ထို မြင်စိတ်ကလေးသည် ဒုက္ခသစ္စာဖြစ်၏။

## သမုဒယသစ္စာ ဖြစ်ပုံ

ထိုမြင်စိတ်ကလေး၏ သမုဒယသစ္စာကို သုတေသန ပြုပါမူ၊ ဖြစ်ရပုံမှာ၊ ထိုသဘောကလေး ပေါ်လွင်လာရခြင်း၏ သမုဒယ ခေါ် အကြောင်းရင်းကို လက်တွေ့- မနေ့တွေ့ - သဘောတွေ့ - တောင်းပါက "စက္ခုရူပ အာလောက မနသိကာရ စက္ခုဝိညာဏ်" ဆိုတဲ့ ပါဠိ လာရှိသည့်အတိုင်း၊ ရူပစသော ထိုလေးပါးသည်သာ မြင်စိတ်ရဲ့ သမုဒယဖြစ်၏၊ ထိုသဘောများကို လွတ်၍ ဤမြင်စိတ် ဖြစ်ရခြင်း၌ အခြား သဘောကို ယူဆက မှားကြပေလိမ့်မည်၊ အဘယ်ကြောင့် ဆိုသော် ထိုအကြောင်း လေးပါးသာလျှင် မျက်မှောက် ဟုတ်ပါလော့။ ဤသည့် အတိုင်း ချဲ့ဆိုင်းတဲ ဟုတ်တိုင်း မှန်ရာယူရပါမူ၊ မြင်စိတ်ခေါ် ပြု မြင်သိမှု၏ သမုဒယ ကား- ထိုလေးပါးသည်သာ အဟုတ်ပါဟု ဧကန်ပြု၍ ညွှတ်ရ ကိုသာ ဆုံးဖြတ်ပါတော့။ ဟုတ်ထာဧကန် သည့်ချုပ်,နာမ် အပြင်အလျှင်းမရှိ ဧကန်တိတိ အမှန်သိ၍ ထိုသိသဘော ဟုတ်တိုင်းပြောမှု ရူပစသော ထိုလေးပါးကို သစ္စာလို့သာ ဆိုထိုက်ရာ၏။ သမုဒယနှင့် သစ္စာနှစ်ခုပါအောင် အပေါင်းသင်္ချာ ပြုလိုက်ပါက၊ သစ္စာ လေးပါးတွင် တပါးပါဝင်သည့် သမုဒယသစ္စာခေါ် ဘွဲ့ရသည် မှတ်အုံး နောက်ဆုံးမလွဲတည်း။

## နိရောဓသစ္စာ ဖြစ်ပေါ်ပုံ

ဖြင်ဗိုတ် နာမ်လို့ အထင်ခံရတဲ့ ထိုသဘောကလေးသည်၊ အဆင်းစသောအကြောင်းလေးပါးနှင့် မပေါင်းသင်းဘဲ ထည်းထည်း အလိုအရ၊ ဖြစ်သည့် သဘောနှင့် ပျက်ဆိုသည့်သဘောမှ ပေါ် ဖြူနိုင်တဲ့ စွမ်းပကားသတ္တိ နဲ့နဲ့မှမရှိဘဲ ကွာခဲ့ကင်းပြတ်ချုပ်ငြိမ်းနေ၏။ ဤသည့်အခြေရှိနေသည်ကို မာဂဓနယ်ပြောမယ်ဆိုက နိရောဓဘဲ ခေါ်ကာဖွဲ့၏။မြန်မာအလို ချုပ်တယ်ဆို၏။ထို့ပြင်တချက် ဖြည့်စွက်ရာအမှန်ငြိမ်းတာကျန်၏။နှစ်တန်စုပေါင်း အသိ ကောင်းအောင် တိုက်ရိုက်အလိုပြန်ဆိုပါမူ၊ ခေါ်စရာ အစစ် သူ့စနစ်မှာ နိရောဓဘဲ ချုပ်ငြိမ်းဘဲဟု အသည်း ကညစ် ရေးခြစ်သည့်အလား အခေါ်နှစ်ပါးကို မမှား ဧကန် မှတ်ကြောင်းမှန်သည့် နှစ်တန်နာမ သိဘို့တည်း။ သိသည့် အတိုင်းသာ ဟုတ်နေတာကို ပါဠိလိုသာ ပြောမယ်ဆိုက သစ္စာလို့ပင် ခေါ်ဘို့တွင်၏။ မှန်တာသစ္စာ ဟုတ်နေတာနှင့် ချုပ်ငြိမ်းစုပေါင်း သိစေကြောင်းကို အပေါင်းဧကန် ပြုလိုက်ပြန်က နိရောဓသစ္စာ ဖြစ်လို့လာ၏။ သစ္စာလေးပါးပေါ် ထုတ်ကြွား၍ ရေးသားသမှု ပြုခဲ့လေတာ၊ သုံးဆင့်ကိုသာ ရောက်လို့လာသည့် မှတ်ရန် အသိ မငြိုးစရာ နိရောဓပါဟု ပြောကာပြုလေ့ ရှင်လျှ အပေါင်း ဆုတောင်းကြွတာ ဤသစ္စာမှာ နိရောဓသာ ဧကန်အပြီးရောက်လေသတည်း။

## မဂ္ဂသစ္စာယူဆပုံ

အသမုတ်ခံရုပ်နာမ်တို့အထဲ၌ အပါအဝင် ဖြစ်သည့် မြင်သည့် စိတ်ခေါ် သဘောတရားကလေးကို မဂ္ဂသစ္စာ ယူဆပုံမှာ၊....

စက္ခုဝိညာဉ်ဘဲ မြင်စိတ်ဘဲလို့ ခေါ်စွဲခံရသည့် သဘောတရားကလေးအပေါ် ဖေါက်ခွဲကြည့်ရှုရာ၊ ကျိုး-ကြောင်းနှစ်ရပ်တို့ ပူးတွဲကာပြိုင်တူဖြစ်၍ ပြိုင်တူပျက်နေရသည့် သင်္ခတသဘောကိုသာ တွေ့ရှိရ၏။ ထို့မှာဘချက် တဆင့်တက်၍၊ ဘာ့ကြောင့် ဤကဲ့သို့ အငြိမ်မနေ ရုန်းမရ ဖြစ်သည့်နှင့်တပြိုင်နက် အပျက်ဘက်သို့ငဲ့ကွက်လိုက်ပါနေရသနည်းဟု ဝေဘန်သမှုမေးစစ်ပြု၍ ပညာသိနယ် လွန်မလွယ်ဘဲ အသင်္ခတနယ် လွန်ဆန်းကြယ်သည့် သဘောသက်သက် အပြောခက်၍ ပညာရှိသာ သိထိုက်ရာ၏။ ကြောင်း-ကျိုးနှစ်ရပေါင်းရနေထိုက်၊ ထိုအခိုက်ပင် ဖြစ်တယ်ထင်သည့် ဖြစ်သိအလို အမှန်ဆိုက တခုတည်းသာ မဖြစ်နိုင်ဘဲ ဘုန်းဘုန်းလဲ၍ ထိုနည်းတူစွာ အကြောင်းမှာမူ ဖြစ်နိုင်လိုဘိ အားမရှိဘဲ ကျိုးရဲ့နည်းတူ ပျက်သည်ဟူ၏။ ဤလိုအပျက် ထိုနှစ်ချက်တို့ ပေါင်းလျက်နေတာ ဖြစ်ထာပါဟု ခေါ်ကြရ၏။ ဤသိစနစ် ထိုအဖြစ်ကို စိစစ်ဝေဘန် ဆုံးဖြတ်ဟန်ကို နာမည်အလို မဂ်လို့ဆို၏။ ထိုသည့်နေဟန် အကြောင်းကန်ကို အမှန်မချ မကျန်လှဘဲ ရှိသည့်အတိုင်း ဟုတ်တိုင်းမှန်ရာဖြစ်နေတာကို ဗမာအလို သစ္စာဆို၏။ ရှေ့နည်း ၎င်းအခေါ်

နှစ်ခု ပေါင်းစည်းပြုက မဂ္ဂသစ္စာမှတ်ထိုက်ရာသည့် မှာက် ခါမည်ပြီး အပြီးသို့သာ ဆိုထိုက်ပါ၏ နောက်ဆုံး သိအုံး တနည်းတည်း။

အထက်တွင်ပေါ်ပြခဲ့သည့်အတိုင်းမြင်စိတ်လို့အခေါ် ခွဲခံရတဲ့ သဘောတရားကလေးကို ဝေဘန်ခဲ့ရာ၊ သစ္စာ လေးပါး အမှန်တရားသို့ ဆိုက်ရောက်ခဲ့ပေပြီ။ ထိုသစ္စာ လေးပါးအနက် တတိယမြောက် သစ္စာခေါ် နိရောဓသစ္စာ အပေါ်၌ အနည်းငယ် ဝေဘန်ပါမူ၊ နိရောဓ ဆိုသည် ကား ချုပ်ငြိမ်းခြင်းလို့ အဓိပ္ပါယ်ရ၏။ ထို မြင် ဆိုတဲ့ သဘောကလေးသည် တခုတည်းဖြစ်နိုင်သောသဘောမှ ချုပ်ငြိမ်းနေသည်ကို တွေ့ရှိရပေ၏။ သို့ပါ၍ အောက်ပါ ပါဠိ လာရှိသည့်အတိုင်း သဘာဝနယ်၌ နိရောဓသစ္စာ ထိုက်သဖြင့် နိရောဓသစ္စာလို့ပင်ဖွဲ့ဆိုလိုက်၏။

နိရောဓောဟောတိတိ အနုပ္ပါဒေါ ဟောတိ။

( မဟာဝါကျမ်း မဟာခန္ဓကအဖွင့် )

နိရောဓော၊ ချုပ်ငြိမ်းနေခြင်းသည်။ ဟောတိ၊ စင်စစ် မသွေ ဖြစ်၍နေ၏။ ဣတိ၊ ဤသို့ ဆိုလိုက် ခြင်းသည်။ အနုပ္ပါဒေါ၊ ဖြစ်သဘော ဟူ၍ ရှိမှု ရှာမရတဲ့ မဖြစ် သဘောကို ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ မဟာဝါကျမ်းမိန့်တန်းသည့်အတိုင်း ချုပ်ငြိမ်း နေသော သဘောကို နိရောဓသစ္စာလို့ဆိုရ၏။ ထိုကဲ့သို့ သစ္စာဆိုက်သည့်အခြေအထိ ပြဆိုကာ ဝေဘန်ခဲ့ပြီးသည့် နောက်၊ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကိုမြင်နိုင်သည့်အခြေ

အထိမိကြစေရန်၊ရုပ်နာမ်လောကထဲ၌ အဟုတ်တကယ် အမှန်ရှိသည့်တရားများကို ရှိသည့်အတိုင်းသာ သိကြပါမှ ဥပါဒါန်မှ ဝေးလံတဲ့ နိဗ္ဗာန်သို့ မျက်မှောက်ပြုကြရပေလိမ့်မည်။

## သတိပေးချက်

ဝိပဿနာ လိုက်စား ပွားများ ကြိုးကုတ် အားထုတ်၍ နေကြကုန်သော အသင်ယောဂီ- အသျှင်ယောဂီတို့သည်၊ အောက်ပါ အမှန်ရှိ တရားများကို သိနားလည်အောင် ကြိုးဆောင်ကြိုးကုတ် အားတုတ်ကြရန် ကောင်းမြတ်သောစိတ်ထားဖြင့် သတိပေးစကားရေးသားလိုက်ရပေသတည်း။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ။
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံတိ။
( ဝိဘင်းပါဠိတော် )

ဘိက္ခဝေ၊အရိယာအလောင်းဝေနေယျအပေါင်းတို့၊ ရူပံ၊ စက္ခု,သောတ,ဃာန စသော ရုပ်တရားဟု အခေါ် အဝေါ်ခံရသော သဘောတရား ဟူသမျှသည်၊ အနိစ္စံ၊ မခိုင်ခံ့ဘဲ ယိုင်ကာလဲ၍ ပြိုကွဲတတ်သောသဘောဖြစ်၏၊ သင်္ခတံ၊ ပတ်ဝန်းကျင်ပေါင်းစု နီးကပ်မှုဖြင့် အကြောင်းဟုခေါ်ထိုက်သည့် တရားတို့၏ အပြုအပြင် အစီအမံကို မလွှန်ဆံသာအောင် တခံတည်း ခံနေရသော သဘောဖြစ်၏။ ပဋိစ္စသမုပ္ပန္နံ မိမိစွမ်းပကား အင်အားသတ္တိမြို့မှု မရှိဘဲ အခြားခေါ်ဆို သဘောထိုထိုတို့အား တွယ်တာ

ပြီးမှ ဖြစ်ပေါ်နေရသောသဘောဖြစ်၏။ ခယဝဏ္ဏ၊ သိမ်းပိုက်စရာကုန်ဆုံး ယူကျုံးမရသောသဘောဖြစ်၏။ ဝယဝဏ္ဏ၊ စွဲစရာမရှိ ဗလာနတ္ထိ ပျောက်ပျက်ခြင်းသဘော ဖြစ်၏။ ဝိရာဂဝဏ္ဏ၊ တခုနှင့်တခု ကူးလူးမှုမပြု ဆက်ဆံခြင်းမရှိ ကင်းပြတ်တတ်သော သဘောဖြစ်၏။ နိရောဓဝဏ္ဏ၊ မည်သူကမှ စီမံ၍မရ ပကတိသောအားဖြင့် သူ့သဘောအတိုင်း ချမဆိုင်းဘဲ ချုပ်ငြိမ်းသောသဘောဖြစ်၏။

အထက်ပါဝိဘင်းပါဠိတော်အတိုင်း ထင်စရာပြကြတဲ့ သင်္ခါရတို့အထဲ၌ ဖေါက်ခွဲကာ ကြည့်ရှုတတ်ပါက အထက်ပါ သဘောရပ်ကိုသာလျှင် ကောန်မရချ စင်စစ်မသွေ ရှိခါနေ၏။ ထိုအရှိတရားများကို အသိပွားကြရန် ရေတွက်ခါ ဂဏန်းချ၍ပြရလျှင် ဤမျှသာ ရှိပေ၏။

(၁) ဃန-အစိုင်အခဲဟုထင်ရောင်။
(၂) ခယ-ကုန်ခန်းနေသည့်သဘော။
(၃) ဝယ-ပျောက်ပျက်တတ်သောသဘော။
(၄) ဝိရာဂ-ကင်းပြတ်နေသည့်သဘော။
(၅) နိရောဓ-ချုပ်ငြိမ်းနေသည့်သဘော။

အထက်ပါ သဘောတရားငါးပါးသာလျှင် လိုရင်းအနေအားဖြင့် ရှိနေပေ၏။

ထိုသဘောတရားများကို တခုစီ ထုတ်နှုတ်ရှင်းပါမူ၊ ကျမ်းဦး အစတွင် ပြခဲ့သည့် အတိုင်း "အနတ္တံ အပ္ပသသင်္ခါရာ ဃနပဋိဗ္ဗန္ဓကာ" လို့ ဆိုရာ၊ အနတ္တ ဆိုတဲ့ လက္ခဏာ အစစ်ကို မမြင်အောင် ဖုံးကွယ် ထားသော

အရာကား ဃာနပေတည်းဟု အဋ္ဌကထာဆရာမိန့်သည့် အလိုအားဖြင့် ဃာနဆိုတဲ့ သဘောရုပ်ကို ကွယ်ချုပ်တဲ့ အခြေအထိပြခဲ့ရာ အတော်ပင် သဘောမိပေပြီ။ သို့ပါသော် အလျင်းသင့်၍ အနည်းငယ်ထပ်လောင်း၍ ပြဆိုပါမူ အောက်ပါအတိုင်းဖြစ်၏။

ရုပ်နာမ်သို့အသာမှတ်ခံရတဲ့သဘောတရားဟူသမျှတို့သည် အစိုင်အခဲ ယောင်ယောင် ထင်မှတ်နေတတ်သော ဟာ ဃာနသဘောတည်း၊ သို့ပါ၍ ယခု စံနမူနာ ထား၍ မြင်စိတ်ခေါ် စက္ခုဝိညာဉ်ကို တောန် ခဲ့သည့် အတိုင်း အကြောင်းတရားနှင့် အကျိုးတရားတို့ပူးတွဲပေါင်းစပ်၍ နေခိုက်မှာ တခုထည်း တသားထည်းပမာလို ထင်နေရတာဟာ ဃာနကို ခြေအောင် မချေနိုင်သဖြင့် ဤကဲ့သို့ အယောင်မှားရာဖြစ်နေ၏။ ယခုကား မြင်စိတ်ခေါ် ကိစ္စ ဃာနကလေးအား ကြောင်းကျိုးထုတ်၍ စစ်ဆေးရာ မူလ ပျက်ဆိုတဲ့အခြေထွက်၍ ပညာသိနယ်မှ အနတ္တပေါ်ထွက်လာမှုသည် ဃာနခဲမှ ကြေကွဲသွားသောသဘောဖြစ်၏။

မြင်စိတ်ခေါ် ထိုသဘောကလေးသည် အကြောင်းတရားရဲ့နည်းတူ တခုထည်းထည်း ဖြစ်နိုင်ပျက်နိုင်သည့် သဘောမှ ကုန်ခန်းနေတယ်ဆိုတော့၊ ဃာနက ဖြုတ်လိုက်ပါက ခယ-ဆိုတဲ့ကုန်ခန်းမှုသာလျှင် ရှိပေတော့၏။

# ခဏ-ကိုဝေဘန်ခဏ်း

ခဏ-ဆိုတဲ့ ကုန်ခန်းမှုကို လက်တွေ့ခွဲစိတ်ကြည့်ရှုရာ အောက်ပါအတိုင်း နှစ်မျိုးတွေ့ရ၏။

## ပညတ်ကုန်ခန်းပုံ

သဏ္ဌာန်ဖြင့် အရိပ်အရောင် အမည်နာမဆိုတဲ့ မိန်းမ ဘဲ ယောကျ်ားဘဲလို့ ခေါ်ဝေါ်ခံရတဲ့ ခေါ်ဝေါ်မှုကုန်ခန်းသွား တာဟာ ပညတ်ကုန်ခန်းခြင်းဖြစ်ပေသည်။

(ဥပမာ) မြင်စိတ် ဆိုတာ မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သဏ္ဌာန်,ဒြပ်သဏ္ဌာန်မဟုတ်၊ သဘောတရား ကလေးမျှသာဟု သိလိုက်သည်နှင့် တပြိုင်နက်၊ ပညတ် နယ်မှ ထင်မှတ်စွဲယူခဲ့သော အခေါ်အဝေါ် အထင်များ ကုန်ခန်းသွားခြင်းသည် ပညတ်ခဏဖြစ်၏။

## ပရမတ်ကုန်ခန်းပုံ

ထိုကဲ့သို့ ပညတ်နယ်မှ အထင်များ ကုန်သွားသော် လည်း အစိုင်အခဲရောင်ထင်ရဘဲသဘောကလေးကျန်နေ ပြန်၏။ ထိုသဘောကလေးကို တဆင့် ဖေါက်ခွဲ၍ ကုန် ခန်းသည့်အခြေအထိ သိလိုက်ခြင်းသည် ပရမတ် ခဏ၊ (ဝါ)ပရမတ်ခေါ် သဘောတရားကလေး ကုန်ခန်းသွား ခြင်းမည်၏။

(ဥပမာ) မြင်စိတ်ခေါ် သဘောတရား ကလေးက မြင်နိုင်ပါသလားဟု မေးစစ်ပြုရာ အကြောင်းတရားကို သာ တွေ့ရပေ၏။

ထို အကြောင်းခေါ်ထိုက်သည့် အဆင်း, အလင်း, နှစ်လုံးသွင်း,မျက်စိ ဤလေးလီစုံညီမှ မြင်မှုဖြစ်ရပါတယ် ဆိုတာ ဉာဏ်ဖြင့် ကျစ်ပြည့်ဆိလိုက်ရတော့၊ ထိုပညတ်နယ်မှ ကြွင်းကျန်ခဲ့သည့် ထိုသဘောကလေးသည် တခုတည်း ဖြစ်နိုင်သည့်သဘောမှ ကုန်ခန်း သွားပါတော့သည်။ ဤသို့ သဘောတရားကလေး ကုန်ခန်းသွားခြင်းသည် ပရမတ်ကုန်ခန်းမှုခေါ် ပရမတ် ခယ-ဖြစ်၏။

---

## ဝယ-ကို ဝေဘန်ခဏ်း

ဝယခေါ် ပျောက်ပျက်တတ်သောသဘောကို ဝေဘန်ရာ နှစ်မျိုး-နှစ်စားရှိနေသည်ကို တွေ့ရ၏။

(က) ပဌမ ဝယ။

(ခ) ဒုတိယ ဝယ။

အထက်ပါအတိုင်း နှစ်မျိုးရှိပေ၏။

### ပဌမ ဝယ-ယူဆဟန်မှာ

(ဥပမာ) မြင်စိတ်လို့ ခေါ်ခွဲခံရတဲ့ သဘောတရားကလေးကို ဝေဘန်ရာ၊ အကြောင်း လေးပါးကြောင့် ဖြစ်ပေါ်လာရတယ်ဟု အဖြေပေး၏။

သို့ပါ၍ လက်တွေ့စမ်းသပ်ရာ၊....

(က) အဆင်းထဲမှာ မြင်စိတ်ခေါ် သဘောကို ဖြစ်အောင်ပြုလုပ်နိုင်သော သဘာဝရှာ၍ မရ။

(၁) အလင်းလဲဘဲ ထိုသဘောကလေး ဖြင်အောင် ဆောင်ရွက်နိုင်တဲ့သတ္တိဟူက မြူမျှ မရှိ။

(၈) မျက်စိထဲမှာလဲ ဖြင်စိတ်ခေါ် ထိုသဘောကို ပြုလုပ်ဆောင်ရွက်နိုင်သည့် သဘာဝ မတွေ့မရှိရ။

(၃) မနသိကာရခေါ် နှလုံးသွင်းလဲ ဖြင်စိတ်ကို ကျေးဇူးပြုခါ အားထုတ်နိုင်သော လုလ္လ ဗျာပါရမရှိ။

ဤသည့် အကြောင်း လေးပါးတို့သာ တခုတည်း သဘောဖြင့် ဆောင်ရွက်နိုင် ပြုလုပ်နိုင်သော လုလ္လမဲ့ နေသော တရားများသာ ဖြစ်၍၊ ထိုလေးပါးထဲမှာလဲ ဖြင်စိတ်ခေါ် သဘောကို ရှာဖွေရာမတွေ့၊ ပတ်ပန်းကျင်နှင့် အင်း၍လဲတခုတည်းမဖြစ်နိုင် ဖြစ်နိုင်သည့်အားမှ ပျောက်ပျက်နေ၏။

ယခုကဲ့သို့ အရင်-ယာခု-နောင်ဆိုတဲ့ ကာလသုံးပါး ထဲမှာ လက်တွေ့ ရှာဖွေရာ၊ ဖြင်စိတ်ခေါ် ထိုသဘော ကလေးကို မတွေ့မရှိပေါ၊ သို့ပါ၍ ပျောက်ပျက်နေသော သဘောမျှသာ ဖြစ်ပါသဖြင့်။ ဤသည့်အခနေ ဖြစ်ရှိခါနေ ရသည့်သဘာဝကို ဝယ-လိုသာ ဧါဋ္ဌဗ္ဗာ-မှတ်ကြ ပေတော့။

ဤကဲ့သို့ ဖြစ်ရှိခါ နေပုံကို ဧဝိဇ္ဇာအားကြီးလှသော သူမိုက်တို့သည် မေ့ရှိကာနေမည်ကိုစိုးရိမ်တော်မူသဖြင့်၊

ဘ-ဘုရားသည် ပရိနိဗ္ဗာန်စံခါနီး မလ္လာမင်းဥယျာဉ်၌ မိန့်တော်မူခဲ့သည်မှာ၊ ဝယဓမ္မ-ပင် မဟုတ်ပါလော့။ ဤအပျက်ကိုမမေ့လျှင်''အမတံ နိဗ္ဗာနံ''ဟုပင် ဟောခဲ့၏။ အပျက်ကို မမေ့သောသူသည်၊ အမတံ၊ သေခြင်း ကင်းသော နိဗ္ဗာန်သို့ ရောက်ခြင်း၏၊ ပဒ်၊ အကြောင်းတည်း-လို့ အပျက်မမေ့ရခြင်း၊ ဤအကျိုးကိုပါ ထုတ်၍ ပြခဲ့ပေသေးပြီ။

နိဗ္ဗာန်ရောက်သိတဲ့ ယောဂီ၊ ယခုနိဗ္ဗာန်ရောက်စေတဲ့ အသိပညာနှင့် ရင်ဆိုင်တွေ့နေရပြီ။ သဘော မချောက်တတ်ပါက ဤအခဏ်းကို အကြိမ်ကြိမ်ဘတ်ရန်မမေ့နှင့်။

## ဒုတိယ ဝယ ဖြစ်ပေါ်ရပုံ

အထက်ပါ သဘောအတိုင်း အပျက် သဘောကို မဝေဘန်နိုင်သဖြင့် မသိချက် ဆိုးဝါးလှသော သတ္တဝါများတို့သည်၊ ဝယ-သဘောကို ဟုတ်တိုင်းမှန်ရာ မသိကြရပါသဖြင့်၊ မသိတရား အုပ်ခါထားမှုကြောင့် ကုန်ခန်းတဲ့ သဘောနှင့် အပျက် သဘောတွေဟာ အနန္တ၊ သူ့ဘာသာသူ အပြည့်အနှက်ရှိနေတာကို အားထုတ် ကြံစည်မှု၏ တိုက်တွန်းချက်ဖြင့် အားထုတ် ကြံစည်လိုက်တော့၊ ထိုအားထုတ်ကြံစည်မှုသည် အပျက်ထဲသို့ ဝင်၍ချန်ဆင်းသည့်အလား၊ တမဟုတ်ခြင်း ပကာတိပျောက်ကွယ် ပျက်စီးခြင်းမျိုးကဲ့သို့ ထိုအားထုတ်မှု စွဲယူမှု ထင်မှတ်မှု ဆိုက်ရောက်သွားတာ ဒုတိယဝယခေါ် နှစ်ကြိမ်မြောက် အပျက်လို့ ဆိုလိုပါသည်။

အပျက်ကို မမေ့သော သတိဖြင့် နေပါမူ၊ နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း ဖြစ်ကြောင်းကို ရှေ့တွင် တဖြေးဖြေးထင်ရှားလတ္တံ့။

ဤနေရာ၌ စာအုပ်ပိတ်ပြီး တဆိတ်လောက်ဆေးလိပ် သောက်၍ ညာဏ်မှာထင်အောင် တွေးစမ်းပါယောဂီ၊ ပျက်နေတဲ့ ရုပ်နာမ်ထဲ ဘာညာထင်ပြီး စွဲယူလိုက်ရာ၊ ၎င်းစွဲယူသည့်တရားလဲ အပျက်ဖြစ်သွားရတာကို ယောဂီသိသော့ မစွဲယူဘဲ၊ (ဝါ) စွဲယူမှုမပြုဘဲ နေနိုင်တာဟာ မဖြစ်သသောကို နာမည်တပ်၍ ပြပါက ယောဂီအံ့ဩ သင့်ဘွယ်ရာလိုပင် ဖြစ်သွားမှာလား၊ မစွဲယူဘဲနေရင် ဘယ်အခြေမှာ ဘယ်ပုဂ္ဂိုလ်လို့ ဆိုလိုက်မှာလဲ။ တဖြေးဖြေးနှင့် တရေးရေး ပေါ်လွင်အောင် စဉ်းစားရန် မမေ့ပါနှင့်။

ဝိရာဂခေတ်ခေါ် ကင်းပြတ်မှု သဘောသည် နှစ်မျိုး နှစ်စားတွေ့ရှိရာ၏။ ဤကင်းပြတ်သတ်တဲ့ ဝိရာဂကို နားလည်လျှင် အဖြတ်တရားလိုပင် အမည်တွင်၏။

ယာဝတာ ဘိက္ခဝေ သင်္ခတာဝါ အသင်္ခတာ
ဝါ ဝိရာဂေါတေသံ အဂ္ဂ မက္ခာယတိ။
(သင်္ခတသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့၊ သင်္ခတာဝါ၊ ဖြစ်ပျက်တရားတို့ သည်၎င်း၊ အသင်္ခတာဝါ၊ မဖြစ်နိုင်-မပျက်နိုင်ဘဲ ဖြစ်နိုင်သည့်သဘောမှ ပျက်နေသည့် ဧသင်္ခတ တရားတို့သည် ၎င်း၊ အတ္တိသန္တိ၊ ရှိကြလေကုန်၏။ တေသံ၊ ထို ဖြစ်ပျက်

တရား မဖြစ်မပျက် တရားနှစ်ပါးကို သိခြင်းထက်၊ ဝိရာဂေါ၊ ကင်းပြတ်ချုပ်ငြိမ်းသော တရားကို နားလည်ခြင်းသည်၊ အဂ္ဂံအဂ္ဂေါ၊ အမြတ်ဆုံးလို့၊ အက္ခာယတိ၊ဆိုထိုက်၏။

ဤဒေသနာအတိုင်း ဖြစ်,ပျက်တရားနှင့် မဖြစ်မပျက်တရား ထိုတရားနှစ်ပါးကို နားလည်သည်ထက် ကင်းပြတ်တတ်တဲ့ ဝိရာဂဓာတ်ကို နားလည်တာဟာ မြတ်တယ်လို့ ဟောတော်မူရာ၊ အဘယ်ကြောင့် မြတ်ကြောင်းကိုမူကား ဝိရာဂဆိုတဲ့ ကင်းပြတ်တတ်မှု သဘောကို ဝေဘန်ရင် ပိုမို၍ ထင်ရှားပေလိမ့်မည်။

---

## ဝိရာဂဓာတ် ဖော်ပြခန်း

ရုပ်နာမ်လို့အသမုတ်ခံရသော သဘောတရားဟူသမျှတို့သည် တခုသော သဘောမှ တခုသော သဘောသို့ ကူးလူးဆက်ဆံနိုင်မှုမှကင်းပြတ်နေကြ၏။ လုလ္လပယောဂဟူက မြူမျှမရှိ။ ဤလို ကင်းပြတ်နေသည်ကို ဝိရာဂလို့ဆို၏။

(ဥပမာ) စက္ခုဝိညာဉ်လို့ အမည်တွင်သည့် သဘောတရားကလေးကို လက်တွေ့ဝေဘန်ရာ၊ အဆင်းစသော ပတ်ဝန်းကျင်ဖြင့် မကင်းနိုင်ကြောင်း တွေ့ရ၏။ ထိုသို့သိရာ ပတ်ဝန်းကျင်လေးခုကလဲ မညီသည့် သဘောတရားတခုကမှ မြင်စိတ်ကို ဖြစ်အောင် - ပျက်အောင် ကြံဆောင်နိုင်တဲ့ သတ္တိမရှိ၊ ကြံဆောင်နိုင်သော သဘော

မှ ကင်းပြတ်နေကျတဲ့ ဝိရာဂဓာတ်မျှသာဖြစ်၏။ ကူးလူး ဆက်ဆံမှုကို မတွေ့ရှိရပါ။ ဤအတိုင်းသာ ရှိနေရမှာ သည်ကို ဝိရာဂဟုခေါ်၏။

## ဒုတိယ ဝိရာဂ ယူဆပုံမှာ

မြင်စိတ်ကဲ့သို့ ခေါ်ခဲ့ကြတဲ့ သဘောကလေးသည် တခုချင်းအလိုအရ၊ ဖြစ်နိုင် - ပျက်နိုင်သည့် သဘောမှ သုဉ်းပြတ်ခါနေရတော့၊ ထောက်တည်စရာ ရှာမရတဲ့ ဒုက္ခကဲ့သို့ ဖြစ်ရှိနေ၏၊ ဝိဇ္ဇာဉာဏ်ရကြသော သူတို့သည် ထောက်တည်ရာ တရားတို့သည် အနည်းအပါးလောက် တော့ ရှိစကောင်းသေးသည်ဟု ထင်နေ၏။ ထိုအထင် ကို သမုဒယသစ္စာလို့ဆို၏၊ ထောက်တည်စရာ ရှာမရတဲ့ ဒုက္ခသစ္စာနှင့် ထောက်တည်ရာတရား ရှိစကောင်းသေး သည်ဟု ထင်နေသည့် အထင်သမုဒယ ဓာတ်တို့သည် ဘယ်အခါမှ မဆက်ဆံဘဲ ကင်းပြတ်ခါနေ၏၊ ဤလို ကင်းပြတ်နေသည်ကို ဒုတိယဝိရာဂလို့ ယူသင့်၏။

တနည်းသောအားဖြင့် ဒုတိယဝိရာဂကို ဝေဘန်ပါမူ၊ ထောက်တည်ရာ မရတဲ့ ဒုက္ခသစ္စာအနေနှင့် ဖြစ်ရှိခါနေ ရပါသလားဟု သိခိုက်မှာ ထောက်တည်ရာရတဲ့သဘော ရှိစကောင်းသေးပါတယ်လို့ ထင်မှတ်တဲ့ သမုဒယဓာတ် သည် ဒုက္ခသစ္စာဘဲလို့ ဆုံးဖြတ်ခိုက်မှာ ဝင်ရောက်ဆက် သွယ်မှု မပြုနိုင်ပါ။ ဤကဲ့သို့ မပြုနိုင်ဘဲ ကင်းပြတ်သွားရ သည်ကို ဒုတိယဝိရာဂလို့ ယူဆပါက မှန်သေး၏။

# နိရောဓ-ဝေဘာန်ခဏ်း

နိရောဓဆိုသော ပါဠိစကားကို မြန်မာလို ပြန်ဆို၍ စဉ်းစားပါမူ၊ " နိရောဓော ဟောတိတိ အနုပ္ပါဒေါ ဟောတိ" ဟု ပါဠိ လာရှိသည့်အတိုင်း။ အဓိပ္ပါယ်မှာ ချုပ်ငြိမ်းနေခြင်းသည် ဖြစ်၏။ ဤလို ဆိုလိုခြင်းသည် မဖြစ်သဘောကို ဆိုလိုသတဲ့၊ ချုပ်ငြိမ်းခြင်းသည် နှစ်မျိုးပင်လျှင် လက်တွေ့ရှိနေသည်ကို တွေ့ရ၏။

ပဌမချုပ်ငြိမ်းမှုရဲ့ သဘောသွား ပြောကြားရပါမူ၊ "တံ သမ္ဘူ နိရောဓ ဓမ္မံ" ပါဠိအတိုင်း၊ ရုပ်, နာမ်လို့ အသမုတ်ခံရသော သဘောတရားတို့သည် တခုထည်းသည်း ဖြစ်နိုင်မှု-ပျက်နိုင်မှုမှ ချုပ်ငြိမ်းနေသော သဘောမျှသာ ဖြစ်ကြကုန်၏။

(ဥပမာ) စက္ခုဝိညာဉ်ဘဲ အခေါ် အဝေါ် ခံရသော သဘောတရားကိုစိစစ်ရာ၊ အဆင်းစသော အကြောင်းလေးပါးနှင့်ကင်း၍ ဖြစ်ခြင်း-ပျက်ခြင်းတို့မှ ချုပ်ငြိမ်းနေသည်ကိုသာ လက်တွေ့အနေဖြင့် တွေ့ရ၏။ အဆင်းစသော သဘောလေးရပ်ကြောင့်လို့ ဆိုပြန်တော့၊ တဖန်အကြောင်း လေးရပ်ကို မေးစစ်ရာ၊ အဆင်းဆိုသော သဘောကလဲ အလင်းစသော ကျန်နှစ်ခုကို လွှဲချပြန်၏။ ထိုနောက်တဖန် အလင်းကို စိစစ်ပြန်ရာ၊ မျက်စိစသော ကျန်ဘခုသော သဘောကြောင့်လို့ ဆိုပြန်၏။ ဆိုသည့်အတိုင်း မျက်စိကိုမေးစစ်ပြုရာ၊ နှလုံးသွင်းကို လွှဲချပြန်၏။ ဓင်း သဘောကို စစ်ကြော ပြန်ရာ၊ အဆင်းစသော

ကျန်နှစ်ပါးကို လွှဲချပြန်၏။ ဤကဲ့သို့ အကြောင်းတရား လေးပါးတို့သည်လဲ မြင်စိတ်ကိုဖြစ်အောင် ပြုလုပ်နိုင်သော လက်သည်ကိုမတွေ့ရှိရဘဲ၊ တဦးသော သဘောက တဦးသော သဘောကြောင့်လိုလို အထင်ပိုစရာလဲ လွှဲချနေကြပြန်၏၊ ဇာမှန်မှာတော့ 'အဗျာပါရဓမ္မနံ အနတ္တ” ဆိုသည့် ပါဠိအတိုင်းသာလျှင် ဝေဖန်အမှန်တရားမျှသာ ဖြစ်၏။ မည်သည့်သဘောတရားကမှ တခုကိုတခု ကူညီနိုင်-ထောက်ပံ့နိုင်သောအား ရှိကာမျှမရှိကြပါ။

ဤ အကြောင်း နှင့် အကျိုး တို့ သည် တခု ထည်းနှင့် ဖြစ်နိုင်-ပျက်နိုင်သော သဘောမှချုပ်ငြိမ်း နေကြသော တရားများသာလျှင်ဖြစ်၏။ ယခုလို ချုပ်ငြိမ်းနေကြတာကို လက်တွေ့ဘက်း ခေါ် အမှန်သိနယ်မှ ယူဆတဲ့ ပဌမ နိရောခလို့ပင် ယူဆရ၏။ ဒုတိယ နိရောခ ယူဆပုံမှာ၊ တိုတိုကျဉ်းကျဉ်း ကြမ်းစားအားဖြင့်ဆိုပါမူ၊ ဤကဲ့သို့ မြင်စိတ်ဘဲလို့ ခေါ်ဝေါ်ရတဲ့ သဘောတရားကလေးသည် အကြောင်းတရားနှင့် အကျိုးတရားတို့သည် တခုချင်း ဖြစ်ပျက်သဘောမှ ချုပ်ငြိမ်းနေရပုံကို ညာဏ်ဖြင့်ငုံကာ ကျပ်ပြည့်သိရပါသဖြင့်၊ သိမ်းပိုက်လိုတဲ့ စိတ်ခေါ် ပယ်အပ်သော သမုဒယဓာတ်တို့နှင့် သိမ်းပိုက်မှုကို ခြေကုပ်ယူပြီ၊ (ပါ) အားကိုးပြီး ဖြစ်ပေါ်ရတဲ့ ကိလေသာတို့သည်လဲဘဲ ချုပ်ငြိမ်းနေသော သဘောတရားတို့ကို ပညာသိနယ်မှ သိရှိကြရပါသောကြောင့် သိမ်းပိုက်လိုသောစိတ်နှင့် ကိလေသာ(၁၀)ပါးတို့ပါ ချုပ်ငြိမ်းသွားရတာကို ဒုတိယနိရောခလို့ဆို၏။ သို့ပါ၍ “ နိဗ္ဗာနံ အခါ

ဂမ္ဘ ရာဂါဒယော ခိယန္တိ" လို့ လာရှိ၏။ အဓိပ္ပါယ်မှာ ချုပ်ငြိမ်းနေသော သဘာဝ နိဗ္ဗာန်ကို သိရှိရပါ၍၊ (ဝါ) မျက်မှောက်ပြုရပါ၍၊ ရာဂအစရှိသောကိလေသာတို့သည် ကုန်ခန်းကြကုန်၏-လို့ အဓိပ္ပါယ်ရပါသည်။

ဤဒုတိယ နိရောဓသည် သာလျှင် မိမိအဘို့ဖြစ်၏။ ပဌမ နိရောဓမှာမူကား၊ ဒုဘိယာသို့ ရောက်နိုင်ရန် တံတား သဘွယ်မျှသာဖြစ်၏။ ✝

အထက်တွင် ဝေဘန်ခဲ့သည့် မြင်စိတ်တလုံးတည်း ဖေါက်ခွဲ၍ ဝေဘန်ကြည့်ရာ၊ မငြိမ်းသာလောက်အောင် "ခယ ဝယ ဝိရာဂ နိရောဓ" ဆိုတဲ့ သဘောလေးမျိုး ပါဝင်နေပုံကိုညာဏ်ရှုကာ လက်တွေ့-မျက်တွေ့-သဘော တွေ့-မနောတွေ့ ဆိုတာလို့ ထင်ရှားကောန် အမှန်သိရှိရ ပေ၏။

လေးမျိုးကို နားလည်ပါက မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေပြီ။

"အဓိပညာ ဝမ္မဝိပဿနာ" ဆိုတဲ့ အလွန်အရေးပါ တဲ့သဘောလေးချက်ဖြစ်ဘယ်။ ဤအချက်လေးခုကို ကျွမ်း ကျင်မှသာလျှင် ရှေ့ကိုဆက်ကြရမည့် သဘောတရားများ ရဲ့ အရသာကို တွေ့ကြပေလိမ့်မည်။ သို့ပါ၍ မပြေ လည်သေးပါက ထပ်၍ကြိုးစားပါ။ ရှေ့သို့ မသွားရန် မေတ္တာရပ်ခံပါသည်။ ဤလေးပါးကိုသာ ကျပ်ပြည့်သိ လျှင် ဘယ်အခြေအထိ အရာရောက်သွားပြီ ဆိုတာများ မကြာမှီ အောက်တွင် ဝေဘန်ဆဲဝေဘန်လတ္တံ့ သဘော များက သက်သေခံပါလိမ့်မည်။

ရှင်တော်မြတ်ဘုရား၏ တရားမြတ်ဝိပဿနာကို အားထုတ်ရာတွင် တရားပြပုဂ္ဂိုလ်က သင်ဘယ်အခြေရှိပြီဆိုသည့်အတိုင်း ရှိလာသော သဘောမျိုးမဟုတ်၊ မိမိရဲ့ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်သောယှူဆဟာန် သဘောသွားဖြင့် ရုပ်, နာမ် တို့ကို တွေ့နေရာမှ အမှန်ရှိ-တကယ်ရှိ ဟာရားထူးတို့သည် သံသရာ အဆက်ဆက်မှ မသိခဲ့ရသော အသိထူးများကို ကိုယ်တိုင်-ကိုယ်ပိုင်သိလာရသော သဘောမျိုးဖြစ်သည်။ သတိပြုကြပါကုန်။

ဝိပဿနာ မြတ်တရားကို လိုက်စားကုန်သော အသင်ယောဂီ - အလျှင်ယောဂီတို့အား တိုတို ကျဉ်းကျဉ်းဖြင့် လိုရင်းကိုဆိုပါမူ၊ သဘောသရုပ်တို့ကို ပေါ်ထုတ်ခါ ပြရပေတော့အံ့။

အောက်ပါ စကားရပ်ဖြင့် အကျဉ်းချုပ်၍ ဆိုပါမူ၊ ၎င်းအကျဉ်းချုပ်ဆိုသော စကားရပ် အတွင်း၌ပင်လျှင် သိဘွယ်ရာတရားတို့သည် ပါဝင်ကာ ပြီးပြည့်စုံကြောင်းကို ယခုပင် မျက်မြင်ဒိဋ္ဌ သိကြရပေအံ့။

ပေါ်ပြဆဲ ပေါ်ပြလတ့်တွင် မပါဝင် နိုင် သော ပုဂ္ဂိုလ်များရဲ့သဘောသရုပ်ကို ပေါ်ထုတ်ခါ ရေးသားပေဦးအံ့။

(က) သမာပါတ် ဝင်စားနိုင်သော ဘုရားရဟန္တာတို့သည် ဆိုင်ရာ သမာပါတ်များကို ဝင်စားခိုက်။

(ခ) အသညသတ္တ ဗြဟ္မာ။

(ဂ) မေ့မြောကာ တွေဝေနေသော ပုဂ္ဂိုလ်
ထိုပုဂ္ဂိုလ်အမျိုးအစားတို့သည်၊ ယခုဝေဒနာခန်းထဲ
ဝေဒနာလတ္တ် သဘောထဲမှာ ဖယ်ကြဉ်၍ ထားရ
ပေလိမ့်မည်။

အကျဉ်းချုပ် ဆိုသည့်အတိုင်း ဝိပဿနာအတတ်ကို လိုက်စားကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့ အထူးသိရန်အတွက်မှာ၊ ချုပ်လိုက်ပါက အောက်ပါ ၅-ချက်သာ လျှင်ဖြစ်၏။

(၁) အကြိမ်စည်ခံရသော တရား။
(၂) ကြိမ်စည်ဘတ်သော တရား။
(၃) ဝေဒနာတတ်ခေါ် ရှုတတ်တဲ့တရား။
(၄) အဝေဒနာ ခံရတဲ့တရား၊ (ဝါ) အရှုခံရတဲ့ တရား။
(၅) အရှုခံရသော တရားနှင့် ရှုတတ်သော တရား နှစ်ပါးတို့ ချိန်ခွင်လျှာမထွက်ဘဲ တညီနေသည့်ကို သိတတ်သော တရားနှင့် ၎င်းတရားကို အမည်ပေးပုံ။

ဤအချက်ကြီး ၅-ချက်သာလျှင် ဝိပဿနာ ပညာနှင့် ခွဲစိတ်ဝေဒနာကာ ကြည့်ရှုတတ်ပါက လုံးလောက်သည့် အခြေအထိ ပြည့်စုံပြီလို့ ယူဆထားဟန်သဘောများကို အထက်နိပါတ်စဉ်အတိုင်း တချက်စီသင်းပေအံ့။

အချက်ကြီး ၅-ချက်တွင် ပါဝင်နေသည့် (၁) နံပါတ် အချက်ကို ဦးစွာဝေဒနာပါမူ၊ အောက်ပါအပိုင်းကြီးနှစ်ပိုင်းကို တွေ့ရ၏။

(က) အကြိမ်စည်ခံရသောအပိုင်း၊ အကြိမ်စည် ခံရသောတရားတို့၏ ပကတိနေပုံ။

ယခုဖော်ပြသည့်အတိုင်း အပိုင်းနှစ်ပိုင်းရှိ၏။ အကြိမ်စည်ခံရသော အပိုင်းကို ပဌမရှင်းပါမူ၊ ၎င်းတရားတို့သည် အဘယ်ဟာကို ယူဆပါသနည်းဟူမူ၊ အောက်ပါတရားများကို အကြိမ်စည် ခံရသော တရားများဟု ဆိုလို၏။

(က) အကြိမ်စည်။

အထင်ခံရသော တရားများမှာ တိုတို ဖြေရပါမူ၊ မြင်ဘူး,ကြားဘူး,နံဘူး,စားဘူး,ထိခဲ့ဘူးသော သဘောတရားများနှင့်တကွ ပတ်ဝန်းကျင်ရှိ အကြောင်းခေါ် သမုဒယတို့သည် အကြိမ်စည်ခံရသော သဘော တရားများဖြစ်ကြ၏။

ဤစကားသွားကို ထပ်၍ချုံးပါမူ၊ ဘူးငါးလုံးဟု မှတ်သားပါ။

(၁) ပိုင်းကိုရှင်းပါမူ။

အကြိမ်စည်ခံရသော တရားတို့၏ ပကတိနေပုံကို စက္ခုဝိညာဉ်ခေါ် မြင်စိတ်တလုံးကို နမူနာထား၍ ပြပါမည်။

၎င်းကိုမှီ၍ ကျန်ဘူးလေးလုံးတို့၏ သဘောကို သိကြပါလေ။

(ဥပမာ) စက္ခုဝိညာဉ်ခေါ် သဘောတရား ၎င်း မြင်စိတ်ဆိုတဲ့ သဘော၏ပကတိနေဟန်မှာ အောက်ပါ သဘောနှစ်ချက်ကို တွေ့ရ၏။

(က) သင်္ခတသဘော ....ဖြစ်ပျက်။
(ခ) အသင်္ခတသဘော....မဖြစ် - မပျက်၊
ဖြစ်နိုင်ပျက်နိုင်သောသဘောမှ ပျက်။

အထက်ပါအတိုင်း မြင်စိတ်ခေါ် ထိုသဘောကလေးသည် အကြောင်းဖြင့်တွဲ၍ ဝိညာဉ်သိနယ်မှာ ဖြစ်ပျက်တဲ့ သင်္ခတ သဘောမှာတည်၍၊ ၎င်း ကြောင်းကျိုးတို့သည် တခုချင်း မဖြစ်မပျက်နိုင်ကြ၍ ဖြစ်ပျက်မှ ဆိတ်သုဉ်းတဲ့ သုညတ အနတ္တမှာ ဆုံးနေသည့် ပညာသိနယ်မှ အသိသည် အကြိခံရသောတရားတို့၏ ပကတိနေပုံဖြစ်သည်။

## စိတ်တို့၏သခင် မနောဝိညာဉ် ရှင်းခန်း

(၂) နံပါတ်ဆိုတဲ့ ကြံစည်တတ်သော သဘောကို ဆက်လက်၍ ဝေဘန်က အောက်ပါအပိုင်းကြီး နှစ်ပိုင်းဖြင့် ထင်ရှား၏။

### အပိုင်းကြီးနှစ်ပိုင်း

(က) ကြံစည်တတ်သောအပိုင်း။
(ခ) ထိုကြံစည် တတ်သော တရား တို့၏ ပကတိနေပုံ။

အထက်ပါ သရုပ်အတိုင်း (က) ပိုင်းကို ရှင်းပါမူ။

ကြံစည်တတ်သော တရားဟူသည်ကား။ "သဗ္ဗေဓမ္မာ မနောဝိညာဏ ဓာတုယာ"ဆိုတဲ့ ပါဠိလာရှိသည့် အတိုင်း ကြံစည်တတ်သော တရားသည် စိတ်တို့သခင် မနောဝိညာဉ်ဖြစ်၏။ သို့ပါ၍ ၎င်းစိတ်ကို သခင်တပ်နိုင်

ပုံကို ဘုရားရှင်က "မနောပုဗ္ဗင်္ဂမာ ဓမ္မာ မနောမယာ မနောသေဋ္ဌာ" လို့ပင် မိန့်ခဲ့ပေ၏။ ၎င်းအပြင် "ဝိညာဏ ပစ္စယာ နာမရူပံ" လို့ ပဋိစ္စသမုပ္ပါဒ်၌လဲ လာသေး၏။ ထို သိမှု ဝိညာဉ်သည်ပင် နာမ်,ရုပ်တို့၏ လက်သမားဖြစ် ကြောင်း လာရှိပြန်သေး၏။ ထို့ပြင် တနည်း-အရိယာ တို့၏နယ်တွင် ပဟာတဗ္ဗပြုဘွယ် တရားကား "ဝိညာဏံ သမုဒယသစ္စံ" လို့ပင် လာပြန်တော့၊ ၎င်းဝိညာဉ်ပင် မဟုတ်ပါလော့။

သို့ပါ၍ ဤမျှလောက်အရေးပါ၍ ကြီးစည်တတ်သော (ဝါ) ပဟာတဗ္ဗတရားဖြစ်သော ၎င်း၏အမည်ကို ထုတ် ဆိုပါမူ၊ စိတ်တို့၏သခင် မနောဝိညာဉ်ဟုပင် အသင်-အသျှင်ယောဂီတို့ မှတ်ကြပေတော့၊ ၎င်းဝိညာဉ်ကို ပိုင် နိုင်ပါက အဘယ်မျှ အကျိုးသက်ရောက် ကြောင်းကို အောက်ပါ ပါဠိဖြင့် သိရှိနိုင်၏။

ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာ တေ နာမရူပံ ပရိညာတံ ဟောတိ။

နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ-ဟု ဟော တော်မူ၏။

(နိဒါန ဝဂ္ဂသံယုတ်)

အဓိပ္ပါယ်မှာ၊ မဂ်ဖိုလ်လိုဘိ ပေနေယျ ရသောင်း အရိယာအပေါင်းတို့ မြဲ,ကြွား နီ,ပွား,ထိသိုတဲ့ ၅-လုံး သော ဝိညာဉ်တို့အား အသက်သွင်းပေးသကဲ့သို့ ဝိခံ့ါ

ခုပ်ချုပ်နေသော မနောဝိညာဉ်ကို ပိုင်ပိုင် နိုင်နိုင် ခုပ်ထိန်းနိုင်သည်ရှိသော်၊ နာမ်ရောရုပ်ပါ နှစ်ပါးကို ပိုင်နိုင်သောသူဟု ဆိုနိုင်၏၊ ထိုနှစ်ပါးကို အလိုလို ပိုင်နိုင်ပါက ငါဘုရား၏ ချစ်သား ချစ်သမီး တို့သည် ထိုဆက်လွန်၍ ကျင့်ဘွယ်ရာ – အားထုတ်ဘွယ်ရာ ကိစ္စ ရှိသေးသည် မဆိုနိုင်ဟု ဘုရားရှင်မိန့်တော်မူခဲ့၏။

ရှေးသျှားလှစွာ သံသရာ၌ ပြေးသွားခဲ့ရသော သတ္တဝါ အနန္တတို့သည် ဤမျှဘန်ခိုးကြီးလှသော မနောဝိညာဉ်ကို တကယ်တန်းမပိုင်မနိုင်ခဲ့သောကြောင့် ဖြစ်ရပေမည်၊သို့ ပါ၍ ဤတရား၏ ပကတိနေပုံကို ပညာသိနယ်မှနေပြီး သိတဲ့အခြေအထိ ယခုရေးပြပေမည်ယောဂီ၊ ရှေ့ကိုသာ ကြိုးစားပြီး ဆက်ဘတ်ပါအုံး။

(က) ပိုင်းခေါ် ကြံစည် တတ်သောတရားကို အရေကောက် တော့ သိမှု မနောဝိညာဉ်ဟာ ကြံစည် တတ်သောတရားလို့ ယောဂီရဲ့နှလုံးထဲမှာ စွဲမြဲစွာ သတိမူ၍၊ အသိယူခါ ရှေ့ကိုဆက်ရန် လုလ္လပြုပါလော့။

(ခ) ပိုင်းခေါ် ထို ကြံစည် တတ်သော တရား၏ ပကတိနေပုံကိုဝေဘန်ရာ၊ သဘောပအားဖြင့် အောက်ပါ သဘောကြီးနှစ်ခုပါဝင်နေသည်ကို တွေ့ရ၏။

(က) သဘ်တသဘော ဖြစ်, ပျက်။

(ခ) အသဘ်တသဘော မဖြစ်,မပျက်။

ဖြစ်နိုင် - ပျက်နိုင်သောသဘောမှ ပျက်၊

ငင်းသဘော နှစ်ချက်ကို ညာဏ်ဖြင့်မိရန် စိတ်တို့၏ သခင်မနောဝိညာဉ်၏ ဖြစ်ပေါ်ရပုံ ယထာဘူတပုံစံသည် အောက်တွင်ရှုလေ။

## မနောဝိညာဉ်၏ ယထာဘူတ ပုံစံ

(ပါဠိ) (မြန်မာ)

(၁) ဟာဒယဝတ္ထု....နှလုံးသွေး။

(၂) ဘဝင်စိတ် ....အာရုံလက္ခံစိတ်။

(၃) ဓမ္မာရုံ ........ကျရောက်လာတဲ့အာရုံ။

(၄) မနသိကာရ ....နှလုံးသွင်း။

ဤလေးခုစုံညီက စိတ်၏သခင် မနောဝိညာဉ် ဖြစ်၏။ အထက်ပါပုံစံအတိုင်း လေးပါးစုံညီမှဖြစ်၏။ တခု လျော့လျှင်ပျက်၏။ သို့ပါ၍ ထိုမနောဝိညာဉ်သည် ဝိညာဉ် နယ်၌ ဖြစ်ပျက်သည့် သဘာဝနယ်မှာတည်၍ တဆင့်တက်၍ စာနချေကာ အမှန်အတိုင်းသိတဲ့ ပညာသိနယ်မှ ဝေ ဘန်ရာ၊ ကြောင်းကျိုးတို့သည် တခုတည်းဖြင့် မဖြစ်နိုင် မပျက်နိုင်ကြ၍ ဖြစ်နိုင်ပျက်နိုင်တဲ့သဘောမှ သုဉ်းဆိတ်တဲ့ သုညတ အနတ္တအနေနှင့်သာ ပကတိအတိုင်းတွေ့ရှိ ရပေ၏။ သိလိုရင်းမှာ၊ တခုထည်းထည်းကြိစည်မှု၊ ထို ကြိစည်တတ်သော တရားသည် မဖြစ်ပျက်နိုင်ဘဲ ဖြစ် ပျက်မှသုဉ်းဆိတ်နေတဲ့ အနတ္တဆိုတာ မှတ်ခဲ့ကြယောဂီ တို့။ ( ဤပြချက်သည် ကြံစည်တတ်တဲ့ မနောဝိညာဉ်၏ ပကတိနေပုံတည်း။)

# ဝေဘာန်တတ်တဲ့ တရားခေါ် ရှုတတ်တဲ့ ဝိပဿနာစိတ် ဝေဘာန်ခဏ်း

ထိုအချက်ကြီး ငါးချက်တွင် ပါဝင်သော သုံးခုမြောက်အချက်ဖြစ်သော ဝေဘာန်တတ်တဲ့တရားခေါ်ရှုတတ်တဲ့ ဝိပဿနာစိတ်ကို ဝေဘာန်ရာ၊ အောက်ပါအရေးပါသော အပိုင်းနှစ်ပိုင်း ပါဝင်နေသည်ကို တွေ့ရ၏။

(က) ဝေဘာန်တတ်တဲ့ တရားခေါ် ရှုတတ်တဲ့ ဝိပဿနာစိတ်။

(ခ) ထိုဝေဘာန်တတ်တဲ့တရားခေါ် ရှုတတ်တဲ့ ဝိပဿနာစိတ် မှုလနေပုံ။

ရယ်လို့ နှစ်ပိုင်းခွဲလို့ ဝေဘာန်စရာ တွေ့ရှိ ရပြန်ပါသည်။

သို့ပါ၍ ရှုတတ်တဲ့ ဝိပဿနာစိတ်ဟူသည်၊ ဘယ်အခြေအထိ နာမ်, ရုပ်တို့အပေါ်မှာ သိမှု၊ (ဝါ) ဝေဘာန်တတ်မှု၊ ဝိပဿနာစိတ်လို့ ခေါ်သင့်ပါသလဲဆိုတဲ့ မေးခွန်းကို ထုတ်ပြီး ဝေဘာန်ရာ၊ အောက်ပါအတိုင်း အဖြေထွက်ပါသည်၊

ဝိပဿနာစိတ်ဘဲ ဝေဘာန်တတ်တဲ့ စိတ်ဘဲလို့ အခေါ်ခံရသည့်အခြေအထိ ဝိပဿနာစိတ်လို့ နာမည်မှည့်နိုင်တာဟာ ဘယ်လိုရုပ်, နာမ်ပေါ်မှာ ဝေဘာန်တတ်မှ ဝိပဿနာစိတ်လို့ နာမည် ပေးထိုက်ပါသလဲလို့ စကျွ ဝိညာဉ်ခေါ် မြင်စိတ်တခုကို နမူနာပြ၍ ရှင်းပြပါမည်၊

အကျဉ်းဆိုပါမူ၊ အောက်ပါ အသိနှစ်မျိုးကို အခြေထား၍ ပြဆိုပါမည်။

## အသိနှစ်မျိုး

(၁) ဝိညာဉ်သိ။
(၂) ပညာသိ။

## ဝိညာဉ်သိရဲ့ သုံးသပ်ပုံမှာ

မြင်စိတ်လို့အခေါ် ခံရတဲ့ သဘောကလေးသည်မျက်စိတမှိတ် အတွင်းမှာပင် ကုဋေတသိန်းကျော် ဖြစ်ပျက်နေ၏ဟု အနိစ္စသော လက္ခဏာသုံးချက်တင်၍ သဘောကလေးအပေါ်မှာ မေးတင်၍ ရှုဆင်ခြင်ခါ ပွားများနေ၏။ ထိုမှတဖန် တဆင့်တက်၍ ဝိညာဉ်သိနယ်မှ ရှုနေသော သဘောကလေးသည် တကယ်ဘဲဖြစ်ပါသလောဟု တဆင့်တက်ပြီး။ ဖြစ်တယ်ဆိုတဲ့သဘော ဃနကိုဖေါက်ခွဲလိုက်ရာ။အကြောင်းအကျိုးပုံမှ ဖြစ်၍ပျက်သည့်တချင်း မဖြစ်မပျက်နိုင်၍ မူလကိုက မဖြစ်နိုင် မပျက်နိုင်လို့ အနတ္တ-အနိစ္စ-ဒုက္ခဆိုတဲ့ သဘာဝလက္ခဏာကိုသိ၏။မြင်စိတ်ကလေးရဲ့နည်းတူ အကြောင်းတရားလေးပါးကိုလဲဘဲ တခုတည်းဖြင့် မဖြစ်နိုင် - မပျက် နိုင် ဘဲ အနတ္တစသော သဘာဝလက္ခဏာကို တွေ့ရ၏။ ဤကဲ့သို့ တချင်း မဖြစ်နိုင်ဘဲ ဖြစ်နိုင်တဲ့ သဘောမှ မူလကိုက ချုပ်ငြိမ်းနေတဲ့ "တံ သဗ္ဗံ နိရောဓဓမ္မံ" ဆိုတဲ့အတိုင်း၊ စကျုဝိညာဉ်ခေါ်သဘောကလေးနှင့်တကွ အကြောင်း

တရားတို့သည် မူလကချုပ်ငြိမ်းနေတဲ့နိရောဓအထိ နာမ်တလုံးအပေါ်မှာသိ၏။ ဤကဲ့သို့ အကြောင်းတရားရဲ့ နိရောဓ၊ အကျိုးတရားရဲ့ နိရောဓဟု ချုပ်ငြိမ်းတဲ့ အခြေအထိ ဝေဘန်နိုင်တဲ့စိတ် (ဝါ) ရှုတတ်တဲ့စိတ်ကို ဝိပဿနာစိတ်လို့ဆို၏။ (ဝါ) နာမည်မှည့်ခေါ်ကြ၏။

ယခုပြဆိုသည့် နမူနာအတိုင်း ရုပ်,နာမ်တို့၏ သဘာဝနိရောဓအရောက် လက်ခံ ဝေဘန်နိုင်သော စိတ်ကို ဝိပဿနာစိတ်ဘဲ ဝေဘန်တတ်တဲ့စိတ်ဘဲသို့ မိမိတို့ဘာသာအလျောက် မှည့်ခေါ်နိုင်ကြ၏။

(ခ) အပိုင်းတွင်ပါဝင်သည့် ထိုစိတ်၏ မူလနေပုံဆိုတဲ့ (ခ) ပိုင်းကို ပေါ်လွင်ရန် ရုပ်လုံးဖော်ပါမှ အောက်ပါနှစ်ချဖြင့်သာလျှင် ဝေဘန်ရာ၏။

(၁) သင်္ခတသဘော ဖြစ်, ပျက်။

(၂) အသင်္ခတသဘော မဖြစ်-မပျက်။
ဖြစ်နိုင်-ပျက်နိုင်သည့်သဘောမှ ပျက်။

ဤသဘောနှစ်ချနှင့်ပင်လျှင် ဝေဘန်ရပေမည်။

ဝိပဿနာစိတ်လဲဘဲ ရုပ်,နာမ်တို့ရဲ့ နည်းတူ အနတ္တပါလို့ ဝန်ခံသည့် အလားဖြစ်၍၊ ပျက်သွားရပါသည်။ သို့ပါ၍ သင်္ခတသဘောကို ဝိညာဉ်သိနယ်မှ တွေ့နေရ၏။

ပညာသိနယ်မှ ဘာကြောင့် ဝိပဿနာစိတ်ဟာ ရုပ်,နာမ် တို့ကဲ့သို့ ဖြစ်ပြီးပျက်နေရပါသလဲဟု တဆင့်

တက်လိုက်ရာ၊ အောက်ပါပုံစံအတိုင်း ဖြစ်တယ်ဆိုတာ ဒီလိုကိုဟု ဖြစ်ပျက်သဘောကို နားလည်သွားပါသည်။

## ဝိပဿနာစိတ်၏ ဖြစ်ပေါ်ပုံ

ယထာဘူတပုံစံ

(၁) မူလ အနတ္တ၊
(၂) တရားစစ် နာ၊
(၃) ကိုယ်ပိုင်ဉာဏ် ဆင်ခြင်။

} ဝိပဿနာစိတ်

အထက်တွင် ပေးထားသည့်ပုံစံအတိုင်း အကြောင်းသုံးပါး ညီညွတ်မှ ဝိပဿနာစိတ် ဖြစ်၏။ တခုယုတ်က ပျက်၏။ သို့ပါ၍ ဝိပဿနာစိတ် ကိုယ်တိုင် တခုတည်း ဖြစ်နိုင်သောသဘောမှ ပျက်နေတဲ့ မူလ ပျက်ဖြစ်သော ကြောင့် ဖြစ်ပြီးပါကပျက်သွားရပုံကို ဉာဏ်နှင့်ပုံကာကျပ် ပြည့် သိလိုက်၏။ ဝိပဿနာစိတ်လဲတဲ့ အကြောင်းသုံးပါး နှင့်ကင်း၍ တခုချင်း မဖြစ်-မပျက် ဖြစ်နိုင်-ပျက်နိုင်တဲ့ သဘောမှဆိတ်နေတဲ့ အနတ္တ၊အကြောင်းသုံးပါးဆိုတာ လဲ ဝိပဿနာစိတ်ပဲ့နည်းတူ တခုထည်းတည်း ဖြစ်နိုင် သောသဘောမှ ဆိတ်သုဉ်းနေတဲ့ အနတ္တဆိုတာ သိရ၏။ ဤကဲ့သို့ မဖြစ်-မပျက်တဲ့ အသင်္ခတ သဘော ဘဲလို့ထပ် လောကသိလိုက်၏။

ယခု ဖော်ပြခဲ့သည့် အတိုင်း ဝိပဿနာ စိတ်လဲတဲ့ နာမ်,ရုပ်တို့၏နည်းတူ ဖြစ်ပျက်နေတဲ့ သင်္ခတသဘောမှာ ဘည်၍ တခုချင်း မဖြစ်-မပျက်နိုင်တဲ့ အသင်္ခတ သဘော မှာသာလျှင် ဆုံးခမ်းဝင်၍ ပညာမြင် မူလအနတ္တအနေဖြင့်

ဖြစ်ရှိကာ နေရသောသဘောမျှသာဟု မှတ်ကြပေတော့ အသျှင်ယောဂီ-အသင်ယောဂီတို့။

ဝိပဿနာစိတ်ရဲ့ အကြောင်းသုံးပါးကို အနည်းငယ် ရေးသားပါမူ—

(၁) အချက်ဖြစ်တဲ့ မူလအနုဗ္ဗဆိုတာက ရုပ်,နာမ်ထဲ ပေါက်ခွဲကြည့်တဲ့ အခါ ဖြစ်ပျက်နေတဲ့ သင်္ခတသဘော နှင့် တချင်း မဖြစ်မပျက်တဲ့ အသင်္ခတသဘောကို ယော ဂီတို့ တွေ့ကြရပေသည်။မည်သည့် ရုပ်,နာမ်မှ တချင်း မဖြစ်နိုင်ကြပါ၊ ဖြစ်နိုင်တဲ့ သဘောမှ သုဉ်းဆိတ်နေတဲ့ မူလအနုဗ္ဗဆိုတဲ့ တရားက ရှိနေသည်ကို မူလအနုဗ္ဗဟု ဆိုသည်။

(၂) တရားစစ်နာဆိုသည်မှာ၊....

ဤကဲ့သို့ ဘာ့ကြောင့် ဖြစ်ပြီးပျက်နေရပါသလဲဆိုတဲ့ အဖြေကို ထုတ်ပြနိုင်၍ သဘာဝလက္ခဏာကို တွေ့ရှိရတဲ့ မူလအနုဗ္ဗစစ်အထိကိုလဲ နာကြားရပါဦးမှ ပြသနိုင်တဲ့ သက်ရှိဆရာ-သက်မဲ့ဆရာဆိုကဲ့ ကျမ်းဂန်များနှင့် ကိုယ် ပိုင်ဉာဏ်ဆင်ခြင် ဆိုသည်မှာ၊ နာရသည့် အားလျော် စွာ ထိုခက်ခဲနက်နဲသော တရားတော်တို့ကို လက်ခံထား ပြီး စဉ်းစားနိုင်တဲ့ ဉာဏ်ပါရမီကလဲ ရှိပါအုံးမှ၊ ဘယ် လိုပင်တရားစစ်ပေမဲ့ မိမိတို့က နားမလည်ပါက ဝိပဿ နာစိတ် ဖြစ်လိမ့်မည် မဟုတ်။

ဤအကြောင်းသုံးပါးစုံညီမှ ဖြစ်ရပါသဖြင့် တချင်း ဖြစ်ပျက်သဘောမှ သုဉ်းဆိတ်တဲ့ အနုဗ္ဗတရားဟု ယော

ဂိတ္တို မှတ်ခဲ့စေလိုသည်မှာ၊ ဝေဘန်တတ်တဲ့ စိတ်ခေါ် ဝိပဿနာစိတ်ဟာ အနတ္တဘဲ လို့ သာ မှယ်ခဲ့ပါတော့ ယောဂီ။

(အချက်ကြီး ငါးချက်ရှိသည့်အနက် ယခုပြဆိုခဲ့သည်မှာ သုံးချက်မြောက်သို့ ရောက်ပြေပြီ။)

(၁) အကြီးစည် ခံရသော တရားနှင့် ကြီးစည်တတ်သော တရား,ဝေဘန် တတ်သော တရားခေါ် ရှုတတ်သော တရားရယ်လို့ ဤသုံးခုကို ဝေဘန်မှုပြခဲ့ရာ၊ ထိုတရားသုံးပါးသည် အနတ္တသာလျှင် ဖြစ်၏။တခုချင်း ဖြစ်နိုင်သောသဘောမှ သုဉ်းဆိတ်နေကြတဲ့ အနတ္တဆိုတာ ယောဂီတို့ သိကြပေပြီ။သို့ပါ၍ အနတ္တဘိုတဲ့ သုဉ်းဆိတ်မှုသဘောကို သုဉ်းဆိတ်တာတလုံး နားလည်ထားရုံနှင့်မပြီး၊ သူ့သဘောနှင့် သူ့အနတ္တ ယူဆ ဟန် ရှိနေသေးသည်ကို သိရန်လိုသေး၏။

သူ့သဘောနှင့် သူဆိုသည်ကား၊........

အနတ္တဆိုတဲ့ပုဒ်ကို အနက်ပြန်ဆိုရာ၊ အကြမ်းအားဖြင့် ဘက်,နှစ်ဘက်ရှိနေသည်ကို တွေ့ရ၏။

ပဌမဘက်မှာ-သဘောတရားဘက်မှ အနတ္တယူဆပုံ၊

ဒုတိယဘက်မှာ - သဘော တရားကို သွားပြီးသိတတ်တဲ့ ပုဂ္ဂိုလ်တို့ဘက်မှ အနတ္တယူဆပုံ။

ရယ်လို့ နှစ်မျိုး-နှစ်စား အနတ္တဆိုတဲ့ သဘောကို နားလည်ထားစေရမည်၊

ထနည်း-ဉာဏ်စဉ်နှင့် ဝေဒနာပါမှု အောက်ပါ သုံးပိုင်းရှိ၏။

(က) ဉာတပရိညာ အပိုင်း။
(ခ) တိရဏပရိညာ အပိုင်း။
(ဂ) ပဟာနပရိညာ အပိုင်း။

ရယ်လို့ အပိုင်းသုံးပိုင်း ပါဝင်နေ၏။

ဤကဲ့သို့ သူ့အပိုင်းနှင့် သူ့အနတ္တဆိုတဲ့ သုဉ်းဆိတ်တဲ့ သဘောကို နားလည်ပါမှ ရှေ့ကိုဆက်ပြီး ဝေဒနာရန် ကျန်နေတဲ့ အချက်ကြီးသုံးချက်ကို လက်ခံနိုင်ကြပေမည်။ သို့ပါ၍ ယခုပြဆိုခဲ့သည့် အခန်း အထက်တွင် ပြခဲ့သည့် အပိုင်းများကို ပါဝင်ပြီးဖြစ်ရန် အနတ္တဆိုင်ရာ အနတ္တ သဘော ရင့်သန်စေဘို့အလုပ်၊ အနတ္တကိုထုတ်၍ သက်ဆိုင်သလိုယူ၍ သုံးစွဲရန် အနတ္တဆိုတဲ့သဘောကို အနက်ပြန်ဆို၍ ပြဦးအံ့။

## သဘောတရားဘက်မှ အနတ္တကိုပြန်ဆိုပုံ

သဒ္ဒေ ဓမ္မာ အနတ္တာ။

သဒ္ဒေ၊ ခပ်သိမ်းကုန် သော။ ဓမ္မာ၊ ရုပ်, နာမ်လို့ အသမုတ်ခံရတဲ့ သဘောတရား ဟူသမျှတို့ သည်။ အနတ္တာ၊တခုသောသဘောတရားသည် အခြားသဘော တရားကို အမှီသဟဲ မပြုဘဲနှင့် အတ္တအနေနှင့် ပြုနိုင်တဲ့ သဘောနှင့် ရုပ်,နာမ်ကို ဖြစ်စေနိုင်ရန် ဟန်ဆောင်ပမာ ပတ်ဝန်းကျင်မှာ ရှိကြသည့် အကြောင်း တရားတို့သည် လည်း တခုချင်းဖြစ်နိုင်သည့်သဘော အကျိုးကိုဖြစ်စေ

နိုင်သည့် သဘောသိုတဲ့ အတ္တ အတ္တနိယ အဖြစ်မှ ကင်း ဆိတ်ကြကုန်၏။

## ပုဂ္ဂိုလ်ဘက်မှ အနတ္တကိုပြန်ဆိုပုံ

သင္ခေ့ ဝမ္မာ အနတ္တ။

သင္ခေ့၊ ခပ်သိမ်း ကုန်သော၊ ဝမ္မာ၊ အလုံးစုံသော သဘောတရားမှန်သမျှတို့သည်၊ အနတ္တာ၊သိမ်းပိုက်စွဲယူ စရာ အစအနမျှ ရှာလို့ရလိမ့်မည်ဟု ထင်မှတ်စွဲယူနေစ ရာ အနှစ်အသားမှ ကင်းဆိတ်နေကြတဲ့အနတ္တမျှဖြစ်ကြ ရကုန်၍ မျက်တောင်တခတ်မျှ သိမ်းပိုက် စွဲယူလိုသော သူတို့၏အလိုသို့ လိုက်ပါနိုင်မှုမှ ကင်းဆိတ်ခါ နေကြရ သဖြင့် သုညတ အနတ္တမျှသာဖြစ်ကြရကုန်၏။

ယခုပြဆိုခဲ့ပြီးသည့်အတိုင်း အနတ္တဆိုတဲ့သဘောကို သဘောတရားဘက်နှင့် ပုဂ္ဂိုလ်ဘက်တို့သည် ဘက်နှစ် ဘက်တို့၏ အနတ္တယူဆဟန်ကို ပြဆိုပြီးနောက်၊ အချက် ကြီးငါးချက်တွင်ပါဝင်သည့် လေးချက်မြောက် အဝေ ဘန်ခံရသော တရားလဲဘဲ ရှေ့အချက်တွေရဲ့ နည်းဘူ အနတ္တဖြစ်နေပုံကို ဉာဏ်ငုံကာ သိကြ၍ အလိုရှိသလို သုံးစွဲရန်သဘောမှန်ကို ရေးပြပေဦးအံ့။

ထိုအဝေဘန်ခံရသောတရားကို အပိုင်းနှစ်ပိုင်းခွဲခြား လို၏။

(က) အဝေဘန်ခံရသောတရား၏သရုပ်။

(ခ) ထိုတရားများမှုလနေပုံ။

အဝေဒနာခံရသောတရားခေါ် အရူခံရသော တရားသည်ကား၊ အဘိဓမ္မာလိုပြောက ရုပ်-၂၈၊ နာမ် ၅၃-တို့ ပေတည်း။

ဝိပဿနာအလိုအားဖြင့်........

စက္ခုဝိညာဉ် စသော ဝိညာဉ်ခြောက်လုံးနှင့် သက်ဆိုင်ရာ အကြောင်းတို့ပေတည်း။ (ဤကား အဝေဒနာခံရသောတရား၏သရုပ်တည်း။)

အနည်းအကျဉ်းအားဖြင့်ဆိုပါမူ၊ ခါတ်-၁၈ ပါး တို့ပေတည်း။ သို့မဟုတ် တနည်း ယူဆပါမူ၊ အတ္တဒိဋ္ဌိ သုံးဆယ်သာလိုရင်းနားလည်ရန်ဖြစ်၏။

(ခ) အရူခံရသောတရားများမှလနေပုံမှာ အောက်ပါအချက် နှစ်ချက်သာလျှင်ဖြစ်၏။

(၁) သင်္ခတသဘော....ဖြစ်ပျက်။

(၂) အသင်္ခတသဘော....မဖြစ်မပျက်။
ဖြစ်နိုင်-ပျက်နိုင်သော သဘောမှ ပျက်။

ထိုနှစ်ချက်လုံးကို ရုပ်လုံးပေါ်ရန် ဥပမာ အနေဖြင့် မြင်စိတ်တလုံးကို ရှင်းပြပေအံ့။

စက္ခုဝိညာဉ်ခေါ် သဘောတရားကလေးကို ဝိညာဉ်သိနယ်မှ အကြောင်းနှင့် အကျိုး ဖြစ် ပျက် နေသည်ကို တွေ့ရ၏။

ပညာသိနယ်မှ ဖြစ်ပျက်ဆိုသည့် ဃနကို ဖေါက်ခွဲလိုက်ရာ ကြောင်းကျိုး တို့သည် တခုတည်း အလိုဖြင့် ဖြစ်နိုင်ပျက်နိုင်သည့် သဘောဆိုတဲ့ အနတ္တဟု ယူဆခံရ

သော အသင်္ခတ သဘောကိုသာ နောက်ဆုံးပိတ်တွေ့ရှိရ၏။

၎င်းသဘောတခုကို သိရပါသဖြင့် အရှုခံရသော တရားအားလုံးတို့သည် မြင်စိတ်ဆိုတဲ့ သဘောနည်းတူ အနတ္တသာ ဘယ်မှမပြောင်း ကောင်းကောင်းကြီးကြန်ရှိနေဟန်ကို ဉာဏ်လျှင်မိမိ သတိကိုသာ ပြုကြပါတော့။

လေးအချက်သဘောသွားကို ပြောကြား ပြီးနောက်၊ ငါးအချက်ကို ဆက်၍ဆိုပါမူ။

ထိုအချက်၏ အမေးကား အရှုခံရသော တရားနှင့် ရှုတတ်သော တရားနှစ်ပါးတို့ ချိန်ခွင်လျှာ မထွက်ဘဲ တူညီနေသည်ကို သိတတ်သော တရားနှင့် ၎င်းအသိကို အမည်ပေးပုံဆိုထားရာ၊ တူညီပုံနှင့် အမည်ပေးပုံကို အောက်တွင်ရှင်းပေဒံ့။

(က) တူညီပုံ။
(ခ) အမည်ပေးပုံ။

တူညီပုံကို ဖေါ်ပြရပါမူ၊ အရှုခံရသော တရားနှင့် ရှုတတ်သောတရား အနတ္တတို့အထဲ၌ အဆုံးသတ်အနေအရ နှိုက်၍ကြည့်က အနတ္တ-အနိစ္စ-ဒုက္ခသာလျှင်ဖြစ်၏။

အရှုခံရသောတရားလဲဘဲ တခုတည်းမဖြစ်၊ ၎င်းသည် စနစ်ကြောင့် အရှုခံရသော အနတ္တနှင့် ရှုတတ်သော အနတ္တရယ်သို့သာ ကွာခြားနေ၏။

အမှန်ဆိုပါမူကား၊ "ဧကော ဓမ္မော" ဆိုတဲ့ သုဉ်းဆိတ်တဲ့ အနတ္တမှာသာ ဆုံးခမ်းဝင်နေကြရှာ၏။

ထိုကဲ့သို့ ဇကောဓမ္မောဖြစ်ခြင်းကြောင့် ၎င်းတည်ရာ နှစ်ပါးတို့သည် ချိန်ခွင်လျှာမထွက်ကြပါ၊ (အနတ္တချင်း တူသည်ဟူလို။)

## တူညီပုံကိုသိသောတရားနှင့် အမည်ပေးခဏ်း၊

၍ကဲ့သို့ တူညီပုံသဘောသွား ပြောကြားပြီးနောက်၊ ထိုဇကောဓမ္မောဖြစ်တဲ့ အနတ္တအပေါ်မှာ သိတတ်သည့် သဘော၏ အမည်နှင့် သိဟန်ပါမကျန် သခေ်ပအားဖြင့် ပြဆိုပေဦးအံ့၊

အထက်တွင် ဝေဘန် ခဲ့သည့်အတိုင်း အရှုခံရပဲ့ တရားလဲ အနတ္တ-အနိစ္စ-ဒုက္ခ၊

ထိုဘရား နှစ်ပါးအပြင် ဝိပဿနာ ပညာရှင်သည် အခြားဝေဘန်စရာ ရှုကြည့်စရာမရှိတော့ပါ။ သို့ပါ၍ ထိုဘရားနှစ်ပါးချိန်ခွင်လျှာ မထွက်ဟန်နှင့်ဇကောဓမ္မော ဆိုဘဲ့ တခုသောသဘောသဘ်လျှင် ဆုံးခမ်းဝင်နေသည် ကို ဉာဏ်လျှင်ငုံမိ ကျပ်ပြည့်သိ၍ နှစ်ခုပေါင်းခါ တခု ကောင်းသိလိုက်ပုံကတော့ အောက်ပါအတိုင်း ဖြစ်၏၊

ထိုတရားနှစ်ပါးတို့သည် အနတ္တ-အနိစ္စ-ဒုက္ခ အနေ နှင့်သာဖြစ်ရှိခါနေကြရတော့၊ ထိုအနတ္တထဲ၌ သိမ်းပိုက် စွဲယူစရာ အစစ် အနှစ် အသားအဖြစ်မှုသိတ်၏။ အကယ် ထင်မှတ်စရာပျောက်ပျက်ကုန်ခမ်း၏၊ ထောက်တည်ရာ, ပုန်းအောင်းရာ,လည်းလျှောင်းရာ,မှီစရာ,တွယ်တာစရာ ရှာမရတဲ့ဒုက္ခအနေနှင့်သာ ဖြစ်ရှိခါနေရသည်ကို သံသ ယမရှိသည့်အတိုင်း ဟုတ်တိုင်းမှန်ရာကိုသာ ဉာဏ်ဝမှာ

ထင်းထင်းကြီး သိနေရပေ၏။ သိသည့် အတိုင်း အချိန် မဆိုင်းဘဲ ဆုံးဖြတ်ချက် ချလိုက်ပုံကတော့ အောက်ပါ အတိုင်းဖြစ်၏။

## သိတတ်သောတရားအား အမည်ပေးပုံ

အရှုခံစရာ တရားနှင့် ရှုတတ်တဲ့ တရား နှစ်ပါး အပြင်၊
အခြားသောတရားကိုလဲ ရှာမတွေ့။

ရှာတွေ့သည့်တရားနှစ်ပါးကလဲ သိမ်းပိုက်စွဲယူစရာ မရှိတဲ့ အနတ္တတွေပါဟု ဝန်ခံနေဘိသကဲ့သို့ ဉာဏ်ဖြင့် နိုင်နိုင် သိကြွက်ပိုင်၍ သိသည့်အတိုင်းသာ ဆုံးဖြတ်ရာ ၏ဟု ရှေးပညာရှိတို့ စပ်ဆိုသည့် အတိုင်း ထိုဘရား နှစ်ပါးအပေါ်၌ ဆုံးဖြတ်ပုံမှာ၊အရှုခံရအနတ္တနှင့် ရှုတတ် ပုံပြ အနတ္တတို့အထဲ၌ ဖေါက်ခွဲကြည့်ရင် အစဉ်ထာဝရ ထောက်တည်စရာ ရှာမရတဲ့ ဒုက္ခသစ္စာသည်သာလျှင် အစဉ် ထာဝရ အမြဲ ရှိနေပါကလားသို့ ဆုံးဖြတ်ချက် ချလိုက်၏။

ဤကဲ့သို့ ဒုက္ခသစ္စာလို့သိလိုက်တဲ့အသိကလေးကိုပင် မဂ်လို့ခေါ် ၏။ သိသည့်အားလျော်စွာ....

ဖလံ နာမ သံယောဇနံ ပဟာနံ မဂ္ဂမေဝ။

ဟု လာရှိသည့်အတိုင်း၊ အလွဲမှား ,အထင်မှားများကို စွန့်လိုက်တာ ဖိုလ်ဟုခေါ် သည်။ စွန့်ထားသောသဘော ထဲ၌ ထို အထင်မှား, အမြင်မှားတို့သည် အကြွင်းကြွင်

အခါခါ မဆိုထားဘိ တကြိမ်တခါပင်လျှင် ပြန်ဝင်၍ မဖြစ်နိုင်တာ နိဗ္ဗာန်လို့ပင် အမည်တွင်၏၊ သို့ပါ၍၊....

အနုပ္ပါဒေါ နိဗ္ဗာနံ-ဟု လာသည်။

အနုပ္ပါဒေါ၊မဖြစ်သဘောသည်၊နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။

အပဋိလောမေစ နိဗ္ဗာနံ။

အပဋိလောမေစ၊ နောင်တဖန်ပြန်၍ မဖြစ်ခြင်းသည်၊ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။

"နိဗ္ဗာနံ သန္တိ့ကေ" လို့ လာရှိပြန်သေး၏၊ နိဗ္ဗာန်သည် သဿဝါတို့နှင့် အနီးကလေးရှိသတဲ့။ထောက်တည်စရာရှာမရတဲ့ ဒုက္ခသစ္စာ တခုကို သိခိုက်မှာပင် ကျန်သစ္စာသုံးပါး တပြိုင်နက် ပါဝင်ပုံကို ရုပ်, နာမ် လောကထဲ၌ ဖေါက်ခွဲ၍ကြည့်ရာ၊ ထောက်တည်စရာ ရှာမရတဲ့ ဒုက္ခသစ္စာတခုသာလျှင် ဧဝကန် အမှန်ရှိသည့်အတိုင်း သစ္စာထိုက်သော ဒုက္ခကို ဒုက္ခဟူ၍သိ၏၊ သိသည်နှင့် တပြိုင်နက် အတ္တ-နိစ္စ-သုခဟူသော ဧထင်ကို အလိုလိုသာ ပယ်ပြီးဖြစ်၏၊ ၎င်းပယ်ပြီးဖြစ်သောအထင်ကို သမုဒယသစ္စာဟုဆို၏။

ဒုက္ခမှန်းသိ၍ အတ္တ-နိစ္စ-သုခဆိုတဲ့ အထင်များသည် သိခိုက်မှာပင်လျှင် ထိုအထင်မှားများသည် သိသောသူ၏ သဘောထဲ၌ ချုပ်ငြိမ်း၍ သွား၏၊ ဤကဲ့သို့ ချုပ်ငြိမ်းသွားတာကို နိရောဓသစ္စာဟုဆို၏။

## မဂ္ဂသစ္စာမှာ မူကား

ထောက်တည်စရာရှာမရဘဲ့ သစ္စာထိုက်သော ဒုက္ခလို့ သိဘာကိုပင် မဂ္ဂသစ္စာလို့ အမည်တွင်၏။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ဒုက္ခသစ္စာတခုကို သိကာမျှဖြင့် ကျန်သစ္စာသုံးပါး တပြိုင်နက် ပါဝင်ပုံ အကြွင်းစားကို အကျဉ်းအားဖြင့် ဖော်ပြပြီး၏။ အကျယ်ကို သိလိုပါက တရားသင်တန်းတက်ရန် မေတ္တာရပ်ခံပါသည်။

ယခု နမူနာပြခဲ့သော စက္ခုဝိညာဉ် တခုကိုမှီ၍ အဋ္ဌဒိဋ္ဌိ ၃၀-အပေါ်မှာ နိရောဓသစ္စာအထိ ဝေဘန်ဉာဏ်ရင့်သန်ကြပါစေသောင်။

ကျမ်းဦးအစလောက်တွင်....

စက္ခုဝိညာဉ်ခေါ် သဘောတရားကလေး၌ သဘာဝ သစ္စာလေးပါး ပါဝင်ပုံကို ပြခဲ့ပေသေး၏။ ယခုမူကား အလျှင်းသင့်သဖြင့် အရိယာတို့၏သစ္စာလေးပါးကို ထပ်မံ၍ ရေးသားပေအံ့။

## တနည်း-အရိယာသစ္စာလေးပါး ယူဆပုံ

ဝိပဿနာစိတ် ကိုယ်တိုင် တခုဘည်း မဖြစ်နိုင်ဘဲ ပတ်ဝန်းကျင် ၃-ခုကိုသာ အားကိုးရာကဲ့သို့ဖြစ်ရှိနေရ၍၊ အဆင်ခြင်ခံရ ရုပ်,နာမ်ဟူသမျှ အနတ္တ တို့ကို ဘယ်လိုမှ အတ္တ-နိစ္စ-သုခဖြစ်အောင် ရှုက်ဆောင်နိုင်တဲ့သဘောနှင့် ကြံဆောင်စေနိုင်တဲ့ သဘော သဘ္ဘတို့ကို ရှုးစမ်းလို့

မတွေ့ရပါဘဲ၊ အမြဲအားဖြင့် ပျောက်ဆုံးကာ အပူလုံးတွေကြွ၍ ယူကျုံးမရသကဲ့သို့ ဖြစ်ရှိနေ၍၊ ကိုးကွယ်ချင်စရာ, အားထားချင်စရာ မရှိသော သဘောမျှကိုသာ တွေ့ရပေ၏။

ထိုမှဘလမ်း တစခမ်းဖွင့်ပါမူ၊ အဝေဘန်ခံရသော တရားထဲ၌ ဝေခွဲကြည့်က အနတ္တ-အနိစ္စ-ဒုက္ခ အနေဖြင့်သာ ရှိနေရှာ၍ တွယ်တာစရာ-ထင်မှတ်စရာ-သိမ်းပိုက်စရာ မရခြင်းကြောင့် သိမ်းပိုက်လိုသောသူတို့၏ အလိုသို့ လိုက်ပါနိုင်သောသဘောဟူက မြူမျှမရှိဘဲ့အဖြစ်ကိုသာ တွေ့ရှိရ၏။

ဤ ယခု ပြဆိုခဲ့ပြီးသည့်အတိုင်း အရှုခံရ အနတ္တနှင့် ရှုတတ်တဲ့ အနတ္တထဲ ပေါက်ခွဲလျှင် အစဉ်ထာဝရ ထောက်တည်စရာမရှိဘဲ့ ဒုက္ခသစ္စာသည်သာလျှင် အမြဲတန်းအားဖြင့် အမှန် ရှိခြင်းကြောင့် စွဲလမ်းခြင်းဆိုရ၊ သမုဒယသစ္စာလဲပယ်ပြီး ဖြစ်ရပါတယ်၊ထင်မှတ်စရာမရှိရှာဘဲ့ ဒုက္ခသစ္စာအတွင်း၌ပင် စွဲလမ်းလိုရှုခေါ် သမုဒယသစ္စာဟာလဲ အလိုလိုပယ်ပြီးဖြစ်နေ၍ ပဟာတဗ္ဗ ကိစ္စလှိုပင် အခေါ်တွင်၍။ တွယ်တာ ထင်မှတ်တတ်တဲ့ ၄င်းသမုဒယ ချုပ်ခိုက်ကိုပင် နိရောဓဘဲ-နိဗ္ဗာန်ဘဲလို့ ခေါ်နိုင်၏။

ယခုသိပုံအတိုင်း သစ္စာထိုက်တဲ့ ဒုက္ခနှင့် ပဟာတဗ္ဗ ဖြစ်သော သမုဒယတရား ထိုနှစ်ပါးတို့အပြင် နိရောဓပါ မကျန် ဤသစ္စာသုံးတန်ကို ဉာဏ်ငုံကာ ကျပ်ပြည့်သိလိုက်တာကိုပင် မဂ္ဂသစ္စာလို့အမည်တွင်၏။

ဤ ပေါ်ပြခဲ့သည့်အတိုင်း အရိယာတို့နယ်မှ သစ္စာလေးပါးကို သိရန်-မိရန် သတိတမန်ဖြင့် ပညာဉာဏ်အစွန်းထုတ်၍ လိုရင်းကိုပြုလုပ်နိုင်ကြ ပါစေသတည်း။

ဝိပဿနာပညာတွင် အရေးပါလှသော အချက်ကြီး (၅)ချက်ကို အရိယာသစ္စာ ထိုက်တဲ့အထိ ဝေဘန်ကာ သိကြရန် အတန်တန် အမျိုးမျိုးဖြင့် ပြဆိုပြီးခဲ့လေပြီ။

ထို ၅-ချက်ကို အကျဉ်းချုံး၍ ဝေဘန်နိုင်ရန် ပုံစံထုတ်၍ ထပ်မံကာ ပြဆိုပေဦးအံ့။

## ဝိပဿနာအရာမှာချုံးပါမူ ဤပုံစံတွင်ဆုံးနေ၏

| ရှုတတ်သောတရား | | အရှုခံရသောတရားများ |
|---|---|---|
| ဝိပဿနာစိတ် | ⟶ | ရုပ်-၂၀၊နာမ်-၅၃။ |
| အနတ္တ,အနိစ္စ,ဒုက္ခ | .... | ဓာတ်-၁၀။ |
| မဂ် | .... | အာယတန-၁၂။ |
| ဖိုလ် | .... | ခန္ဓာ-၅။ |
| နိဗ္ဗာန် | .... | ရုပ်,နာမ်-၂။ |
| | .... | ဖြစ်,ပျက်-၂။ |
| | .... | ပျက်-၁။ |
| | .... | ချုပ်-၁။ |

အရှုခံတရားများကို အကျဉ်းချုံးပါမူ၊ အထက်ပါအတိုင်း ကျဉ်းသွားသည်ကိုတွေ့ရ၏။

ရုပ် နှစ်ဆယ့်ရှစ်၊ နာမ် ငါးဆယ့်သုံးကို အကျဉ်းချုံးပါမှ ဓာတ် ဆယ့်ရှစ်ပါးသာရ၏။ ဓာတ် ဆယ့်ရှစ်ပါး အကျဉ်းချုံးပါမှ အာယတန တဆယ့် နှစ်ပါးသာ ရ၏။ အာယတန တဆယ့် နှစ်ပါးကို အကျဉ်းချုံးပါမှ ခန္ဓာ ငါးပါးသာရ၏၊ ခန္ဓာငါးပါးကို အကျဉ်းချုံးပါမှ နာမ်, ရုပ် နှစ်ပါးသာရ၏။ နာမ်,ရုပ် နှစ်ပါးကို အကျဉ်းချုံး ပါမှ ဖြစ်,ပျက်သာရ၏။ ဖြစ်, ပျက်ကို အကျဉ်းချုံးပါမှ မူလပျက် တလုံးသာရ၏။ မူလပျက်ကို အကျဉ်းချုံးပါမှ ချုပ်ငြိမ်းမှု တလုံးသာရ၏။

အထက်တွင် ရေးဆွဲသားသော ပုံစံသည်၊ ဤကဲ့သို့ တဆင့်ထက်တဆင့် ဝေဘန်သောအခါ အကျဉ်းအားဖြင့် သွင်းခါယူလို့ ရပုံကို ဖေါ်ပြသော ပုံစံပေတည်း။

အရှုခံတရားနှင့် ရှုတတ်တဲ့ ဝိပဿနာစိတ်၊ထိုတရား နှစ်ပါးတို့သည် ထောက်တည်ရာ ရှာမရတဲ့ ဒုက္ခသစ္စာ သာသျှင်ဖြစ်၏ဟုသိလိုက်တာ မဂ်၊သိသည့်အားလျော်စွာ အထင်မှား, အမြင်မှားဆိုတဲ့ သံယောဇဉ်ကို စွန့်လိုက် တာ ဖိုလ်။

သိမ်းပိုက် စွဲယူစရာ မရှိမှုန်းသိ၍ သိမ်းပိုက် စွဲယူမှု မဖြစ်သဘောကို နိဗ္ဗာန်ဟုဆိုထားရာ "အမတံ နိဗ္ဗာနံ" ဟူသောဒေသနာဖြင့် ကိုက်ညီ၏။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အမတံ၊ သေခြင်း ကင်း၏။ (၀၁) မသေ။

သိမ်းပိုက်စရာမရှိမှုန်းသိ၍ မသိမ်းပိုက်ဘဲ နေလိုက်ရာ သိမ်းပိုက်လိုသော စိတ်တို့သည် မသေတော့ပါ၊သို့ပါ၍

လက်တွေ့-မျက်တွေ့ သေဘာမှ လွတ်နေသည်ကို တွေ့ရ၏။

စွန့်လွှတ်ထားသော သဘော တရားထဲ၌ ထိုအမှား တရားတို့သည် တဖန်ပြန်မဖြစ်ထာကို နိဗ္ဗာန်ဟု ဖြစ်ပေါ်ရပုံသဘောသွားတို့ကို ပြဆိုထားသော ပုံစံတည်း။

( သဘောမဥပါက်နိုင်က အကြိမ်ကြိမ်ထပ်၍ရှုပါ။ )

---

# နိဗ္ဗာန် ဖေါ်ပြချက်

ဝိပဿနာ ရှုကြည့်သော ယောဂီသည် အရှုခံတရားနှင့် အရှုတရားနှစ်ပါးလုံးတို့သည် သိမ်းပိုက်စွဲယူစရာမရှိမှန်းကို ကျပ်ပြည့်သိ၏။

ပညာသိနယ်မှ ပရမတ်ဆိုတဲ့ သဘောတရားကလေးသည်ပင်လျှင် ဆိတ်နေတဲ့ သုညတအနတ္တကိုသိ၏။ ဤကဲ့သို့ သဘောကလေးမှဆိတ်သဖြင့် အရှုခံတရားနှင့် အရှုတရား နှစ်ပါးစလုံးတို့သည် ထောက်တည်စရာ, ပုန်းအောင်းစရာ, တကယ်ထင်မှတ်စရာ, ရုန်းစရာ,ချစ်စရာ, ကြောက်စရာ, နှစ်သက်စရာတို့ကို မတွေ့မရှိရပါဘဲ ဒုက္ခသစ္စာ အနေနှင့်သာ ရှိနေတာကို သိရှိရတော့၊ ထို ဝိပဿနာပုဂ္ဂိုလ်သည်နာမ်ရုပ်အပေါ်၌ရင်း၊ရှုကြည့်သော တရားအပေါ်၌ရင်း သိမ်းပိုက်စွဲယူလိုမှု မဖြစ်တော့ပါ၊ ထိုမဖြစ်သဘောကလေးကို နိဗ္ဗာန်ဟု ခေါ်၏။

သိမ်းပိုက် စွဲယူစရာ မရှိမှန်း သိ၍ သိမ်းပိုက် စွဲယူမှု မဖြစ်တော့ပါ။ သို့ပါ၍....

ထိုသဘော ထင်ရှားစေရန်၊....

"အနုပ္ပါဒေါ် နိဗ္ဗာနံ"မဖြစ်သဘောသည် နိဗ္ဗာန်တည်း။

"အနုပ္ပါဒေါ် သုခန္တိ သန္တိပဒေညာဏံ" ဟု

လာရှိပေ၏။

အဓိပ္ပါယ်မှာ

မဖြစ်သဘောသည် နိဗ္ဗာန်ကို မျက်မှောက် ပြုသော ဉာဏ်ဟု ဆို၏။

(တနည်း)

အနုပ္ပါဒေါ နိဗ္ဗာနန္တိ အာဘိဇ္ဇေယျံ။

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

အနုပ္ပါဒေါ၊ သိမ်းပိုက်စွဲယူမှု မဖြစ်သဘောကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာနသဘော နိဗ္ဗာန်ဟူ၍။အာဘိဇ္ဇေယျံ၊ သိအပ်၏။

(တနည်း)

အပဝတ္တံ နိဗ္ဗာနန္တိ အာဘိဇ္ဇေယျံ။

အပဝတ္တံ၊ သိမ်းပိုက်စရာမရှိမှန်းသိ၍ သိမ်းပိုက်စွဲယူမှု မဖြစ်သဘောကို။ နိဗ္ဗာနန္တိ၊နိဗ္ဗာနသဘော နိဗ္ဗာန်ဟူ၍။ အာဘိဇ္ဇေယျံ၊ သိအပ်၏။

(တနည်း)

အနိမိတ္တံ နိဗ္ဗာနန္တိ အာဘိဇ္ဇေယျံ။

အနိမိတ္တံ၊ ထောက်တည်စရာ ရှာမရတဲ့ ဒုက္ခမှန်းသိ၍ သိမ်းပိုက်မှု မဖြစ်သဘောသည်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍၊ အာဘိဇ္ဇေယျံ၊ သိအပ်၏။

အနုပ္ပါဒေါပုဒ်ကို ဗဟုဗ္ဗီသမာသ်ဖြင့် ဝိဂြိုဟ်ပြုရာ၊
နတ္ထိ ဥပ္ပါဒေါ ဧတ္ထာတိ အနုပ္ပါဒေါ။

ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဥပ္ပါဒေါ၊ သိမ်းပိုက်စွဲယူမှုဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောနိရောဓော၊ ထိုနိရောဓသစ္စာနိဗ္ဗာန်သည်။ အနုပ္ပါဒေါ၊ အနုပ္ပါဒ မည်၏။

သဘောကလေးမှသိတ်၍ သိမ်းပိုက်စွဲယူစရာမရှိမှုန်းကိုသိလျှင် သိမ်းပိုက်စွဲယူမှု မဖြစ်ထာကို နိဗ္ဗာန်ဟု ဆိုထားရာ၊ ကျမ်းအထောက်အထားများကို ပြ၍ဆိုခဲ့ပေပြီ။

သိမ်းပိုက်စရာမရှိသောတရားကို သိကာမျှဖြင့် သိမ်းပိုက်စွဲယူမှုမပြုဘဲ ငြိမ်းအေးစွာနေရသည့် အရိယာ ဖြစ်ကြောင်းမှာ အောက်ပါ အထောက် အထားဖြင့် သိနိုင်၏။

ဥပ္ပါဒေ အာဒိနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော် အဘိသမယကထာ၌လာသည်။)

ဥပ္ပါဒေ၊ သိမ်းပိုက်စွဲယူစရာမရှိတဲ့ သုညတအနေဖြင့် ဖြစ်ရှိနေသော သဘောတရား၌။ အာဒိနဝံ၊ ထောက်တည်စရာရှာမရတဲ့ ဒုက္ခသစ္စာ အနေဖြင့်သာ ဖြစ်ရှိကာနေရသောအပြစ်ကို။ ဒိသွာ၊ ဉာဏ်လျှင်ငုံမိ ပညာသိဖြင့် ကျပ်ပြည့်မြင်၍။ အနုပ္ပါဒေ၊ သိမ်းပိုက် စွဲယူမှု မဖြစ်သဘော နိဗ္ဗာန်၌။ စိတ္တံ၊ ထောက်တည်ရာ မရတဲ့ ဒုက္ခသစ္စာကို သိတတ်သော မဂ်စိတ်သည်။ ပက္ခန္ဒတိ၊ ပြေး ဝင်၏-ဟူလို။

ဝိပဿနာရှုသောယောဂီပုဂ္ဂိုလ်သည်၊ အရှုခံတရား နှင့် ရှုတတ်သောတရား။ ထိုနှစ်ပါးတို့ကို ပညာသိနယ်မှ သိတတ်သောမဂ်စိတ်စသော လောကုတ္တရာ တရားတို့ သည်ပင်လျှင် "သဗ္ဗေ ဓမ္မာ အနတ္တာ" ဖေရ၊ အလုံးစုံ သောတရားဘို့သည် တခုချင်းဖြစ်နိုင်သော သဘောမှ သုဉ်းဆိတ်နေသည့် အနတ္တကိုသာ တွေ့ရ၏။

၎င်းအပြင် "တံသမ္ဘုံ နိရောဓဓမ္မံ" ဆိုတဲ့ ဒေသနာ အတိုင်း၊ အထက်ဘွင် ပြဆိုခဲ့ပြီးသည့်အတိုင်း တခုချင်း အလိုအရနှင့် မဖြစ်နိုင်ဘဲ ဖြစ်နိုင်သော သဘောမှ ချုပ် ငြိမ်းနေကြပေ၏။

ဤကဲ့သို့ ချုပ်ငြိမ်းနေသည်ကိုပင်လျှင် "နိရောဓော နာမ နိဗ္ဗာနံ" ဆိုသည့်အတိုင်း နိဗ္ဗာန်လို့ဆို၏။

ထို ချုပ်ငြိမ်းဆိုသော စကား၌ "အပဋိလောမေစ နိဗ္ဗာနံ"ဟု ဆိုပြန်ရာ။ နောင်တဖန် ပြန်၍ မဖြစ်နိုင်သည့် ချုပ်ငြိမ်းပုံကို သတိပြုပါ။ ပြန်မဖြစ်ဆိုသော စကား၌ ယခုပြဆိုခဲ့သော အယူအဆအတိုင်း သဘောတရားဟူ သမျှတို့သည် မည်သည့်သဘောတရားမျှ တခုချင်း မဖြစ် နိုင်ကြပါ။ တခုချင်းဖြစ်နိုင်သော သဘောမှ ချုပ်ငြိမ်း နေကြ၏။

ထိုအလုံးစုံသော သဘောဘရားတို့သည် မည်သည့် အခါမှ တခုတည်းဖြင့် ဖြစ်ကြလိမ့်မည်မဟုတ်၊ သို့ပါ၍ "အပဋိလောမေစ နိဗ္ဗာနံ" ဆိုတဲ့ ပုဒ်နဲ့ကိုက်၏။

သင်တနှယ်ရှိ ဖြစ်ပျက်၍ချုပ်သော အချုပ်မဟုတ်၊ ၎င်းအချုပ်သည် တကယ်မချုပ်ပါသဖြင့် နောင်တဖန် ပြန်ဖြစ်နေသည်ကို တွေ့ရ၏၊ သို့ပါ၍ နိရောဓ အတုကို သတိပြုပါ။

ယခု နိဗ္ဗာန်ဟု ဖော်ပြသော ချုပ် ငြိမ်းပုံမျိုးသည် ဘယ်နံရောအခါမှ နောင်တဖန် ပြန်မဖြစ်နိုင်အောင် ချုပ် ငြိမ်းတဲ့ နိဗ္ဗာန်ကို ပညာဉာဏ်ဖြင့်သိရပါမှ ရာဂစသော ကိလေသာတို့သည် ကုန်ခန်းနိုင်ကြကုန်၏။

## ကုန်ခန်းနိုင်ပုံကို အကိုးသာဓကပြရပါမူ

နိဗ္ဗာနံ အာဂမ္မ ရာဂါဒယော ခိယန္တိ။

နိဗ္ဗာနံ၊ သဘာဝအားဖြင့် ထောက်ဘည်စရာ ရှာမရ တဲ့ ဒုက္ခသစ္စာထဲ၌ ထောက်တည်စရာ တရားတို့သည် အနည်းအပါးမှ မရှိတဲ့ ချုပ်ငြိမ်းနေသော နိဗ္ဗာန်ကို၊ အာဂမ္မ၊ ပညာသိနှယ်မှနေပြီး ဉာဏ်ဖြင့်ငုံကာ ကျပ် ပြည့်သိရပါ၍၊ ရာဂါဒယော၊ ရာဂစသား ကိလေသာ သယ်ပါးတို့သည်။ ခိယန္တိ၊ ကုန်ခန်းကြကုန်၏-ဟုလာ ရှိ၏။

အထက်ပါ ဒေသနာအတိုင်း နိဗ္ဗာန်ကို မြင်ရမှ ကိလေသာစင်သည်ကို ယောဂီတို့ သတိပြုပါ။

ဝိပဿနာသမား အမည်ခံ၍ ရုပ်, နာမ်တွေကို မြင် နေရုံမျှနှင့် ကိလေသာ စင်လိမ့်မည်မဟုတ်။ အထူးသတိ ပြုပါ။

နိဗ္ဗာန်ကိုမြင်၍ မြင်သောသူတို့ ကိလေသာ ချုပ်သွားပုံကို သဘောပေါက်ဖြင့် သဘာဝချုပ်ပြရလျှင် ဆောက်ပါအတိုင်းဖြစ်၏။

ထောက်တည်စရာ ရှာမရတဲ့ ရုပ်,နာမ် လောကထဲရှိ ဒုက္ခသစ္စာထဲ၌ သိမ်းပိုက်စွဲယူစရာတို့သည် အနည်းအပါးမျှ မရှိကြဘဲ ပျောက်ကွယ်ချုပ်ငြိမ်းနေ၏။

တနည်းယူဆရန်မှာ၊ မည်သည့် သဘောတရားမဆိုတခုချင်းဖြစ်နိုင်သော သဘောမှ ချုပ်ငြိမ်းနေ၏။

ထိုတခုချင်း မဖြစ်နိုင်ဘဲ ချုပ်ငြိမ်းနေသော အထဲ၌ အကယ် ထင်မှတ်စရာနှင့် သိမ်းပိုက် စွဲယူစရာ တရားမရှိပါ။

ဤကဲ့သို့ သိမ်းပိုက်စရာ မရှိပုံနှင့် သိမ်းပိုက်လိုသောသူတို့၏ အလိုသို့ မလိုက်နိုင်ပုံကို အတိအကျ သံသယမရှိ၊ ဒွိဟာမဖြစ်ဘဲ သိသောယောဂီသည် ထိုတရားများအပေါ်၌ သိမ်းပိုက်စွဲယူလိုသည့်စိတ်၊ အားကိုးလိုသည့်စိတ်၊ တွယ်တာလိုသည့်စိတ်တို့သည် ချုပ်ငြိမ်းသွားရပေတော့၏။

ထိုချုပ်ငြိမ်းနေသော သူတို့၏ သဘောထဲ၌ ကိလေသာ ဆယ့်ပါးတို့သည် ဖြစ်ခွင့် မရပါသဖြင့် မဖြစ်ကြရတော့ပါ။

ထို ကိလေသာတို့သည်လဲဘဲ မဖြစ်ရ၍ ချုပ်ကွယ်ရပြန်ပါသည်။ သို့ပါ၍ ဒေသနာတော်ကား။....

ဝါနဘော တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ ဟု မိန့်၏။

ဝါနတော၊ သိမ်းပိုက်သောသဘောကို အားကိုးပြီးမှ ဖြစ်ရသောတဏှာမှ။ နိက္ခန္တတ္တာ၊ ကျွတ်လွတ်ဘတ်သည့်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာနံဟူ၍။ ပဝုစ္စတိ၊ မိန့်အပ်၏-ဟူလို။

သိမ်းပိုက်မှု မဖြစ်သောကြောင့် ကိလေသာတို့သည် မဖြစ်ကြရတော့ဘဲ လွတ်နေပေတော့၏၊ ဤသို့ လွတ်ခြင်းကိုနိဗ္ဗာန်ဟု ဆိုသတည်း။

## အထူးသိစေလိုသည်မှာ

(အောက်ပါ ဥပဒေသကို အရကျက်ပါလေ။)

(၁) နိဗ္ဗာန်ကိုမြင်မှ ကိလေသာစင်၏။

(၂) ရုပ်,နာမ်ကိုမြင်ခါမျှနှင့် ကိလေသာမစင်။

(၃) နိဗ္ဗာန်ကိုမြင်မှ မဂ်ဉာဏ်,ဖိုလ်ဉာဏ်။

ချုပ်ငြိမ်းသောနိဗ္ဗာန်ကိုမြင်မှ အရိယာနွယ်ဝင်အချင်းဖြတ် ဖြစ်ကြောင်းကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာ၏။

ဥဘိန္နံ နိဿရဏံ နိရောဓသစ္စံ၊
နိရောဓပဋိပါဒါနာ မဂ္ဂသစ္စံ။

ဥဘိန္နံ၊ ဒုက္ခ, သမုဒယ နှစ်ပါးစုံတို့၏ ထွက်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်သည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ နိရောဓပဋိပါဒနာ၊ ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကိုသိသော အရိယာမဂ်ပညာသည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။

နိရောဓောတိ နိဗ္ဗာနံ နိဗ္ဗာနဥ္စ အာဂမ္မ ဒုက္ခံ၊
နိရုဇ္ဈတိတိ နိရောဓောတိ ဝုစ္စတိ။

(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ)

နိရောဓောတိ၊ နိရောဓဟူသည်ကား။ နိဗ္ဗာနံ၊ နိရောဓ သစ္စာနိဗ္ဗာန်တည်း။ ဟိသစ္စံ၊ မှန်၏။ နိဗ္ဗာနံ၊ ငြိမ်းချုပ်ငြိမ်း နေတဲ့ နိရောဓနိဗ္ဗာန်ကို။ အာဂမ္မ၊ ချုပ်ငြိမ်းနေသည်ကို ဉာဏ်ဖြင့်သိရ-တွေ့ရ၍။ ဒုက္ခံ၊ကိလေသာ ဒုက္ခ, ခန္ဓာဒုက္ခ ဟူသမျှသည်။ နိရုဇ္ဈတိ-နပ္ပဝတ္တတိ၊မဖြစ်။ ဇာတိသဿ၊ ထိုသို့ မဖြစ်ကြောင်း ဖြစ်သောကြောင့်။ နိရောဓောတိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤပြဆိုခဲ့သည်ကိုထောက်၍၊နိဗ္ဗာန်ကိုမြင်မှကိလေသာ စင်ပုံကို သိသာ၏။

ချုပ်ငြိမ်းနေသော နိဗ္ဗာန်ကို မြင်ရပါသဖြင့် ကိလေ သာ တရားဘို့ဟာလဲဘဲ ပျက်စီးခါ ရှာမတွေ့ရအောင် ပျောက်ပျက်ရပုံကို ဝိဘင်း အဋ္ဌကထာနှင့် သမ္မောဟ ဝိနောဒနီအဋ္ဌကထာတို့၌လဲဘဲ တွေ့ရှိရပေး၏။

နိဗ္ဗာနံ အာဂမ္မ ရာဂါဒယော ခီဏာတိ ဧက
မေဝ နိဗ္ဗာနံ ဌဝံ အဝိဇ္ဇာဝ ဘာဇ္ဇာဝ တံ အာဂမ္မ
တမှိဘဂ္ဂံ နစ ကိဥ္စိ ကာဒါစိတိ။

နိဗ္ဗာနံ၊ နိရောဓသစ္စာ နိဗ္ဗာန်ကို။ အာဂမ္မ၊ဉာဏ်ဖြင့် မျက်မှောက်ပြုခါ ရောက်ရပါ၍။ ရာဂါဒယော၊ ရာဂ စသော မီးဆယ်ပါးတို့သည်။ ခီဏာ၊ ဖြစ်ခွင့်ကိုသာ မရ

ရှာဘဲ ကုန်ခန်း၍ ခဏသဘော အတိုင်းသာ ကုန်ရပါပြီ၊ ဣတိ၊ ထိုသို့ မီးဆယ့်တစ်တန် ကုန်ရာမှန်သော ကြောင့်၊ နိဗ္ဗာနံ၊ ရှင်တော်မြတ်ဘုရားကြီးတို့၏ မွေ့လျော် စံပျော် နိဗ္ဗာန်တော်သည်၊ ဧကမေဝ၊ တပါးတည်းသာ မှန်လှပါသတည်း။ ဧဝံ၊ ဤသို့၊ အဝိဇ္ဇာစ; မသိဆိုးဝါး လွန်စွာမှားသည့် အဝိဇ္ဇာတရားရင်း၊ တဏှာစ၊ မလတ် သာအောင် ဒလစပ်ပမာ ဖြစ်ခါငြိရသည့် တဏှာဆိုတဲ့ အညှိတရားသည်ရင်း၊ တံဒွယံ၊ အပေါင်းကိုပြု ထိုတရား နှစ်ခုသည်၊ နိဗ္ဗာနံ၊ ငြိမ်းအေးရာအမှန် ပြည်နိဗ္ဗာန်ကို၊ အာဂမ္မ၊ ညာဏ်ဖြင့်သိမှ အစွဲပြု၍၊ တမ္ပိ၊ ထိုနိဗ္ဗာန်ကြောင့်၊ ခိယာ၊ ကုန်ခန်းရလေပြီ။ တမ္ပိ၊ နိရောဓခေါ်တွင် ထိုနိဗ္ဗာန် ကြောင့်ပင်၊ ဘဂ္ဂံ၊ အဖြစ်မပါ အပျက်သဘာဝ မျှသာ ဖြစ်ရရှာ၏။ တမ္ပိ၊ ဘေးတွေဟူက မြူမျှမရှိ ထိုအေးအတိ နိဗ္ဗာန်ကြောင့်၊ ကိဉ္စိ၊ တခုတစုံ ရူပါရုံဟု ခေါ်စရာသား အာရုံအများသည်။ ကဒါစိ၊ ချိန်ခါအများ မဆိုထားဘိ တရံတခါ ပြန်လာ၍ဖြစ်သော အဖြစ်မျိုးမှလည်း၊ နစ အတ္ထိ၊ ဘယ်လိုပင်ကြည့်ကြည့် ဘယ်အသိနှင့်ရှာရှာ မရှိ ရရိုး မှန်လှပါပေ၏။

ယခုပြဆိုခဲ့သည့် အဋ္ဌကထာဝါဒအတိုင်းသာ နိဗ္ဗာန် ကြောင့် ပင် ကိလေသာတို့သည် ကုန်ခန်းကြရ ပေသတည်း။

ယခုပြဆိုခဲ့သည့်အတိုင်း နိရောဓဆိုတဲ့ ချုပ်ငြိမ်းခြင်း နိဗ္ဗာန်ကို မကျဉ်းမကျယ်သော နည်းမျိုးဖြင့် အလတ်စား ညာဏ် ပြည့်စုံသော ပုဂ္ဂိုလ်, အထက်တန်းညာဏ် ပြည့်

စုံသော ပုဂ္ဂိုလ်,ထိုပုဂ္ဂိုလ်နှစ်မျိုးစလုံး မျက်မှောက်ပြုနိုင်သည့်သဘောမျိုးဖြင့် ရေးသားခါ ပြခဲ့ပေပြီ။

စာရှုသူ ယောဂီတိုင်းတို့သည် ဥပါဒါန်မှ ဝေးလံတဲ့ နိဗ္ဗာန်ဆိုတဲ့အေးသဘောကို လွယ်ကူစွာ သုခပဋိပဒါဖြင့် မျက်မှောက်ပြုနိုင်ကြပါစေဟု ရိုးသားသော စိတ်ထားဖြင့် ရေးသားခဲ့ပေသတည်း။

ထိုကဲ့သို့ နိရောဓဆိုတဲ့ အခြေအထိ ပြဆိုပြီးသော်လဲ ဉာဏ်စဉ်များ ပါသွားသည်ကို ဉာဏ်နုနဲ့သော ပုဂ္ဂိုလ်တို့သည်မသိကြမည်ကိုစိုးရိမ်သဖြင့်အကျဉ်းဆုံးအားဖြင့် ဉာဏ်စဉ်များကို ပေါ်ပြကာ ရေးသားပေဦးအံ့။

အလျင်းသင့်သော အချိန်သို့ ရောက်ရှိပါက၊ ယခုရေးသားသဲ ဉာဏ်စဉ်များကို ယောဂီတိုင်း ဝေဘန်နိုင်သည့် အခြေအထိ ဝိတ္ထာရအားဖြင့် အကျယ်ပြဆိုသော ဉာဏ်စဉ်ကျမ်းကြီးကို ထုတ်ဝေပါဦးမည်။

ဉာဏ်စဉ်ဆိုသည့်အတိုင်း တဉာဏ်တည်း မဟုတ်၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်မှသည် သင်္ခါရုပေက္ခာဉာဏ်အထိ တဉာဏ်ပြီးတဉာဏ် ဆက်သွားဟန်ကို ဉာဏ်မှီသလောက် သဘောပေါက်ကို မဟာပဒေသကြီး လေးပါး လက်ကိုင်ထား၍ ရေးသားပေအံ့။

အောက်ပါ ပုံစံအတိုင်း ဉာဏ်၏အစဉ်နှင့် ပရိညာသုံးပါး ပိုင်းခြားထားပုံကို ရှုပါလေ။

နိဗ္ဗာန်

မဂ်ဉာဏ် ဖိုလ်ဉာဏ်

ဂေါတြဘူဉာဏ်

အနုလောမဉာဏ်

သင်္ခါရုပေက္ခာဉာဏ်-ပဋိသင်္ခါဉာဏ်-မုဉ္စိတုကမျတာဉာဏ်

ဘယဉာဏ်=အာဒီနဝဉာဏ်=နိဗ္ဗိန္ဒာဉာဏ်

ဘင်္ဂဉာဏ်

ဥဒယဗ္ဗယဉာဏ်

သမ္မသနဉာဏ်

ပစ္စယ ပရိဂ္ဂဟဉာဏ်

နာမရူပ ပရိစ္ဆေဒဉာဏ်

ဉာဏ်စဉ်များကို ပိုင်းခြားလျှင် အပိုင်း သုံးပိုင်းရှိ၏၊ ၎င်းတို့၏ အမည်မှာ အောက်ပါအတိုင်း ဖြစ်၏။

(က) ဉာတပရိညာ။
(ခ) တီရဏပရိညာ။
(ဂ) ပဟာနပရိညာ၊

ထိုအပိုင်းကြီး သုံးပိုင်းကို ဉာဏ်စဉ်များနှင့် ဟပ်၍ ပိုင်းမှု....

နာမရူပ ပရိစ္ဆေဒဉာဏ်မှ စ၍ ပစ္စယပရိဂ္ဂဟဉာဏ် အထိ ထိုနှစ်ဉာဏ်သည် ဉာတပရိညာအပိုင်း။

သမ္မသနဉာဏ်မှ စ၍ ဉဒယဗ္ဗယ ဉာဏ်အထိ ၎င်း နှစ်ဉာဏ်သည် တီရဏ ပရိညာအပိုင်း။

ဘင်ဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်အထိ ၎င်းခုနစ် ဉာဏ်သည် ပဟာန ပရိညာအပိုင်း။

ယခုပြခဲ့သည့်အတိုင်း အပိုင်းကြီးသုံးပိုင်းရှိ၏၊ ဉာတ ပရိညာအပိုင်းတွင် ပါဝင်သည့် နာမရူပပရိစ္ဆေဒဉာဏ်မှ စ၍ ရေးသားပေဦးအံ့။

## နာမရူပပရိစ္ဆေဒဉာဏ်

ယခုဝေဘန်ဆဲဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်သည် နာမ်ရုပ်တို့ကို ပိုင်းခြားသောဉာဏ်ဖြစ်၏။

## ၎င်းဉာဏ်ကိုပုဒ်ဖြတ်ပါမူ

နာမ ပရိစ္ဆေဒ၊
ရူပ ပရိစ္ဆေဒ၊

ဟုရ၏၊ ၎င်းနှစ်ပုဒ်ကို အဓိပ္ပါယ်ထုတ်ပါမူ။

နာမ ပရိစ္ဆေဒဟူသည်ကား-နာမ်ကိုပိုင်းခြားခြင်း၊

ရူပ ပရိစ္ဆေဒဟူသည်ကား-ရုပ်ကိုပိုင်းခြားခြင်း။

ပိုင်းခြားပုံပိုင်းခြားနည်းကိုရေးသားပါမူ၊နာမ်ရုပ်ဟု အသမုတ်ခံရသော သဘောတရားဟူသမျှတို့သည် ဖြစ်ပြီးပါက ပျက်နေသည်ဟု ပရမတ်ဆိုထိုသဘောကလေးကို စာနမချေနိုင်ဘဲ သဘောပေါ်မှာ တင်၍ ဝိညာဉ်သိနယ်မှ ဆင်ခြင်နေ၏။ ထိုဝိညာဉ်သိနယ်မှ ဆင်ခြင်နေတဲ့ သဘောကလေးကို လက္ခဏာစသော သဘောကြီးထေးချက်ဖြင့် အစိုင်အခဲရောင်စာနကိုဖေါက်ခွဲကာ သဘောမှ ဆိတ်နေတဲ့ သုညတသဘောသာလျှင်ဆင်ခြင်၏။

ထိုသဘောကလေးကိုဖေါက်ခွဲရာတွင် နာမပရိစ္ဆေဒ နာမ်တလုံးတလုံးခေါ် သဘောကလေးကိုဝေဘန်၍ စစ်ဆေးကြည့်ရှုခြင်း။ ရူပပရိစ္ဆေဒ ရုပ်တလုံး တလုံးခေါ် သဘောကလေးကို ဝေဘန်၍ စစ်ဆေးကြည့်ရှုခါ သိမှုဖြစ်ရန် ကြိုးစားခြင်း၊ ဤကဲ့သို့ သဘောတရား တခုစီ မရောယှက်တဲ့ ထိုသဘောကလေးကိုပင်လျှင် စာနချေခါ သဘောမှ ဆိတ်သည်အထိသိ၍ အတ္တ-နိစ္စ-သုခတို့မှလဲ ဆိတ်နေဟန် သဘောတရားများကို အမှန်အားဖြင့် သိအောင်ဝေဘန်တာကိုပင် ပိုင်းခြားပုံ ပိုင်းခြားနည်း ဖြစ်သည်။ နာမ်တလုံးပိုင်းခြားဟန်ကို ဥပမာအနေဖြင့်ပြရပါမူ၊ စက္ခုဝိညာဉ်ခေါ် မြင်စိတ်ကိုဘဲနမူနာထား၍ပြပါမည်၊ ၎င်းမြင်စိတ်ကို သူနယ်နှင့်သူ ယူဆနေကြသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ငါမြင်သည်ဟုစွဲယူ၏၊

(ခ) မြင်ဆဲတွင် ငါမရှိသဖြင့် မြင်သာ ကျန်တော့၏။

(ဂ) မြင်ဆိုတာအမည်, အမည်ကမမြင်, မြင်လို့အခေါ် ခံရတဲ့သဘောက မြင်သည်၊

(ဥပမာ) ခန္ဓီပ တရားဟောသည်၊ ရှင်းအမည်က တရားဟောသည် မဟုတ်၊ ရုပ်နာမ်လို့ အခေါ် ခံရတဲ့ သဘောတရားများကသာ ဟောသည်၊

(ဃ) သဘောကလေးက တခုတည်းမမြင်ပါ၊ အကြောင်းနှင့်ကင်း၍ မမြင်ဟု ယူလိုက်ရာ၊ သဘောမှ ဆိတ်ငြိမ်၏၊ ကုန်ခန်းမှု သာလျှင် စွဲလမ်း သိမ်းပိုက်လို့ မရတဲ့ အနေနှင့်ဖြစ်ရှိနေ၏၊

ယခု အကျဉ်းပြခဲ့သလို၊ နောက်ဆုံး ဝိညာဉ်သိနယ်မှ သဘောကလေးဖြစ်ပြီး ပျက်သည့်လို့ဆိုရာ၊ ဟုတ်မဟုတ် တောန်ပြန်ရာ၊ အကြောင်းနှင့်အကျိုး ပေါ် ထွက်လာ၏၊ အကြောင်းလေးပါးနှင့်မစပ်ရဘဲ တခုတည်းမဖြစ်နိုင်တဲ့ ဖြစ်သဘောကလေးကိုယ်တိုင် နဂိုရ်ပျက် မူလ အနတ္တ အထိ သိရန် ပိုင်းခြားနိုင်တာကို နာမပရိစ္ဆေဒဉာဏ်၊ ရုပ်ကို ပိုင်းခြားလျှင် ရူပပရိစ္ဆေဒဉာဏ်-လို့ မှတ်ခဲ့ပေတော့ယောဂီ၊

ဤညဏ်ကိုတောင်ရတဲ့အကျိုးခေါ် ပဋိဝေဓမှာ ရုပ်နာမ်လို့ အသမုတ်ခံရတဲ့ သဘောတို့၏ အကြောင်းနှင့် အကျိုးကိုသိရှိ၏။

ဤမျှသော အကျဉ်းဖြင့် ခြင်းဖြင့်
ရှင်းဥာဏ် ပြီး၏။

---

# ပစ္စယပရိဂ္ဂဟဉာဏ်

ပစ္စယပရိဂ္ဂဟဉာဏ်သည်၊ နာမရူပပရိစ္ဆေဒဉာဏ်မှ တောင်ခဲ့တဲ့အကြောင်းစုံညီမှ နာမ်ရုပ်တို့သည် ဖြစ်ကြရ၏၊ ဖြင်စိတ်ခေါ် ထိုသဘောကလေးသည် တခုထည်းထည်း ဖြစ်နိုင်ပျက်နိုင်သောသဘောမှ သည်းဆိတ်နေတဲ့ အနတ္တသိုတာသိရတော့၊ အကြောင်းက အကျိုးကို ဖြစ်အောင်ဘျေးဖူးပြုသယောင်အထင်မှားစရာဖြစ်နေသဖြင့် ရှင်းအကြောင်းကို တောင်၍ အကြောင်း သိမ်းသော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်၏။

မြင်စိတ်တခုကို နမူနာထား၍ တောင်ပါမူ၊ မြင်စိတ်ခေါ် ထိုသဘောကလေးသည် အကြောင်းနှင့်ကင်း တခုချင်းမဖြစ်နိုင်သော သုညတ အနတ္တဆိုတော့၊အကြောင်းလေးပါးကများပြုလုပ်ပါသလောဟုတောင်ရာ....

**အကြောင်းလေးပါး**

(၁) အဆင်း၊
(၂) အလင်း၊

(၃) နှလုံးသွင်း။
(၄) မျက်စိ။

ယခု ပြဆိုတဲ့ အကြောင်း လေးပါး တို့သည်သာလျှင် "အဗျာပါရဓမ္မာန အနတ္တ" ဆိုသည့်အတိုင်း မည်သည့် သဘောတရားမျှ တခုချင်းမြင်စိတ်ကို ဖြစ်အောင် မကြံ ဆောင်နိုင်ကြပါ။

သူတို့ကိုယ်တိုင်လဲဘဲ မြင်စိတ်ရဲ့နည်းတူ တခုသော အလိုအားဖြင့် ဖြစ်သဘောမှသည်းဆိတ်နေကြတဲ့ အနတ္တ အနိစ္စ-ဒုက္ခဆိုတာ သိရပါသဖြင့်၊ မြင်စိတ်ကအကြောင်း ကြောင့်လို့ဆိုထားရာ၊ အကြောင်းများကလဲ ဖြစ်အောင် မလုပ်နိုင်ရုံမျှမက သူတို့လဲအနတ္တပါလို့ဆိုတာသိရတော့ အကျိုးက အကြောင်းကြောင့်ဟုဆို၏။

အကြောင်းကလဲအနတ္တပါဆိုတော့ မဆောင်ရွက် နိုင်တဲ့တရားကြောင့် ဖြစ်ပေါ်နေရတဲ့ အကျိုးခေါ် မြင် စိတ်ကို အဟုတ်ထင်စရာ ရှိပါတော့အံ့နည်းဟု သိရ၍၊ ထိုမစပ်သော အကြောင်းကို သိမ်းဆည်း လိုက်သဖြင့် အကြောင်းနှင့်စပ်လျက် ဖြစ်ပေါ်နေသော အကျိုးခေါ် မြင်စိတ်ဆိုတဲ့ သဘော တရား ကလေးသည် အလိုလို "ကွဲကျူးလျှင်-ရေပါ" ဆိုတဲ့ သဘောမျိုးကဲ့သို့ ပါဝင် သွားရလေတော့သည်။

(ဥပမာ) ပင်ရင်းမှလှဲလိုက်သော သစ်ပင်ကြီးကဲ့သို့ အကိုင်း, အခက်, အရွက်, အသီး, အပွင့်, အဖူး တို့သည် အလိုလိုပါပြီးဖြစ်နေ၏။

အကြောင်းကို သိမ်းဆည်းရန် မဇ္ဈိမပဋိပဒါကျဘို့ အတွက် နည်းလေးပါးကိုသိရပေမည်။

## နည်းလေးပါး

(၁) ဧကတ္တနည်း။ (၃) ဗျာပါရနည်း။
(၂) နာနတ္တနည်း။ (၄) ဧဝံဓမ္မတာနည်း။

ဤအထက်ပါနည်းလေးပါးကိုသိရပေမည်။

အဗျာပါရနည်းအရလက်တွေ့မှာ၊ အကြောင်းတရားသည် အကျိုးတရားကို မဆောင်ရွက်နိုင်ပုံကိုတွေ့ရှိရ၍၊ ဆောင်ရွက်နိုင်တယ်လို့ယူပါက အတ္တဒိဋ္ဌိဖြစ်သွား၏။ ထိုကဲ့သို့အကြောင်းကမှ အကျိုးကို ဖြစ်အောင်မပြုလုပ်နိုင်၍ အနတ္တသဘောဟု ယထာဘူတဉာဏ်ဖြင့်မြင်လျှင် ကလျာဏအဆင့်သို့ရောက်ရပေပြီ။

ဤကဲ့သို့အကြောင်းကမှအကျိုးကိုဖြစ်အောင် ကျေးဇူးမပြုနိုင်လျှင် အကြောင်းနှင့်အကျိုးတို့သည် တခြားစီဖြစ်၍ မည်သို့မျှ မသက်ဆိုင်ရာဟု ယူဆတတ်ပါသည်။ ဤအယူမျိုးသည် ဒိဋ္ဌိတို့၏ အယူမျိုးကဲ့သို့ ဖြစ်နေသဖြင့် မှား၍ ဉစ္ဆေဒဒိဋ္ဌိအယူဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် ထိုအမှားကို ဧကတ္တ နည်းဖြင့် တဖန်ပြန်သိမ်းရပေမည်။

## သိမ်းပုံမှာ

အကြောင်းသည် အကျိုးကိုဖြစ်အောင် မကြံဆောင်နိုင်တာမှန်၏၊ သို့ပါသော်လည်း အကြောင်း၏သဘောနှင့် အကျိုး၏သဘောတို့သည် ဆက်စပ်လျက်ဖြစ်၏၊

## ဥပမာဆောင်ပါမူ

မီးသည်အကြောင်း-အရောင်သည်အကျိုး၊ မီးသည် အရောင်ကိုမဖြစ်စေနိုင်ပါ။ သို့ပါသော် မီးနှင့်အရောင်တို့သည် ဆက်စပ်လျက် ဖြစ်နေသည် မဟုတ်ပါလော။ ထိုကဲ့သို့ ဆက်စပ်နေသည်ကို မသိ၍သာ တခြားစီဟု ယူဆ၏။

(ဥပမာ) မီးငြိမ်းလျှင် အရောင်ဟာလဲဘဲ ပျောက်ကွယ်သွားရပေ၏။ သို့ပါ၍ ကောင်းစွာနည်းဖြင့် သိမ်းဆည်းပါမူ၊ ဆက်စပ်ခြင်း သဘာဝတွေ ဉာဏ်ထဲမှာပေါ်လာပါလိမ့်မည်။ အနတ္တဆိုတဲ့သဘောတရားကို ထင်ရှားစွာမြင်တွေ့ရပေမည်။ ဤသို့ အနတ္တကို တွေ့မြင်မှသာ မဇ္ဈိမပဋိပဒါ လမ်းဆိုက်သည်ဟုမှတ်ပါ ယောဂီ။

ယခုပြဆိုခဲ့သည့်အတိုင်း ဆက်စပ်ပုံကို ဆင်ခြင်ရာဝယ်၊ အခြားလွဲမှားသော သဘာဝတခုပေါ်မှာသွားပြီး တင်နေတတ်ပါသေးသည်။

## တင်တတ်ပုံမှာ

အကြောင်းနှင့်အကျိုးတို့သည် ဆက်စပ်၍ ဖြစ်နေပါသောကြောင့် အကြောင်းနှင့် အကျိုးတို့ကို တခုတည်း တပေါင်းတည်းဟုယူဆတတ်၏။ ဤအယူသည် မှား၍ သဿတဒိဋ္ဌိတို့၏အယူဖြစ်သည်။

ထိုသဿတဒိဋ္ဌိတို့အယူကို ပယ်နုတ်၍ နာနတ္တနည်းနှင့် သိမ်းဆည်းရပေအုံးမည်။

## နာနတ္တနည်းဖြင့် သိမ်းဆည်းပုံမှာ

အကြောင်းနှင့် အကျိုးတရားနှစ်ပါးတို့သည် အချင်းချင်း ဆက်စပ်၍ ဖြစ်ကြသော်လည်း သဘောတရားမှာ ကား မတူကွဲပြားလျက်ရှိနေကြလေသည်။

(ဥပမာ) မီးနှင့်အရောင်တို့သည် အချင်းချင်းဆက်စပ်လျက် ဖြစ်နေကြသော်လည်း မီးသည်အရောင်မဟုတ်ပေ၊ အရောင်သည် လည်း မီးမဟုတ်ပေ။ အဘယ်မှာလျှင် တခုတည်း ဟူ၍ဂိုဏ်း၊ တပေါင်းတည်းဟူ၍ဂိုဏ်း ယူဆနိုင်ပါမည်နည်း။ အဘယ်ကြောင့် ဆိုသော် မီးသည်ပူခြင်းသဘောကို ဆောင်၏။ အရောင်သည် လင်းခြင်း သဘောကို ဆောင်၏။ သဘောမှာကား မတူ၊ တမူသာ ကွဲပြားလျက်ရှိ၏။ တပေါင်းတည်း တခုတည်းဟု မယူဆနိုင်ရာ။

ယခုဖော်ပြသော စကားစဉ်များကို လက်တွေ့နည်း ပေါက်ရောက်သော ယောဂီပုဂ္ဂိုလ်တို့မှသာလျှင် ဟုတ်မှန်ကြောင်း အထူးဝန်ခံနိုင်ပေမည်။

ဤသို့အားဖြင့် ကြောင်း-ကျိုး နှစ်ပါးတို့ကို နာနတ္တနည်းဖြင့် သိမ်းဆည်း ဆင်ခြင်သည် ရှိသော် ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ သဿတဒိဋ္ဌိ အစွန်းမှ လွတ်မြောက်ပေမည်။

အကြောင်းနှင့် အကျိုးတရားနှစ်ပါးတို့သည် အချင်းချင်း ဆက်စပ်၍ ဖြစ်နေကြသော်လည်း ဤသဘောတရားရှိက ထိုသဘောထရားမျိုးသာ ရှိနိုင်လေသည်။

## ဥပမာဆောင်ပါမူ

မျက်စိ, အဆင်း, အလင်း, နှလုံးသွင်းတို့ ရှိပါက မြင်စိတ်ဆိုတဲ့သဘောသာ ရှိရပေမည်။ အခြားသောသဘောတရားများ ရှိချင်ရာ ရှိနိုင်သည်ဟု မယူဆရာ။ ယခုပြဆိုခဲ့သည့်အတိုင်း ဤသဘောရှိက ထိုသဘောတရား ရှိပေမည်ဟု ယူဆခါ ဆင်ခြင်ဝေဘန်ခြင်းသည် ဧဝံဓမ္မတာနည်းဟု ခေါ်သည်။ ပေါက်လွှတ်ပဲစား ရှိချင်ရာ ရှိနိုင်သည်ဟုသာ ယူဆပါက အကရိယဒိဋ္ဌိ ဖြစ်သွားပေလိမ့်မည်။ ၎င်းအကိရိယဒိဋ္ဌိ ပယ်နှုတ်နိုင်ရန် ဧဝံဓမ္မတာနည်းဖြင့် ဆင်ခြင်ရပေမည်။

ဤသို့အားဖြင့် ကြောင်း-ကျိုး နှစ်ပါးကို နည်းလေးပါးအစုံဖြင့် အနုတ္တညာဏ်ထင်အောင် အကြိမ်ကြိမ် အဖန်ဖန် ခွဲစိတ်ဝေဘန်၍ အနုတ္တညာဏ် ထင်ရှားသော ယောဂီပုဂ္ဂိုလ်တို့မှာ တကယ် အကြောင်းကြီးဟု အထင်မှတ်သော ဝိညာဉ်စွဲသည် ပြုတ်ကျ၍ အကြောင်း-အကျိုးနှစ်ပါး ဆိတ်သုဉ်းခြင်း အနတ္တစခန်းသို့ ဆိုက်ရောက်သွားပေလိမ့်မည်။

ဧဝံဓမ္မတာနည်းကို ပေါ်လွင်ရန် ရှုသူတို့၏ ဥပမာဖြင့် ပြပါမူ၊ နွားနို့ဟူသော သဘောတရားရှိက ဒိန်ခဲဆိုတဲ့ မလိုင်ရှိရပေမည်။ အခြားသဘောတရား မရှိနိုင်၊ အခြားသဘောတရား မရှိနိုင်ဟူသည်ကား၊ နွားနို့ ဟူသော သဘောတရားရှိက ငါးခူ, ငါးပိကောင် ရှိရမည်ဟု အဓိပ္ပါယ်မတဲ့ မရှိနိုင်သော အယူအဆ မှားများ

မဖြစ်ရန် ကာကွယ်တားဆီးသောနည်းသည် ဖေဝံခမ္ဘတာ နည်းမည်၏။

ထိုအကြောင်း-အကျိုးဆိတ်မှ ပရမတ်ဆိုတဲ့ သဘော ကလေး ဆိတ်သည့် အခြေအထိ သိကြရပေမည်။ ပရ မတ်ဆိုတဲ့ သဘော ကလေး မရှိက အဘယ် မှာလျှင် ပညတ်ပေါ် နိုင်တော့ပါအံ့နည်း။ ပညတ်သာလျှင် မရှိက အဘယ်မှာလျှင် အစွဲသက္ကာယ ဖြစ်နိုင်ပါတော့အံ့နည်း ယောဂီ။ (လေးလေးနက်နက် စဉ်းစားပါလေ။)

ယခုဘော်ပြ နည်းလေးပါးဖြင့် ထိမ်းလိုက်ရာ၊ ရုပ်, နာမ်ဟု အသမုတ်ခံရသော သဘောတရား ဟူသမျှတို့ သည် တခဏချင်း ဖြစ်နိုင်-ပျက်နိုင်သော သဘောမှ ဆိတ် သုဉ်းနေတဲ့ "အနတ္တ ခယဋ္ဌေန အနိစ္စ" ဆိုသည့် အတိုင်း ဖြစ်သဘော-ပျက်သဘောမှ ကုန်ခန်းနေတဲ့အနိစ္စ၊ ကုန်ခန်း နေသဖြင့် ထောက်တည်ရာမရ ဖြစ်ရှိနေ၍ ဒုက္ခကဲ့သို့ ဖြစ် ရှိခါ နေရသည်ကို တွေ့ရပေ၏။

ပစ္စယပရိဂ္ဂဟဉာဏ် ပြီး၏။

---

## သမ္မသနဉာဏ်

ဧင်းဉာဏ်သည် အမှန်သို့ ရောက်အောင် ရှုးစမ်း၍ သုတေသနပြုလုပ်ခါ တွေ့ရှိသည့် တရားမှန်များ အပေါ် မှာ လက္ခဏာရေးသုံးပါး ထင်မြင်လာအောင် ဝေဘန် သောဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်သည်။

ပစ္စယပရိဂ္ဂဟဉာဏ်မှရရှိခဲ့တဲ့ အသိခံရသောသဘော တရားတို့သည် ဖေဝံခမ္ဘတာနည်းနှင့် နာနတ္တနည်း အရ၊

၍သဘောတရားရှိက ထိုသဘောတရားရှိမြဲဓမ္မတာအရ သာ ဆက်စပ်လျက် ဖြစ်နေကြသည်ဟု ဆိုပါသဖြင့်၊ ၎င်း ဆက်စပ်ခြင်းကို ပါဠိလိုမှာ သန္တတိဟု ဆို၏။ ၎င်းသန္တ တိကို သူ့ရဲကောင်းဟု အမည်ပေးသင့်၏။ ယခုခေတ် အခေါ်မှာမူ၊ မြွေမြွေကလေးသာတည်းဟု ခေါ်ဝေါ်သုံး စွဲကြ၏။ ၎င်းမြွေမြွေ ကလေးပေါ်မှာ သောင်တင်နေ တတ်သည် သတိပြုကြပါကုန်။

သန္တတိဟူသည်ကား - အခြားမဟုတ်၊ အကြောင်း သိမ်းတုံးက အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဆက်စပ်လျက်ရှိတယ်ဆိုတဲ့ ဆက်စပ်မှု သဘောကလေး ကျန်နေခဲ့ပါသည်။ ၎င်းဆက်စပ်မှုကို ပစ္စယပရိဂ္ဂဟဉာဏ် ဖြင့် မည်သို့မျှ မတတ်နိုင်ပါ၊ မဖောနိုင်ပါ။ သို့ပါ၍ ဉာဏ်စဉ်ဆိုသည့်အတိုင်း ပစ္စယပရိဂ္ဂဟဉာဏ်ထက် ရင့် ကျက်သော သမ္မသနဉာဏ်ကို စီရင်ရန် တင်ပို့လိုက်ရပါ သည်။ သို့ပါ၍ မြွေမြွေကလေးခေါ် သန္တတိသူ့ရဲကောင်း ကို သတ်သောဉာဏ်ကို သမ္မသနဉာဏ်ဟုခေါ်သည်။

၎င်းမြွေမြွေကလေးကို လက်ခံထားပါမူ၊ ပြန်၍ ကျိုး- ကြောင်း ဖြစ်လာပေဦးမည်။ ကျိုး-ကြောင်းရှိက စွဲစရာ သက္ကာယ ပြုတ်လိမ့်မည်မဟုတ်။ အပြောဖြစ်၍ လက်တွေ့ မှာ အရာမရောက်ဖြစ်တတ်ပါသည်။ အထူးသတိပြုကြ ပါကုန်။

ပဋိလောမသဘ္ဘဝါမဟုတ် မြွေမြွေကလေးသာ ဟုတ်၏ ဆိုတဲ့ ယောဂီတို့ သတိပြုကြပေဘော့၊ အကြီးမှ သေး

တာဘဲ ရှိသေးတယ်။ သို့ပါ၍ ခွဲစရာမရှိမှ အခွဲမှလွတ်ပါသည်၊ ခွဲစရာရှိနေပါက မခွဲနိုင်သော်လဲ တားလို့ရလိမ့်မည် မဟုတ်။ ဝိပဿနာအရာမှာ အထူးသတိပြုရန် စည်းကမ်းချက်နှစ်ခု သတ်မှတ်မယ် ယောဂီ။ (ထိုစည်းကမ်းချက်ကို ရအောင်ကျက်ခဲ့ပါ။)

(၁) ခွဲစရာရှိသေးသမျှ ပရမတ်ဆိုတဲ့ သဘောကလေး ကျန်နေပါက အခွဲမပြတ်။

(၂) အကြောင်းနှင့် အကျိုးရှိသမျှ အခွဲမပြတ်။

ဆက်စပ်ဘယ်ဆိုတဲ့ သူရဲကောင်း သန္တတိ မြေမြေဟာ ဘယ်မှာ ပိုအောင်းဘယ်ဆိုဘာ ယောဂီတို့ သိမှ သတ်လို့ ရပေလိမ့်မည်။ သို့ပါ၍ သူ၏ ကာဘာဖြစ်တဲ့ တည်းခိုရာဌာန သိမှ သတ်လို့ ရပေလိမ့်မည်။

ရန်သူကို အနိုင်တိုက်လိုသော စစ်သူရဲကောင်းသည် ရန်သူ၏ နေထိုင်ရာ, ခိုအောင်းရာ, ပုန်းရာဌာနဒေသဆိုတဲ့ အရပ်ကို မသိဘဲ အဘယ်မှာ စောင့်နိုင်ပါ မည်နည်း၊ သို့ပါ၍ ထိုဌာနကို တွေ့အောင်ရှာကြံရန် ပဌမအလုပ်, တွေ့မှသာ မချော့ဘဲ တိုက်ရန် ဒုတိယအလုပ် မဟုတ်ပါလား ယောဂီ။

## ဤသို့ ပေါ်လွင်ရန် ဥပမာတင်ပြမှု

ဤမှအရေးပါလှသော ဌာနတို့ကို အောက်တွင် ရေးပြပါသည်။

| (ပါဠိ) | | (မြန်မာ) |
|---|---|---|
| အတိတ်၊ | .... | အရင်၊ |
| အနာဂတ်။ | .... | နောင်။ |
| ပစ္စုပ္ပန်၊ | .... | ယခု၊ |
| အဇ္ဈတ္တ။ | .... | အတွင်း၊ |
| ဗဟိဒ္ဓ၊ | .... | အပြင်၊ |
| ဒူရ၊ | .... | အဝေး၊ |
| သန္တိက၊ | .... | အနီး၊ |
| ဩဠာရိက၊ | .... | အကြမ်း၊ |
| သုခုမ၊ | .... | အနု၊ |
| ဟီန | .... | အယုတ်၊ |
| ပဏီတ | .... | အမြတ်။ |

ယခုပြဆိုခဲ့တဲ့ ဆယ့်တစ်ဌာနမှာ ဆက်စပ်ဘယ်ဆိုဘဲ့ သန္တတိ သူ့ရဲကောင်းဟာ ခိုအောင်းခါ တည်းခိုနေထိုင်၍ ယောဂီတို့အား လှည့်စား နေပါသည်။ သို့ပါ၍ လက်တွေ့ဝေဘန်ရပါမည်၊ ဆက်စပ်ပုံမှာ အောက်ပါ အတိုင်းဖြစ်၍၊—

| | | |
|---|---|---|
| အရင် | .... | ယခုစပ်၊ |
| ယခု | .... | နောင်စပ်။ |
| အတွင်း | .... | အပြင်စပ်၊ |
| အဝေး | .... | အနီးစပ်၊ |
| အကြမ်း | .... | အနုစပ်၊ |
| အယုတ် | .... | အမြတ်စပ်၊ |

ယခု ယှဉ်တွဲ ပြသည့်အတိုင်း ဆက်စပ်တယ် ထင်နေရပါသည်။ အမှန်မှာ မစပ်ပါ။

မစပ်ကြောင်းကို ပေါ် ပြသည့်ပါဠိမှာ အောက်ပါအတိုင်း တွေ့ရ၏။

အတီတံ ရူပံ ယသ္မာ အပဂတေယေဝ ဝိဏံ
နယိမံ ဘဝံ သမ္ပတ္တံ အနိစ္စံ ခယဋ္ဌေန။

လို့ ဝိသုဒ္ဓိမဂ်ကျမ်း၌လာသည်။

အဓိပ္ပါယ်မှာ၊ အရင်က ပြီးခဲ့ပြီးသောရုပ်သည် အရင်အခါ၌သာလျှင် ကုန်ခန်းခဲ့လေပြီ။ ယခု ဖြစ်ပေါ်ဆဲသို့ မပါ။ ထို့ပါ၍ အနိစ္စလို့ဆို၏။

## မဆက်စပ်ဘဲ နေပုံ

နမူနာ ညာလက်ငုံမိရန် မြင်စိတ်တခုထုတ်၍ဝေဘန် ပြပါမည်။ မြင်စိတ်သို့ အခေါ် ခံရတဲ့ သဘောကလေးထဲမှာ ယောဂီ သေသေချာချာ စဉ်းစားကြည့်စမ်းပါ။

အရင်-ယခု-ခုနောင် အတွင်း-အပြင်-အယုတ်-အမြတ် စသော သဘောတွေပါဝင်နေပါသလား, ရှိပါသလား, မိမိတို့ ဝိညာဉ်က ''မာယူပမဉ္စ ဝိညာဏံ'' ဆိုတဲ့အတိုင်း ဝိညာဉ်သည် မျက်လှည့်ဆရာကြီးနှင့် တူဘယ်လိုဆိုထားရာ၊ လှည့်စားနေတာ မဟုတ်ပါလော။

ထို ဆယ့်တစ်ချက်တို့သည် မြင်စိတ်ဆိုတဲ့ သဘောကလေးထဲမှာ မရှိပါ။ ထို့ပါ၍ ရုပ်, နာမ်ဟု အသမုတ် ခံရသော သဘောတရားများပါ ထည့်သွင်း၍ မြင်စိတ် ကဲ့သို့ ဝေဘန်ပါလေ။

ထို ဆယ့်တစ် ဌာနမှာ ရှုကြည့်တော့ အောက်ပါ သဘောနှစ်မျိုးသာရှိ၏။

သင်္ခတသဘော ဖြစ်,ပျက်။

အသင်္ခတသဘော မဖြစ်-မပျက်။

ဖြစ်နိုင်-ပျက်နိုင်မှ ပျက်။

ဤသဘောတရားသာလျှင်ဆယ့်တစ်ဌာနလုံးထဲ၌ရှိ၏။ သို့ပါ၍ ဖြင်စိတ်လို့အခေါ် ခံရတဲ့ သဘောတရားကလေးသည် ဖြစ်,ပျက်နေသည့် သင်္ခတနဲ့ တချင်း မဖြစ်နိုင်-မပျက်နိုင်သည့် အသင်္ခတဆိုတဲ့ သဘောမှာ ဆုံးနေ၏။ ဤကဲ့သို့ တချင်း မဖြစ်နိုင်ပါသဖြင့် ဖြစ်နိုင်သည့် အင်အား ကုန်ခန်းနေသောကြောင့် အနိစ္စ၊ ကုန်ခန်းနေသဖြင့် ထောက်တည်ရာမရ ဖြစ်ရှိနေ၍ ဒုက္ခ၊ ထောက်တည်စရာတရား သုဉ်းဆိတ်နေသဖြင့် အနတ္တ-ဟု ဤဆယ့်တစ်ဌာနလုံးထဲ၌ ထိုလက္ခဏာသုံးချက်ကို ဆင်ခြင်သောယောဂီသည် ဇကော ဝမ္မောဆိုတဲ့ သုညတမှာသာ ဆုံးခမ်းဝင်နေသည်ကို ဉာဏ်ဖြင့်မြင်၏။ ထိုအခါ အထင်များဖြစ်သော သူ့ရဲ့ကောင်းသည် မဆက်စပ်နိုင်ဘဲ ဘုန်းဘုန်းလဲရပေတော့၏။ ထိုသမ္မာသနုဉာဏ်ကို သုံးသပ်သောယောဂီသည် ရအပ်သော အကျိုးကား ထိုဆယ့်တစ်ဌာနတို့သည် မဆက်စပ်ကြဘဲ ဖြစ်,ပျက်နေသဖြင့်အနိစ္စ၊ တချင်း မဖြစ်နိုင် - မပျက်နိုင်ဘဲ ဖြစ်နိုင် - ပျက်နိုင်တဲ့ အင်အား ကုန်ခန်းနေတဲ့ အနိစ္စဆိုဘဲ့ သဘောနှစ်မျိုးသာ ရှိပါကလားဟု အကျိုးအပြစ်ဖြင့်သိ၏။ မဆက်စပ်နိုင်ဘဲ

ဖြစ်,ပျက်နေသည့်သဘောနှင့် မဖြစ်မပျက် သဘောသား လျှင်ရှိ၏ဟု သိသောဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်၏။

---

# ဥဒယဗ္ဗယဉာဏ်

သမ္မသနဉာဏ်ဖြင့် ဝေဘန်ရာ သန္တတိခေတ်တို့သည် မဆက်စပ်နိုင်ကြမှန်းကို သိ၏။ သို့သော် ထိုဆယ့်တစ် ဌာနထဲ၌ ဖြစ်,ပျက်နေသည့် သဘောနှင့် တခုချင်း မဖြစ်နိုင်-မပျက်နိုင်သည့် သဘောနှစ်မျိုးသာ ရှိဟန်ကိုသိခဲ့ရ၏။ ထိုသိခဲ့ရသော ဖြစ်,ပျက်နှင့် မဖြစ်-မပျက်သဘောတို့ကို သမ္မသနဉာဏ်ဖြင့် မဝေဘန်နိုင်၍ ၎င်းဖြစ်,ပျက်နှင့် မဖြစ်-မပျက်သဘောသွားများကို လက်ခံကာ ဝေဘန်ရသော ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟု ခေါ်၏။

### တနည်း

ဖြစ်ပုံဖြစ်နည်းနှင့်တကွ ပျက်ပုံပျက်နည်းကို နားလည် ရုံမျှမက ဘယ်အခနေနဲ့ ဖြစ်၍ ဘယ်အနေနဲ့ ပျက်သည်ကို နားလည်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

၎င်းဉာဏ်မှ ဖြစ်ဆိုသည့် သဘောနှင့် ပျက်ဆိုသည့် သဘောကို ဝေဘန်ရာ အောက်ပါ ပါဠိအတိုင်း သိရပေ၏။

> အဝိဇ္ဇာသမုဒယာ ရူပ သမုဒယောတဏှာ သမုဒယာ ရူပသမုဒယော ကမ္မသမုဒယာ ရူပသမုဒယော အာဟာရသမုဒယာ ရူပသမုဒယော-ရယ်လို့ လာရှိပေ၏။

သို့ပါ၍ ရုပ်,နာမ်လို့အသမုတ်ခံရတဲ့ သဘောတရားကလေးတို့၏ ဖြစ်,ပျက်ပုံ၊ ယထာဘူတပုံစံကို အောက်တွင် ရေးသား၍ပြပေအံ့၊

| ပါဠိ | | မြန်မာ |
|---|---|---|
| အဝိဇ္ဇာ | .... | မသိမှု၊ |
| တဏှာ | .... | ငြိမှု၊ |
| ကံ | .... | ကောင်းမကောင်းအရှိန်၊ |
| အာဟာရ | .... | ထောက်ပံ့မှု၊ |

ရုပ်တလုံးဖြစ်ပုံ

အဝိဇ္ဇာ

အာဟာရ ဥဒယ / ဖြစ် တဏှာ

ကံ

ရုပ်တလုံးပျက်ပုံ

အဝိဇ္ဇာ

ဝယ

အာဟာရ တဏှာ

ပျက်

ကံ

ဤကဲ့သို့ ဖြစ်ကြောင်း တရားလေးပါးနှင့် ဖြစ်ကျိုးတပါး ပျက်အကြောင်းတရား လေးပါးနှင့် ပျက်ကျိုးတပါး၊ ပေါင်းဆယ်ပါးရ၏၊ နာမ်တလုံး ဖြစ်,ပျက်ရာ၌ အာဟာရကိုနုတ်၍ ဖဿကိုထည့်ပါ နာမ်လဲဘဲ ရုပ်ရဲ့

နည်းတူ၊အဖြစ်၌ 'ငါးပါး,အပျက်၌ ငါးပါး ပေါင်းဆယ်ပါး။ ယခုပြဆိုခဲ့သည့်အတိုင်း ရုပ်နှင့်နာမ် နှစ်ဦးပေါင်း သော်နှစ်ဆယ်ရ၏။

ထို ဖြစ်၌ ငါးပါး-ပျက်၌ ငါးပါး ပေါင်းဆယ်ပါး။ ၎င်းဆယ်ပါးဖြင့် ခန္ဓာငါးပါးကိုမြော်သော် ငါးဆယ်ရ၏။ ထိုငါးဆယ်ကို ဥဒယဗ္ဗယဉာဏ် ငါးဆယ်ခေါ် ၏။ တနည်း-ခတ် ဆယ့်ရှမ်ပါးဖြင့်မြော်သော် ၎င်းဉာဏ် တရာ့ရှစ်ဆယ်ရ၏။ အဋ္ဌကဒိ၌ သုံးဆယ်ဖြင့်မြော်သော် ဥဒယဗ္ဗယဉာဏ်သုံးရာရ၏။

ယခု ပြဆိုခဲ့သော ဖြစ်, ပျက်ခေါ် ဥဒယဗ္ဗယဉာဏ်၌ ဖြစ်သည့် အကြောင်း - ပျက် သည့် အကျိုး။ ဤကဲ့သို့ အကြောင်းအကျိုး ရှိနေသည်ကို တွေ့ရပြန်သေး၏။

စာရှုသူယောဂီ ကျက်မှတ်စေရန် ရေးခဲ့သော ဥပဒေ ကလေးကို သတိရ ပါ သေး ၏ လော။ ၎င်း ဥပဒေ၌ အကြောင်းနှင့်အကျိုး ရှိလေသမျှ စွဲစရာသက္ကာယ မပြတ် ဆိုတဲ့ ဥပဒေကို သတိပြုပါ။

ယခုဖြစ်ပျက်ဆိုတဲ့ ကြောင်း- ကျိုးကို တွေ့နေရပြန် ပေပြီ မပေါ့နဲ့ ယောဂီ။ ဤဉာဏ်သည်ကား လောကီနှင့် လောကုတ္တရာ လမ်းခွဲသော ဉာဏ်တည်း။ ထိုဉာဏ်ကို မပိုင်လျှင် လောကနယ်မှ သင်၏အသိဉာဏ်သည် ထွက် လိမ့်မည်မဟုတ်၊ ထွက်ဆိုသော ပညတ် စကားလုံးကို စဉ်းစားလိုက်ရာ၊ အဖြေမှန်ကို လိုလားပါက အောက် ပါ ဘုရားရှင်၏ မိန့်ပုံတရားသံကလေးကို ပြဆိုပေအံ့။

ငါဘုရားသည် လောကသုံးပါးမှ လွတ်၏သို့ မိန့်တော်မူသည်၊ ဤစကားကို မိန့်ပြီးနောက် ဇေတဝန်ကျောင်းတော်၌ တရားဟောနေသေးသည် မဟုတ်ပါလော့။ သို့ပါ၍ ထိုလွတ်လို့ ဘုရားရှင် မိန့်တော်မူသောစကားသည် အသိဉာဏ်အားဖြင့် လွတ်သည်ကို ဆိုလိုသည်မဟုတ်ပါလော့။ ယောဂီလဲဘဲ နိယာမအတိုင်း ဖြစ်ပျက်နေသည့် ကြောင်း-ကျိုးတို့ကို ယထာဘူတကျသောဉာဏ်ဖြင့် လွှတ်အောင် ထွက်ရပေမည်။

ယခင်ပြဆိုခဲ့သည့် ပုံစံအတိုင်း စိတ္တနိယာမ - ဗီဇနိယာမ - ဓမ္မနိယာမ - ဥတုနိယာမ အလိုအားဖြင့် ဖြစ်ပျက်နေတဲ့ ဖြစ်ပျက်အပေါ်မှာ အနိစ္စ-ဒုက္ခ-အနတ္တအလိုအားဖြင့် လက္ခဏာ တင်ကာ ဆင်ခြင်နေပါလျှင် အကြောင်းမှ လွတ်, မလွှတ် ဆိုတာ စဉ်းစားပါယောဂီ။

ဤအချက်ကိုဆုံးဖြတ်နိုင်ရန် စာရှုသူယောဂီ၏ ကိုယ်ပိုင်ဉာဏ်ကိုအသုံးချပါဦး။

အနတ္တံ အပ္ပသန္နော ဃနပဋိစ္ဆန္နတ္တာ။

အနတ္တအစစ်ကိုမမြင်အောင် ကွယ်ဝှက်သော အရာကား ဃနပေတည်းလို့ဆိုထားရာ၊ ဖြစ်သဘောနှင့် ပျက်သဘောတို့ကို ဖုံးအုပ်ထားသော ဃနကို မချေနိုင်သမျှ အနတ္တအစစ်ကို ယောဂီ တွေ့လိမ့်မည်မဟုတ်။ သို့ပါ၍ ယခုပညာသိနယ်မှနေပြီး ဃင်းဖြစ်နှင့်ပျက်ကို ဖုံးအုပ်ထားသော ဃနများဖေါက်ခွဲ၍ပြပါမည်။

ဖြစ်ဆိုသည့် သဘောကလေးကို သုတေသန ပြုရာ၊ အဝိဇ္ဇာစသောအကြောင်းလေးပါးနှင့် ကင်း၍ တခုချင်း ဖြစ် သဘောကလေးကိုယ်တိုင် မဖြစ်နိုင်ပါဘူးတဲ့ ဖြစ်နိုင်သည့်သဘောမှ ပျက်နေတဲ့ အပျက်ပါလို့ ဝန်ခံရာ၏။ ရင်းရဲ့နည်းတူ ပျက်သဘောကလေးကို သုတေသနပြုလုပ်ပြန်ရာ၊ အဝိဇ္ဇာစသော အကြောင်းလေးပါးနှင့်ကင်း၍ တခုချင်း အလိုအရ ပျက်နိုင်သည့် သဘောမှ ပျက်နေရတဲ့ မူလပျက်ပါလို့ ပျက်သဘောကလဲ ဝန်ခံပြန်တယ်။ ဖြစ်သဘော -ပျက် သဘော တို့ ရဲ့ ပြောဆိုချက်အရ၊ ဖြစ်အကြောင်းလေးပါးနှင့် ပျက်အကြောင်း လေးပါးတို့ကို စစ်ဆေးပြန်ရာ၊ ထိုအကြောင်း တရားများကလဲ တခုစီ အစစ်ခံကြသည်မှာ၊ အဝိဇ္ဇာစသော အကြောင်းများက ဖြစ်မှု-ပျက်မှုကို ကျေးဇူးမပြုနိုင်ကြပါဘူးတဲ့။ ''အဗျာပါရဓမ္မေန အနတ္တ'' ဆိုသည့်အတိုင်း၊ လုလ္လပယောဂမှ ဆိတ်ပါသတဲ့ ဖြစ်ပျက်သဘောတို့ကို ဖြစ်အောင်-ပျက်အောင် မဆောင်ရွက်နိုင်ရုံမျှ မက သူတို့ပင်လျှင် ဖြစ်သဘော-ပျက်သဘောတို့ရဲ့နည်းတူ တခုထည်းထည်းဖြင့် ဖြစ်နိုင်-ပျက်နိုင်သည့်သဘောမှ ပျက်နေကြတဲ့ မူလပျက်တွေပါဟု ဝန်ခံရာ၏။

ထိုနောက်ဘဖန် မကျေနပ်ပြန်၍ ဖြစ်သဘော-ပျက်သဘောတို့ကို အောက်ပါအတိုင်း မေးစစ်ကြည့်၏။

ဖြစ်သဘော-ပျက်သဘောတို့သည် ဖြစ် - ပျက်ကြပါသလားဟုစစ်မေးရာ၊ ဖြစ်-ပျက် သဘောတို့က ပြန်၍ဖြေဆိုသည်မှာ၊ တခုချင်း မဖြစ်နိုင် မပျက်နိုင်တဲ့ အပျက်တွေ

ရုပေါင်းတာကိုပင် ဖြစ်တယ်လို့ ဝိညာဉ်သိနယ်မှ စာန မချေနိုင်သော သူတို့က အဟုတ်ဖြစ်တယ် ပျက်တယ်ထင်ပြီး ဆင်ခြင်နေကြတာပါ။ ဖြစ်ပြီးလျှင် တာရှည်မခံနိုင်ဘဲ ဘင်-ဆိုတဲ့ အပျက် ဖြစ်ရတာကိုက နဂိုရ်မူလ ပကတိရုပအားဖြင့် အကြောင်း-အကျိုးတို့သည် တခုသော အလိုအားဖြင့် ဖြစ်နိုင်-ပျက်နိုင်တဲ့ သဘောမှ ပျက်နေကြတဲ့ ပညာသိနယ်မှ သိရတဲ့ အပျက်တွေမို့ ဖြစ်ပြီး ပျက်နေရတာပါဟု ကြောင်း-ကျိုးဘို့က ဝန်ခံရှာ၏။

အထက်တွင် ဝေဘန်ခဲ့သည့် အတိုင်း ဖြစ်သဘော ကလေးတခုထည်းထည်းဖြစ်နိုင်တဲ့သဘောမှအကြောင်း ရော သူပါပျက်ပါသတဲ့၊ ပျက်သဘော ကလေးကလဲဘဲ တခုထည်းထည်း မပျက်နိုင်ပါ၊ ပျက်နိုင်သောသဘောမှ အကြောင်းရော သူပါပျက်ပါသတဲ့။ သို့ပါ၍ ဖြစ်သဘော နှင့် ပျက်သဘောကို ဝေဘန်ကာ မေးစစ်မှု ပြုလုပ်ရာ "ဧကော ဓမ္မော"ဆိုတဲ့ ပျက်တလုံးမှာသာ ဆုံးခမ်းဝင် နေရရှာပုံကို ဉာဏ်ငုံကာ ကျပ်ပြည့်သိရ၏။

## ဝိညာဉ်သိ ဖြစ်-ပျက်ယူဆပုံ

လိုရင်းကို ဆိုတော့မည် ယောဂီ သတိပြုပါတော့၊ ဝိညာဉ်သိနယ်မှ ဖြစ်ပြီး ပျက်လို့ အနိစ္စ၊ ဖြစ်-ပျက်တို့ဖြင့် ကြားမညှပ်သာအောင် တလစပ်ပမာ အနှိပ်စက် ခံနေရခြင်းကြောင့်ဒုက္ခ၊ထိုအနိစ္စသဘောနှင့်ဒုက္ခသဘောတို့ကို တားခြင်းငှါ မစွမ်းနိုင်သောကြောင့် အနတ္တ-ဟုသဘော ကလေးပေါ်မှာ သောင်တင်ခါ ရှု၍နေ၏။

စာရှုသူယောဂီ နောက်ပိုင်းတွင် ပြဆိုခဲ့တဲ့ ဥပဒေကလေးကို မေ့လိမ့်ဦးမည်မထင်။ ၎င်းဥပဒေမှာမှု စွဲယူစရာရှိနေသမျှ အစွဲမပြုတ်ဟု ဆိုခဲ့သည် မဟုတ်ပါလော။ ယခုမှုကား ဝိညာဉ်သိနယ်၌ နာမ်,ရုပ်လို့ အသမုတ်ခံရသော သဘောတရား ကလေးတို့သည် ဖြစ်ပြီး ပျက်လို့ အနိစ္စဟု ရှု၏။ ဖြစ်ပြီး ပျက်တာဘာကြောင့်လဲလို့ သုတေသနပြုရာ သဘောကလေးကြောင့်ဟု အဖြေထွက်၏။

စာရှုသူယောဂီ ဖြစ်ပြီး - ပျက်သော အနိစ္စသည် ဖြစ်စရာ-ပျက်စရာ သဘောကလေးရှိနေသေး၏။

ဥပဒေထုတ်ခဲ့သည်မှာ၊ ပရမတ်ဆိုတဲ့သဘောကလေး စွဲစရာရှိနေသေးသမျှ အစွဲမပြုတ်။ ထိုသဘောကလေး ရှိနေပါလျှင် စွဲစရာပင် မဟုတ်ပါလော။ ဖြစ်လို့-ပျက်ရတယ်ဆိုတော့ ဖြစ်သည်အကြောင်း-ပျက်သည်အကျိုး၊ ဖြစ် ပျက်လို့ရှုသောယောဂီ နဖူးပေါ် လက်တင်၍ဉာဏ်ဝင်ခါ စဉ်းစားပါတော့။ သဘောခေါ် ပရမတ်နှင့် ကြောင်း-ကျိုးတို့ကို လက်ခံထားပြီး ဆင်ခြင်နေလျှင် စွဲစရာ သက္ကာယ ပြုတ်, မပြုတ် နှိုင်းချိန်ခါ ဝရဇိန်ဉာဏ်သွားဖြင့် ခွင်းဘို့ရာ သင့်တာဝန် ဆင်ခြင်ခါ စဉ်းစားတော့။ သူများပြောတိုင်း သင်ယုံလျှင် သင်သာလျှင် လူအ,မို့လေးဟုသာ ဆိုလိုက်ချင်တော့သည် ယောဂီ။

ပရမတ်သည် အကြောင်း။

ပညတ်သည် အကျိုး။

ကြောင်း-ကျိုးရှိလို့ စွဲစရာ သင်္ခါယ ဖြစ်ရသည်ဟု ကျမ်းဦးအစလောက်တွင် ရေးခဲ့သည့် အခဏ်းကို ပြန် ဘတ်စေလိုသည်။

## ပညာသိနယ်မှ ဖြစ်-ပျက်ယူဆပုံ

ဖြစ်သဘောနှင့် ပျက်သဘောတို့သည် တခုချင်း ဖြစ်နိုင်-ပျက်နိုင်သော သဘောမှ ပျက်၏။ အဝိဇ္ဇာစသော အကြောင်း တရားများကလဲ တခုချင်း ဖြစ်နိုင်-ပျက်နိုင်သော သဘောမှ ပျက်၏။ သို့ပါ၍ ဖြစ်သဘော-ပျက်သဘောနှင့် တကွ အဝိဇ္ဇာစသော အကြောင်းတွေပါ တခုချင်း ဖြစ်နိုင်-ပျက်နိုင်သောသဘောမှ ပျက်၏။ (ဝါ) သဘောမှ သိတ်၏။ အဘယ်မှာ၊ ဤအပျက်သည် သဘောခေါ် ပရမတ်-ပညတ်တို့၏ အဖြစ်သည် ရှိနိုင်တော့ပါအံ့နည်း။ စာရှုသူယောဂီ ၎င်းအပျက်သည် သဘောဆိုတဲ့ ပရမတ်ပင် မရှိတော့ပါ။ ကြောင်း-ကျိုး မရှိတော့ပါ။ ကြောင်း-ကျိုးမှ ပျက်နေတဲ့ အပျက်မျှသာ ဖြစ်၏။ ၎င်းအပျက်ကို လက္ခဏာတတ်မူ၊ တခုထည်းထည်းဖြင့် ဖြစ်နိုင်-ပျက်နိုင်သောသဘော ကုန်ခန်း နေ သော ကြောင့် ခယဉာဏ် အနိစ္စ။ တခုထည်းထည်း ဖြစ်နိုင်-ပျက်နိုင်သော သဘော ကုန်ခန်းနေသဖြင့်၊ (ဝါ) သဘောကလေးပင် မရှိတော့သဖြင့် ထောက်တည်ရာ, သက်သာရာ မရဘဲ ဘေးကြီးကဲ့သို့ ဖြစ်နေသောကြောင့် ဘယဉာဏ် ဒုက္ခ။ ဖြစ်နိုင် - ပျက်နိုင်သော သဘော တရား သုဉ်းသိတ်နေသောကြောင့် အနတ္တ။

သို့ပါ၍ အနိစ္စ-ဒုက္ခ-အနတ္တ အနေဖြင့် ဖြစ်ရှိနေရ၏။ တခုထည်းထည်း ဖြစ်နိုင်ပျက်နိုင်သောသဘော ကုန်ခန်းနေတဲ့အနိစ္စထဲ၌ နိစ္စဆိုတဲ့တရားကိုရှာဖွေ၍မတွေ့ရှိရပါ။ သို့ပါ၍ နိစ္စသည် ပျက်၏။ ထောက်တည်ရာရှာမရတဲ့ဒုက္ခထဲမှာ သုခဆိုတဲ့တရားကို အနည်းအပေါးမှ စမ်းသပ်ရှာဖွေလို့မရပါ သို့ပါ၍သုခသည်ပျက်၏။ တခုတည်းဖြစ်နိုင်ပျက်နိုင်တဲ့သဘောမှ သုဉ်းဆိတ်နေတဲ့ သုညတသဘော အနတ္တထဲတွင် အတ္တဆိုတဲ့တရားကို ရှုးစမ်း ရှာဖွေလို့ မတွေ့ရပါ။

သို့ပါ၍ အတ္တသည်ပျက်၏။ အစွဲ ဥပါဒါန် ပြုတ်လောက်သည့် ပညာသိနယ်မှ ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယဉာဏ်၌ ဖြစ်ပျက်ယူဆပုံမှာ၊ အနိစ္စ-ဒုက္ခ-အနတ္တ ဖြစ်၍ နိစ္စ-သုခ-အတ္တ ပျက်၏။

အစွဲဥပါဒါန်ပြုတ်လောက်သည့် ပညာသိနယ်မှ ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယဉာဏ်ဖြစ်ပျက်ယူဆပုံမှာ၊ အနိစ္စ-ဒုက္ခ-အနတ္တဖြစ်၍ နိစ္စ-သုခ-အတ္တ ပျက်၏။

မြန်မာလို တည့်တည့်ကြီး ဆိုပါမူ၊ သိမ်းပိုက်စရာကုန်ခန်း၍ အကယ်ထင်မှတ်စရာ မရှိရုံမျှမကသိမ်းပိုက်လိုသောသူတို့၏အလိုသို့မလိုက်နိုင်သောတရားဖြစ်၍ သိမ်းပိုက်စရာနှင့် ထင်မှတ်စရာတရား အနည်းအပေါးမှ မရှိ၍ သိမ်းပိုက်စရာနှင့် ထင်မှတ်စရာတရားပျက်၏။ (ဤကား-ပညာသိနယ်မှ ဖြစ်ပျက်တည်း၊)

ဝုင်းဥဒယဗ္ဗယဉာဏ်ကို ရေရေလည်လည် ပိုင်နိုင်ပါက အဘယ်မျှ အကျိုးရှိသည်ကို မဟာ ဂရုဏာတော်သခင် ဘုရားရှင်သည် အောက်ပါဂါထာကိုမိန့်ခဲ့ပေ၏။

ယောစ ဝဿသတံဇီဝေ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော ပဿတော ဥဒယဗ္ဗယံ။

အဓိပ္ပါယ်မှာ၊ တစုံတယောက်သော သူသည် ဖြစ်နည်း ပျက်နည်းအစုံကို ရုပ်နာမ်တို့ အပေါ်၌ တရားဉာဏ်ကျွောင်းဆုံးအောင်မမြင်ပါဘဲ၊ အနှစ်တရာ အသက်ပင် ရှည်သော်ငြားလည်း ယုတ်သောသူပင် အမည်တွင်၏၊ ဖြစ်ပုံပျက်ပုံ နည်းအကုန်ကို ဉာဏ်လျှင်ငုံမိ ကျပ်ပြည့်သိသောသူသည်၊ တနေ့၊ တရက်၊ တမနက်မျှလောက် အသက်ရှည်နေရပါမူကား သူမြတ်ဟုပင်ခေါ် စရာတွင်၏။

ဤကဲ့သို့ ဟောတော် မူခဲ့ရာ၊ သူယုတ် မဖြစ်ကြဘဲ သူမြတ်ဖြစ်လိုသောသူတို့သည်၊ ဤမျှ အရာရောက်ေသာ ဝုင်းဉာဏ်ကို ကြိုးစားကြပါကုန်။

---

# ဘင်္ဂဉာဏ်

ဥဒယဗ္ဗယဉာဏ်တွင် ဝေဘန်ခဲ့ရာ ရ ရှိ အခပ် သော အကျိုး ခေါ် ပဋိဝေဓမှာ ဖြစ်သဘော၊ ပျက်သဘော နှစ်ပါးစုံတို့နှင့် အဝိဇ္ဇာစသော အကြောင်း အစုံတို့ပါ တခုထည်းထည်းဖြစ်နိုင်သောသဘော၌ ပျက်နေတဲ့မူလ ပျက်–ဆိုတာ ယောဂီတို့သိကြပေပြီ၊ သို့ပါ၍ ပညာသိနယ်မှာ ဖြစ်ပြီးမှ ပျက်ရန်မလို၊

ထိုအဖြစ်မပေါ်။ အပျက်တခုသာလျှင် ရုပ်နာမ်လောကထဲ၌ ဝေဘန်မှု၏ နောက်ဆုံး၌သာ ရှိနေသည်ကို တွေ့ရှိရ၏။

ထိုတွေ့ရှိရသော မှုလပျက်သည် ဥဒယဗ္ဗယဉာဏ်၏ ပဒိုဝေဝေါ် အကျိုးပေတည်း။

ထိုဖြစ်ပျက်ကိုရှုသောဉာဏ်ဖြင့် ၎င်းမူလပျက်ကို ဝေဘန်ခြင်း၌သာ မင့်မ်းနိုင်ပေါ်။ သို့ပေါ်၍ ဉာဏ်စဉ် ဆိုသည့်အတိုင်း အထက်ဉာဏ်ခေါ် ဘင်္ဂဉာဏ်သို့ ၎င်းမူလပျက်ကို လွှဲအပ်ရ၏။ လွှဲအပ်သည့်အတိုင်း အဖြစ်မပေါ်အပျက်သက်သက်မျှသာ ဖြစ်သော မူလပျက်ကို လက်ခံ၍ ဝေဘန်သောဉာဏ်ကို ဘင်္ဂဉာဏ်ဟုခေါ်၏။

၎င်းအပျက်ဆိုသော ပညတ်စကားလုံးကို ဝေဘန်ရာ အောက်ပါအတိုင်း အပျက်လေးမျိုး ပါဝင်နေသည်ကို တွေ့ရှိရ၏။

(က) ပညတ်သဘော ပျက်။
(ခ) ပရမတ်သဘော ပျက်။
(ဂ) ဝိပဿနာသဘော ပျက်။
(ဃ) အရိယာသဘော ပျက်။

ဘင်္ဂဉာဏ်ဖြင့် ဝေဘန်သော အပျက်သည် နောင်တဖန် ပြန်မဖြစ်နိုင်သော အပျက်ကိုသာဝေဘန်သည်ဟု မှတ်ခဲ့ပေါ်ယောဂီ။

(က) ပညတ်ပျက်ဆိုသည်မှာ၊ ပုံသဏ္ဌာန်အရာဝတ္ထု တခုခုသည် ပျက်ပြီးပါက ၎င်းအပျက်သည် မပျက်မှီ

ရှေ့ယခင်ပုံစံနှင့် ဘယ်အခါမျှ မတွေ့တော့ပါ။ ဤကဲ့သို့ မတွေ့နိုင်အောင် ပျက်ရခြင်းသည် ပြန်မဖြစ်သော အပျက် ဖြစ်၍ ဘင်္ဂ၊အရာ၀ဏ္ဏ-ကြောင့် ပညတ်။

၎င်းဘင်္ဂနှင့် ပညတ်ပေါင်းသော် ၎င်းအပျက်သည် ပညတ်သဘော ပျက်ဖြစ်၏။

(ခ) ပရမတ်သဘော ပျက်ဟူသည်ကား....။ ရုပ်နာမ်ဟုအသမုတ်ခံရသော သဘောတရားဟူသမျှသည် ကြောင်း-ကျိုးစုံညီပါက ဥပါဒ်-ဋ္ဌီ-ဘင် အားဖြင့် ဖြစ်ပြီးပါက ဖြစ်ပြီးသည်နှင့် တပြိုင်နက် ပျောက်ကွယ်လျှသွားရ၏။

ထိုပျက်သွားသောအဟောင်းရုပ်နာမ်သဘောတို့သည် ဖြစ်ဆဲခါ အသစ်ရုပ်နာမ်သဘောတို့ ထံသို့ ပြန်၍သာ မလိုက်ပါနိုင်ဘဲ အမြဲတန်းအားဖြင့် ပျောက်ပျက်ခါ နေရသည်ကို ဘင်္ဂပျက်။

ရုပ်နာမ်သို့ အသမုတ်ခံရသော သဘော ကလေးကို သာယူဆပါသဖြင့် ပရမတ်။ ပြန်မဖြစ်နိုင်သောအပျက် ဖြစ်သောကြောင့် ဘင်္ဂ။ ဤနှစ်ခု ပေါင်းသော် ပရမတ် သဘောပျက်။ ဤပျက်ပုံကို ပရမတ် ပျက်-ဟုဆို၏။

(ဂ) ဝိပဿနာသဘော ပျက်ယူဆပုံမှာ၊ နိယာမ အတိုင်းသာဖြစ်ပြီးပါက ပျက်နေရရှာသော ရုပ်နာမ်လို့ အသမုတ်ခံရသော သဘော တရား ထဲ ပေါက်ခွဲကာ ပညာသိဖြင့် ဝေဘန်ပါမှ၊ အသမုတ်ခံ ထိုရုပ်နာမ်တို့ သည် အကြောင်းတရားနှင့်အကျိုးတရားပါ တခုသော သဘောတရားသည်၊ တခုသော သဘောတရားကို ဖြစ်

အောင် ပျက်အောင် ကြံဆောင်နိုင်သော အတ္တနိယသတ္တိနှင့် တခု ထည်းထည်း ဖြစ်နိုင် ပျက်နိုင်သော သဘောကလေးသည့်ပင် မရှိတော့ဘဲ ဆိတ်သုဉ်းကာ နေရတဲ့ သုညတ အနတ္တ-အနိစ္စ-ဒုက္ခ အနေဖြင့်သာဖြစ်ပွားကာနေရပါသဖြင့်၊ တခုသော သဘောသည် တခုသောသဘောကို တချင်းအလိုအားဖြင့် ဖြစ်စေသမျှ ကျေးဇူးပြုနိုင်တဲ့ အတ္တနိယသတ္တိနှင့် တခု ထည်းထည်း ဖြစ်နိုင် ပျက်နိုင်တဲ့ အတ္တသတ္တိတို့ကို အနည်းအပါးမျှ ရှုးစမ်းကာ ရှာဖွေလို့ မတွေ့ရပါဘဲ အမြဲတန်း ပျောက်ပျက် နေခြင်းသည် ဝိပဿနာသဘော ပျက်ဖြစ်၏။

(ဃ) အရိယာသဘော ပျက်ယူဆပုံမှာ....၊ အဘိဓမ္မာအလိုအားဖြင့် ရုပ်နှစ်ဆယ့်ရှစ်, နာမ် ငါးဆယ့်သုံး၊ ရှစ်ဆယ့်တလုံးသော အရှုခံ သ ဘော တ ရား တို့သည် အနတ္တ-အနိစ္စ-ဒုက္ခအနေအားဖြင့် ဖြစ်ရှိခါနေရကြောင်းကို ဘောဒ်ပြဘတ်သော ဝိပဿနာစိတ်ခေါ် ရှုဘတ် ဝေဘန်တတ်သော ဝိပဿနာစိတ်က ထိုအရှုခံ ရုပ်နာမ်ဆိုတဲ့ သဘောတရားတွေအပေါ် ၌ အတ္တ-နိစ္စ-သုခဖြစ်အောင် ပြုလုပ်နိုင်သော အတ္တနိယသတ္တိနှင့် ဝိပဿနာစိတ်ကိုယ်တိုင် ပတ်ဝန်းကျင်ဖြင့်ကင်းကာ တချင်း ဖြစ်နိုင် ပျက်နိုင်တဲ့သဘောမှ သုဉ်းဆိတ်နေတဲ့ အနတ္တ-အနိစ္စ-ဒုက္ခသာလျှင် ဖြစ်၏။ ရုပ်နာမ်ဆိုတဲ့သဘောတရားဘို့ရဲ့နည်းတူဖြစ်ရှိကာ နေရကုန်၏။

ဤကဲ့သို့ အရှုခံ တရားလဲဘဲ အနတ္တ - အနိစ္စ - ဒုက္ခ၊ ရှုတတ်တဲ့ ဝိပဿနာစိတ်လဲဘဲ အနတ္တ-အနိစ္စ-ဒုက္ခဘု

ပညာသိနယ်မှ သံသယကင်းစွာ တွေ့ရှိရပါသဖြင့် အရှုခံ အနတ္တ - အနိစ္စ - ဒုက္ခနှင့် ရှုဘတ်တဲ့ အနတ္တ-အနိစ္စ-ဒုက္ခ ရယ်လို့သာ ကွာခြားနေ၏။

အမှန်မှာတော့ "ဧကော ဓမ္မော" ဆိုတဲ့ တခုသော သဘာဝ သိမ်းပိုက်စွဲယူလို့ မရတဲ့ အနတ္တနှင့် သိမ်းပိုက် စွဲယူစရာကုန်ခန်းတဲ့ အနိစ္စ၊ ထောက်တည်စရာ ရှာမရတဲ့ ဒုက္ခ အနေဖြင့်သာ ဖြစ်ရှိကာ နေရသည်ကို ဧကန်တိတိ အမှန်သိရသော အရိယာသည် သိမ်းပိုက် စွဲယူသော သူတို့၏ အလိုသို့ မလိုက်နိုင်သော တရားသာ ရှိနေကာ ကို ဧကန်ဒိဋ္ဌ သိမြင်ရ၍ သိမ်းပိုက် စွဲယူလိုသော ဆန္ဒ-ရာဂစသော ကိလေသာ ဆယ်ပါးတို့သည် တွန့်ဘိုလျော ကျကာ-ကွာရှဲကာ သွားကြရကုန်၏။

အဘယ့်ကြောင့်နည်းမူကား .... သိမ်းပိုက်စရာ မရှိ မှန်းသိ၍ သိမ်းပိုက်စွဲယူလို၍ မပြုတော့ပါ။ သိမ်းပိုက် စွဲယူစရာမရှိပုံနှင့် ထောက်ဘည်စရာရှာမရတဲ့ ဒုက္ခသစ္စာ တခုသာလျှင် မအို့ မနာ့ မသေ အမြဲသာငရ ရှိနေသည် ကို သိနိုက်မှာပင် သိမ်းပိုက်စွဲယူလိုသော သမုဒယစိတ် တို့သည် အလိုလိုပယ်ပြီးသား ဖြစ်နေတော့၏၊

ထိုကဲ့သို့ သမုဒယကို ပယ်သတ်ပြီးသော သူတို့၏ သဘောထဲ၌ သိမ်းပိုက်စွဲယူလိုသော ဆန္ဒနှင့် အတ္တ-နိစ္စ-သုခဆိုတဲ့ တရားတို့သည် ဖူးစမ်းကာ ရှာဖွေလို့ မတွေ့ရှိ ရပါဘဲ ပျောက်ပျက်နေသည်ကို အရိယာ သဘောပျက် ဟု ဆို၏။

အထက်တွင် ပြဆိုခဲ့သည့် အတိုင်း နောင်တဖန် ထပ်လေ၍ မဖြစ်နိုင်ဘဲ ပျက်နေတဲ့ အပျက် ကိုသာ တောန်ရာဖြစ်သော ဘင်္ဂဉာဏ်သည်၊ ထိုအပျက်လေးမျိုး တပြိုင်နက် ပါဝင်သည့် အခြေအထိ ဆင်ခြင်ပုံကို အောက်တွင်ရေးသားကာ ပေါ် ပြပေဦးအံ့။

ဝိပဿနာအရာတွင် အကျဉ်းချုံးပါက အောက်ပါ နှစ်ချက်ကိုသာ တွေ့ရှိရ၏။

(က) အရှုခံတရား။

(ခ) ရှုတတ်တဲ့တရား။

ထိုတရား နှစ်ပါးဘို့သည် မှုလပျက် ဖြစ်နေသည်ကို သိကြရပေပြီ။ သို့ပါ၍ ထိုအပျက်တလုံးကိုသာ ဉာဏ်ဖြင့် ရှုကြည့်ရန် ကြိုတော့၏။ ၎င်းအပျက်ထဲ၌ ထောက်တည် စရာ ရှာမရတဲ့ ဒုက္ခသစ္စာအနေဖြင့်သာ ဖြစ်ရှိကာနေပုံကို သေချာဉာဏ်မိ ကျပ်ပြည့်သိသော ယောဂီသည်၊ ထို ဒုက္ခသစ္စာထဲ၌ သိမ်းပိုက်စွဲယူစရာ ကုန်ခန်းနေပုံနှင့် သိမ်း ပိုက်စွဲယူသော သူတို့၏အလိုသို့ မလိုက်နိုင်ပုံကို သိသော ယောဂီ၍ ဉာဏ်သည် သိမ်းပိုက်စွဲယူမှု မပြုတော့ဘဲ သိမ်းပိုက်စွဲယူမှု မဖြစ်ရတဲ့ မဖြစ်သဘောသိနိဗ္ဗာန်သို့ ပြေး ဝင်ခါ ရောက်ရှိရပေတော့၏။

## တနည်းဖေါ်ပြရပါမူ

ထောက်တည်ရာမရတဲ့ဒုက္ခသစ္စာထဲ၌ ထောက်တည် ရာရှိနိုင်တဲ့ တရားတို့သည် အနည်းအပါးမျှ ရှာဖွေလို့

မတွေ့ရှိရပါဘဲ ထောက်တည်ရာရနိုင်တဲ့ တရားတို့သည် ချုပ်ငြိမ်းနေ၏။

ထိုအဲ့သို့ ချုပ်ငြိမ်းနေပုံကို ဉာဏ်လျှင်ငုံမိ ကျပ်ပြည့် သိသော ယောဂီသည် အကယ်ထင်မှတ်၍ တွယ်တာ ပုန်းအောင်း လည်းလျှောင်းလိုသော စိတ်တို့သည် ချုပ်ငြိမ်းရပြန်၏။ ထို တွယ်တာလိုသောစိတ် ချုပ်ငြိမ်းရပါသဖြင့်၊ ၎င်းစိတ်ကိုပင် ခြေကုပ်ယူပြီးမှ ဖြစ်ရသော လောဘ, ဒေါသ, မောဟစသော ကိလေသာဆယ်ပါးတို့ ချုပ်ငြိမ်းကာ သွားရပေတော့၏။ သို့ပါ၍ ဘင်္ဂဉာဏ်ကို ဆင်ခြင်သော ယောဂီသည်။ ပဟာန ပရိညာ ဆိုသည့် အတိုင်း ပယ်သင့်သော ပဟာတဗ္ဗတရားတို့ကို အလိုလို ပယ်ပြီးဖြစ်၍ ဆုမွန်ကောင်း မတောင်းရပါဘဲ အေးသဘောနိဗ္ဗာန်သို့ အလိုလိုရောက်ပြီးဖြစ်တဲ့အထိ အကျိုး ရှိ၏။ ။(ကြိုးစားကြပါကုန်)

ဘင်္ဂဉာဏ်ဖြင့် ဝေဘန်ရာ အရင် - ယခု - နောင်ဟု ဆိုသော ကာလသုံးပါးစလုံးထဲ၌ ဇာခြေမရ ဂနာမငြိမ်တဲ့ အနေမျိုးဖြင့်သာ ဖြစ်ခါနေရတဲ့ ဒုက္ခသစ္စာကို ပိုင်နိုင်စွာ အတိအကျ သိရှိရပါ၍၊ ထို ဒုက္ခသစ္စာထဲ၌ မုန်းစရာ, ချစ်စရာ, အကယ်ထင်မှတ်စရာ, တွယ်တာစရာ မရှိမှန်းကို အတိအကျသိရှိရ၏။ တွယ်တာလိုသော သမုဒယ မဖြစ် တော့သောအခါ၊ ၎င်းဂနာမငြိမ် ဇာခြေမရ အခြေအနေ မကျဘဲ ဖြစ်ရှိကာနေတဲ့ ထို ဒုက္ခသစ္စာကိုပင် အဟုတ် ထင်၍ သိမ်းပိုက်ခါတွယ်တာရမှာကိုပင် ကြောက်လွှန်း

လှပါသဖြင့် တွယ်တာလိုစိတ် မဖြစ်သည်ကိုပင် ဘယဉာဏ်ဟု ခေါ် ဆို၏။

## အထူးသတိပေးစကားရေးသားလိုသည်မှာ

ထို ကြောက်တတ်သော ဘယဉာဏ်သည် ရုန်း, တစ္ဆေ, ကဝေ, မှင်စာ, နတ်မိစ္ဆာ နှင့် သဘက်, ဘီလူး, တစ္ဆေ ထူးတို့ကို ကြောက်သည့် ကြောက်နည်းမျိုး မဟုတ်။ ၎င်း ကြောက်နည်းမျိုးသည် စိတ်နှလုံး မသာမယာ ဖြစ်ရုံမက ကိုယ်စိတ်နှစ်ပါး နွမ်းနယ်ကာ မချမ်းမသာဖြစ်ရပါသဖြင့် အကုသိုလ်ဟုပင် ဆိုထိုက်၏။ သို့ပါ၍ ကိုယ်စိတ်နှစ်ပါးကို တုန်လှုပ်ချောက်ချားအောင် မပြုမလုပ်ရန် သတိပြုရပေမည်။

ဘယဉာဏ်ရဲ့ကြောက်ပုံသည်နာမ်ဖြင့်ကြောက်သော အကြောက်မဟုတ်၊ ဉာဏ်ဖြင့်သာလျှင် ကြောက်သော ကြောက်နည်းမျိုးဖြစ်၏။ ထိုဉာဏ်ကို ရုပ်လုံးဖေါ် ပါမူ ထောက်တည်စရာ ရှာမရတဲ့ ဒုက္ခသစ္စာ တခုသာလျှင် အမြဲကြောန် အမှန်ရှိနေသည်ကို မသိကြသော အနတ္တဝိဇ္ဇာဉာဏ်, အနိစ္စဝိဇ္ဇာဉာဏ်, ဒုက္ခဝိဇ္ဇာဉာဏ်ဆိုတဲ့ ၎င်း ဝိဇ္ဇာဉာဏ် သုံးပါးကို မရကြသော ယောဂီတို့သည်၊ အကာယ်ထင်မှတ်ခါ မုန်းစရာ, ချစ်စရာ, နှစ်သက်စရာ, ငိုစရာ, ရယ်စရာ ရှိတယ်ထင်ပြီး သွားရောက်ခါ ဘာဘာ ညာညာ ပြုလုပ်ရုံမျှမက တွယ်တာကြပါတယ်။ ဤလို တွယ်တာသည်နှင့် တပြိုင်နက် တမှုဟုတ်ချင်းသာ တွယ်တာသော စိတ်ကလေးသည် သေသွားရပါတော့သည်။

(ဝါ)ပျောက်ပျက်သွားရပါတော့သည်။ သို့ပါ၍ ဤကဲ့သို့ သေနေဟန်ကို ဘေးမှနေပြီး ကြည့်နေသော ပညာရှိသော သူ့ဘယောက်ရဲ့ ကြောက်နည်းမျိုးသာဖြစ်၏။ ။
(ကိုယ်စိတ်နှစ်ပါး တုန်လှုပ်ရာ မလိုပါ။)

ထိုကဲ့သို့ ဖြစ်ရှိကာနေသည်ကို လက်တွေ့-မျက်တွေ့-သဘောတွေ့-မနောတွေ့ ဆိုဘာလို ဉာဏ်ဝမှာ မြင်နေရတော့ တွယ်တာတတ်သော သဘောကိုပင် ကြောက်စရာကဲ့သို့ဖြစ်နေပါ၍၊ ထို ပယ်ပြီးခါထားတဲ့-တွယ်တာဟု သဘောကို လက်ခံရမှာနှင့် တွယ်တာရမှာတို့ကို ကြောက်နေတာ ဘယဉာဏ် လို့သာ မှတ်ပါတော့ ယောဂီ။

၎င်းဘယဉာဏ်ဖြင့် ရှုသောယောဂီသည်၊ တွယ်တာတဲ့သဘောကို လက်ခံရမှာနှင့် ထောက်တည်ရာ မရတဲ့ ဒုက္ခသစ္စာအပေါ်မှာ တွယ်တာရမှာ ကြောက်သည့်အားလျော်စွာ သင်္ခါရဒုက္ခကို သွားပြီးတွယ်တာအားကိုးမှုကို မဆုံထားဘိ၊ ဆန္ဒတောင်ပင် မဖြစ်တော့သဖြင့် နိဗ္ဗာန်ဆိုတဲ့ အေးသဘောချုပ်ငြိမ်းရာသို့ အလိုလိုဆုမတောင်းဘဲ ကောင်းကောင်းဧကန် ရောက်ပြီး ဖြစ်နေပါတော့သည်။ ကြိုးစားကြကုန်။

# အာဒီနဝဉာဏ်

အာဒီနဝဉာဏ်ဆိုသည်မှာ၊ ထောက်တည့်စရာ အနီးအပါးမှ ရှာမရတဲ့ ဒုက္ခသစ္စာထဲ၌ သိမ်းပိုက်စွဲယူ စရာတရားတို့သည် မရှိရှာဘဲ ကုန်ခန်းနေတဲ့သဘောနှင့် သိမ်းပိုက်စွဲယူလိုသော သူတို့၏အလိုသို့ များများမဟုတ် တမဟုတ်, တစက္ကန့်, တမိဇ္ဇနာ, တခရာမျှလိုက်ပါနိုင် သော တရားဟူက မြူမျှမရှိပါကလားဟု ဉာဏ်ဝင်ကာ စဉ်းစားသော သဘောကို အာဒီနဝဉာဏ်ဟု ခေါ်၏။ (အာဒီနဝဉာဏ်)ကို သိသည့်အတိုင်း စွဲလမ်းသိမ်းပိုက် ခင်မင်ထောက်ထားငဲ့ညှာစရာတို့သည် ရှိသေးတယ်ထင် ပါက ထင်ဆဲခန္ဓပင် ၎င်းထင်သော စိတ်ကလေးသည် လဲဘဲ သေပွဲဝင်ရပေ၏။ ဤကဲ့သို့ဖြစ်နေခဲ့ပုံကို ဉာဏ်လျှင် ဌိဌိ မမေ့သတိဖြင့်သိ၍ ပဟာတဗ္ဗဖြစ်တဲ့ သမုဒယဘက် ကို အကြိမ်ကြိမ်မဟုတ်၊ တကြိမ်မျှပင် ငဲ့ညှာစရာမမြင် ၍ မငဲ့တော့ဘဲ၊ ငဲ့စရာတရားတို့မဖြစ်ရတဲ့ မဖြစ်သဘော နိဗ္ဗာန်သို့သာ ညွတ်ကိုင်း သွား၏။ သို့ပါ၍ ၎င်းဉာဏ် ဟာလဲဘဲ နိဗ္ဗာန်ကိုသာ တိုက်ရိုက်ရောက်သော ဉာဏ် ဖြစ်သတည်း။

အာဒီနဝဉာဏ် ပြီး၏။

# နိဗ္ဗိန္ဒဉာဏ်

နိဗ္ဗိန္ဒဉာဏ်ဆိုသည်မှာ ငြီးငွေ့သောဉာဏ်ကို ခေါ်၏။ အဘယ်တရားများ အပေါ်၌ ငြီးငွေ့ ပါသနည်း ဟူမူ....

(၁) ပညတ်နယ်ကို ငြီးငွေ့ခြင်း။
(၂) ပရမတ်နယ်ကို ငြီးငွေ့ခြင်း။
(၃) ဝိပဿနာနယ်ကို ငြီးငွေ့ခြင်း။
(၄) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နယ်ကို ငြီးငွေ့ခြင်း။

အထက်ပါတရားများ အပေါ်၌ ငြီးငွေ့ပါသည်။ အဘယ့်ကြောင့်နည်းဟူမူ၊ သက်ရှိသက်မဲ့ဖြစ်သဉ္ဇာနဲ့ အရာဝတ္ထုတို့သည် 'ဘိန္နသဘော-ဘိဇ္ဇတိ နဿန သဘော နဿတိ' ဆိုတဲ့အတိုင်း ပြိုကွဲတတ်တဲ့တရားသဘောသည် ပြိုကွဲ၏။ ပျောက်ပျက် တတ်တဲ့ တရားသဘော သည် ပျောက်ပျက်၏။ ဤကဲ့သို့ခိုင်မြဲသောတရားမရှိပါဘဲပြိုကွဲပျောက်ပျက်သော အရာဝတ္ထုသာလျှင် ဖြစ်မှန်နေပုံကို သိရပါသဖြင့်၊ ပညတ်တရားတို့သည် ငြီးငွေ့ဘွယ်ရာကဲ့သို့ဖြစ်ရှိနေပါသဖြင့် ငြီးငွေ့၏။ (ဤကားပညတ်အလိုတည်း။)

## ပရမတ်နယ်က ငြီးငွေ့ပုံ

ပရမတ် ဆိုတဲ့ သဘောတရားကလေးတို့သည် အကြောင်းအကျိုးစုံညီ၍ ဖြစ်ပြီးသည်နှင့်တပြိုင်နက်၊ အပျက်ဘက်သို့သာ ငဲ့ကွက်လိုက်ပါနေရပါသောကြောင့်

ရုပ်,နာမ်လို့ အသမုတ်ခံရသော သဘောတရား ဟူသမျှတို့သည် တရွရွ တဒိတ်ဒိတ် တသိမ့်သိမ့် တရှိန်ရှိန် တလှုပ်လှုပ် တရွရွ ဖြစ်ရှိကာနေကြတော့၊ ငြီးငွေ့စရာကဲ့သို့ ဖြစ်ရှိနေပါသည်။ သို့ပါ၍ ငြီးငွေ့ရာကဲ့သို့ ဖြစ်ရှိနေပေ၏။ ( ဤကား ပရမတ်ကို ငြီးငွေ့ခြင်းတည်း။ )

## ဝိပဿနာနယ်က ငြီးငွေ့ပုံ

ထိုတလှုပ်လှုပ် တရွရွဆိုတဲ့ ထို သဘောကလေးတို့သည် ဘာ့ကြောင့်ဖြစ်ပြီး ပျက်နေရပါသလဲဟု ဝေဘန်ရာ၊ ၎င်းဖြစ်သဘော - ပျက်သဘောတို့ ကိုယ်တိုင်အကြောင်းအကျိုးတို့သည် တခုတည်း ဖြစ်နိုင် ပျက်နိုင်သော သဘောမှ ပျက်နေ၍ သိမ်းပိုက်စရာ ရှာမရတဲ့ သင်္ခါရဒုက္ခထဲ၌ တွယ်တာစရာမရှိမှန်း ကျပ်ပြည့် သိပါသဖြင့်၊ တွယ်တာရမည်ကို ငြီးငွေ့ပါသည်။ ယခုဘော်ပြသဘာဝအတိုင်း ဝိပဿနာ သဘောဖြင့်လဲ ငြီးငွေ့စရာကဲ့သို့ဖြစ်နေပေ၏။ (ဤကား ဝိပဿနာအရာမှာငြီးငွေ့စရာတည်း။)

## မဂ်ဉာဏ်, ဖိုလ်ဉာဏ်နယ်က ငြီးငွေ့ပုံ

ပညာသိနယ်မှနေ့ပြီး သင်္ခါရဒုက္ခထဲပေါက်ခွဲလိုက်ရ ကြောက်စရာ, နှစ်သက်စရာ, တွယ်တာစရာ, အကာယ်ထင်မှတ်စရာ, ငိုစရာ ရယ်စရာ, တွယ်တာစရာစသော သဘောများ ကင်းဆိတ်နေတဲ့ သုညတသဘောကို သိနေရ၍ တဖန်ထပ်လောကာ သိမ်းပိုက်ရမည်ကို ငြီးငွေ့

စရာ လွှတ်ပစ်စရာ ပယ်ပစ် လိုက်စရာ အဖြစ်နှင့် ငြီး ငွေ့ခြင်း။

ယခု ပြဆိုခဲ့သည့်အတိုင်း အမျိုးမျိုးသော သဘော တရားများအပေါ်မှာ ငြီးငွေ့သောစိတ်တွေ ဖြစ်ခါနေ၍၊ ဤကဲ့သို့သော ငြီးငွေ့နေပါက အဘယ်မှာ ဆုံးပါမလဲဟု ငြီးငွေ့သော သဘောအပေါ်၌ပင် အသိဉာဏ်ဝင်ရောက် လာရာ၊ ၎င်းငြီးငွေ့မှုမဖြစ်တော့ပါ။ သို့ပါ၍ ထိုယောဂီ သည် တမင်သက်သက် နိဗ္ဗာန်သို့ ညွတ်ကိုင်းဝင်ရောက် ရန် အားထုတ်မှုမပြုလိုက်ရဘဲ ငြီးငွေ့မှု မဖြစ်တော့ပါ သဖြင့်၊ မဖြစ်သဘော နိဗ္ဗာန်သို့ အလိုလို ရောက်ပြီးဖြစ် နေပါတော့သည်။

ယခုဖော်ပြ နိဗ္ဗိန္ဒာဉာဏ်သည်လဲဘဲ နိဗ္ဗာန်သို့ တိုက် ရိုက်ဆက်သွယ်ပါသည်။

( နိဗ္ဗိန္ဒဉာဏ် ပြီး၏။ )

# မုဉ္စိတုကမျတာဉာဏ်

လွှတ်လိုသောဉာဏ်ကို မုဉ္စိတုကမျတာ ဉာဏ်ဟုခေါ် သည်။ အဘယ်သို့ လွှတ်လိုပါသနည်းဟူမူ အဝေဘန်ခံ တရားခေါ် အရုပ်ခံ တရားကို သရုပ် သကောင်နှင့် ထုတ် ဆောင်ပါမူ ရုပ်နှစ်ဆယ့်ရှစ်၊ နာမ် ငါးဆယ့်သုံးဟု အသ မုတ်ခံ၊ ထိုရုပ်နာမ်ဆိုတဲ့သဘော တရားတို့ထဲဖေါက်ခွဲပြီး

ကြည့်ရှုရာ အစွဲဥပါဒါန်တို့ကို လက်ခံနိုင်သည့် တရားတို့သည် ရှာဖွေလို့မတွေ့နိုင်လောက်အောင်ပင် အနည်းအပါးမျှ မရှိကြပါ၍၊ ထိုအရှုခံ တရားရဲ့နည်းတူ ရှုတတ်သောတရားကလဲ "ဇောဝေမ္မော" ဆိုသည့်အတိုင်း သဘာဝချင်း တူညီနေ၏။ သို့ ပါ ၍ မည်သည့် သင်္ခါရ မဆို ယခုလက်ငင်း ပက်ပင်းမှာ တိုးလာကြရတဲ့၊ ဘယ်သင်္ခါရတို့အထဲမှာမှ အားကိုးစရာအစစ် အနှစ်အသား မရှိကြွားတဲ့ တရား တို့သာလျှင် ဖြစ်ပေါ် နေကြမှန်းကို ဉာဏ်အား ထင်ထင် တွေ့မြင် နေရ ပါသောကြောင့်၊ ထိုတရားများ အပေါ်မှာ လွဲမှားကာ လိုက်ပါခြင်းတို့၏ ဘေးရန်မှ လွတ်လိုမှုဖြစ်ရန် ဆင်ခြင်နိုင်တဲ့ ဉာဏ်ကို မုဉ္စိတုကမျတာဉာဏ်ဟု ခေါ်သည်။

ဤဉာဏ်သည်လဲဘဲ လွဲမှားကာ မလိုက်ပါသဖြင့်၊ လိုက်ပါမှု မဖြစ်ရတဲ့ မဖြစ်သဘောနိဗ္ဗာန်သို့ အားစိုက်စရာ တမင်မလုပ်ရဘဲ အလိုအလိုအလျောက်ရောက်သွားရပါတော့သည်။

လွတ်လိုသည့် သဘောစိတ်ကို ဥပမေယျဆောင်၍ ဆိုပါမူ၊ ဤဉာဏ်ဖြစ်ရသော ယောဂီသည် အောက်ပါ အမျိုးအစား လွတ်လိုပုံမျိုးမျှမကပါ၊ စွန်လက်သဲကြားမှ စာသူငယ်၊ မြွေ၏ခံတွင်းမှ ဘား၊ လှောင်အိမ်တွင်း အပိ ခံရသော တောဝက်၊ ညွှတ်ကွင်းမိသော တောကြက်၊ နွံများအတွင်းမှာ နစ်နေသော ဆင်ပြောင်၊ ရန်သူတွေ အဝိုင်းခံရသော ယောကျ်ား၊ ကြောင်၏ခံတွင်းမှ ကြွက်၊

အထက်ပါပြဆိုခဲ့သော ပုဂ္ဂိုလ်,သတ္တဝါ အစားစား တို့ရဲ့ဘဝလွတ်လိုဘာသာထက်တောင် ပိုမိုခဲ့ မုဉ္စိတုကမျတာ ဉာဏ်ရသော ယောဂီသည့် လွတ်လို၏။

(ဤကား အကြွမ်းမျှသာ ဖော်ပြရာ၏။

---

# ပဋိသင်္ခါဉာဏ်

ယခု ဖော်ပြဆဲဖြစ်သော ဉာဏ်သည် မုဉ္စိတုကမျတာ ဉာဏ်က လွတ်လိုသည့်အတိုင်း အနှောက်အရှက် ကင်းမဲ့စွာ အဆီးအတားမရှိဘဲ လွတ်လိုသည့်စိတ်၊ တည့်တန့်စွာနေနိုင်ရန်အတွက် ထပ်မံအားထုတ်သော ဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟု ခေါ်သည်။

အဘယ်သို့ အားထုတ်ပါ သနည်းဟုဆိုမူ၊ တိုတို ကျဉ်းကျဉ်းနှင့် လိုရင်းကိုပြောပါက ထောက်ဘည့် ပုန်းအောင်း လည်းလျှောင်းရာ ကာရားတို့မရှိရှာဘဲ ဖြစ်ရှိခါ နေရတဲ့ သင်္ခါရ ဒုက္ခကိုပင်၊ အကယ် ထင်မှတ်စရာနှင့် တွယ်တာစရာ မရှိပုံတို့ကို ထပ်မံပြီးအားထုတ်ရပါသည်၊ လေ့လာရပါသည်၊ ဝေဘန်ရပါသည်။

ဝိပဿနာ အရာတွင် အသုံးဝင်လှသော လက္ခဏာ သုံးပါးကိုပင် အခြင်းအရာအစားစား တော-လေးဆယ် ဆိုတဲ့ တရားများဖြင့် ထပ်မံပြီး ဆင်ခြင်ရပါသည်။

အဘယ့်ကြောင့် ထပ်မံပြီး ဆင်ခြင်ရပါသနည်းဆိုတဲ့ သဘောကို ပြောကြားရပါက အောက်ပါ သာဓကနှင့်

တူ၏။ တံငါသည် တယောက်သည် သူအလိုရှိသည့် ငါးများကို ရှာဖွေရန် ဆောင်းတခုကိုယူပြီး၊ ငါးများရှိရာ ချောင်း,မြောင်း,အင်း,အိုင်တို့၌ ရှာဖွေ၏။

ဤကဲ့သို့ ငါးကိုဆောင်းစဉ် မြွေဟောက် တကောင်ကိုသွား၍ အုပ်မိပါသည်။ ထိုတံငါသည်သည် ငါးထင်မှတ်၍ ၎င်းမြွေကို မြိမြိစွာ ဆုပ်ကိုင်ခါ ရေမှထုတ်လိုက်ရာ၊လည်ရစ်သုံးချက်မြင်သဖြင့် မြွေဟောက်ဟုသိ၏။

ထိုအခါ ၎င်းမြွေသည်၊ တံငါသည်ကို ကြွင်းသောကိုယ်ဖြင့် ရစ်ပတ်၏၊ ထိုမြွေကို စွန့်ပစ်လိုသော တံငါသည်သည် မြွေရစ်ပတ်ထားသော ကိုယ်ကိုဖြေ၍ မြွေကိုအားနည်းအောင် ၃ ရမ်းခြင်းကိုပြု၍ သတိဖြင့် ပစ်လိုက်၏။ မေ့သောသတိဖြင့် တဟုန်တည်း ပစ်ပါမူ၊ မြွေ၏ကိုက်ခဲခြင်းကို ခံရပေမည်။

ယခုပြဆိုသည့် ပမာပုံအတိုင်း လည်ရစ် သုံးခုသည် လက္ခဏာယဉ်သုံးပါးနှင့်တူ၏။ အားနည်းအောင် မြွေကို ပြုသကဲ့သို့ ၎င်းသင်္ခါရုပေက္ခာကိုပင်လျှင် ထပ်မံ၍ ဆင်ခြင်ရပေသည်။ ။(ဤကား-အကျဉ်းပြဆိုခြင်းတည်း။)

၎င်းဉာဏ်နှင့် ပတ်သက်၍ ဘယ်လိုပင် ဆင်ခြင်စရာများစေကာမူ၊ အောက်ပါကို သိရန် အရေးပါလှ၏။

အမှန်ရှိသော သင်္ခါရုပေက္ခာထဲ၌ သိမ်းပိုက် စွဲယူစရာမရှိပုံနှင့် သိမ်းပိုက်သော သူတို့၏ အလိုသို့ မလိုက်နိုင်ပုံသည် လိုရင်းဖြစ်၏။

ထိုကဲ့သို့ ဖြစ်ရှိကာနေသည့်အတိုင်း မမေ့နိုင်လောက်အောင် ဉာဏ်ဝမှာ သတိရနေပါစေ ယောဂီ။ သို့ပါ၍

ယာခုဆိုခဲ့သော သိမ်းပိုက်စရာ မရှိမှုန်း သိအောင်သာ ကြိုးစားပါလေ။

---

# သင်္ခါရုပေက္ခာဉာဏ်

ယာခုပြဆိုဆဲဖြစ်သော ဉာဏ်သည်၊ တဖန်ပြန်ဆင်ခြင်တဲ့ ပဋိသင်္ခါဉာဏ်က အကြိမ်ကြိမ်သင်္ခါရဒုက္ခ၏သဘောတရားများကို အကွယ်အဝှက်မရှိပကတိကိုသာသိရှိရပါသဖြင့် တကယ်ရှိ - အမှန်ရှိဖြစ်သော သင်္ခါရ ဒုက္ခထဲ၌ ဉာဏ်အမျိုးမျိုးတို့ဖြင့် မွှေနှောက်ခါ ကျက်စားခဲ့သော ယောဂီသည်၊ ဉာဏ်အဟုန်အရှိန် အားကောင်းလှပါသဖြင့်၊ ထိုသင်္ခါရဒုက္ခထဲ၌ ဂရုစိုက်ခါ ငဲ့ကွက်လိုက်ပါ၍ အဟုတ်ထင်ကာ အကယ်ထင်မှတ်၍ သိမ်းပိုက်စရာ, တွယ်တာစရာ ကင်းဆိတ်လှတဲ့ သုညတ အနတ္တသာ ရှိနေတာကို ဉာဏ်မှာမိမိ ရှိတိုင်းသိ၍ ဂရုစိုက်စရာ မရှိရှာတဲ့ ဥပေက္ခာ ခတ်မှာသာ ရင်းသင်္ခါရ ဒုက္ခသည် ဆုံးခမ်းတိုင် နေရပုံကို သိမြင်သောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်သို့ပင် ပြောစမှတ်တွင်၏။

အဘယ်ကဲ့သို့ ဂရုမစိုက်ပုံကို အကျဉ်း သင်္ခေပနည်းအားဖြင့် ရုပ်လုံးဖော်ပါမူ၊ ဘယ်ပုံဘယ်နည်း ဂရုမမူ ဥပေက္ခာပြု လျစ်လျူရှုအပ်တဲ့ သဘောသကန်တို့၏ ရှိနေကြတဲ့ သဘောဘရားများကိုသာ ဖြည့်စွက်ခါ ဝေဘန်စရာရှာမရတဲ့ အဆုံးဆိုတဲ့ အနေနှင့် ရင်ဆိုင်နေရပါသလဲဆိုလျှင် မုန်းစရာ, ချစ်စရာ, နှစ်သက်စရာ, စုံမက်

စရာ, မြတ်နိုးစရာ, တကယ်ထင်မှတ်စရာ မမြင်သာတဲ့ သင်္ခါရ တရားတို့အပေါ်၌ မုန်းရမှာ, ချစ်ရမှာ, နှစ်သက်ရမှာ, သိမ်းပိုက်ရမှာ, စွဲလမ်းရမှာ, တွယ်တာရမှာ စသော သဘော မှားများနောက်သို့လိုက်ပါသွားမိမှာကို ထိတ်လန့် ကြောက်ရွံ့ခြင်း ဘယ - ဆိုတဲ့ သဘောနှင့် တွယ်တာစရာနည်း၊အဟုတ်ထင်စရာမရှိတဲ့သင်္ခါရတရားအပေါ်ဝယ် ချစ်စရာ, မုန်းစရာ, ကြောက်စရာနှင့် သိမ်းပိုက်စရာ ရှိသေးသရောင် အထင်ကြောင်၍ ဥပါဒါန်နယ်ဘွား ကိလေသာ သမားတို့၏ ခေတ်ဇာထင်စရာ ပြတဲ့ ၎င်းသင်္ခါရဆိုတဲ့ တရားကို အဟုတ်ထင်၍ ဆက်ဆံကာ မပေါင်းသင်းတော့ဘဲ ကွေကွင်း ကျွတ်လွတ်ရပေါ သဖြင့် ခိုင်ခံ့ကာ အမြဲအေးလှတဲ့ အစွဲဘေးတို့ဖြင့် ဝေးလံတဲ့ အေးနိဗ္ဗာန်ခေါ် သန္တိပဒသို့ အလိုလိုသာ ရောက်ရှိရပါ၍၊ ထို ချုပ်ငြိမ်းခြင်းဆိုတဲ့ နိဗ္ဗာန်ပေါ်၌ စုံမက်ခါ နှစ်သက်ခြင်းဆိုတဲ့နန္ဒီ၊အဲသည့်နှစ်မည် ဘယနန္ဒီတို့ကိုပင် အဟုတ်ထင်ကာ ဆက်ဆံချင်စရာတရား အနည်းအပါးမှ အကြွင်းကြွင်းအခါခါ သုတေသန ပြုကာ ရှာမရပါ၍၊ ထိုကဲ့သို့ ဆက်ဆံချင်စရာ မရှိရှာပုံကို ဉာဏ်မှာ ဝိဝိ ကျပ်ပြည့်သိသော ယောဂီသည်၊ ၎င်းဘယနန္ဒီတို့ကိုပင် ဂရုစိုက်ခါ မသိမ်းပိုက်တော့ပါဘဲ လျစ်လျူရှုမှု ဥပေက္ခာ ပြု၍ ဥပေက္ခာအပေါ်၌သာ ၎င်းယောဂီစိတ်ဓာတ်သည် တည်ထိုက်-ရှိထိုက်သည့် အားလျော်စွာ တည်အောင်-ရှိအောင် ပွားများခါ ဆင်ခြင်နိုင်သဖြင့် သင်္ခါရုပေက္ခာ ဉာဏ်ဟု ခေါ်ကြပြု၏။

အတိုကျဉ်း၍ လိုရင်းကိုသွင်းခါ ဖေါ်ပြရပါမူ၊ သင်္ခါရုပေက္ခာဉာဏ်၏ သဘောသွားအတိုင်း ဥပေက္ခာပြု၍ လျစ်လျူရှုစွမ်းနိုင်သော ယောဂီ၏စိတ်သည် အမျိုးမျိုးသောအာရုံ အဖုံဖုံသော စိတ်ခေတ်တို့နှင့် ရောနှောကာ ဆက်စပ်ခြင်း မပြုတော့ပါဘဲ ငြိမ်းအေးစွာ လွတ်လပ်ရေးရနေပါသဖြင့်၊ မာဂဓအလို ပြောမယ်ဆိုက ဝိမုတ္တိလှပင် ခေါ်စရာတွင်၏။ အခြားတဖုံ ပြောစရာကြိုက ဝိမုတ္တိရသဘဲ - နိဗ္ဗာန်ဘဲဟု ရှိတာအမှန် ရောက်အောင်သာ ကြိုကြတော့ ရောက်နိုင်ရန်နည်း ပြဆိုပြီး၏။

(၍ကား-နောက်ဆုံးအမှာတည်း။)

၍ သင်္ခါရုပေက္ခာဆိုတဲ့ ဉာဏ်ကို အမှတ်ရလွယ်ရန် သဘောမှန်ကို ပြရပါမူကား၊ အောက်ပါ အတိုင်းသာ မှတ်ပါတော့ယောဂီ။

သင်္ခါရတရားတို့အပေါ်၌ ဘယ်ဟာကို တွယ်တာရမည်-အားကိုးရမည်ကို စမ်းသပ်ရှာဖွေ၍ မတွေ့ရဘဲ၊ အမြဲပျောက်ဆုံးနေသောကြောင့် တွယ်တာစရာ တကယ်ထင်မှတ်စရာ-အားကိုးစရာ ပျောက်ဆုံး၍ သုဉ်းဆိတ်ခါနေသော သဘောတရားမျှကို ပါဠိလို ပြောမယ်ဆိုက သုညတလို့ ခေါ်၏။

ဒါသည် သုညတကိုပင် တမင်တကာ မဆင်ခြင်ရဘဲ မမေ့သော သတိရခြင်းဖြင့် ဉာဏ်ဝထဲမှာ အမြန်သိမြင်နေရသည်ကို ပါဠိလို သင်္ခါရုပေက္ခာ ဉာဏ်သို့သာ မှတ်ပေတော့။

ယခုပြဆိုခဲ့သော ဉာဏ်ကို မသိရဘဲ သိပါသော်လဲ လိုရင်းကျသော သင်္ခါရုပေက္ခာ မပြဘတ်ပါက အဘယ်သို့ ဖြစ်နေတတ်ပါသလဲဆိုတဲ့ အမေးကိုဖြေရပါမူ၊ ''သင်္ခါရပဉ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ'' အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာအတိုင်း ရုပ်, နာမ် လောက ကြီးထဲမှာ ဆုံးတယ်မရှိ တဖျိဖျိဖြင့် ဝဲလည်နေတတ်ပါတယ်။ သံသရာမှ မထွက်နိုင်ဟူသို။

ရင်းသင်္ခါရုပေက္ခာသို့ အရောက် ကျက်စား တော်နေ သော ယောဂီမှာ၊ အဘယ်ကဲ့သို့ အကျိုးရှိပါသနည်းဆို တဲ့ အဖြေကို ဖြေရန်မှာ၊ ရှင့်ဗုဒ္ဓနီဒ္ဒေသပါဠိကို ကိုးကား၍ ဖြေပြရပေမည်။

> သုညတော လောကံ အဝေက္ခဿု၊ မောဃ ရာဇ သဒါသတော အတ္တာနုဒိဋ္ဌိံ ဉဟစ္စဧဝံ မစ္စုတရောသိယာ ဧဝံလောကံ အဝေက္ခန္တံ မစ္စု ရာဇာ နပဿတိ။

## မြန်မာပြန် ဆိုပါမူ

မောဃရာဇာ ပုဏ္ဏား အချိန် တိုင်း လိုလို သင်သည် သတိနှင့်ပြည့်စုံ၍ ပဋိသင်္ခါဉာဏ်ကို လေ့လာခဲ့သည့် အား လျော်စွာ ဝိပဿနာ သမားတို့၏ အလို မရှိ အပ်သော အတ္တဒိဋ္ဌိကို ဖျက်ဆီးလျက် အသမုတ်ခံဆိုဘဲ့ ရုပ်,နာမ် တို့ဟာ သင်္ခါရဒုက္ခ ဖြစ်ကြပါ၍၊ ထို သင်္ခါရဒုက္ခဟာလဲ ထောက်တည်ရာရတဲ့ သဘောမှ ဆိတ်နေတဲ့ သုညတမျှ သာဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် တောန်ကာ ရှုကြည့်

ပါလော့။ အဲဒီလို ဆင်ခြင်သော သင့်ကို သေမင်းသည် မမြင်ရတော့ပါ။ သေဘေးမှ လွတ်သည်ဟူလို။

ဤကဲ့သို့ မရှိသည့်အတိုင်း ဤဉာဏ်ကို ဝေဘန်နိုင်သော ယောဂီတို့သည် သင်တို့၏ လိုသားချက် ပြည့်စုံပေပြီဟု ထင်မိပါတော့သည်၊ လော့လာခါ ပွားများ၍ ကြိုးစားနိုင်ကြပါစေကုန်သတည်း။

သန်္ဒါရုပေကျွာဥာဏ် ပြီး၏။

ယခုပြဆိုခဲ့သည့်အတိုင်း ဉာဏ်စဉ်များကို
ပြဆိုပြီးနောက် သစ္စာ ၄-ပါးနှင့် ဆိုင်ရာများကိုသိစေရန်
လုံလောက်စေမှုအတွက် အကြမ်းအားဖြင့်
ထပ်မံ၍ ပြဆိုလိုက်သေး၏
ကြိုးစား၍ လေ့လာအားထုတ်ကြပါကုန်။

# အမှန်တရားခေါ် သစ္စာလေးပါးကို ဝေဘန်ခြင်း

●

သစ္စာလေးပါးတို့အား မဝေဘန်မှီ အလိုမရှိအပ်တဲ့ သဘာဝခေါ် ဒုက္ခဆိုတဲ့ အချက်ကို သူနေရာနှင့်သူ သိဘို့ရန် တာဝန်သည် ကျန်ရှိနေသေး၏။

ဂင်းဒုက္ခသည် လေးမျိုး လေးစား ရှိနေသည်ကို တွေ့ရ၏။

(၁) ပညတ် ဒုက္ခ။
(၂) ပရမတ် ဒုက္ခ။
(၃) ဝိပဿနာ ဒုက္ခ။
(၄) မဂ္ဂ ဖလ ဒုက္ခ။

ယခုဖေါ်ပြသည့်အတိုင်း ရှိနေပေသည်။

ပညတ်ဒုက္ခသည် ဓမ္မစကြာမှာ လာသည့် အတိုင်း ချနစ်မျိုး ရှိနေပေသည်။

(က) ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခ၊
(ခ) အိုရခြင်း ဇရာဒုက္ခ၊
(ဂ) နာရခြင်း ဗျာဓိဒုက္ခ၊
(ဃ) သေရခြင်း မရဏဒုက္ခ၊
(င) ချစ်ခင်နှစ်သက် စုံမက်လှစွာသော အသက်ရှိသော သူအပြင်၊ မိမိတို့ မြတ်နိုးသော သက်မဲ့တို့နှင့် ကွေကွင်း ခွဲခွါရခြင်း - ဟူသော ပိယေဟိ ဝိပ္ပယောဂဒုက္ခ၊
(စ) မိမိတို့ မကျေနပ်၍ အလိုမရှိသော သက်ရှိ သက်မဲ့တို့နှင့် အတူနေရခြင်း - ဟူသော အပ္ပိယေဟိ သမ္ပယောဂဒုက္ခ၊
(ဆ) အလိုရှိတာကို မရနိုင်သေး သဖြင့် တန်းတ၍ မှန်းဆကာ နေရခြင်း - ဟူသော ယတိစ္ဆံ့တဒုက္ခ၊

ယခုပြဆိုခဲ့သော သဘာဝများသည်လဲ မည်သူ တဦးတယောက်မျှ အလိုမရှိပါသဖြင့် ဒုက္ခလို့ပင် ဆိုရ၏။

(ဤကား ပညတ် ဒုက္ခတည်း။)

## ပရမတ် ဒုက္ခမှာမူ

(က) ရုပ်, နာမ်ဟု အသမုတ်ခံရသော သဘော တရားဟူသမျှ တို့သည်၊ ဥပါဒ်, ဋ္ဌီ, ဘင်ခေါ် သင်္ခတ သဘောအတိုင်း ဖြစ်-တည်-ပျက် သုံးချက်တို့ဖြင့် အနှိပ်စက်ခံနေရပါသဖြင့် ပိဠနဒုက္ခ။

(ခ) ထိုသဘောတရား ကလေးတို့သည် မည်သည့် သဘောတရားမျှ တခုတည်း မဖြစ်နိုင်ကြပါ။ သို့ပါ၍ ပတ်ဝန်းကျင်အကြောင်းတို့ ရုံညီကာ ညီညွတ်ပလားဆို မှဖြင့်၊ မဖြစ်ချင်လို့ မနေသာ။ သို့ပါ၍ အကြောင်းခေါ် ပတ်ဝန်းကျင်တို့၏ စီမံသလိုသာ ခံနေကြရပါ သဖြင့် သင်္ခတ ဒုက္ခ။

(ဂ) ထိုပရမတ်ဆိုတဲ့ အသမုတ်ခံ ရုပ်,နာမ်တို့ဟာ အတွင်းလမ်းကျကျမှနေပြီး သုဘောသနပြုရာ၊ ရှေးယခင် အတိတ်ကာလက ကောင်း-မကောင်းပြုခဲ့သည့် ကံတရား ခေါ် အရှိန်ရှုနှင့် ယခုပစ္စုပ္ပန်ခေါ် ထင်ရှားသောကာလ၌ လဲ အားထုတ်ခါ ပြုလုပ်သည့် အရှိန်၊ ၎င်းအရှိန် နှစ်ခု အမြဲပြု၍ တသုတ်သုတ် - တလှုပ်လှုပ် - အရွရွ ဖြစ်ရှိကာ နေရသည့်အပြင်၊ များများမဟုတ် တမဟုတ် တစက္ကန့် ကလေးလောက်ပင်မဟန် ပူပန်ခြင်း အတန်တန်တို့ဖြင့် အနှိပ်စက်ခံနေရသည့် အနေဖြင့်သာ ဖြစ်ရှိကာ နေရပါ သဖြင့် သင်္ခါရ ဒုက္ခ။

(ဃ) အကြောင်း တရားသည်၊ သူ့သဘာဝနှင့် သူ ညီညွတ်ခါ ဟန်ကျနေ ပလား ဆိုမှဖြင့် ချမ်းသာလိုက်၊ မတိုက်ဆိုင်ဘဲ အလှည့်မသင့်တဲ့ အခါမှာ ဆင်းရဲလိုက်။ ထို့နောက်တဖန် အလှည့်မသင့် မညီညွတ်တဲ့အခါ ချမ်းသာ၊ အကြောင်းညီညွတ်တဲ့အခါ ဆင်းရဲ။

ယခုဖော်ပြသည့်အတိုင်း ဖေါက်လွဲ ဖေါက်ပြန်ဖြစ်ရှိ ခါသာ နေရသော အဖြစ်မျိုးကို ဝိပရိနာမ ဒုက္ခဟူ၍ ပရမတ် ဒုက္ခလေးမျိုးရှိနေပါသေးသည်။ ဆဲဒိပရမတ်ဒုက္ခ

သည် အကျိုး ဒုက္ခမျှသာ ဖြစ်၏။ အကြောင်း ဖြစ်သော သမုဒယဒုက္ခမှ ပေါက်ဖွားလာသော အကျိုး ဒုက္ခတည်း။ သို့ပါ၍ အကျိုးတရား မပေါ်ပေါက်အောင် အကြောင်းကိုသာလျှင် ငြိမ်းရပေမည်၊ အကြောင်းကိုဖြတ်တောက်ကြရပေမည်၊

## ဝိပဿနာဒုက္ခဟူသည်မှာ

(က) အရူခံရုံ ရွှေအာရုံထဲ၌ အကယ်ထင်မှတ်စရာနှင့် ထောက်တည်ရာတရား ရှာမရသော အာရမ္မဏိကဒုက္ခနှင့်....

(ခ) ထိုသဘာဝသည် မငြင်းသာဘဲ မဖြစ်လျှင် မနေရ ဖမြားအားဖြင့် ဖြစ်ပေါ်နေရသော ဥပ္ပါဒ ဒုက္ခခေါ် သင်္ခါရဒုက္ခဟူ၍ ဝိပဿနာ ဒုက္ခသည် နှစ်မျိုးရှိသည်၊

၎င်းသင်္ခါရ ဒုက္ခသည်သာလျှင် ပညတ်နယ်မှ ဒုက္ခနှင့် ပရမတ်နယ်မှ ဒုက္ခတို့၏ အခြေခံအကြောင်း တရားများ ဖြစ်ပါသည်။

ဤကဲ့သို့ အကြောင်း ဖြစ်သော ဒုက္ခကို ဆင်ခြင်ခါ ရှုကြည့်မှသာလျှင် အကျိုး ဖြစ်သော ပရမတ် ဒုက္ခနှင့် ပညတ်ဒုက္ခတို့ ရပ်သိမ်းပြီး ချုပ်ငြိမ်းသွားပေထိမ့်မည်။ (သတိပြုခါ ဝေဘန်နိုင်ကြပါစေသောဝ်၊)

ဤကား ဝိပဿနာ ဒုက္ခတည်း။

## မဂ်၊ ဖိုလ်ဒုက္ခဆိုသည်မှာ

(က) အရှုခံတရားနှင့် ရှုတတ်တဲ့ တရားနှစ်ပါးစလုံး ထဲ၌ ထောက်တည်စရာ မရရှာတဲ့ သင်္ခါရ ဒုက္ခတရားသာ အမှန်ရှိကြောင်းကို ဝေဘန်ခါဆုံးဖြတ်နေခဲ့ပေသေး၏။

ဤကဲ့သို့မူလပျက်ထဲမှာရှိနေတဲ့ သင်္ခါရဒုက္ခအထိ ဝေဘန်နိုင်၍ ကျန်သဗ္ဗာတို့ဟာလဲ တပြိုင်နက် ပါဝင်သွား ဟန်ကို သိတာဟာ မဂ်တရားဖြစ်ပါတယ်လို့ဆိုထားရာ၊ ၎င်း မဂ်တည်းဟူသော ပညာရှင်သည် သင်္ခါရဒုက္ခနှင့် မကင်းသေးပါ။

မကင်းဆိုသည်မှာ၊ ၎င်းသင်္ခါရ ဒုက္ခကို ဝေဘန်ခါ ဆုံးဖြတ်ရန် စိမ်ခန့်ခွဲနေရပါသဖြင့်၊ ဤသဘောမျှကိုပင် မဂ္ဂဒုက္ခဟု မှတ်ပါ။

(ခ) ဖိုလ်ဒုက္ခဆိုသည်မှာ။ "ဖလံ နာမ သံယောဇန ပဟာန မဂ္ဂမေဝ" ဆိုတဲ့ အဋ္ဌသာလိနီကျမ်း လာသည့်အတိုင်း၊ မဂ်တည်းဟူသောပညာရှိ ကဖော်ပြပါ သဖြင့် မပြမှီ ရှေးယခင်က လွဲမှားခဲ့သော အထင်များ အမြင်မှား-အယူမှားများကို ပွန့်ရသေး၏။ ဤကဲ့သို့ အလွဲ အမှားများနှင့် ရင်ဆိုင်ခါ ငွန့်လွှတ်မှု ဘာဝန် ရှိနေတာ ကိုပင် ဖိုလ်ဒုက္ခဟု ဆိုပါသည်။

ယခုဖော်ပြခဲ့သည့် ဒုက္ခလေးမျိုးမှ လွတ်မြောက်ကင်းနေ သော ပုဂ္ဂိုလ်တို့ကို နိဗ္ဗာန်သို့ မျက်မှောက်ပြုပြီး သန္တ သုခ အမည်ရသည့် ချမ်းသာပိုင်ရှင်များ ခေါ်ထိုက်ပါ သည်။ နိဿရဏ ပဟာန နိဗ္ဗာန်သို့ ရောက်ကြသည် ဟုလို။

(ကြ)·စား ပြ ရောက် အောင် အား ထုတ် ကြ ပါ ကုန်လော့။,

ဤမျှ သော စကားအစဉ်ဖြင့် ဒုက္ခဆိုသောအယူအဆ ကို နယ် နှင့် ပြဆိုပြီးနောက်၊ သစ္စာထိုက်သော ဒုက္ခ နှင့် သစ္စာမထိုက်သော ဒုက္ခတို့အပြင်၊ ကျန်သစ္စာသုံးပါး တို့၏ တူ အရာစတို့ကိုပါ အဖုအထစ်မရှိအောင် သခင် ပအား ဖြင့် သ ၀ါ ပြဦးအံ့။

ယခု ပေါက်တွင် ဝေဘန်ခဲ့ပြီးသည့်အတိုင်း၊ ဒုက္ခ သည် မျိုး မျိုး ဇ ဖုံဖုံ ရှိနေသည်ကို ယောဂီတို့ သိကြ ပေပြီ။

ဤနေရာ၌ အဓိကကိုသာ ဆိုရပါမူ၊ အဘယ်ဒုက္ခကို သိ နှိုင်းကိုမြ ၍ ကံလေသာစင်မှာလဲဆိုဘာ ဝိပဿ နာလို စားသော ယောဂီတိုင်းမှာ အလွန် အရေးပါ သော ပြဿနာ ဖြစ်ဘယ်။ သို့ပါ၍ သစ္စာထိုက်တဲ့ဒုက္ခနှင့် သစ္စာမထိုက်တဲ့ဒုက္ခရယ်သို့ ခွဲခြားရပေဦးမည်။

တနည်းဆို ါမူ၊ ဒုင်းဒုက္ခသစ္စာ အဝင်အပါ သစ္စာ လေးပါး လုံး သည် အတုအစစ်ရယ်သို့ နှစ်မျိုးရှိရာ၊ အစစ် သိ ဇရိယာစစ်ဖြစ်ကြပေမည်၊ သို့ပါ၍ဒုက္ခ သစ္စာအစစ်ဆိုသည်မှာ၊ သဗ္ဗါရဒုက္ခသာ အစစ်ဖြစ်၏၊ ကြွင်းကျန်သည့် ဒုက္ခဟူသမျှတို့ကို အတုလို့သာ ဆိုရာ၏၊

ဤနေရာ၌ သင်္ခါရဆိုတဲ့စကားကိုအကျဉ်းပြဆိုပါမူ၊ အောက်ပါအတိုင်းဖြစ်၏၊

ဥပ္ပါဒေါ သင်္ခါရာ။

ဥပ္ပါဒေါ၊ ဖြစ်သဘောသည်၊ သင်္ခါရာ၊ သင်္ခါရတဲ။ အငိပ္ပါယ်မှာ၊ ဖြစ်သဘောဟာ သင်္ခါရတဲ့။

တနည်း- ပြုပြင်စီရင်ခြင်း၊ လုပ်အားထုတ်ခြင်းလို့လဲ ယူရ၏။

ဝင်းသင်္ခါရသည်၊ ဘုံအားဖြင့်....

အပုညာဘိသင်္ခါရ၊

ပညာဘိ သင်္ခါရ၊

အနဉ္ဇာဘိ သင်္ခါရ၊

ဟု သုံးမျိုးဟောထားသည်ကို တွေ့ရ၏။

ပုဂ္ဂိုလ်အနေအားဖြင့် ယူဆပါမူ:

ကာယ သင်္ခါရ....ထွက်သက်-ဝင်သက်၊

ဝစီ သင်္ခါရ ....ဝိတက်-ဝိစာရ။

စိတ္တ သင်္ခါရ ....ကြွင်းသော စိတ် စေတသိက်များ-ဟု ယူဆပါ။

ပရမတ်သဘောဘက်ကနေပြီး ယူဆ ပါမူ၊ အာရုံငါးပါး-ခြောက်ပါးတို့သည်၊ အ ကြောင်းတို့ စုံညီတဲ့ အခါမှာ၊ဝေဘန်စရာအနေနှင့် ထင်ရှားလာကာ ဖြစ်ပေါ်လာဒါ ပရမတ် သင်္ခါရ။

ရှေးအရင်အတိတ်က ကောင်း-မကောင်း ပြုခဲ့သည့် အရှိန်လက်ရာတို့ကိုမထိန်မဖုံးသာအောင် အနိဋ္ဌ-ဒုက္ခ-အနတ္တအနေဖြင့် ဖြစ်ပေါ်နေကြသောသဘောနှင့်-ဇာဘိသင်္ခါရ-ဥပ္ပါဒသင်္ခါရများရယ်လို့ဝေဘန်စရာတွေ များစွာ ရှိနေပါသေးသည်။

တည့်တည့်သာယူဆပါမူ၊ ဝေဘန်စရာနှင့် ဝေဘန်တာရယ်လို့ နှစ်မျိုးသာရှိ၏။

ထိုနှစ်မျိုးတို့ ရင်ဆိုင်တိုးကာ တွေ့ကြုံပလားဆိုမှဖြင့်၊ အောက်ပါနှစ်ချက်ကိုသာတွေ့ရ၏။

(က) သင်္ခတ....ဖြစ်-ပျက်၊

(ခ) အသင်္ခတ....မဖြစ်-မပျက်၊

(ဂါ) ဖြစ်နိုင်-ပျက်နိုင်သောသဘောမှ ပျက်၊

ဤသဘောနှစ်ခုကိုသာ မိအောင် ထိဘို့လိုပေသည်၊

သို့ပါ၍ ဝေဘန်ခံရသော တရားနှင့် ဝေဘန်တတ်သောတရား နှစ်ပါးစလုံးတို့သည်၊ မည်သည့် သဘောတရားမျှ တခုချင်း မဖြစ်နိုင်-မပျက်နိုင်ကြတဲ့ အသင်္ခတတရားသာဖြစ်၍ ဖြစ်နိုင်-ပျက်နိုင်သော သဘောမှ ပျက်နေတဲ့ မူလပျက်တွေသာ ဖြစ်ကြပါတယ်၊

ဤကဲ့သို့ ဖြစ်နိုင်-ပျက်နိုင်သော သဘောတရား အနည်းအပါးမှ စင်းသပ်ခါဝေဘန်သို့မတွေ့ရှိရပါသဖြင့်၊ ထောက်တည့်စရာ မရတဲ့အနေမျိုးဖြင့်သာ ဖြစ်ရှိနေရ၏၊ သို့ပါ၍ ဒုက္ခ၊

ဤအတိုင်းသာ ဖြစ်ရှိကာ ဖေါ်ပြနေရတာကို သင်္ခါရ၊

ရင်းနှစ်ခု ပေါင်းလိုက်ပါက သင်္ခါရဒုက္ခ၊

ဤကဲ့သို့ ရင်ဆိုင်တိုးကာ ဖေါ်ပြနေကြသောတရားတို့အပေါ်၌ သိအောင် ပြုလုပ်ရန် တာဝန် သည်သာ အဓိက ဖြစ်ပေသည်၊

ဤမျှလောက်သော ဝေဘန်မှုဖြင့် သင်္ခါရဒုက္ခကို သိနိုင်လောက်ပေပြီ။

ယခု ဖော်ပြခဲ့သော သဘာဝ ဒုက္ခ သည်သာလျှင် သစ္စာထိုက်သော ဒုက္ခ၊ (ဝါ) ဒုက္ခသစ္စာအစစ် ဖြစ်ပေသတည်း။

သစ္စာ ထိုက်သော ဒုက္ခသည်၊ ဖြစ်ပျက် နေသော သင်္ခတ တရား မဟုတ် ပါဘဲ၊ အသင်္ခတ တရားဖြစ်ကြောင်း ကထာဝတ္ထုပ်ပါဠိတော်ဖြင့် သိသာ၏။

> ဒုက္ခသစ္စံ အသင်္ခတန္တိ၊ အာမန္တာ၊
> ဒုက္ခံ အသင်္ခတန္တိ နဟေဝံ ဝတ္တဗ္ဗေ-ဟု ဟောထားရာ။

ဒုက္ခသစ္စံ၊ သစ္စာထိုက်တဲ့ဒုက္ခသည်။ (ဝါ) ဒုက္ခသစ္စာသည်၊ အသင်္ခတံ၊ မဖြစ်-မပျက်သော တရား ဖြစ်ပါသလား။ ဣတိ၊ ဤသို့ အမေးရှိသော်။ အာမန္တာ၊ သစ္စာထိုက်တဲ့ ဒုက္ခသည် မဖြစ်-မပျက်တဲ့တရားဟုတ်ပါ၏ဟု ဝန်ခံရာ၏။ ဒုက္ခံ၊ ဒုက္ခတရား အပေါင်းကို။ အသင်္ခတံ၊ မဖြစ်-မပျက်သော တရားလောဟု ထပ်ကြော၍ မေးခဲ့သော်။ နဟေဝံ ဝတ္တဗ္ဗေ၊ ဤလိုလဲ မဟုတ်၍ ဟုတ်ပါသည်ဟု မဆိုထိုက်ပါ။

အဓိပ္ပါယ်မှာ၊ သစ္စာထိုက်သော ဒုက္ခသည် သာလျှင် အသင်္ခတ တရား၊

ဒုက္ခဆိုတဲ့ တရားအလိုမှာတော့ အသင်္ခတ တရားမဟုတ်ပါဘူးတဲ့၊

ဤမျှသော စကား အစဉ်ဖြင့်သာ ဘဝ္ဗာထိုက်သော ဒုက္ခအထိ သိနိုင်ရန် ကြိုးစားကြပါကုန်။

---

# သမုဒယသစ္စာ အတုအစစ် ဝေဘန်ခန်း

တကယ်ထင်မှတ်ဘတ်တဲ့ အတ္တဘရသာ သမုဒယစစ် ဖြစ်၏။ ကြွင်းကျန်သမျှ သမုဒယဟား အတု အပလို့ ခေါ်၏။

အရှုခံတရားနှင့် ရှုတတ်တဲ့တရား နှစ်ပါးစလုံးထဲ၌ ထောက်ဘည့်စရာမရတဲ့ သင်္ခါရဒုက္ခသည်သာ ဒုက္ခ သစ္စာဖြစ်ကြောင်းကို ပြဆိုခဲ့ပေပြီ။

ရင်းသင်္ခါရဒုက္ခထဲ၌ ကြောက်စရာ နှစ်သက်စရာ အစစ် ဘယ်ဟာဖြစ်ပါသလဲလို့ ဝေခွဲကြည့်ရာ၊ နှစ်သက် စရာ, တွယ်ဘာစရာ, ပုန်းအောင်းစရာ တရားတို့သည် အနည်းအပါးမျှ မရှိကြပါ။

သို့ပါသော်လဲ ဝိဇ္ဇာဉာဏ်မရရှိသေးသော ယောဂီ သည်၊ ကြောက်စရာ, နှစ်သက်စရာစသော တရားတို့ သည် ရှိသေးတယ်လို့ ထင်မှတ်တတ်ပါသည်။

ဤကဲ့သို့ ထင်နေခြင်း အတ္တသည်သာလျှင် သမုဒယ အစစ်ဖြစ်၏။ ကြွင်းကျန်သမျှတို့ကို အတုသို့သာမှတ်ပါ။

အဘယ်ကြောင့် ဆိုသော် ရင်းထင်မှတ်မှုသာ ရှိနေ ပါက တင်မှတ်ဆဲ၌ပင် ပြိုကွဲပျောက်ပျက်လို့ သွားရ ပေမည်။

အဖတ်တင်လိမ့်မည့် မဟုတ်။ ဤကဲ့သို့ သေ,သေ-နေ ရတာပင် သံသရာဟုမှတ်ပါယောဂီ။ ထိုထင်မှတ်တတ်သော အတွက်ကို ပယ်နိုင်ပါက အေး သဘော သို့သာ ရောက်ပြီးဖြစ်လိမ့်မည်၊ သို့ပါ၍ထင်မှတ်သည့် အတွက်သည်သာလျှင် သမုဒယသစ္စာ အစစ်ဖြစ်၏။

---

# နိရောဓသစ္စာ အတု အစစ် ဘော်ပြခန်း

ဒုက္ခသစ္စာထဲ၌ တကယ်ထင်မှတ်စရာ ပျောက်ကွယ် ချုပ်ငြိမ်းကာ နေရရှာသော နိရောဓသာ နိရောဓအစစ် ဖြစ်၏။ သည်မှတပါး ချုပ်ကွယ်ကာ ပျောက်သွားရသော နိရောဓတို့မှာ အတုအပသာဖြစ်၏။

အတုအပ ဆိုသည်မှာ၊ ယာခုချုပ်ငြိမ်းလိုက်, ယာခု မချုပ်ငြိမ်းလိုက်နှင့် ဖေါက်လွဲဖေါက်ပြန် ဖြစ်ရမှုကို အတုလို့ခေါ်၏။

တနည်းအားဖြင့် ပေါ်လွင်စေရန် ဝေဘန်ပါမူ၊ ဒုက္ခသစ္စာထဲ၌ တကယ်ထင်မှတ်စရာ ချုပ်ငြိမ်းကွယ်ပျောက် နေရှာသောသဘောကို တွေ့ရသောကြောင့်၊ တကယ် ထင်မှတ် လိုသော သင်္ခါရဂ ဓာတ်တို့ ကွယ်ပျောက် ချုပ်ငြိမ်းသွားရသော သဘောသာလျှင် နိရောဓသစ္စာ အစစ်ဖြစ်၏။

ကြွင်းကျန်သော ချုပ်ငြိမ်းမှုခေါ်ရ နိရောဓတို့မှာ၊ တကယ် မချုပ်ငြိမ်းခြင်းကြောင့်သာ နောက်ထပ် တဖန် အသစ်အသစ်ပြန်၍ ထပ်တလဲလဲ ဖြစ်နေသည်ကို တွေ့ရသဖြင့် တကယ်မချုပ်ငြိမ်းသောကြောင့် အတုလို့ခေါ်၏။ (ဝါ)အဟုတ်မချုပ်ငြိမ်း၊

---

# မဂ္ဂသစ္စာ အတု အစစ် ဘော်ပြခက်း

ဒုက္ခသစ္စာ အစစ်အမှန်ကို၊ (ဝါ) သစ္စာထိုက်တဲ့ဒုက္ခကို ဆုံးဖြတ်ချက် ချနိုင်တာသည် မဂ္ဂသစ္စာ အစစ်ဖြစ်၏။

ကျန်ဆုံးဖြတ်ချက် ချသည်တို့မှာ။ မဂ္ဂသစ္စာ အစစ် မဟုတ်ကြသဖြင့် အတုအပလို့ခေါ်၏။

အဘယ်လိုဆုံးဖြတ်ပုံမျိုးကို အတုလို့ ခေါ်ပါသလဲဆိုတော့၊ အခုချမ်းသာတယ်၊ အခုဆင်းရဲတယ်။ အခု ဝမ်းသာတယ်၊ အခုဝမ်းနည်းတယ် စသည်ဖြင့် တကြိမ်မက များပြားလှစွာ ဘောက်ပြန်ကာ ဆုံးဖြတ်သည်ကို အတုလို့မှတ်ပါ။

သစ္စာလေးပါးတို့ကို အဖုအထစ်မရှိဘဲ အတုအစစ် ရယ်သို့ ပြဆိုပြီးနောက်၊ အကြောင်းနှင့် အကျိုးရယ်လို့ ခွဲခြားပြီး ပြသရန် စာရေးသူမှာ တာဝန်ရှိပြန်သေး၏၊ သို့ပါ၍ သစ္စာလေးပါးတို့ ကြောင်းကျိုးယှဉ်ပုံ ပြပေအံ့၊

(၁) ဒုက္ခသစ္စာထဲ၌ အကြောင်းဒုက္ခနှင့် အကျိုးဒုက္ခ ယှဉ်ဆယ်ပုံ၊

(၂) သမုဒယသစ္စာထဲ၌ အကြောင်းသမုဒယနှင့် အကျိုးသမုဒယယှဉ်ဆယ်ပုံ၊

(၃) နိရောဓ သစ္စာထဲ၌ အကြောင်း နိရောဓနှင့် အကျိုးနိရောဓယှဉ်ဆယ်ပုံ၊

(၄) မဂ္ဂသစ္စာထဲ၌ အကြောင်းမဂ္ဂနှင့် အကျိုးမဂ္ဂ ယှဉ်ဆယ်ပုံ၊

ယှဉ်ဆယ်ဟန်သဘောများကို ရှင်းလင်းခါ ပြောကြား လိုသည့်မှာ၊ (နံပါတ်-၁) အချက် သစ္စာလေးပါးတို့ အနက်၊ ဒုက္ခသစ္စာ ဘက်က အကျိုး သက်သက်နှင့် အကြောင်းခေါ် ဝင်းဆက်များကို ထင်ရှားစေရန် ဒုက္ခ သစ္စာကို ရှေးဦးစွာ ရှင်းပေအံ့။

သင်္ခေပဆိုတဲ့ ကျမ်း၏အမည်နှင့် ညီညွတ်ရုံသာ ပြရ ပေမည်။

အကြောင်း ဒုက္ခဆိုသည့်မှာ၊ ဝေဘန်ခဲ့သည့် ခန္ဓာ ငါးပါးစလုံး အရှိတရားတို့ကို အသိပွါးရန် ရှုဒေါင့် အတန်တန်မှနေပြီး အဖန်ဖန်ကြိုးစားတော့ အောက်ပါ အတိုင်း ဖြစ်၏။

အကြောင်း ဒုက္ခဆိုတာ နဂိုရ်မူလ အသင်္ခတနှင့် သင်္ခတ ရုပ်နာမ် တို့အထဲ၌ပင် စွဲလမ်းချင်စရာ မဖြင် ပုန်းအောင်းစရာမထင်တဲ့ သင်္ခါရဒုက္ခသာလျှင် အစဉ် ထာဝရ ရှိနေသည်ကို မြင်စိတ်တခု ပမာပြု၍ ပြခဲ့ပါ

သဖြင့် ယောဂီတို့ လက်တွေ့ မျက်တွေ့ သဘောတွေ့ မနေ့ာတွေ့ ဖြစ်ရပေပြီ၊ ဤကဲ့သို့ ဝေကန် အမှန်ရှိတဲ့ ရှင်းသင်္ခါရဒုက္ခကို အကြောင်းဒုက္ခလို့သာ ဆိုရာ၏။

ထိုအကြောင်း ဒုက္ခသည်သာ ရှိနေတာကို မသိချက် ဆိုးဝါးပုထုဇ္ဇင်ပုဂ္ဂိုလ်များတို့က အဟုတ်ထင်ခါ တကယ် မှတ်၍ အကုန်မျိုဟပ်ပါသဖြင့် ရာဂ, လောဘ, ဒေါသဟု ဆိုအပ်သော ကိလေသာခတ်တို့သည် ဖိစီးနှိပ်စက်ခါ ခံနေရသည့်သဘောမျိုးကို အကျိုးဒုက္ခလို့သာ ဆိုထိုက် ရာ၏။

ရှင်းရှင်းနှင့် ကျဉ်းနိုင်သမျှ ကျဉ်းပါရမူ၊ သင်္ခါရဒုက္ခ သည် အကြောင်းဒုက္ခဖြစ်၏၊ အစွဲဥပါဒါန်ကြောင့် ဖြစ်ရ တဲ့ဒုက္ခကို အကျိုးဒုက္ခလို့ ဆိုရာ၏။

(နံပါတ် ၁--ဒုက္ခသစ္စာပြီး၏။)

## သမုဒယသစ္စာ၌ ကြောင်းကျိုးနှစ်ရပ်ယူဆပုံ

ယခင်ပြဆိုခဲ့သည့် သင်္ခါရဒုက္ခကိုပင် အဟုတ်ထင်ခါ စွဲချင်စရာ အနေယူဆ၍ တွယ်တာ စုံလမ်း တတ်သော ဥပါဒါန်ခတ်ခေါ်ရ အတ္တဝါဒုပါဒါန်က ပေါ်လာသမျှ အာရုံတိုင်းကို တကယ်ထင်မှတ်မှုနှင့်သာ ရင်ဆိုင်တိုးပါ က ရာဂ, လောဘစသား ကိလေသာ ဆယ်ပါးတို့သည် ကသုဘ်ကရက်, ရုတ်တရက် လတ်တလော တမဟုတ် သဘောဖြင့်သာ ဆောလျင်စွာ ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းရင်းပမာ တူမျှ နေရှာလို့ အတ္တဝါဒုပါဒါန် အပေါင်းကို အကြောင်းသမုဒယလို့ ဆိုရာ၏။

ထိုသို့ပေါ်ပြ အတ္တ-နိစ္စ-သုခလို့ ထင်မှတ်မှု ပြုပြီးမှ ထင်မှတ်လို့ ပြီးကြောင်းအဖြစ်နှင့် တရစ်ဘတန် ပေါ်ပြ ပြန်သော အတန်တန်-အဝဝ ကိလေသာ ဟူသမျှ သဘောမျိုးကို အကျိုးသမုဒယလို့ ဆိုရာ၏။

(ဤကား သမုဒယသစ္စာ၌ ကျိုးကြောင်းနှစ်ဝ ရှိကြပုံကို ယူဆခက်၊ အကြမ်းစား ပြီး၏။ )

## နိရောဓသစ္စာ၌ ကျိုးကြောင်းနှစ်ရပ် ယူဆပုံ

ချုပ်ငြိမ်းမှုခေါ်ရ နိရောဓသစ္စာ၌လဲ သုတေသန ပြုကာ ဝိဘင်္ဂပါဠိအတိုင်း ဝေဘန်ပြန်ရာ၊ အကြောင်း နိရောဓနှင့် အကျိုးနိရောဓရယ်လို့ ယူဆစရာ ရှိနေပုံမှာ၊ ပုန်းအောင်းစရာ မမြင်သည့် သင်္ခါရဒုက္ခတို့ အထဲမှာ ထောက်တည်ရာမရတဲ့ ဒုက္ခသစ္စာတရသာလျှင် အစဉ် ထာဝရ ရှိနေရခြင်းကြောင့်၊ ဘယ်နိရောအခါမှ ထို ဒုက္ခထဲမှာ ပယ်စရာ, တွယ်စရာမရဘဲ အမြဲချုပ်ငြိမ်း နေရသော သဘောကို အကြောင်းနိရောဓလို့ ခေါ်၏။

အဘယ့်ကြောင့် အကြောင်းနိရောဓလို့ ခေါ်ရပါ သလဲဆိုလျှင် အကျိုးနိရောဓရယ်လို့ ဖြစ်ပေါ်ရခြင်းမှာ၊ ယခုပေါ်ပြပါ အကြောင်း နိရောဓကို ဉာဏ်ဖြင့် မျက်မှောက် တခါရောက်၍ ၎င်းနိရောဓကို သိခ, တွေ့ရ ပါ၍ တွယ်တာထင်မှတ်မှု မဖြစ်ရတဲ့ အကျိုးတရားခေါ် နိရောဓသည် ထင်ရှားကာ ဝေဘန်စရာ အနေနှင့် ဖြစ်ပေါ်ရပုံကို ထောက်ရှုပါက ကြောင်းရင်းခေါ်ကြ ပဌမ နိရောဓသည် ရှိရပေမည်။

(ဤကား အကြောင်း နိရောဓ နှင့် အကျိုး နိရောဓတို့ ယူဆခက်၊ အကြမ်းစား ပြီး၏။)

## မဂ္ဂသစ္စာ၌ ကြောင်းကျိုးနှစ်ရပ် ယူဆပုံ

မဂ္ဂဆိုသည်မှာ၊ ကျမ်းဂန်များအရ အယူအဆကို တင်ပြရပါမူ။ "မဂ္ဂေါ်နာမ စေတနာ" လို့ ဆိုထားရာ၊ ဘောန်မှုပြုလုပ် အားထုတ်တဲ့သဘောကိုပင် မဂ်ဖော ဘဲ,မဂ်ဘဲ သို့ ခေါ်စရာတွင်၏။

ထိုသို့ အယူအဆ အားဖြင့် ဝေဘာန် အားထုတ်မှု ခေါ်ဝေါ်မှု ပြုကြသော မဂ်သဘောတရားသည် အပြားအားဖြင့် ဆိုပါမူ သုံးစားရှိနေသည်ကို တွေ့ရ၏။

၎င်း သုံး စား တို့တွင် ဝိပဿနာ ပညာ ရှင်သည် အဘယ်သဘောတရားကို စတင်၍ ဝေဘာန်ပါသနည်း ဟု ရှုးစမ်းရာ၊ အဏ္ဏဒိဋ္ဌသုံးဆယ်ကိုပင် စတင်၍ ဝေဘာန်သည်ကို တွေ့ရ၏။ ၎င်းသုံးဆယ်သော အဏ္ဏဒိဋ္ဌတို့သည် အနတ္တ - အနိစ္စ - ဒုက္ခသာ ရှိပါကလားဟု ဝေဘာန့်သမှု ပြုသည်ကို ပဌမမဂ်လို့ ဆိုရ၏။

သို့ရာတွင် အရိယာတို့ ရအပ် - သိအပ်တဲ့ အရိယာတို့၏ မဂ်တော့မဟုတ်သေးပါ။

ဒုတိယတခါ အနတ္တ, အနိစ္စ, ဒုက္ခသာလျှင် ရှိ၏ဟု ပေါ်ပြခါ ရှုကြည့်ဘတ်တဲ့ ဝိပဿနာစိတ်ကို ဝေဘာန်ရာ၊ ဝိပဿနာစိတ်ကိုယ်တိုင်ပင် အနတ္တစသည်တို့သာ ဖြစ်နေပါတကားဟု ဝေဘာန်အားထုတ်ခါ ဆုံးဖြတ်သည်ကို ဒုတိယမဂ်လို့ မှတ်ခဲ့ယောဂီ။

ထို့ကြောင့် အရှုခံတရား အနတ္တ, အနိစ္စ, ဒုက္ခလို့ သုံးတတ်ဘဲ့ ပဌမမဂ်နှင့် ရှုတတ်တဲ့ တရားလဲဘဲ အနတ္တ,

အနိစ္စ, ဒုက္ခသာ ဖြစ်နေပါတကားဟု ဝေဘန်ဆုံးဖြတ်မှု ပြုတတ်သော ဒုတိယမဂ်ရယ်လို့ နှစ်မျိုးနှစ်စား အကျဉ်းအားဖြင့် တွေ့ရှိရ၏။

ဤကဲ့သို့အရှုခံရ ပဌမမဂ်နှင့်ဒုတိယမဂ်တို့က ဝေဘန်ချက် ချလိုက်ခြင်းကို အကြောင်းရင်းခေါ်ရ၊ မူလမဂ် နှစ်ပါး ထင်ရှားဖြစ်ပေါ်လာမှသာ ထို နှစ်ပါးစလုံးကို နှစ်ခုပေါင်းကာ တခုကောင်းပြု၍ ထောက်တည်စရာ ရှာမရတဲ့ ဒုက္ခသစ္စာသာဟု အရှုခံတရားနှင့် ရှုတတ်တဲ့ တရားတို့ကို နောက်ဆုံးပိတ် အနေဖြင့် ဆုံးဖြတ်ချက် ချလိုက်၏။

ဤလို ဆုံးဖြတ်သမှုပြုတော့မှ မဂ်ဇော သဘောမျိုး ခေါ်သော ထိုသဘောသည် အကျိုးတရား အနေနှင့် နောက်မှ ပေါ်ပေါက်လာရသောကြောင့်၊ အရိယာနယ်က မဂ်ဆိုသော အစစ်တရား မဂ်လေးပါးတို့သည် အကျိုးတရားမျှသာဖြစ်၏။

ထို့ကြောင့် "အရင်းစစ်ပါက အမြစ်မြေက" ဆိုတဲ့ ရှေးသူမတို့ စကားအတိုင်း အကြောင်းရင်း ဖြစ်သော ပဌမမဂ် နှင့် ဒုတိယမဂ် နှစ်ပါးတို့သာ အကြိမ်ကြိမ် အားထုတ်ခါ ဝေဘန်မှု ပြုလုပ်ပါက၊ အရိယာတို့နယ်မှ သစ္စာထိုက်သော မဂ်သဘော လေးဆင့်တို့သည်၊ အဆင့်ဆင့်ဆိုက်ရောက်လာရမဲ့အကျိုးတရားမျှသာဖြစ်ကြောင်း သိစေလို၏။

(ဤကား-သစ္စာလေးပါးတို့၏ ကြောင်း-ကျိုး ယှဉ်ဆပုံပြီး၏။)

## မဂ်က ဆုံးဖြတ်ရာဝယ် ဇောခုနစ်တန် ပါဝင်သွားပုံ

ထောက်ဘည်စရာ ရှာမရတဲ့ ဒုက္ခသစ္စာကို သိခိုက်မှာပင် ကျန်သစ္စာ သုံးပါးတို့သည် တပြိုင်နက် ပါဝင်အောင် ဆင်ခြင်နိုင်တာကို မဂ်ဉာဏ်လို့ ဆိုထားရာ၊ ၎င်းမဂ်ဉာဏ် ဖြစ်သတ့်,ဖြစ်ဆဲ,ဖြစ်ခိုက်မှာပင် အမှုအရာ ကလေးများ အဖြစ်နှင့် ပါဝင်သွားသည့် ၎င်းအမှုအရာ ကလေးများ၏ အမည်နာမနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် အမှုအရာတို့သည် တခုနှင့်တခု မတူကြပါဘဲ ကွဲလွဲကာ ပါဝင်သည့် သဘောကလေးများကို ရေတွက်ခါ အမည်ပေးပါက ဇောခုနစ်ဘန်ဟု ကျမ်းဂန်များမှာထင်ရှားစွာ တွေ့ရှိရပေ၏၊

### ဇောခုနစ်တန်၏အမည်များ

(ပါဠိ)  (မြန်မာ)

(၁) ပရိကံ........ပြင်ဆင်မှု၊

(၂) ဥပစာ........သဘာဝခေါ်မူလတရား၊

(၃) အနုလုံ........မူလ တရားနှင့် ရင်ဆိုင်နေခြင်း၊

(၄) ဂေါတြဘူ....အမြင်မှန်ကန်ခြင်း၊

(၅) မဂ် .... ....အမှန်ကို ဆုံးဖြတ်ခြင်း၊

(၆) ဖိုလ် .... ....ဆုံးဖြတ်သည့်အတိုင်း ပြီးစီးခြင်း၊

(၇) ဖိုလ်.... ....ပြီးစီးသည့်၏အဆုံး၊

အထက်ပါ ဓာတ်ရုပ်စိတ်တန်တို့ကို အပြန်ပြန်အလှန်လှန် သိနိုင်ရန် အတွက် ဆနည်းငယ်သော ပြောကွက်ဖြင့် တချက်စိ သရုပ်သကောင်ကို ထုတ်ဆောင်ကာ ရှင်းပြပေအံ့။

## ပရိကံရှင်းတမ်း

ဓာတ်ရုပ်စိတ်တန်၏ သဘောသကာနတ်တို့ကို ထုတ်ဆိုရာဝယ် ၎င်းပရိကံကို ပြင်းဆင်မှုဟု မြန်မာ ပြန်ဆိုခဲ့၏။

၎င်းပြင်ဆင်ပုံကို သုတေသနပြုကာ ရုပ်လုံးပေါ်ပါမူ၊ ဆင်ခြင်စရာ အဖြစ်နှင့် ပေါ်ပေါက်လာတဲ့ အာရုံကို ဆင်ခြင်တတ်တဲ့ ဝိပဿနာစိတ်ဖြင့် တွေ့ဆုံ၍ ဦးစွာ ဆင်ခြင်တဲ့ စိတ်ကလေးကို ပရိကံလို့ ခေါ်ဆိုပါတယ်။

## ပြင်ဆင်တယ်ဆိုသည်မှာ

ထို ဦးစွာ ဆင်ခြင်မှုနှင့်ကင်း၍ မဂ်, ဖိုလ်သို့ ရောက်ခြင်း-ရခြင်း၌ါ မစွမ်းနိုင်ပါ။ သို့ပါ၍ မဂ်, ဖိုလ်သို့ ရောက်ရန်-ရရန်အတွက် ရှေ့ဦးစွာ ဆင်ခြင်ဟန် အစကို ပြင်ဆင်တာဘဲ-ပရိကံဘဲဟု ခေါ်စွဲစရာ အမှုအရာ တချက်မျှသာဖြစ်၏။

## ဥပစာရှင်းတမ်း

ဥပစာဆိုသည်မှာ၊ ဆင်ခြင်တတ်တဲ့ ဝိပဿနာစိတ်ဖြင့် အဟုတ်ရှိ-တကယ်ရှိ ဖြစ်သော သင်္ခါရ ဒုက္ခနှင့် ဆုံတွေ့ကာ နေကြ၍ ဆုံဖြတ်တတ်သော မဂ်ဉာဏ်သို့ ရောက်ရှိရန် နည်းကပ်သွားသော အမှုအရာကလေးကို

ဥပစာဟု ခေါ်ဆို၏။ ၎င်းဥပစာကို မြန်မာပြန်ဆိုရာဝယ် သဘာဝခေါ် မူလတရားဟူ၍ ပြန်ဆိုခဲ့၏။

အဘယ်ကြောင့်ဟူမူ၊ အမှန်ရှိတရားဖြစ်တဲ့ သင်္ခါရ ဒုက္ခနှင့် ဆုံတွေ့ကာနေခိုက်ဖြစ်ပါသဖြင့် မဂ်ဉာဏ်နှင့် ဖိမိ နီးရာ ဥပစာဟု ဆိုထားပါသဖြင့်၊ သို့ပါ၍ သဘာဝ ဘက်မှထိုင်ကာ ၎င်းဥပစာကို သဘာဝခေါ် မူလတရား ဟု ပြန်ဆိုပေ၏။

## အနုလုံခေါ် အနုလောမဉာဏ် ရှင်းတမ်း

အနုလောမ ဆိုသည်မှာ၊ ဂေါတြဘူဉာဏ်နှင့် အနီး ကပ်ဆုံးစိတ်၊တနည်းဆိုပါမူ.... မဂ်သို့ရရန် ရောက်ရန် အတွက် အချက်ကျလျော်ကန်သလို ဆင်ခြင်နိုင်တဲ့ဉာဏ် ကို အနုလောမဉာဏ်ဟု ခေါ်၏။

## ဂေါတြဘူဉာဏ် ရှင်းတမ်း

ဂေါတြဘူဆိုသည်မှာ၊ဘယ်လိုသဘောပါလဲဟု ပဋ္ဌိ သမ္ဘိဒါကျမ်းအရ ပေါ်ပြရပါမူ။

> ဥပ္ပါဒံ အဘိဘုယျိတွာ၊ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘူ။

ဥပ္ပါဒံ၊ အမှန်ရှိသင်္ခါရဒုက္ခဖြစ်သဘောကို၊ အဘိဘု ယျိတွာ၊ လွှမ်းမိုး၍၊ (ဝါ) အမြင်မှန်ရ၍၊ အနုပ္ပါဒံ၊မဖြစ် သဘောသို့၊ပက္ခန္ဒတိ၊ ဝင်ပြေးကာသွား၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ ဂေါတြဘူ၊ဂေါတြဘူမည်၏။

အထက်ပါ ကျမ်းဂန်အတိုင်း သဘောပေါက်နယ်မှ နေပြီးဆိုပါမူ၊ ဖြစ်သဘောဟု ယူဆသော သင်္ခါရဒုက္ခ အပေါ်မှာ အမြင်မှန်ရ၍၊ ၎င်းဖြစ်သဘော အပေါ်၌ အကယ်ထင်မှတ်ခါ တွယ်တာလိုသောဆန္ဒ-ရာဂစိတ်မဖြစ် တော့ဘဲ မဖြစ်နယ်ခေါ် နိဗ္ဗာန်သို့သာ အလိုလိုဝင်စံရပါ တော့တယ်။ ဤကဲ့သို့အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ဖြစ်သဘောအပေါ်၌ အမြင်မှန်ရ၍ မဖြစ်သဘော နိဗ္ဗာန် သို့ ပြေးဝင်သွားတာကို ဂေါတြဘုဉာဏ်လို့ ခေါ်၏။ သို့ပါ၍ ဂေါတြဘုဉာဏ်ကို အမြင်မှန်ကန်ခြင်းဟု ပြန်ဆို ခဲ့ပေ၏။

## မဂ်ဉာဏ် ရှင်းတမ်း

မဖြစ်သဘောသို့ ပြေးဝင်သည့်ကို ဂေါတြဘုဉာဏ် ဟု ဆိုခဲ့ပေ၏။ ၎င်းဂေါတြဘုဉာဏ်သည် မဖြစ်သဘော နိဗ္ဗာန်သည့်ကား ငြိမ်းအေး လှပါဘိဟု ဉာဏ်အားဖြင့် သာ သိရုံကလေးမျှသာသိ၏။ ကိလေသာအစိုင်အခဲတို့ကို ဖြိုခွဲနိုင်သော သတ္တိမရှိ။ အဘယ့်ကြောင့်နည်းဟုမူ၊ ဝိသုဒ္ဓိ မဂ်အဋ္ဌကထာကျမ်းရွှေစာက၊ ''ဂေါတြဘုသည်ဒတွာ'' ဟုပြထားရာ၊

ဂေါတြဘု၊ ဂေါတြဘုဆိုတဲ့ဇောသည်၊ သည်၊ မဖြစ် သဘောနိဗ္ဗာန်သည် အေး၏ဟူသော အမှတ်သညာကို၊ ဒတွာ၊ ဖေါ်ပြပြီးသည်ရှိသော်၊ နိရုဇ္ဈတိ၊ ကွယ်ချုပ်၏။

ဤကျမ်းဂန်အရဆိုပါမူ၊ ဂေါတြဘုဇောသည် ကိ လေသာကို မဖြိုခွဲနိုင်ကြောင်း ထင်ရှား၏။

## တနည်းဆိုပါမူ

ဂေါတြဘုညာဏံ နိဗ္ဗာနံ မေဝ၊ အာရမ္မဏံ
ကာတုံသက္ကောတိ၊ နကိလေသတမံ ဝိဓမေတုံ
ဟု ဓမ္မသင်္ဂဏီအဋ္ဌကထာမှာ ပြဆိုထားရာ။

ဂေါတြဘုညာဏံ၊ ဂေါတြဘု ဉာဏ်သည်။ နိဗ္ဗာနံ မေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံ ကာတုံ၊ အာရုံပြုခြင်းငှာ။ သက္ကောတိ၊ တတ်နိုင်၏။ ကိလေသတမံ၊ ကိလေသာတည်းဟူသော အမိုက်တိုက်ကို။ ဝိဓမေတုံ၊ ပယ်ဖြတ်ခြင်းငှာ။ နသက္ကောတိ၊ မတတ်နိုင်။

ထိုကဲ့သို့ ဂေါတြဘုဇော ချုပ်ပြီးနောက်၊ မဂ္ဂဇောမှ ဆက်ရက် ပေါ်ပေါက်လာကာ ကိလေသာကို ဖြိုခွဲနိုင်သောသဘောကို မဂ်ဇောလို့ခေါ်၏။

၎င်းမဂ်ဇောသည် ဂေါတြဘုဉာဏ်က ပေါ်ပြကာ-အမှတ်ပေးခဲ့တဲ့ ဖြစ်သဘောခေါ် သင်္ခါရဒုက္ခကို ဝေဘန်ပြန်ရာ၊ သင်္ခါရဒုက္ခသာ ရှိပါတကားဟု ဆုံးဖြတ်မှုပြုလေ၏။ ၎င်းဆုံးဖြတ်မှု သဘောကလေးကို မဂ်ဇောလို့ခေါ်၏။

## ဖိုလ်ဇော ရှင်းတမ်း

ဖိုလ်ဆိုသော စကားရပ်ကို ကျမ်းဂန်များအရ ပြဆိုပါမူ။

"ဖလံ နာမ သံယောဇနံ ပဟာနံ မဂ္ဂမေဝ" လို့ ဆိုထားရာ၊ သံယောဇဉ်ကိုပယ်ကာမျှ မဂ္ဂကလေးကို ဖိုလ်လို့ခေါ်ပါသတဲ့။

သံယောဇဉ်တို့အား ပယ်ဟန်ကို ရုပ်လုံး ဖော်ပါမူ၊ အောက်ပါအတိုင်းဖြစ်၏။

မဂ်တည်းဟူသော ပညာရှင်က သင်္ခါရဒုက္ခသဘောဟု ဆုံးဖြတ်ချက်ချလိုက်ရာ၊ ထိုဆုံးဖြတ်ချက်မှုအရ တွယ်တာခဲ့သမျှတွေသည် အပိုအလကားကဲ့သို့ဖြစ်နေပါ၍၊ တွယ်တာချင်လှသောစိတ်အပေါ်ဝယ် ပယ်လိုက်သကဲ့သို့ဖြစ်သွားသော သဘောကို ဖိုလ်ဇောလို့ ခေါ်၏။

၎င်းအပြင် လက်သန်းအဋ္ဌကထာ၌ ''ဒွေတိဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ'' ဟု ဆိုထားရာ၊ ဖိုလ်ဇောသည် ထိုက်သင့်သလို အနည်းဆုံး နှစ်ကြိမ်ကျသည်ဆိုသောကြောင့် ၎င်းဖိုလ်ဇောသည် ဒုတိယအကြိမ်ကျန်ရှိနေသေး၏။

ကျန်ဖိုလ်ဇောကို ရုပ်လုံးဖော်ပါမူ၊ ပထမ ဖိုလ်ဇောက ကိလေသာဟူသမျှတို့ကို ပယ်ချလိုက်သည့်အတွက် ကိလေသာဟူသမျှတို့သည် လွတ်ထွက်ခါ ပြီးစီး၍ တိကျပြတ်သားသွားဟန်ကို ဒုတိယဖိုလ်ဉာဏ်၊ သို့မဟုတ် ဖိုလ်ဇောလို့သာ ခေါ်ချင်ရာကို ခေါ်နိုင်ပါ၏။

ဤကား မဂ္ဂသစ္စာသည် ထောက်တည်စရာရှာမရတဲ့ သင်္ခါရဒုက္ခကို ဒုက္ခဟူ၍ ဆုံးဖြတ်လဲတဲ့ ဆုံးဖြတ်ဆဲ ဆုံးဖြတ်ခိုက်၌ ပါဝင်သွားသော အမူအရာခေါ် ဇောခုနစ်တန်တို့အား အကြမ်းစား အကျဉ်း အားဖြင့် ဖော်ပြရာတည်း။

(ဇောခုနစ်တန် ရှင်းတမ်း ပြီး၏။)

# သာသနာသုံးရပ်ဖေါ်ပြချက်း

ရှင်တော်မြတ်ဘုရား၏ ဝိဘဇ္ဇဝါဒအတိုင်း သညာသိမှ စ၍ ပညာသိအထိ အသိသုံးမျိုးဖြင့် ဝေဘန်ခွဲချား၊ပဋိပတ် ဆိုတဲ့ အလုပ်မပါ အပြောမျှသာ ဟု ထင်မြင်ယူဆမည့်ကို စိုးရိမ်ပါသဖြင့်၊ ပရိယတ္တိ-ပဋိပတ္တိ-ပဋိဝေဓဆိုတဲ့ သာသနာသုံးရပ်နှင့် အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ ကောင်းခြင်းဆိုတဲ့ ကောင်းခြင်း သုံးပါးတို့ပါ တပြိုင်နက် ပါဝင်သွားဟန် သဘောတရားများကို လဲ သင်္ခေပအားဖြင့် ပြဆိုပေဦးအံ့၊

စက္ခုဝိညာဉ်ခေါ် မြင်စိတ် တခုကိုသာ ပမာထား၍ ရေးသားကာ ပြပါမည်၊

(ဥပမာ) စက္ခုဝိညာဉ်ခေါ် နာမ်, ပရမတ် ကလေး အပေါ်၌ "စက္ခု ရူပ အာလောက မနသိကာရ စက္ခု ဝိညာဏံ" လို့ ဟောထားရာ၊ ဟောသည့်အတိုင်းပင် မြင်စိတ်တခုအပေါ်မှာ အကြောင်းနှင့်အကျိုးကို နားလည် သွားတာဟာ ပရိယတ္တိသာသနာလို့ယူပါတယ်၊

**အကြောင်းဟူသည်မှာ**

အဆင်း,

အလင်း,

နှလုံးသွင်း,

မျက်စိ,

ဤလေးပါးစုံညီသျှင် မြင်စိတ် ဖြစ်သည်ဟု နားလည် တာ ပရိယတ် အစ၏ကောင်းခြင်းမည်၏၊

တဖန် တဆင့်တက်၍ ထို ကြောင်း-ကျိုးတို့သည် ဖြစ်ပျက်သည့်သင်္ခတသဘောနှင့် မဖြစ်နိုင်-မပျက်နိုင်တဲ့ အသင်္ခတသဘော အနတ္တ-အနိစ္စ-ဒုက္ခ အနေဖြင့်သာ ရှိတဲ့တရားဟု ယောဂီ၏ ဉာဏ်ဝမှာ ထင်လာပြီးသိတာ ပဋိပတ္တိ သာသနာဆိုတဲ့ (တရားအားထုတ်မှု အလုပ်ဘဲ ယောဂီ)အလယ်၏ ကောင်းခြင်းလို့ မှတ်ပါ။

ထို့နောက်တခါ ဆိုစရာကတော့၊ ဤကဲ့သို့ မြင်စိတ်ကလေးထဲ ဖေါက်ခွဲကြည့်တဲ့ အခါမှာ အနတ္တစတဲ့ လက္ခဏာသုံးချက်၊၎င်းအပြင်ဖေါက်ခွဲတတ်တဲ့ စိတ်လဲဘဲ ဤကဲ့သို့ အနတ္တမှုပါဘဲဆိုတာ သိရတော့၊ ထိုတရားများ အပေါ်မှာ မသိမ်းပိုက်တော့ဘဲ ငြိမ်းအေးစွာ နေနိုင်တာကို ပဋိဝေဓ သာသနာ အဆုံး၏ကောင်းခြင်းလို့ ယူဆ၏။

သို့ပါ၍ ယခုပြဆိုခဲ့သည့်အတိုင်း-၎င်းကျမ်းကို လေ့လာ၍ စည်းကမ်းနှင့်ညီညွတ်စွာပြုလုပ်သောပုဂ္ဂိုလ်အား သာသနာသုံးရပ် တထပ်ထည်း ပါဝင်သွားပုံကိုအကြမ်းစား အကျဉ်းအားဖြင့် ဖေါ်ပြပြီး၏။

# ပြင်ဆင်ချက်

●

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈ | ၃ | အနုမောဒ | အနုနုမောဒ |
| ၂၁ | ၃ | ဝိညာဏော | ဝိညာဏေ |
| ၂၉ | ၁ | အဗ္ဘာတိသာ ဂမတာ | အဗ္ဘာဘ်ထာ မဂတာ |
| ၆၃ | ၁၀ | အဗ္ဘသာလျှင် | အနုဗ္ဘသာလျှင် |
| ၆၈ | ၁၆ | ပညာ | ပညတ် |
| ၇၂ | ၁၇ | သမာဓိပဋ္ဌာန | သမာဓိပဒဋ္ဌာန |
| ၁၁၆ | ၂ | မနောသဋ္ဌော | မနောဧသဋ္ဌာ |
| ၁၃၇ | ၉ | နိဗ္ဗနန္တိ | နိဗ္ဗာနန္တိ |
| ၁၆၁ | ၂၃ | အကျိုးအပြစ်ဖြင့် | အကျိုးအဖြစ်ဖြင့် |
| ၁၉၁ | ၃ | ဤကဲ့သို့ မရှိသည့် အတိုင်း | ဤကဲ့သို့ ဖေါ်ပြသည့် အတိုင်း |
| ၂၀၇ | ၂၂ | ဆုံးတတ်တဲ့ | ဆုံးဖြတ်တဲ့ |

"သဗ္ဗေဓမ္မာအနတ္တ"ဆိုတဲ့ ပါဠိတိုင်းကို "သဗ္ဗေဓမ္မာအနတ္တာ"ဟု ပြင်ဆင်ဖတ် ရှုကြပါကုန်။

# နိဂုံး စကား

●

ဤသင်္ခေပ ပညာသိ ဝိပဿနာ ကျမ်းကို ရေးသားရာ ၁၃၂၁-ခု၊ နတ်တော်လဆန်း (၂)ရက်နေ့၌ အနန္တရာယ်က င်းစွာနှင့် ပြီးဆုံးခြင်းသို့ ရောက်ပေသတည်း။

မေ့မိုပ-ဦးညောလှသည်၊ သုတ္တန်မဘက် သဘောသက်သက်ဖြင့်သာ ကျမ်းပေါင်း များစွာတို့ကို ကိုးကားပြီး၊ တနေ့လျှင် ၄-နာရီထက် မနည်းသော အချိန်ဖြင့် ၁၀-ရက်တိတိ နာရီပေါင်း လေးဆယ်လောက် ဟောပြောမှသာ နာယူသူတိုင်း ကျေနပ်သည်ကိုတွေ့ရှိရပေ၏။ ဤမျှကျယ်ဝန်းသော ဟောလုံး ဟောပေါက် များကို အကြောင်း အမျိုးမျိုးတို့ကြောင့် ဤကျမ်းငယ်နှင့် အဆုံးသတ်ရပါသဖြင့် ကျေနပ်ခါ နှစ်သိမ့်ကြပါရန် မေတ္တာရှေ့ထား၍ အောင်းပန် စကား ရေးသား လိုက်ရပေသတည်း။

အရှင်ဥက္ကံသ

သာခုကျောင်းတိုက်

## ဤသင်္ခေပ-ပညာသိ ဝိပဿနာကျမ်းကို

အလိုရှိသူများသည်

**အောက်ပါဌာနများတွင် ရရှိနိုင်ပါသည်။**

---

ကြည့်မြင်တိုင်-ကန္နားဈေးအတွင်း ဆိုင်နံပါတ် (၆၄)
ဦးသောင်းရွှေ-ဒေါ်မိလေး။

---

ကြည့်မြင်တိုင်-ကန္နားဈေး၊ အမှတ်(၄၈)
ဦးတောအုပ်-ဒေါ်အုန်းခင်။

---

ကြည့်မြင်တိုင်-ကန္နားဈေး၊ ထွန်း-ဖါလူဒါဆိုင်၊
ဦးမောင်ထွန်း။

---

ကြည့်မြင်တိုင်၊ အမှတ်(၁) သစ်စက်ဝင်းအတွင်း၊
ဦးမောင်မောင်ရွှေ-ဒေါ်ညိမ်းရင်။

---

ကြည့်မြင်တိုင်-နတ်စင်လမ်း၊ အမှတ်(၇၆) ငွေစန္ဒာပင်းမင်း၊
ဦးပြူး-ဒေါ်သင်းလှိုင်။

---

ကြည့်မြင်တိုင်-နိဗ္ဗာန်လမ်း၊ အမှတ်(၅၄)ထိန်ဝင်း-ဇာဘော်သီကုမ္ပဏီ၊
ကိုကြည်လှိုင်။

---

ကြည့်မြင်တိုင်-သရက်တော ၃-လမ်း၊အမှတ်(၈၃)ပန်းရီဆရာကြီး
ဦးကြွယ်-ဒေါ်လှချစ်။

---

ကြည့်မြင်တိုင်၊ သရက်တော ၃-လမ်းအောက်လမ်း၊ အမှတ်(၅၇)
တောင်သာဆရာကြီး
ဦးလှ-ဒေါ်အေးကြည်။

---

ကြည့်မြင်တိုင်-နိဗ္ဗာန်လမ်း၊ အမှတ်(၄၂)
ဦးဘိုးစိန်-ဒေါ်ကျင်လှိုင်။